သာလင်းသစ်
စာပေ



# ဗုဒ္ဓ၏

# ...းအောင်မြင်ရေး လမ်းညွှန်ချက်များ

(ဒုတိယတွဲ)

မင်းနန်
(မော်ကျွန်း)

. ၃

အလင်းသစ်
စာပေ

(၂၀၀၇ ခုနှစ်တွင် တည်ထောင်သည်)

* အလှူအားလုံးတွင် တရားအလှူ၊ ပညာအလှူ မွေ့ဒါနသည် အမြတ်ဆုံးဖြစ်၏။

(မြတ်ဗုဒ္ဓ)

* စကြဝဠာအပြည့် ထိုင်နေတော်မူကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား ပစ္စည်းလေးပါး ပေးလှူရခြင်းထက် လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို ဟောပြော ပို့ချ ကြားနာရခြင်းက ပိုမြတ်၏။

(အရှင်မဟာဗုဒ္ဓဃောသ)

အလင်းသစ်စာစဉ် - (၂၀၆)

# ဗုဒ္ဓ၏ အောင်မြင်ရေး လမ်းညွှန်ချက်များ

## [ ဒုတိယတွဲ ]

## မင်းနန္ဒ (ဓမ္မာကျွန်း)

ဤစာအုပ် ဖွဲ့စည်းမှုပုံစံ၊ အပြင်အဆင်သည် အလင်းသစ် စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးသားခြင်းမှအပ ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပြန်လည်ကူးယူ ထုတ်ဝေခြင်း၊ ဓာတ်ပုံမိတ္တူ ကူးယူ၍ ဖြန့်ချိခြင်း၊ အင်တာနက်နှင့် ဝက်ဘ်ဆိုက်များတွင် ဖော်ပြ ခြင်းတို့ကို လုံးဝခွင့်မပြုပါ။

# ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ အလင်းသစ်စာပေတိုက်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၃၀၀၀ ကျပ်

ဦးညာဏ်အောင် (မြဲ - ၀၀၂၁၆)၊ အလင်းသစ်စာပေတိုက်၊ အမှတ် - ၁၇ / ၁၉၊ အခန်း- ၆၀၁၊ ၅၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ မျက်နှာဖုံးနှင့်အတွင်းဖလင် - Eagle၊ မျက်နှာဖုံးဒီဇိုင်း- ဗဂျီလင်းဝဏ္ဏ၊ ကွန်ပျူတာစာစီစာရိုက်- အလင်းသစ်၊ အဖုံးနှင့် အတွင်းစာသားကို ဦးကျော်ခိုင် (မြဲ-၀၁၃၃၉)၊ လပြည့်သာပုံနှိပ်တိုက်၊ အမှတ် (၄၄၇)၊ (၃) ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ ကိုတင်အေး (လှိုင်) စာအုပ်ချုပ်လုပ်ငန်း၊ ၅၂ လမ်းတွင် စာအုပ်ချုပ်သည်။

**အလင်းသစ်စာပေ**

အမှတ် (၁၇/၁၉)၊ အခန်း(၆၀၁)၊ ၅၂-လမ်းအောက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၇၇-၀၃၇၄၇၊ ၀၉-၅၄-၀၀၃၀၂ က ထုတ်လုပ်ဖြန့်ချိသည်။

၂၉၄.၃

မင်းနန် (မော်ကျွန်း)

ဗုဒ္ဓ၏ အောင်မြင်ရေး လမ်းညွှန်ချက်များ (ဒုတိယတွဲ)၊ မင်းနန် (မော်ကျွန်း)၊ ရန်ကုန်မြို့၊ အလင်းသစ်စာပေ၊ ၂၀၁၆။

၂၆၂ - စာ၊ ၁၃ × ၂၀.၅ စင်တီ။

(၁) ဗုဒ္ဓ၏ အောင်မြင်ရေး လမ်းညွှန်ချက်များ (ဒုတိယတွဲ)

# မာတိကာ


၁။ စိတ်၏ရန်သူကြီး သုံးဦး .... ၉

၂။ အပ်စပ်သော အသားဟင်းလျာကိုသာ လှူဒါန်းပါ .... ၁၄

၃။ မြတ်စွာဘုရား၏ ဒါနပြုနည်း လမ်းညွှန် .... ၁၉

၄။ မကောင်းမှုကို နှင်ထုတ်ခြင်း နည်းလမ်းအမှန် (၁) .... ၂၅

၅။ မကောင်းမှုကို နှင်ထုတ်ခြင်း နည်းလမ်းအမှန် (၂) .... ၃၀

၆။ ညှီစော်နံသော အရာများ (၁) .... ၃၅

၇။ ညှီစော်နံသော အရာများ (၂) .... ၄၀

၈။ ညှီစော်နံသော အရာများ (၃) .... ၄၆

၉။ စိုးရိမ်နောင်တ မရရှိအောင် ဒုစရိုက်မှုကို ရှောင် .... ၅၂

၁၀။ ကိုယ်ပိုင်ဥစ္စာ အစစ်အဖြစ် ပြောင်းလဲနိုင်ပါစေ .... ၅၇

၁၁။ စိတ်ဖြင့် မေးလျှောက်သော ပြဿနာလေးရပ် .... ၆၂

၁၂။ မြတ်စွာဘုရား ဟောကြားသော လူ့ကျင့်ဝတ် .... ၆၇

၁၃။ သီလဂုဏ်ရှိသူကို မပြစ်မှားနှင့် .... ၇၃

၁၄။ ကုသိုလ်တရားတို့၏ ရှေ့သွားခေါင်းဆောင် .... ၇၈

၁၅။ မနှစ်သက်ဖွယ် ဆက်ဆံရေးနှင့် တွေ့ကြုံသောအခါ .... ၈၂

၁၆။ မြင်းလေးမျိုး၊ လူလေးမျိုး .... ၈၇

၁၇။ ဆင်လေးမျိုး၊ လူလေးမျိုး .... ၉၃

၁၈။ အကြောင်းရှိရာ အကျိုးလာ၏ .... ၉၉
၁၉။ ညှော့်သည်ကောင်းနှင့် ညှော့်သည်ဆိုး .... ၁၀၅
၂၀။ အတွင်းအနှစ် အစစ်အမှန် ဂုဏ်ရည်များ .... ၁၁၁
၂၁။ စိတ်စင်ကြယ်လျှင် ကံစင်ကြယ်မည် .... ၁၁၆
၂၂။ ကုသိုလ်တရားတို့၏ အဦးအစ .... ၁၂၂
၂၃။ မရောင်းကောင်းသော ကုန်စည်ငါးမျိုး .... ၁၂၇
၂၄။ သိကြားမင်းက ရှိခိုးသော ပုဂ္ဂိုလ် .... ၁၃၃
၂၅။ မမေ့မလျော့မှု အပ္ပမာဒတရား .... ၁၃၉
၂၆။ ဘုရားရှင် ဟောကြားသော ငြိမ်းအေးပြီးသူ .... ၁၄၅
၂၇။ ဆရာကောင်းထံ နည်းခံကျင့်ကြံပါ .... ၁၅၁
၂၈။ ရန်သူမျိုးငါးပါးနှင့် မဆက်ဆံသော ဥစ္စာများ .... ၁၅၇
၂၉။ မြတ်စွာဘုရားနှင့် ဗောဓိမင်းသား .... ၁၆၃
၃၀။ မြတ်စွာဘုရားနှင့် မဟာလိမင်းသား .... ၁၆၉
၃၁။ သံသရာအတွက် အထောက်အပံ့ .... ၁၇၅
၃၂။ စိတ်ဥယျာဉ်မှူး၏ တာဝန် .... ၁၈၁
၃၃။ ပြည့်စုံခြင်း သမ္ပတ္တိစက် လေးပါး .... ၁၈၆
၃၄။ ကွယ်လွန်သူကို ရည်ညွှန်း၍ လှူသောဒါန .... ၁၉၂
၃၅။ ကိုယ်တိုင် သိမြင်ထိုက်သော တရား .... ၁၉၈
၃၆။ မြတ်ဗုဒ္ဓနှင့် ဒီဃတပဿီ .... ၂၀၃
၃၇။ ရဟန်းပြုခြင်းသည် အများအတွက် .... ၂၀၈
၃၈။ မြတ်ဗုဒ္ဓ၏စကားတော်နှင့် သာသနာ့ငါးထောင် .... ၂၁၃
၃၉။ နတ်၊ ဗြဟ္မာတို့၏ အစည်းအဝေး၌ .... ၂၁၉
ဟောကြားသော သုတ်

၄၀။ နတ်၊ ပြဟ္မာတို့၏ အစည်းအဝေး၌ ဟောကြားသော သုတ် (၂) .... ၂၂၄
၄၁။ အကုသိုလ် လေးဆယ်၊ ကုသိုလ် လေးဆယ် .... ၂၂၉
၄၂။ ရန်ငြိုးဖွဲ့ခြင်း အကြောင်း ကိုးပါး .... ၂၃၄

“စင်စစ် မြတ်ဗုဒ္ဓ၏ တရားတော်များသည် လောကုတ္တရာရေး အတွက်သာ ရည်ရွယ်ဟောကြားခြင်း မဟုတ်လေပါ။ ပစ္စုပ္ပန် ဘဝတွင်လည်း အပြစ်ကင်းစွာနေထိုင်ပြီး ဘဝအောင်မြင် တိုးတက်ရေးအတွက် လမ်းညွှန်ဟောကြားတော်မူခဲ့ပါ၏။ လောကီအကျိုးစီးပွားအတွက် ဟောသောတရားသည် လောကုတ္တရာအကျိုးစီးပွားအတွက် အုတ်မြစ်သဘောကို ဆောင်ပါသည်။ လောကုတ္တရာအကျိုးစီးပွားအတွက် ဟောသောတရားသည်လည်း လောကီအကျိုးစီးပွားအတွက် ကျေးဇူးပြုရာ ... ကျွဲကူးရေပါသဘောကို ဆောင်ပါ၏။”

# စိတ်၏ ရန်သူကြီး သုံးဦး

လောဘသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏။ စိတ်ကို ချောက်ချားစေတတ်၏။ အတွင်းစိတ်၌ ဖြစ်သော ထိုလောဘဟူသော ဘေးကို လူအပေါင်းသည် မသိနိုင်၊ မမြင်နိုင်။

တပ်မက်သောသူသည် အကျိုးကို မသိ။ တရားကို မမြင်။ တပ်မက်မှုလောဘသည် လူကို လွှမ်းမိုးသောအခါ၌ အမိုက်မှောင်သဖွယ် ဖြစ်၏။

လောဘကို ပယ်နိုင်သူသည် တပ်မက်ဖွယ်ရာသော ရူပါရုံ၊ သဒ္ဒါရုံ စသည်တို့ကို မတပ်မက်။ ရေပေါက်သည် ကြာရွက်မှ လျှောကျဘိသကဲ့သို့ ထိုသူ၏ လောဘသည် တပ်မက်ဖွယ်ရာသော အာရုံမှ ကင်းပျောက်၏။ ဒေါသသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏။ စိတ်ကို ချောက်ချားစေတတ်၏။ အတွင်းစိတ်၌ ဖြစ်သော ထိုဒေါသတည်းဟူသော ဘေးကို လူအပေါင်းတို့ မသိနိုင်။ အမျက်ထွက်သော သူသည် အကျိုးကို မသိ။ တရားကို မမြင်။ ဒေါသသည် လူကို လွှမ်းမိုးဖိစီးသောအခါ အမိုက်မှောင်သဖွယ် ဖြစ်၏။

ဒေါသကို ပယ်နိုင်သူသည် အမျက်ထွက်ဖွယ်ရာဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ စသည်၌ အမျက်မထွက်။ ထန်းသီးမှည့်သည် အညှာမှ ကြွေကျရသကဲ့သို့ ထိုသူ၏ ဒေါသသည် အမျက်ထွက်ဖွယ်ရာသော အာရုံမှ ကင်းပျောက်၏။ မောဟသည် အကျိုးမဲ့ကို ဖြစ်စေတတ်၏။ စိတ်ကို ချောက်ချားစေတတ်၏။ အတွင်းစိတ်၌ ဖြစ်သော ထိုမောဟတည်းဟူသော ဘေးကို လူအပေါင်းတို့ မသိနိုင်။

တွေဝေသူသည် အကျိုးကို မသိ၊ တရားကို မမြင်၊ မောဟသည် လူကို လွှမ်းမိုးဖိစီးသောအခါ အမိုက်မှောင်သဖွယ် ဖြစ်၏။ မောဟကို ပယ်နိုင်

သူသည် တွေဝေဖွယ်ရာသော ရူပါရုံ၊ သဒ္ဒါရုံ စသည်၌ မတွေဝေ။ ထွက်ပေါ်လာသော နေမင်းသည် အမိုက်မှောင်ကို ပယ်ဖျောက်နိုင်သကဲ့သို့ ထိုသူသည် အလုံးစုံသော အမိုက်မှောင်ကို ပယ်ဖျောက်နိုင်၏။

ရဟန်းတို့၊ လောဘ၊ ဒေါသ၊ မောဟဟူသော ဤသုံးပါးတို့သည် စိတ်၏အညစ်အကြေး ဖြစ်ကုန်၏။ စိတ်၏ ရန်သူ ဖြစ်ကုန်၏။ စိတ်၏ ဆန့်ကျင်ဘက်သားတို့ ဖြစ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ဟောကြားတော်မူလေသည်။

**(ဣတိဝုတ်ပါဠိတော်၊ စတုတ္ထဝဂ်၊ အန္တရာမလသုတ်)**

**[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (လေးမြိုင်)၊ စာ-၁၀၄/၁၀၅]**

စိတ်ဟူသည်မှာ ပကတိအားဖြင့် ဖြူစင်ဝင်းလက်ပါ၏။ သို့တစေ ကိလေသာတို့ ဝင်ရောက်ထိုးဆွမှုကြောင့် မကောင်းမှုတို့၌ အမြဲမွေ့လျော်တတ်ကြပါသည်။ ဤသည်မှာ စိတ်၏ဇာတိသဘောပင် ဖြစ်ပါ၏။ ဓမ္မပဒတွင် ဘုရားရှင်က 'စိတ်သည် မကောင်းမှုတို့၌ မွေ့လျော်၏' (ပါပသ္မိံရမတေ မနော) ဟု ဟောတော်မူခဲ့ရာ ယင်းသည် စိတ်၏ဇာတိသဘောကို ဖော်ညွှန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။

စိတ်၌ အဖျက်စွမ်းအင်လည်း ရှိ၏။ အပြုစွမ်းအင်လည်း ရှိ၏။ စိတ်တွင်း၌ အကုသိုလ်စေတသိက်တို့ ဝင်ရောက်ခြယ်လှယ်သောအခါ စိတ်တွင် အဖျက်စွမ်းအင် တည်ကိန်းလာသည်။ စိတ်တွင်းသို့ ကုသိုလ်စေတသိက်တို့ ဝင်ရောက်လာသောအခါ စိတ်၌ အပြုစွမ်းအင် တည်ကိန်းလာသည်။ ထို့ကြောင့်လည်း မြတ်ဗုဒ္ဓက-

**"လောကကို စိတ်သည် ဖြစ်အောင် ဆောင်တတ်၏။ ဖျက်လည်း ဖျက်ဆီးတတ်၏။ လောကကို စိတ်သည် ပြုပြင်၏။ စိတ်ဟုဆိုအပ်သော တစ်ခုတည်းသောအရာ၏ အလိုသို့ အလုံးစုံသော တရားတို့သည်ပင် အစဉ်လိုက်ကြရကုန်၏"**

**(သဂါထာဝဂ္ဂသံယုတ် ပါဠိတော်)**

ဟု ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

စိတ်၏ စင်ကြယ်မှုအင်္ဂါများရှိသလို မစင်ကြယ်မှုအင်္ဂါများလည်း ရှိပါသည်။ စိတ်၏ မစင်ကြယ်မှုအင်္ဂါများမှာ လောဘ (သာယာတပ်မက်ခြင်း)၊ ဒေါသ (အမျက်ထွက်ခြင်း)၊ မောဟ (တွေဝေခြင်း)၊ ဒိဋ္ဌိ (အယူမှား

ခြင်း)၊ မာန(အထင်လွဲမှားကာ ထောင်လွှားခြင်း)၊ ဣဿာ(ငြူစူခြင်း)၊ မစ္ဆရိယ(နမြောဝန်တိုခြင်း)၊ ကုက္ကုစ္စ(နောင်တတစ်ဖန် စိုးရိမ်ပူပန်ခြင်း)၊ အဟိရိက(အရှက်မဲ့ခြင်း)၊ အနောတပ္ပ(အကြောက်မရှိခြင်း)၊ ဥဒ္ဓစ္စ (စိတ်မတည်ငြိမ် ပျံ့လွင့်ခြင်း)၊ ထိန(စိတ်၏ထိုင်းမှိုင်းခြင်း)၊ မိဒ္ဓ (စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း)၊ ဝိစိကိစ္ဆာ (နှစ်လုံးနှစ်ခွ ဒွိဟသဘော ရှိခြင်း)တို့ပင် ဖြစ်ပါ၏။

အထက်ပါအဆုံးအမတော်တွင် မြတ်စွာဘုရားသည် စိတ်ဓာတ်၏ မစင်ကြယ်မှုအင်္ဂါများမှ လောဘ၊ ဒေါသ၊ မောဟတို့၏အပြစ်များကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

လောဘဟူသည် လိုချင်တပ်မက်ခြင်း ဖြစ်၏။ ဘဝဝယ် လူနေမှုအဆင့် မြင့်မြင့်နေချင်သည်။ အဝတ်ကောင်းတို့ကို ဝတ်ချင်သည်။ အစားကောင်းများကို စားချင်သည်။ ရာထူးဂုဏ်ရှိန် မြင့်မြင့်မားမား ရရှိပိုင်လိုသည်။ ထင်ပေါ်ကျော်ကြားချင်သည်။ ဤသည်မှာ လောဘ၏ စေ့ဆော်တိုက်တွန်းချက်အရ စိတ်ထဲ၌ ဖြစ်ပေါ်လာသော လိုအင်ဆန္ဒများ ဖြစ်ပါ၏။ အမှန်တော့ 'လောဘ' ဟူသည် 'စိတ်' မဟုတ်ပါ။ စိတ်ထဲ၌ ဖြစ်ပေါ်သော အရာတစ်ခုသာ ဖြစ်ပါသည်။ လောဘဆိုသော ထိုအရာသည် လူသားတို့အပေါ် ဩဇာလွှမ်းမိုးနိုင် စွမ်းအား ကြီးမားပါသည်။ လူသားများကို သံသရာဝဋ်ဆင်းရဲကြီး အတွင်းဝယ် တဝဲလည်လည် ဖြစ်စေသည်မှာ လောဘ၏ စွမ်းဆောင်ချက် ဖြစ်ပါ၏။ ပဋ္ဌာန်းဒေသနာတော်တွင် 'လောဘ' ကို အကုသိုလ်၏ အရင်းအမြစ်ဟု ဟောတော်မူခဲ့ပါသည်။ အဘိဓမ္မာတရားတော်အရမူ လောဘဟူသည် အာရုံကို ဆုပ်ကိုင်ထားသော သဘောဖြစ်ပါ၏။ တပ်မက် နှစ်သက်ဖွယ် ရူပါရုံ၊ သဒ္ဒါရုံများနှင့် စိတ်ကို ခွာ၍မရအောင် လောဘက ကပ်လိုက်ခြင်း ဖြစ်ပါသည်။ လောဘကို ရှုထောင့်အမျိုးမျိုးမှာ တဏှာဟု လည်းကောင်း၊ 'ရာဂ' ဟုလည်းကောင်း ခေါ်ဝေါ်ကြပါသည်။

ဘဝရပ်တည်ရေးအတွက် တရားသဖြင့် စီးပွားရှာခြင်းသည် 'သမလောဘ' ဖြစ်ပါ၏။ ဤလောဘမျိုးကမူ လူသားတိုင်း မကင်းနိုင်ပါ။ သို့တစေ သူတစ်ပါးအကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေပြီး မိမိ လိုချင်တာရအောင် အားထုတ်သော လောဘမှာမူ 'ဝိသမလောဘ' ဖြစ်ပါ၏။ မိစ္ဆာအာဇီဝမှုဖြင့်

အသက်မွေးနေသူများသည် ဝိသမလောဘ၏ စေခိုင်းရာကို ဆောင်ရွက်နေသူများ ဖြစ်ပါ၏။ လူတစ်ဦး၏ သန္တာန်တွင် ဝိသမလောဘကြီးမားလာလျှင် ငွေရဖို့သာ အဓိကဖြစ်ပြီး တရားမျှတမှု ရှိ၏၊ မရှိ၏ဟု မစိစစ်တော့။ ထိုသူ၏နလုံးသား၌ ဓမ္မမတည်ကိန်း။ အဓမ္မသာ တည်ကိန်းတော့သည်။ လူ့အဖွဲ့အစည်းတစ်ခုအတွင်းတွင် တည်ငြိမ်မှုမရှိဘဲ ဆူပွက်လှုပ်ရှားခြင်းသည် ဝိသမလောဘသမားတို့ကြောင့် ဖြစ်ပါ၏။

ဒေါသဟူသည် စိတ်ဆိုးအမျက်ထွက်ခြင်းပင် ဖြစ်၏။ ဒေါသသည် အကုသိုလ်စေတသိက် ၁၄ ပါးတွင် အပါအဝင်ဖြစ်သလို စိတ်၏အားနည်းခြင်း အကြောင်းတရား ၂၅ ပါးထဲတွင်လည်း အပါအဝင် ဖြစ်ပါသည်။ ပုထုဇဉ်တို့ သဘာဝ အလိုမကျသည်တို့နှင့် ကြုံဆုံရသည့်အခါ စိတ်ဆိုးတတ်ကြပါသည်။ မိမိမျှော်လင့်သလို ဖြစ်မလာလျှင်သော်လည်းကောင်း၊ သူတစ်ပါး၏ အစော်ကားခံရလျှင်သော်လည်းကောင်း ဒေါသထွက်တတ်ကြပါသည်။ အမှန်တော့ ဒေါသ၌ လောင်ကျွမ်းပျက်စီးစေသော သဘာဝရှိပါ၏။ ဒေါသဟူသည် တောမီးနှင့် ပမာတူပါသည်။ သစ်ပင်တွင် စွဲထင်လောင်ကျွမ်းသော မီးသည် သစ်ပင်တို့ စုဝေးရာတောကို ဖျက်ဆီးပါ၏။ ထင်းကို စွဲလောင်သော မီးသည် ထင်းကို ပြာဖြစ်စေသည်။ စိတ်ကို မှီပြီးဖြစ်သော ဒေါသသည်လည်း စိတ်ကို ဖျက်ဆီးတတ်ပါသည်။

လူတစ်ဦး၏ အတွင်းသန္တာန်တွင် ဒေါသအမျက် ထွက်လာသည်နှင့် ထိုသူ၏ ပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုတို့တွင် သတိလည်း မယှဉ်တော့။ အသိလည်း မယှဉ်တော့။ ဒေါသအဟုန်ကြောင့် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုသည်။ ရိုင်းရိုင်းပျပျ ဆက်ဆံသည်။ ဒေါသပြင်းထန်လွန်းသည့်အခါ သူတစ်ပါးကို ရိုက်နှက်ထိုးကြိတ် သတ်ဖြတ်သည်အထိ ကာယကံမှုတွင် ဒုစရိုက်ပြစ်မှုများ သောင်းကျန်းလာသည်။ ဆင်ရိုင်းကို ချွန်းဖြင့် ထိန်းကွပ်ခြင်းမရှိသော် တွေ့မြင်သမျှ တိုက်ခိုက်ဖျက်ဆီးတတ်သကဲ့သို့ ဒေါသဆင်ရိုင်းကို အဆီးအတားမဲ့ လွှတ်ပေးလိုက်သော် ဘဝတွင် ကြီးစွာသော အကျိုးစီးပွားမဲ့မှု၊ ဆုံးရှုံးမှုတွေနှင့် မလွှဲမရှောင်သာ ကြုံဆုံရပေလိမ့်မည်။

ဒေါသ၏ မကောင်းကျိုးကို ထာဝစဉ် နလုံးသွင်း ဆင်ခြင်လျက် ဘဝင်မကျဖွယ်၊ မနှစ်သက်ဖွယ်တို့နှင့် ကြုံဆုံရသည့်တိုင် စိတ်ကို အေးအေး

ထားတတ်ဖို့ လိုပါသည်။ ပြဿနာတစ်စုံတစ်ရာနှင့် တွေ့ကြုံလျှင် အလျင်စလို ဒေါသဖြင့် တုံ့ပြန်ခြင်း မပြုဘဲ စိတ်ရှည်စွာ နှစ်ဦးနှစ်ဖက် နားလည်မှုရရှိသည်အထိ အေးအေးဆေးဆေး ဆွေးနွေးညှိနှိုင်းသင့်ပါသည်။

မောဟဟူသည် မသိမှု ဖြစ်ပါ၏။ အဝိဇ္ဇာ ဟုလည်းကောင်း၊ အညာဏ ဟုလည်းကောင်း၊ အဒဿန ဟုလည်းကောင်း ခေါ်ပါ၏။ မောဟသည် အကုသိုလ် စေတသိက် ၁၄ ပါးတွင် အပါအဝင် ဖြစ်ပါသည်။ မောဟ၏ သဘောလက္ခဏာများမှာ အမှန်တရားကို မမြင်ခြင်း၊ ထိုးထွင်း၍ မသိခြင်း၊ အကောင်း အဆိုးကို မဝေခွဲတတ်ခြင်း၊ စိတ်ဖြူစင်သန့်ရှင်းမှုကို တားဆီးတတ်ခြင်း၊ အရာအားလုံး၌ တွေဝေခြင်း၊ သိသင့်သည်ကို မသိခြင်း၊ မည်သည့်အရာကိုမျှ ကောင်းစွာ ခွဲခွဲခြားခြား မသိခြင်း စသည်တို့ပင် ဖြစ်၏။

မောဟဖြစ်လာပြီဆိုလျှင် လုပ်သင့်သောအရာနှင့် မလုပ်သင့်သော အရာတို့ကို မှန်မှန်ကန်ကန် ခွဲခွဲခြားခြား မသိ။ ထိုသို့မသိသောကြောင့် လုပ်သင့်သောအရာကို မလုပ်သင့်သည်ဟုထင်ပြီး မလုပ်သင့်သောအရာကို လုပ်သင့်သည်ဟု ထင်မှတ်မှားတတ်သည်။ ထိုသို့ ထင်မှတ်မှားသောကြောင့် ပြောဆိုသမျှ လွဲလွဲချော်ချော်တွေ ဖြစ်တတ်ပါ၏။ တွေးသမျှတွေလည်း မတိမကျ၊ သောင်မတင်ရေမကျ ဖြစ်တတ်ပါ၏။ လုပ်ကိုင်ဆောင်ရွက်သမျှလည်း စနစ်တကျ မရှိ။ မှားမှားယွင်းယွင်း ဖြစ်တတ်ပါ၏။ သို့ဖြစ်၍ မောဟ လွှမ်းတင်နေစဉ်တွင် အကျိုးစီးပွားတွေ ဆုံးရှုံးပျက်စီးတတ်ပါ၏။ အကုသိုလ်ဖြစ်တိုင်းတွင် မောဟပါဝင်ပါ၏။

ပုထုဇဉ်လူသားမှန်သမျှ လောဘ၊ ဒေါသ၊ မောဟတို့ လုံးဝဥဿုံ မကင်းစင်နိုင်ပါ။ အနည်းနှင့်အများ ရှိနေကြသည်သာ ဖြစ်ပါ၏။ သို့တစေ မိမိ၏ ဘဝလမ်းကြောင်းကို တိမ်းစောင်းသွားစေနိုင်သည်အထိ၊ ဘဝကို ကစဉ့်ကလျား ကသောင်းကနင်း ဖြစ်သွားစေနိုင်သည်အထိ လောဘ၊ ဒေါသ၊ မောဟတို့ကို ကြီးထွားခွင့် မပေးမိစေရန်မှု သတိသမ္ပဇဉ် ဉာဏ်နှင့် ယှဉ်ကာ ထိန်းချုပ်သွားဖို့ လိုပါသည်။

❑

# အပ်စပ်သော အသားဟင်းလျာကိုသာ လှူဒါန်းပါ

ဇီဝကသည် မြတ်စွာဘုရားအား ဤသို့မေးလျှောက်လေ၏။

"အရှင်ဘုရား၊ တပည့်တော် ကြားသိရသော သတင်းစကားကို လျှောက်ထားအပ်ပါသည်။ ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ်ကြကုန်၏ဟုလည်းကောင်း၊ ရဟန်းဂေါတမသည် မိမိကို ရည်ညွှန်း အစွဲပြုသော ထိုအသားကို သိလျက်ဖြင့် မှီဝဲသုံးဆောင်၏ဟုလည်းကောင်း ပြောဆိုသည်ကို ကြားရပါသည်။ အရှင်ဘုရား၊ ထိုစကားသည် စွပ်စွဲ ပြောဆိုသော စကား ဖြစ်တန်ရာပါသည်။ မြတ်စွာဘုရား၏ စကားအတိုင်း ပြောဆိုကြခြင်း ဖြစ်ပါသလား"

"အချင်းဇီဝက၊ သင် ကြားသိရသော သတင်းစကားသည် မမှန်ချေ။ မဟုတ်မမှန်သည်ကို စွပ်စွဲပြောဆိုကြခြင်း ဖြစ်ပေသည်"

"ဇီဝက၊ အသားမစားအပ်သည့် အကြောင်းသုံးမျိုးကို ငါဘုရား ဟောကြားထား၏။ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းတို့ပေတည်း။ ထို အကြောင်းသုံးမျိုး မကင်းသည့် အသားကို မစားသုံးအပ်ဟု ဟောကြားထား ပြီးဖြစ်၏"

"အချင်းဇီဝက၊ သိသာစေရန် ပြောကြားဦးအံ့။ ဤသာသနာတော်၌ ရဟန်းသည် မြို့ရွာ၊ နိဂုံးတစ်ခုခုကို အမှီပြု၍ နေ၏။ ထိုရဟန်းသည် အရပ် မျက်နှာအားလုံးတို့၌ တည်ရှိသော သတ္တဝါအားလုံးတို့ကို ချစ်ခြင်းမေတ္တာ နှင့်ယှဉ်သော စိတ်ဖြင့် နေ၏။ သနားခြင်း ကရုဏာနှင့်ယှဉ်သော စိတ်ဖြင့် နေ၏။ လျစ်လျူရှုခြင်း ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် နေ၏"

"ထိုသို့သော ရဟန်းအား ဒါယကာတစ်ဦးသည် အိမ်သို့ ပင့်ဖိတ်၍

ဆွမ်းကပ်လှူဒါန်း၏။ မွန်မြတ်သော ဆွမ်းကောင်းဟင်းကောင်းများဖြင့် ကျွေးမွေး၏။ ဇီဝက၊ ထိုရဟန်းသည် ဤဒါယကာသည် ငါ့အား ဆွမ်းကောင်းဟင်းကောင်းဖြင့် ကျွေးမွေးလှူဒါန်းနိုင်လျှင် ကောင်းလေစွဟု ကြံစည် တွေးတောမှု မဖြစ်။ ထိုရဟန်းသည် ဆွမ်းဘောဇဉ်၌ တပ်မက်စွဲလမ်းခြင်း မရှိ။ အပြစ်ကို ရှု၍သာလျှင် သုံးဆောင်၏"

"အချင်းဇီဝက၊ ထိုအကြောင်းကို သင် ဘယ်သို့သဘောပေါက်သနည်း။ ထိုဆွမ်းစားသော ရဟန်းသည် မိမိဆင်းရဲခြင်းအတွက် တိုက်တွန်းစေ့ဆော်သလား၊ သူတစ်ပါး ဆင်းရဲခြင်းအတွက် တိုက်တွန်းစေ့ဆော်သလား"

"အရှင်ဘုရား၊ တပည့်တော် သဘောပေါက်ပါသည်။ ထိုရဟန်းသည် စေ့ဆော်တိုက်တွန်းမှု မရှိပါ" ဟု ဇီဝကသည် လျှောက်ထားလေ၏။

"ကောင်းပြီ ဇီဝက၊ သို့ဖြစ်လျှင် ထိုရဟန်းသည် အပြစ်မရှိသော အာဟာရကို သုံးဆောင်မှီဝဲခြင်းပင် မဟုတ်လား"

"မှန်ပါသည် အရှင်ဘုရား၊ အပြစ်မရှိသော အာဟာရကို မှီဝဲခြင်းဖြစ်ပါသည်"

"အို–ဇီဝက၊ မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သား သံဃာကိုလည်းကောင်း ရည်ညွှန်းလျက် သတ္တဝါကို သတ်ဖြတ်သူသည် များစွာသော မကောင်းမှုတို့ကို ဖြစ်ပွားစေသူတည်း။ မကောင်းမှု ပြုလုပ်သူပေတည်း။ ထိုသူသည် မြတ်စွာဘုရားကို လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သံဃာကိုလည်းကောင်း၊ မအပ်သော အသားဖြင့် အရှိန်အစော်မဲ့အောင် ပြုလုပ်သည် မည်ပေ၏"ဟု မြတ်စွာဘုရားသည် မြွက်ကြားတော်မူလေ၏။

(မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ဂဟပတိဝဂ်၊ ဇီဝကသုတ်)

[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (လေးမြိုင်)၊ စာ–၁၂၃/၁၂၄]

လူသားမှန်သမျှ ခန္ဓာကိုယ် ရှင်သန်တည်မြဲစိမ့်သောငှာ အစားအစာတို့ကို စားသောက်မှီဝဲရသည်။ ဤခန္ဓာကိုယ်သည် အစာအာဟာရနှင့် ကင်းကွာ၍ မနေနိုင်ပါ။ နံနက်မိုးလင်းမှသည် ညအထိ တစ်နေ့တာအတွင်း အစားအသောက်တို့ကို အကြိမ်ကြိမ် သုံးဆောင်စားသောက်ကြသည်။ ထိုသို့စား

သောက်ရာတွင် ထမင်းနှင့် တွဲဖက်စားသောက်သော ဟင်းလျာတွင် အသား၊ ငါးတို့ ပါဝင်ပါ၏။ ဟင်းလျာတို့ကို စီမံချက်ပြုတ်ရာ၌ အသား၊ ငါးချည်း ချက်သော ဟင်းလျာလည်း ရှိ၏။ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ရောပြွမ်းချက်ပြုတ်သော ဟင်းလျာလည်း ရှိ၏။ အသီးအရွက်သက်သက် ကြော်ချက်သော ဟင်းလျာလည်း ရှိ၏။ ထိုသို့ရှိရာတွင် အသီးအရွက် သက်သက် စားသုံးသောလူမှာ မပြောပလောက်သော လူနည်းစုသာ ဖြစ်ပါသည်။ လူအများ စားသုံးသော ဟင်းလျာတွင် အသား၊ ငါး မကင်းပါချေ။

ရဟန်းသံဃာတော်တို့ မည်သည် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကိုသာ နေ့စဉ် ဘုဉ်းပေး သုံးဆောင်တော်မူရပါသည်။ ဒါယိကာမများအနေဖြင့် သူတို့ချက်ပြုတ်သော သား၊ ငါး ဟင်းလျာများထဲမှ သံဃာတော်အရှင်မြတ်များကို ဦးဦးဖျားဖျား ဆက်ကပ်လှူဒါန်းကြပါသည်။ မိမိတို့ ဆွမ်းဆက်ကပ်လှူဒါန်းသော ရဟန်းသံဃာတော်များအတွက် သီးသန့်အချိန်ပေး၍ စီမံချက်ပြုတ်ပေးနိုင်ခြင်း မရှိပါ။ အကယ်တန္တ ရဟန်းသံဃာတော်များအားလုံး အသီးအရွက်ချည်းသာ ဘုဉ်းပေးသုံးဆောင်သော် ကိစ္စမြားမြောင် လူတို့ဘောင်တွင် အိမ်ရာတည်ထောင်နေသော ဆွမ်းအလှူရှင် အိမ်ရှင်မများအနေဖြင့် နေ့စဉ်နှင့်အမျှ အသားလွတ်ဟင်းလျာကို တကူးတက စီမံချက်ပြုတ်လှူဒါန်းရန် များစွာအခက်အခဲ ရှိနိုင်ပေသည်။

အလှူရှင်ပုဂ္ဂိုလ်အတွက် ဝန်လေးဝန်တာဖြစ်လျှင် အလှူခံပုဂ္ဂိုလ်အနေဖြင့်လည်း နေ့စဉ် အသားလွတ်ဟင်းလျာ ဆွမ်းရရှိရန် အခက်အခဲ ရှိပေလိမ့်မည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက ဆွမ်းအလှူရှင် အိမ်ရှင်မတို့၏ ပကတိ အခြေအနေအပေါ် ထောက်ရှုလျက် ရှင်ဒေဝဒတ်၏ "ရဟန်းသံဃာတော်များသည် သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်ဖို့ ဝိနည်းအဖြစ် ပညတ်တော်မူပါရန်" လျှောက်ထားလာမှုကို ပယ်မြစ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

သံဃာတော်အရှင်မြတ်များအနေဖြင့် ဒါယိကာမများ ကပ်လှူသော ဆွမ်းဟင်းလျာများကို မိမိတို့ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ အလှူခံတော်မူပါသည်။ ဆွမ်းအလှူရှင် ဒါယိကာမများအား မည်သည့်

အသားဟင်းလျာကို မနှစ်သက်၊ မည်သည့်အသားဟင်းလျာကို နှစ်သက်သည်ဟုလည်း ကြိုတင်မိန့်မှာတော် မမူပါ။ ဆွမ်းအလှူရှင်တို့ လှူဒါန်းသမျှ သားငါးဟင်းလျာပင်ဖြစ်စေ၊ အသားငါးနှင့် အသီးအရွက်ရောပြွမ်းသော ဟင်းလျာပင်ဖြစ်စေ၊ အသီးအရွက်ချည်းသက်သက် ဟင်းလျာပင်ဖြစ်စေ လက်ခံဘုဉ်းပေး သုံးဆောင်တော်မူကြပါသည်။ ဆွမ်းဟင်းလျာနှင့်စပ်လျဉ်း၍ တောင့်တမှုလည်း မရှိသလို ကြောင့်ကြမှုလည်း မရှိပါ။ သံဃာတော် အရှင်သူမြတ်များအနေဖြင့် ဒါယိကာမများ လှူဒါန်းသော ဆွမ်းဟင်းလျာတို့ကို ရောင့်ရဲမှုတစ္စာ ဘုဉ်းပေးခြင်းသည် အပြစ်လုံးဝ ကင်းစင်တော်မူသည်သာမက ကြည်ညိုဖွယ်ရာ ဖြစ်ပါ၏။

အထက်ပါ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ဂဟပတိဝဂ်၊ ဇီဝကသုတ်တွင် မြတ်စွာဘုရားသည် အကြောင်းသုံးမျိုးနှင့်ကင်းသော အသားဟင်းလျာကို သုံးဆောင်အပ်၏ဟု ဟောတော်မူခဲ့ပါသည်။ ထိုအကြောင်းသုံးမျိုးမှာ ကြားသား၊ မြင်သား၊ ယုံမှားသံသယ အသားတို့ပင် ဖြစ်ပါ၏။ ထိုတိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်နေသည်ဟု ကြားသိရလျှင် ထိုတိရစ္ဆာန်၏ အသားဖြင့် ချက်ပြုတ်သော ဟင်းလျာကို မစားကောင်းပေ။ ထို့အပြင် တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်နေပုံကို ကိုယ်တိုင်တွေ့မြင်ရလျှင်လည်း ထိုတိရစ္ဆာန်အသားဖြင့် ချက်ပြုတ်သော ဟင်းလျာကို မစားကောင်းပေ။ မိမိအတွက် ရည်ရွယ်ပြီး သတ်ဖြတ်ချက်ပြုတ်သော အသားဟင်းလျာဟု သံသယရှိလျှင်လည်း ထိုဟင်းလျာမျိုးကို မစားကောင်းပေ။ ဈေးထဲတွင် ရောင်းချနေသော ပံ့သကူအသားဖြင့် စီမံချက်ပြုတ်သော ဟင်းလျာကိုမူ စားကောင်းသည်သာ ဖြစ်ပါ၏။ အဘယ့်ကြောင့်ဆိုသော် ဈေးထဲက ပံ့သကူသားသည် အထက်ပါ အကြောင်းသုံးပါးမှ လွတ်ကင်းသောကြောင့် ဖြစ်ပါ၏။

အထက်ပါ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ဇီဝကသုတ်တွင် မြတ်စွာဘုရားက "မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သံဃာကိုလည်းကောင်း ရည်ညွှန်းလျက် သတ္တဝါကို သတ်ဖြတ်သူသည် များစွာသော မကောင်းမှုတို့ကို ဖြစ်ပွားစေသူတည်း။ မကောင်းမှုကို ပြုလုပ်သူတည်း။ ထိုသူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏

တပည့်သံဃာကိုလည်းကောင်း မအပ်သော အသားဖြင့် အရိုန်အစော်မဲ့အောင် ပြုလုပ်သည်မည်၏ "ဟူ၍ မိန့်တော်မူခဲ့ရာ ထိုမိန့်တော်မူချက်ကို ဗုဒ္ဓဘာသာဝင်တိုင်း အလေးအနက် နှလုံးသွင်းသင့်ပါသည်။ အသားငါး ဟင်းလျာကို စားသုံးရာတွင် ကြားသား၊ မြင်သား၊ ယုံမှားသံသယဖြစ်သော အသားတို့ကို ရှောင်ကြဉ်ရမည်။ အထူးသဖြင့် ရှင်ပြုရဟန်းခံပွဲ၊ ကထိန်ပွဲ၊ သာသနိက အဆောက်အအုံ လှူဒါန်းပွဲ စသော ဗုဒ္ဓဘာသာဆိုင်ရာ အလှူပွဲများတွင် အကျွေးအမွေးအတွက် သားငါးဟင်းလျာ စီစဉ်သူများအနေဖြင့် မြတ်ဗုဒ္ဓ၏ မိန့်တော်မူချက်ကို နက်နက်ရှိုင်းရှိုင်း သိမှတ်ဆင်ခြင်အပ်ပါ၏။ ထိုမိန့်တော်မူချက်ကို ဦးထိပ်ပန်ဆင်လျက် အလှူပွဲများတွင် သားငါး ဟင်းလျာ စီစဉ်ရာ၌ သတ္တဝါတို့ သေကျေပျက်စီးစေမည့် နည်းလမ်းကို လုံးဝရှောင်ရှားအပ်ပါသည်။ အကုသိုလ်ကင်းသော၊ အပြစ်မဖြစ်သော၊ သွေးညှီနံ့ကင်းသော နည်းလမ်းများဖြင့်သာ သားငါးဟင်းလျာတို့ကို စီစဉ်သင့်ပါသည်။

အချို့အလှူရှင်တို့သည် အလှူပွဲအတွက် အသားကုန်သည်တို့ထံ ကြက်အချိန် အဘယ်မျှ၊ ဝက်အချိန် အဘယ်မျှဟု ကြိုတင်မှာကြားတတ်ပါသည်။ မိမိတို့၏အလှူကို အကြောင်းပြုလျက် သတ္တဝါတို့၏ ခန္ဓာနှင့် အသက် ကြွေပျက်ရသောကြောင့် ယင်းသို့ မပြုသင့်ပါ။ အလှူအတွက် ရည်ရွယ်ပြီး သတ်ဖြတ်ရသောကြောင့် ထိုအလှူပွဲသည် သွေးညှီနံ့မကင်းသလို အကုသိုလ်အပြစ်လည်း မကင်းပါ။ အချို့အလှူရှင်တို့ကလည်း အလှူနေ့ကျလျှင် ဒံပေါက်ပွဲမည်မျှ ပို့ပေးပါဟု ကြိုတင်မှာကြားတတ်ကြရာ ထိုသို့လည်း မပြုသင့်ပါ။ အဘယ်ကြောင့်ဟူမူ မိမိမှာကြားသော ဒံပေါက်အရေအတွက်အပေါ် မူတည်ပြီး ကြက်တို့ကို သတ်ဖြတ်စေခိုင်းရာရောက်သောကြောင့် ဖြစ်ပါ၏။

သို့ဖြစ်၍ ကြားသား၊ မြင်သား၊ သံသယရှိသော အသားတို့မှ လွတ်ကင်းသော ဈေးထဲမှ ပုံသကူသားဖြင့် ချက်ပြုတ်သော အသားဟင်းလျာကိုသာ စားသုံးမည်။ အလှူပွဲအတွက် ငါးခြောက်၊ ပုစွန်ခြောက်၊ အသီးအရွက်နှင့် ပုံသကူသားတို့ဖြင့်သာ ဟင်းလျာကို စီစဉ်မည်ဆိုလျှင် အသားငါး စားသုံးခြင်းအတွက် မည်သည့်အကုသိုလ်မျှ မဖြစ်ပါချေ။

□

# မြတ်စွာဘုရား၏ ဒါနပြုနည်း လမ်းညွှန်

တစ်ရံခါ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား လျှောက်ထားလေ၏။

"အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်မျိုးအား ပေးလှူအပ်ပါသနည်း"

ထိုအခါ မြတ်စွာဘုရားက ပြန်လည်မြွက်ကြားလေသည်။

"မင်းကြီး၊ စိတ်၌ ကြည်ညိုသော ပုဂ္ဂိုလ်အား ပေးလှူအပ်၏"

"အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်မျိုးအား ပေးလှူခြင်းသည် အကျိုးကြီးပါသနည်း"

"မင်းကြီး၊ 'အဘယ်ပုဂ္ဂိုလ်အား ပေးလှူအပ်ပါသနည်း' ဟူသော အမေးနှင့် 'အဘယ်ပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးကြီးမားပါသနည်း' ဟူသောအမေးသည် မတူပေ။ ကွဲပြားခြားနားမှု ရှိပေ၏။

မင်းကြီး၊ စင်စစ်အားဖြင့် သီလရှိသော ပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးကြီး၏။ သီလမရှိသော ပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးမကြီးပေ။ ထိုအရာ၌ သင်မင်းကြီးကိုပင်လျှင် တစ်ဖန်မေးဦးအံ့။ သင် နှစ်သက်သလို ဖြေကြားလော့"

"အို – မင်းကြီး၊ သင့်၌ စစ်တိုက်ခိုက်ရန် အရေးအခင်း ကြုံလာသဖြင့် ကျွမ်းကျင်သော စစ်သည်ကောင်းများ စုဆောင်းရန် လိုအပ်လာသော် လေးပစ်အတတ်ကို မသင်ကြားခဲ့ဖူးသေးသူ၊ မကျွမ်းကျင်သေးသူ၊ ကြောက်ရွံ့တုန်လှုပ်တတ်သူကို ခေါ်ယူမွေးမြူမည်လား၊ ထိုသို့ ခေါ်ယူမွေးမြူလျှင် ထိုသူသည် သင့်အား အကျိုးပြုနိုင်မည်လား"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုသို့သော သူမျိုးကို ခေါ်ယူ

မွေးမြူခြင်း မပြုပါ။ တပည့်တော်အဖို့ ထိုသူမျိုးသည် အချည်းနှီးသာတည်း"

"မင်းကြီး၊ သင်၏စစ်ပွဲများအတွက် လေးအတတ်ကို သင်ကြားပြီးသူ၊ ကောင်းစွာ ကျွမ်းကျင်ပြီးသူ၊ မကြောက်မရွံ့တတ်သူကို ခေါ်ယူမွေးမြူမည်လား၊ ထိုသို့သောသူမျိုးသည် သင့်အတွက် အကျိုးပြုနိုင်သလား"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုသူမျိုးကို ကောင်းစွာမွေးမြူပါသည်။ တပည့်တော်အတွက် အချည်းနှီးမဟုတ်သူမျိုးပင် ဖြစ်ပါသည်။ အကျိုးကျေးဇူးများစေသူမျိုး ဖြစ်ပါ၏ ဘုရား"

"မင်းကြီး၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည်သာ အကျိုးကျေးဇူး များနိုင်ပေ၏။ သီလ၊ သမာဓိ၊ ပညာကင်းမဲ့သူတို့အား ပေးလှူခြင်းသည် အကျိုးကျေးဇူး မများနိုင်ပေ"

**(သဂါထာဝဂ္ဂ၊ ကောသလသံယုတ်၊ တတိယဝဂ်၊ ဣဿတ္ထသုတ်)**

**[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၁၄၇/၁၄၈]**

မြန်မာဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါနကောင်းမှုတွင် မွေ့လျော်ပျော်ပိုက်ကြပါသည်။ ဤသည်မှာ နိုင်ငံနှင့်လူမျိုး၏ စရိုက်လက္ခဏာတစ်ခုဟု ဆိုနိုင်ပါသည်။ မိမိ၏ ကာယအား၊ ဉာဏအားတို့ဖြင့် အပတ်တကုတ်အားထုတ်ရှာဖွေ ရရှိထားသော ငွေကြေးဥစ္စာတို့ကို မိမိနှင့် မိမိ၏ မိသားစုအတွက်သာ သုံးစွဲခြင်း မဟုတ်မူလျက်၊ သံဃာတော် အရှင်မြတ်များနှင့် ပရဟိတလုပ်ငန်းများအား လှူဒါန်းခြင်းသည် ကောင်းမြတ်၍ ဂုဏ်ယူဖွယ်လည်း ဖြစ်ပါ၏။ မိမိရှာဖွေရရှိထားသော ငွေကြေးဥစ္စာများကို မိမိအတွက် သက်သက်သုံးစွဲခြင်းသည် အတ္တဟိတတွင်သာ လမ်းဆုံးနေပြီး အကျိုးမများလေပါ။ ဥစ္စာထဲမှ အနှစ်ထုတ်ယူခြင်း မဟုတ်လေပါ။

စင်စစ် လှူဒါန်းပေးကမ်းခြင်းသည် ဥစ္စာထဲမှ အနှစ်ထုတ်ယူခြင်းသာ ဖြစ်ပါသည်။ ဒါနဟူသည် ဥစ္စာထဲမှ အနှစ်ထုတ်ယူမှု ဖြစ်သော်လည်း လူတစ်ဦးနှင့်တစ်ဦး ဥစ္စာထဲမှ အနှစ်ထုတ်ယူပုံချင်း မတူ။ ဒါနပြုပုံပြုနည်းချင်း မတူ။ ဤသည်မှာ လူတစ်ဦးနှင့်တစ်ဦး သဒ္ဓါချင်းလည်း မတူ။ ပညာချင်းလည်း မတူသောကြောင့် ဖြစ်ပါ၏။

စင်စစ် လှူဒါန်းပေးကမ်းမှုပြုရာတွင် သဒ္ဓါတရားစင်ကြယ်ဖို့လည်း

လိုသည်။ ပညာဉာဏ်နှင့် ယှဉ်ဖို့လည်း လိုပါသည်။ သဒ္ဓါတရား စင်ကြယ်ခြင်းဆိုသည်မှာ အလှူဒါနပြုရာ၌ သာသနာတော်အတွက်၊ အများအကျိုးအတွက်ဟူသော စေတနာကောင်းသာ အရင်းခံခြင်းကို ဆိုလိုပါသည်။ ထင်ပေါ်ကျော်စောလိုမှုအတွက်၊ စည်းစိမ်ချမ်းသာအတွက်၊ သူတစ်ပါးထက်သာကြောင်း ပြလိုသည့်အတွက် လှူဒါန်းလျှင် အရင်းခံသဒ္ဓါတရား စင်ကြယ်ခြင်း မရှိပါ။ မိမိအတွက် မည်သည့်အကျိုးကိုမျှ မျှော်လင့်တောင့်တခြင်း မရှိမှုလျက် သာသနာတော်အတွက်၊ အများအတွက် သက်သက်သန့်စင်သော စေတနာအရင်းခံလျက် လှူဒါန်းခြင်းသည် သဒ္ဓါတရား စင်ကြယ်ခြင်း ဖြစ်ပါသည်။

အမှန်တော့ အလှူဒါနပြုရာတွင် သဒ္ဓါတရားကို ပညာဉာဏ်နှင့်ယှဉ်ဖို့ လိုပါသည်။ သဒ္ဓါစစ်၊ သဒ္ဓါမှန်နှင့် ပညာဉာဏ် တွဲယှဉ်ပြီးမှ လှူဒါန်းခြင်းသည် အလှူခံပုဂ္ဂိုလ်နှင့် အလှူခံဌာနအတွက် ထိရောက်သော အကျိုးသက်ရောက်မှုရှိစေပြီး အလှူရှင်အတွက်လည်း လှူရကျိုးနပ်ပါလိမ့်မည်။

စင်စစ် လှူဒါန်းခြင်းတွင် အလှူရှင်ဘက်က သန့်ရှင်းစင်ကြယ်ဖို့ လိုပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းလည်း သန့်ရှင်းစင်ကြယ်ဖို့ လိုပါသည်။ အလှူခံပုဂ္ဂိုလ်ဘက်ကလည်း သန့်ရှင်းစင်ကြယ်ဖို့ လိုပါသည်။ အလှူပေးပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်တို့ ညီညီညွတ်ညွတ် သန့်ရှင်းစင်ကြယ်မည်ဆိုလျှင် အကျိုးပေးလည်း ကြီးမားပါလိမ့်မည်။ အကျိုးဖလကို မျှော်ကိုးတောင့်တပြီး ဒါနပြုခြင်း မဟုတ်သည့်တိုင် ကုသိုလ်ကောင်းမှုကသူ့သဘော သူဆောင်ကာ ကြီးမားသော အကျိုးကို ပေးပါလိမ့်မည်။

ဤတွင် အလှူရှင်ဘက်က သန့်ရှင်းစင်ကြယ်ခြင်း ဆိုသည်မှာ အလှူရှင်သည် ကိုယ်ကျင့်သီလ ကောင်းမွန်သူ ဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ သူတစ်ပါး၏ ဇနီးမယားနှင့် ကျူးလွန်ဖောက်ပြန်ခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ သေရည်အရက်သောက်ခြင်း၊ မိစ္ဆာအာဇီဝမှု အသက်မွေးခြင်း စသောဒုစရိုက်မှုများကင်းစင်ဖို့ လိုပါသည်။ ဒါနနှင့် သီလတွင် သီလကပို၍ ပဓာနကျပါသည်။ ဗာဟိယသုတ္တန် ဒေသနာတော်တွင် မြတ်ဗုဒ္ဓက "သီလစင်ကြယ်ခြင်းနှင့်အယူအမြင် မှန်ကန်ခြင်းသည် ကုသိုလ်ကောင်းမှုအားလုံး၏ အစအမွန်"

ဟူ၍ ဟောကြားတော်မူပါသည်။ မည်သည့် ကုသိုလ်ကောင်းမှုကို ပြုသည် ဖြစ်စေ၊ ပထမ ဦးစွာ ပြုသူအနေဖြင့် ကိုယ်ကျင့်သီလနှင့် ပြည့်စုံဖို့ လိုပါသည်။ သီလက ပဓာန၊ ဒါနက နောက်လိုက်ဖြစ်ကြောင်း ကျေးဇူးရှင် မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"အမှန်ကတော့ ဒီဘဝမှာ လူကောင်းသူကောင်း ဖြစ်ဖို့ရော၊ နောက်ဘဝမှာ လားရာဂတိကောင်းဖို့ရော၊ ကိုယ်ကျင့်သီလက ပဓာနဖြစ်တယ်။ သီလကြောင့် ကောင်းတဲ့ဘဝရောက်မှ ဒါနက နောက်လိုက်အဖြစ်နဲ့ အကျိုးပေးနိုင်တယ်"

လှူဖွယ်ဝတ္ထုပစ္စည်း စင်ကြယ်သန့်ရှင်းခြင်း ဆိုသည်မှာ တရားသဖြင့် ရှာဖွေရရှိထားသော ငွေကြေးဥစ္စာများဖြင့် ဝယ်ယူလှူဒါန်းသော လှူဖွယ်ဝတ္ထုပစ္စည်းကို ဆိုလိုပါသည်။ မြတ်စွာဘုရားက သေရည်၊ အရက်၊ သားငါး၊ လက်နက်၊ အဆိပ်၊ လူမိန်းမ လူယောကျ်ား ကုန်သွယ်ခြင်းများသည် အပြစ်မကင်းသော စီးပွားရှာခြင်း (မိစ္ဆာအာဇီဝမှု) ဟု မိန့်တော်မူပါသည်။ သေရည် အရက်နှင့် မူးယစ်ဆေးဝါး ကုန်သွယ်ခြင်း၊ အဆိပ်ကုန်သွယ်ခြင်း၊ လက်နက်ကုန်သွယ်ခြင်း၊ သားငါးကုန်သွယ်ခြင်း၊ လူကုန်ကူးခြင်းတို့ဖြင့် စီးပွားရှာသူများသည် အသက်မွေး မစင်ကြယ်သူများ ဖြစ်ပါ၏။ ထို့ပြင် သူတစ်ပါးတို့၏ အကျိုးစီးပွား ပျက်စီးအောင်၊ မျက်ရည်ပေါက်ကြီးငယ်ကျ အောင် လိမ်ညာခြင်း၊ အဂတိလိုက်စားခြင်း၊ လာဘ်စားခြင်း၊ အနိုင်အထက် ရယူထားခြင်းတို့ဖြင့် ရရှိထားသော ငွေကြေးဥစ္စာများသည် မသန့်ရှင်းပါ။ အပြစ်မကင်းပါ။

အများအကျိုးစီးပွား ထိခိုက်ပျက်စီးစေသော လုပ်ငန်းများမှ ရရှိလာသော ငွေကြေးဥစ္စာများထဲ၌ အကုသိုလ်အညစ်အကြေးများ ကိန်းဝပ်နေပါသည်။ ယင်းငွေကြေးဥစ္စာများဖြင့် ဝယ်ယူထားသော လှူဖွယ်ဝတ္ထုပစ္စည်းများသည် မသန့်ရှင်း မစင်ကြယ်ပါ။ ရိုးရိုးသားသား စင်စင်ကြယ်ကြယ် ရှာဖွေရရှိထားသော ငွေကြေးဖြင့် လှူဒါန်းသော လှူဖွယ်ဝတ္ထုပစ္စည်းသည်သာ စင်ကြယ်သန့်ရှင်းပါ၏။ လှူဖွယ်ဝတ္ထု စင်ကြယ်သန့်ရှင်းခြင်းဟူသော အင်္ဂါတစ်ရပ်နှင့် ပြည့်စုံခြင်းသည် အလှူအကျိုးပေး ကြီးမားခြင်းတွင် အကြောင်းရင်းတစ်ခု ဖြစ်ပါ၏။

အလှူခံပုဂ္ဂိုလ်ဘက်က သန့်ရှင်းစင်ကြယ်ခြင်းဆိုသည်မှာ အလှူခံပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသူ ဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ မြတ်ဗုဒ္ဓသာသနာတော်ကြီး နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်သည့်တိုင် အစွန့်ရှည်ကြာ တည်တံ့ထွန်းကားနေခြင်းမှာ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံပြီး ဂန္ထဓူရနှင့် ဝိပဿနာဓူရဟူသော သာသနာ့တာဝန်ကြီးနှစ်ဖြာကို ထမ်းဆောင်တော်မူသော သံဃာတော်အရှင်မြတ်ကြီးများ၏ ကျေးဇူးတော်ကြောင့် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသာသနာတော်သည် "ကိုယ်ကျင့်သိက္ခာသာသနာ" ဖြစ်ပါ၏။ ကိုယ်ကျင့်သိက္ခာမည်သော ဝိနည်းနှင့်အညီ နေထိုင်ကျင့်ကြံတော်မူသည့် သံဃာတော်အရှင်သူမြတ်များသည် ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ထွန်းကားရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူသော "သာသနာပြု ထေရ်အရှင်မြတ်များ" ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝိနည်းတည်မှ သာသနာတည်မည် ဖြစ်သောကြောင့်ပင်။ ဤသည်နှင့်စပ်လျဉ်း၍ သုတေသနသရုပ်ပြ အဘိဓာန်ကျမ်းပြု အရှင်ဩဘာသာဘိဝံသ ဆရာတော်ကြီးက –

"သာသနာတော်အရှည်ခံ၍ တည်တံ့စေချင်ရင် လူတွေက ဝိနည်းတရား သင်ကြားကာ၊ ဝိနည်းသိက္ခာနှင့် ပြည့်စုံတဲ့ ရဟန်းသံဃာတို့ကို ရွေးချယ်စိစစ် ကိုးကွယ်ကြရမည်။ ဝိနည်းတရားဟာ သာသနာတော်ရဲ့ အုတ်မြစ်အခြေခံအစစ်ပဲ" ဟု မိန့်တော်မူခဲ့ပါ၏။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ထိထိရောက်ရောက် သာသနာပြုချင်သော် ဝိနည်းကို ဆောင်တော်မူပြီး ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ဖြာကို ထမ်းဆောင်တော်မူသော သံဃာတော် အရှင်မြတ်များကိုသာ ကိုးကွယ်ဆည်းကပ်လှူဒါန်းရပေလိမ့်မည်။ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော သံဃာတော်များကို လှူမှသာ သာသနာတော်ကို ထောက်ပံ့ရာရောက်ပါ၏။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် အထက်ပါသဂါထာဝဂ္ဂ၊ ကောသလ္လသံယုတ်တွင် မြတ်စွာဘုရား ဟောကြားတော်မူသော "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ပေးလှူခြင်းသည်သာ အကျိုးကျေးဇူး များနိုင်ပေ၏။ သီလ၊ သမာဓိ၊ ပညာကင်းမဲ့သူတို့အား ပေးလှူခြင်း

သည် အကျိုးကျေးဇူး မများနိုင်ပေ" ဟူသောအချက်ကို အလျူဒါနပြုရာတွင် လိုက်နာအပ်သော လမ်းညွှန် အဆုံးအမတော်အဖြစ် ထာဝစဉ်နှလုံးသွင်း ဆင်ခြင်လိုက်နာ ဆောင်ရွက်သင့်ပါသည်။

□

# မကောင်းမှုကို နှင်ထုတ်ခြင်း နည်းလမ်းအမှန် (၁)

ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏားသည် ဥပုသ်နေ့တစ်နေ့၌ မြတ်စွာဘုရားအနီးသို့ လာရောက်ချဉ်းကပ်ကာ ရပ်လျက်နေ၏။ ထိုပုဏ္ဏားသည် ရေချိုး၊ ခေါင်းလျှော်ပြီးလျှင် ဝတ်စုံသစ်ကို ဝတ်ဆင်ထားလေ၏။ သူ၏လက်၌ သမန်းမြက်စိုကို ဆုပ်ကိုင်ထားလေသည်။

"ပုဏ္ဏား ဘယ်သို့နည်း၊ ယနေ့ သင်တို့ပုဏ္ဏားမျိုး၌ အဘယ်သို့ အကြောင်းထူးရှိသနည်း" ဟု မြတ်စွာဘုရားက မေးတော်မူ၏။

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့ ပုဏ္ဏားမျိုး၌ ယနေ့ ကိစ္စအထူးရှိပါသည်။ မကောင်းမှုကို နှင်ထုတ်ခြင်းကိစ္စအတွက် ဆောင်ရွက်ရပါမည်" ဟု ပုဏ္ဏားက ပြန်လည်လျှောက်ထားလေသည်။

"ပုဏ္ဏား၊ သင်တို့သည် မည်သို့မည်ပုံ မကောင်းမှုကို နှင်ထုတ်ကြသနည်း"

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့ ပုဏ္ဏားမျိုးသည် ဤဥပုသ်နေ့၌ ခေါင်းလျှော်၊ ရေချိုးပြီးလျှင် ဝတ်စုံသစ်ကို ဝတ်ဆင်ပါသည်။ ထို့နောက် နွားချေးဖြင့် မြေကိုသုတ်လိမ်းလျက် သမန်းမြက်စိုကို ဖြန့်ခင်းပါသည်။ ထို့နောက် သဲပုံနှင့် မီးတင်းကုပ်အကြား၌ အိပ်ကြပါသည်။ ထိုညဉ့်၌ အကျွန်ုပ်တို့သည် သုံးကြိမ်ထ၍ မီးပုံကို ရှိခိုးကြပါသည်။ "အရှင့်ထံသို့ မကောင်းမှုကို နှင်ထုတ်ပါကုန်၏ "ဟုလည်း ရွတ်ဆိုကြပါသည်။ ဆီ၊ ဆီဦး ထောပတ်တို့ဖြင့်လည်း မီးစာကျွေးကြပါသည်။ ထိုညဉ့်လွန်မြောက် နံနက်ရောက်သောအခါ၌လည်း ပုဏ္ဏားတို့ကို ခဲဖွယ်ဘောဇဉ်ဖြင့် ကျွေးမွေး

ပြုစုကြပါသည်။ ဤသို့လျှင် အကျွန်ုပ်တို့သည် မကောင်းမှုကို နှင်ထုတ်ကြပါကုန်၏"

"ပုဏ္ဏား၊ သင်တို့၏မကောင်းမှုကို နှင်ထုတ်ခြင်းကား တစ်မျိုးတည်း၊ အရိယာ၏ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းကား တစ်မျိုးပေတည်း။

"အရှင်ဂေါတမ၊ အကျွန်ုပ် တောင်းပန်ပါ၏။ အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းကား အဘယ်သို့ပါနည်း၊ ဟောကြားတော်မူပါ" ဟု လျှောက်ထားလေ၏။

"ပုဏ္ဏား၊ သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့၊ ဤလောက၌ အရိယာ၏တပည့်သည် -

"မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း မှားယွင်းသော အမြင်၏ အကျိုးသည် ယုတ်ညံ့၏ဟူ၍ ဆင်ခြင်၏။ ဤသို့ ဆင်ခြင်ပြီးမှ မှားယွင်းသော အမြင်ကို ပယ်စွန့်၏၊ နှင်ထုတ်၏။

မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း မှားယွင်းသောအကြံ၏ အကျိုးသည် ယုတ်ညံ့၏ဟူ၍ ဆင်ခြင်၏။ ဤသို့ ဆင်ခြင်ပြီးမှ မှားယွင်းသောအကြံကို ပယ်စွန့်၏၊ နှင်ထုတ်၏။

မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း မှားယွင်းသော စကား၊ မှားယွင်းသော အလုပ်၊ မှားယွင်းသော အသက်မွေးမှု၊ မှားယွင်းသော လုံ့လ၊ မှားယွင်းသော သတိ၊ မှားယွင်းသော သမာဓိ၊ မှားယွင်းသော ဉာဏ်၊ မှားယွင်းသော လွတ်မြောက်မှုတို့၏ အကျိုးသည် ယုတ်ညံ့၏ဟု ဆင်ခြင်၏။ ဤသို့ ဆင်ခြင်ပြီးမှ ထိုထိုမှားယွင်းသော အမှုတို့ကို ပယ်စွန့်၏၊ နှင်ထုတ်၏။ အို... ပုဏ္ဏား၊ ဤသည်ကား အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းပေတည်း"

ယင်းသို့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတော်မူလေလျှင် ဇာဏုသောဏိ ပုဏ္ဏားသည် ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်လာလေ၏။

"အရှင်မြတ်ဘုရား၊ အရိယာတို့၌ မကောင်းမှုကို နှင်ထုတ်ခြင်းကား တစ်မျိုးပါတည်း။ ပုဏ္ဏားတို့၏ ဝိနည်း မကောင်းမှုကို နှင်ထုတ်ခြင်းနှင့် ခြားနားလှပါ၏။ မနှိုင်းယှဉ်သာအောင် ထူးခြားမြင့်မြတ်ပါပေ၏။

အရှင်မြတ်ဘုရား၊ တရားတော်သည် အလွန်လျှင် နှစ်သက်ဖွယ်ရှိပါပေ၏။ တပည့်တော်သည် မြတ်စွာဘုရား၌လည်းကောင်း၊ တရားတော်၌လည်းကောင်း၊ သံဃာတော်၌လည်းကောင်း အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ပါ၏။ တပည့်တော်ကို ဥပါသကာ တပည့်ရင်းဟု မှတ်ယူတော်မူပါဘုရား" ဟုလျှောက်ထားလေ၏။

(အင်္ဂုတ္တိုရ် ပါဠိတော်၊ ဒသကနိပါတ်၊ ပဗ္ဗောရေဟိဏဝိဂ်)

[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (လေးမြိုင်)၊ စာ-၁၉၂/၁၉၃]

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသည်မှာ ဘုရားရှင်တိုင်း၏ အဆုံးအမတော် ဖြစ်ပါ၏။ ဤအဆုံးအမတော်သည်ပင် လူသားတိုင်းအတွက် "အကောင်းဆုံး ဘဝနေနည်းလမ်းညွှန်"ဖြစ်ပါသည်။ ဤတွင် မကောင်းမှုကို ရှောင်ခြင်းသည် ဘဝတွင် မလိုလားအပ်သော အဆုံးအရှုံးများ၊ ဂုဏ်သိက္ခာကျဆင်းမှုများ ဖြစ်မလာစေရေးအတွက် "အကောင်းဆုံး ဘဝ၏ အရံအတား" ဟု ဆိုချင်ပါသည်။ ဘဝဝယ် မကောင်းတာတွေ ဖြစ်မလာစေလိုသော် မကောင်းမှုတွေကို မပြုမိဖို့ လိုပါသည်။ နာမည်ဂုဏ်သတင်း မှေးမှိန်ပျက်ယွင်းခြင်း မဖြစ်စေလိုသော် ကိုယ်ကျင့်တရားဆိုင်ရာ မကောင်းမှုများကို ရှောင်ကြဉ်ဖို့ လိုပါသည်။

လူတို့သည် ဘဝဝယ် မကောင်းတာတွေ မဖြစ်လိုကြပေ။ သို့တစေ မကောင်းတာတွေကို တားဆီးဖို့၊ တစ်နည်း အကုသိုလ်တွေကို နှင်ထုတ်ဖို့ နည်းလမ်းများမှာမူ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုဘိသို့ အမျိုးမျိုးအထွေထွေ ကွဲပြားခြားနားလျက်ရှိနေပေသည်။

မကောင်းတာတွေ ဖြစ်မလာစေသော် "ဘယ်ဂါထာကို ဘယ်နခေါက်ရွတ်" "ဘယ်မန္တန်ကို ဦးခံပြီး မန်းမှုတ်" "ဘယ်နေ့ရက်မှာ အင်္ကျီဘယ်အရောင်ကို ဝတ်ပါ" "မည်သည့် ယတြာချေပါ" "ဆေးဖယောင်းတိုင်ထွန်းပါ" "မည်သည့်အဆောင်လက်ဖွဲ့ကို ဆောင်ပါ" စသည်စသည်ဖြင့် လောကီဆရာတို့၏ လမ်းညွှန်ချက်များအတိုင်း လိုက်ပါဆောင်ရွက်နေသူများ ရှိပါသည်။ အမှန်တော့ ထိုသူများသည် "မကောင်းမှု၏ အရင်းအမြစ်" အဘယ်မှာ ရှိသည်ကို သဘောမပေါက် နားမလည်သူများ ဖြစ်ပါ၏။ မကောင်းမှု၏ အရင်းအမြစ်ကို မသိသောအခါ မှန်ကန်သော နည်းလမ်းဖြင့်

မကောင်းမှုကို တားဆီးခြင်း မပြုနိုင်ပေ။ စင်စစ် မကောင်းမှုဟူသည် ပြင်ပ ဗဟိဒ္ဓတွင် မတည်ပါ။ မိမိ၏ အတွင်းသန္တာန်၌သာ မကောင်းမှုတွေ ဖြစ်တည် ရှင်သန်လာခြင်း ဖြစ်ပါ၏။ မကောင်းမှုဟူသည် အခြားသူက မိမိအပေါ်သို့ ပေးပို့၍ ရသော အရာမဟုတ်ပါ။ မည်သူမပြု မိမိမှုသာ ဖြစ်ပါ၏။ ဥပမာအားဖြင့် မိမိ၏စိတ်ထဲတွင် ဝိသမလောဘ ကြီးစိုးလာလျှင် အကုသိုလ်မှုတွေ ဖြစ်လာမည်။ သူတစ်ပါးအပေါ် မလိုမုန်းတီးစိတ်တွေ ဖြစ်လာလျှင် အကုသိုလ်မှုတွေ ဖြစ်လာမည်။ သူတစ်ပါး အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးအောင် ကြံဆောင်လိုစိတ်တွေ ဖြစ်လာလျှင် မကောင်းမှုတွေ ဖြစ်လာမည်။

ထို့ကြောင့် မကောင်းမှု၏ အရင်းအမြစ်မှာ မိမိ၏စိတ်ထဲသို့ ဝင်ရောက်ခြယ်လှယ်သော အကုသိုလ်စေတသိက်များသာ ဖြစ်ပါသည်။ ထိုစေတသိက်ဆိုးများ အတွင်းသန္တာန်ထဲ ဝင်ရောက်ခွင့် မသာအောင် တားဆီးနိုင်ခြင်းသည်ပင် "မကောင်းမှုကို နှင်ထုတ်ခြင်း" ဖြစ်ပါ၏။

ဘယ်နေ့တွင် ဘယ်အရောင်ကို ရှောင်၍ ဘယ်အသားကို စားပါ။ ဘယ်အဆောင်လက်ဖွဲ့ကို ဆောင်ပါ။ ဘယ်ဂါထာမန္တန်ကို ရွတ်ပါဟူသော နည်းလမ်းများသည် မကောင်းမှုကို နှင်ထုတ်နိုင်စွမ်း မရှိပါ။ အဘယ့်ကြောင့်ဆိုသော် မကောင်းမှုကို ပြင်ပဗဟိဒ္ဓအရာများက ချေဖျက်နိုင်စွမ်း မရှိသောကြောင့် ဖြစ်ပါ၏။

နေ့စဉ်နှင့်အမျှ လူတို့သည် ကြံတွေးနေသည်၊ ပြောဆိုနေသည်၊ ပြုမှုလုပ်ကိုင် ဆောင်ရွက်နေသည်။ ကြံတွေးနေသော မနောကံမှုတွင်လည်းကောင်း၊ ပြောဆိုနေသော ဝစီကံမှုတွင်လည်းကောင်း၊ ပြုမှုလုပ်ကိုင်ဆောင်ရွက်နေသော ကာယကံမှုတွင်လည်းကောင်း၊ ကုသိုလ်ဓာတ် တည်ကိန်းနေသလို အကုသိုလ်ဓာတ်လည်း တည်ကိန်းနိုင်ပါသည်။ စိတ်အတွင်းသို့ ကုသိုလ်စေတသိက်တို့ ဝင်ရောက်ခွင့်ပေးပြီး ကြံတွေးမှုပြုလျှင် ကုသိုလ်ဓာတ် ထွန်းပသည်။ အကုသိုလ်စေတသိက်တို့ ဝင်ရောက်ခွင့်ပေးပြီး ကြံတွေးမှုပြုလျှင် အကုသိုလ်ဓာတ် ထွန်းပသည်။ ကောင်းတာတွေ တွေးကြံလျှင် ကောင်းမှု ဖြစ်သည်။ မကောင်းတာတွေ တွေးကြံလျှင် မကောင်းမှု ဖြစ်သည်။ ကောင်းသော အပြောအဆိုက ကောင်းမှုကို မွေးဖွားပေးသည်။ မကောင်း

သော အပြောအဆိုက မကောင်းမှုကို မွေးဖွားပေးသည်။ ကောင်းတာတွေ ပြောဆိုလျှင် ကောင်းမှု ဖြစ်မည်။ မကောင်းတာတွေ ပြောဆိုလျှင် မကောင်းမှု ဖြစ်မည်။

ထိုနည်းအတူ စိတ်အစဉ်ထဲသို့ ကုသိုလ်စေတသိက်တွေ ဝင်ရောက်ခွင့်ပေးပြီး ပြုမူလုပ်ကိုင်ဆောင်ရွက်လျှင် ကုသိုလ်ခာတ် ထွန်းပသည်။ အကုသိုလ်စေတသိက်တွေ ဝင်ရောက်ခွင့်ပေးပြီး လုပ်ကိုင်ဆောင်ရွက်လျှင် အကုသိုလ်ခာတ် ထွန်းပမည်။ ကောင်းသောအပြုအမူက ကောင်းမှုကို မွေးဖွားပေးသည်။ မကောင်းသော အပြုအမူက မကောင်းမှုတွေကို မွေးဖွားပေးသည်။ ထို့ကြောင့် မကောင်းမှုတွေ တားဆီးချင်သော်၊ မကောင်းကျိုးတွေ ဖြစ်မလာချင်သော် မကောင်းသော အကြံအစည်၊ မကောင်းသော အပြောအဆို၊ မကောင်းသော ပြုမူလုပ်ကိုင် ဆောင်ရွက်မှုတွေကို ရှောင်ကြဉ်ရန်သာ ဖြစ်ပါ၏။

အထက်ပါ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စာရောဟိဏီဝဂ်တွင် ပါရှိသော ဇာဏုသောဏိအမည်ရှိ ပုဏ္ဏားသည် အကုသိုလ်၏ အရင်းအမြစ်ဟူသည် အဘယ်အရာနည်းဟူ၍ သိရှိလေဟန် မရှိပါ။ ထိုအမှန်တရားကို မသိမြင်သောကြောင့် သူ့တွင် မှန်ကန်သော အယူအမြင် မရှိလေပါ။ မှန်ကန်သော အယူအမြင် မရှိသောကြောင့်လည်း သူ၏မကောင်းမှုကို နှင်ထုတ်ခြင်းနည်းလမ်းမှာ မှားယွင်းနေခြင်း ဖြစ်ပါ၏။ ဥပုသ်နေ့တွင် ခေါင်းလျှော်၊ ရေချိုးပြီး ဝတ်စုံသစ် ဝတ်ဆင်ရုံမျှဖြင့် လည်းကောင်း၊ သဲပုံနှင့် မီးပုံအကြားအိပ်ပြီး မီးပုံကို ရှိခိုးရုံမျှဖြင့်လည်းကောင်း၊ ဆီ၊ ဆီဦးထောပတ်တို့ဖြင့် မီးစာကျွေးရုံမျှဖြင့်လည်းကောင်း မကောင်းမှုကို အဘယ်မှာလျှင် နှင်ထုတ်၍ ရပါမည်နည်း။ ထို့ကြောင့် ဘုရားရှင်က "ပုဏ္ဏား၊ သင်တို့၏မကောင်းမှုကို နှင်ထုတ်ခြင်းကား တစ်မျိုးတည်း" ဟု မိန့်ဆိုတော်မူပြီး မကောင်းမှုကို နှင်ထုတ်ခြင်းနည်းလမ်းအမှန်ကို ပုဏ္ဏားအား ကရုဏာအရင်းခံလျက် ဟောကြားတော်မူခဲ့ပါ၏။

❐

# မကောင်းမှုကို နှင်ထုတ်ခြင်း နည်းလမ်းအမှန် (၂)

မြတ်စွာဘုရားက ဓာဏသောဏိပုဏ္ဏားကို ဟောကြားတော်မူသော "မကောင်းမှုကို နှင်ထုတ်ခြင်း နည်းလမ်း" များတွင် ပထမဦးဆုံးနည်းလမ်းမှာ မှားယွင်းသောအမြင်၏ အကျိုးသည် ယုတ်ညံ့ဟူ၍ ဆင်ခြင်လျက် မှားယွင်းသောအမြင်ကို နှင်ထုတ်ပယ်စွန့်သော နည်းလမ်းဖြစ်ပါသည်။ သဘောတရားဟူသည် ဘဝရှေ့ဆောင် မီးရှူးတန်ဆောင် ဖြစ်ပါ၏။ အယူအမြင်ဟူသည် သဘောတရား ဖြစ်ပါ၏။ ကာယကံ၊ ဝစီကံ၊ မနောကံတို့၏ ရှေ့သွားခေါင်းဆောင်လည်း ဖြစ်ပါ၏။ အယူအမြင် မှန်ကန်ဖြောင့်မတ်သူတစ်ဦး၏ ဘဝလမ်းကြောင်းသည် ဖြောင့်တန်းသာယာပေလိမ့်မည်။ အယူအမြင်မှားသူတစ်ဦး၏ ဘဝလမ်းကြောင်းသည် အမှားမှား အယွင်းယွင်းများဖြင့် ကွေ့ကောက် ခက်ခဲနေပေလိမ့်မည်။

ဥပရိပဏ္ဏာသ ပါဠိတော်၊ သုညတဝဂ်၊ ဘူမိဇသုတ်တွင် ဘုရားရှင်က "ဆီကိုအလိုရှိသူသည် ဆုံခွက်ထဲ၌ ကျောက်စရစ်များ၊ သဲများထည့်၍ ရေဖြင့်ဖျန်းကာ ကြိတ်၍ညှစ်သော်လည်း ဆီကို မရနိုင်။ ထိုနည်းတူပင် မှားယွင်းသော အယူအဆ အမြင်အသိ ရှိနေသူသည် မြတ်သောအကျင့်ကို အားထုတ်ကျင့်သုံးသည် ဆိုသော်လည်း အကျိုးမရှိနိုင်" ဟု ဟောကြားတော်မူခဲ့ပါသည်။ ဤဟောတော်မူချက်အရ အယူအမြင် မှန်ကန်ရေးသည် အဘယ်မျှ အရေးကြီးသော အရာဖြစ်ကြောင်း၊ ပဓာနကျသော အရာဖြစ်ကြောင်း ထင်ရှားသိသာလှပါ၏။ ထို့ပြင် ဘုရားရှင်က ဗာဟိယသုတ္တန်ဒေသနာတော်တွင် "အယူအမြင် စင်ကြယ်ဖြောင့်မှန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည် ကုသိုလ် ကောင်းမှုတို့၏ အဦးအစ" ဟူ၍ ဟောတော်မူခဲ့ပါသည်။

အယူအမြင်မှန်လျှင် အကြံအတွေး မှန်မည်။ အပြောအဆို မှန်မည်။ အပြုအမူ မှန်မည်။ အယူအမြင်မှားလျှင် အကြံအတွေး မှားမည်။ အပြောအဆို မှားမည်။ အပြုအမူ မှားမည်။ တချို့က မိမိ၏မှားယွင်းနေသော အမြင်ကို မှားယွင်းနေမှန်း မသိ။ မှားမှန်းသိသူများထဲမှ တချို့သူတွေကလည်း မှားမှန်း သိနေသည့်တိုင် မပြင်။ ထိုသူတို့သည် မိမိတို့၏ ဘဝကို တူးဖြိုဖျက်ဆီးနေသူများ ဖြစ်ပါ၏။

စင်စစ် အယူအမြင်မှားယွင်းခြင်းသည် မကောင်းမှုတို့တွင် အင်အားအကြီးမားဆုံး မကောင်းမှု ဖြစ်ပါ၏။ အဘယ့်ကြောင့်ဆိုသော် အားလုံးသော မကောင်းမှုတို့၏ အရင်းအမြစ်သည် မှားယွင်းသော အယူအမြင်(မိစ္ဆာဒိဋ္ဌိ) ဖြစ်သောကြောင့်ပင်။ မှားယွင်းသော အယူအမြင်သည် ပစ္စုပ္ပန်အကျိုးစီးပွားကိုပါ ဆုတ်ယုတ်ပျက်စီးစေသည် မဟုတ်ပါ။ တမလွန်အကျိုးစီးပွားကိုပါ ဆုတ်ယုတ်ပျက်စီးစေပါသည်။ ထို့ကြောင့် မှားယွင်းသောအမြင်၏ အကျိုးဆုတ်ယုတ်မှုကို နှလုံးသွင်းဆင်ခြင်ပြီး မှားယွင်းသော အယူအမြင်ကို ယတိပြတ် ပယ်စွန့်ဖို့ လိုပါသည်။ ဤသည်လျှင် ပထမဦးဆုံးသော မကောင်းမှုမှ နှင်ထုတ်ခြင်း ဖြစ်ပါ၏။

မြတ်စွာဘုရားက ဓာဏုသောဏိပုဏ္ဏားကို ဟောကြားတော်မူသော ဒုတိယမြောက်မကောင်းမှုကို နှင်ထုတ်ခြင်းနည်းလမ်းမှာ 'မှားယွင်းသော အကြံအစည်၏အကျိုးသည် ယုတ်ညံ့၏'ဟု ဆင်ခြင်လျက် မှားယွင်းသော အကြံအစည်ကို နှင်ထုတ်ပယ်စွန့်သော နည်းလမ်းဖြစ်ပါသည်။ လူတို့၏ ပြုမူပြောဆို ဆောင်ရွက်မှုမှန်သမျှ "အကြံအတွေး" မှ မြစ်ဖျားခံလာခြင်းဖြစ်ပါ၏။ အကြံအတွေးမှန်လျှင် ပြုမူဆောင်ရွက်ချက် မှန်ကန်မည်။ အကြံအတွေးမှားလျှင် ပြုမူဆောင်ရွက်ချက် မှားယွင်းမည်။ မှန်ကန်သော ပြုမူပြောဆို ဆောင်ရွက်ချက်က ကောင်းသောအကျိုးတို့ကို ဖြစ်ထွန်းပေါ်ပေါက်စေသည်။ မှားယွင်းသော ပြုမူဆောင်ရွက်ချက်က မကောင်းသော အကျိုးတို့ကို ဖြစ်ထွန်း ပေါ်ပေါက်စေသည်။ သို့ဖြစ်သောကြောင့် ပစ္စုပ္ပန်တွင်လည်း ကောင်း၊ တမလွန်ဘဝတွင်လည်းကောင်း ယုတ်ညံ့သော အကျိုးတရားကို ဖြစ်ထွန်းပေါ်ပေါက်စေသည့် မှားယွင်းသောအကြံကို ပယ်စွန့်ဖို့ လိုပါသည်။

တတိယမြောက် မကောင်းမှုကို နှင်ထုတ်ခြင်းနည်းလမ်းမှာ မှားယွင်း

သောစကားကို ပယ်စွန့်သောနည်းလမ်း ဖြစ်ပါသည်။ မှားယွင်းသောစကား ဆိုသည်မှာ ဝစီကံမကောင်းမှုလေးမျိုး (ဝစီဒုစရိုက်လေးပါး) ပင် ဖြစ်ပါ၏။ မဟုတ်မမှန် ပြောဆိုခြင်း၊ ကုန်းချောပြောဆိုခြင်း၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းတို့သည် ဝစီဒုစရိုက်မှုများ ဖြစ်ပါသည်။ လူအများစုက ဝစီကံနှင့်ပတ်သက်လျှင် ပေါ့ပေါ့ဆဆ သဘောထားတတ်ကြသည်။ အရေးကြီးသောကံဟု အသိအမှတ် မပြုချင်ကြ။ စင်စစ်ကောင်းသော ဝစီကံမှုသည် ပစ္စုပ္ပန်တွင်လည်း ကောင်းကျိုးကို ပေးစွမ်းသည်။ တမလွန်တွင်လည်း ကောင်းကျိုးကို ပေးစွမ်းသည်။ မကောင်းသော ဝစီကံမှုသည် ပစ္စုပ္ပန်တွင်လည်း ဆိုးကျိုးကို ပေးစွမ်းသည်။ တမလွန်ဘဝတွင်လည်း ဆိုးကျိုးကိုသာ ဖြစ်ထွန်းစေသည်။ ထို့ကြောင့် မှားယွင်းသောစကား၏ အကျိုးသည် ယုတ်ညံ့၏ဟု ဆင်ခြင်ပြီး ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်အပ်ပါသည်။

စတုတ္ထမြောက် မကောင်းမှုကို နှင်ထုတ်ခြင်းနည်းလမ်းမှာ မှားယွင်းသောအလုပ်ကို ပယ်စွန့်ခြင်းပင် ဖြစ်ပါ၏။ မှားယွင်းသော အလုပ်ဟူသည်မှာ မိမိ၏အကျိုးကိုလည်း ထိခိုက်စေ၊ သူတစ်ပါးအကျိုးကိုလည်း ထိခိုက်စေသော အလုပ်မျိုးကို ဆိုလိုပါသည်။ မိမိ၏အကျိုးစီးပွားကို မထိခိုက်စေသည့်တိုင် သူတစ်ပါး၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေပါက ထိုအလုပ်သည် မလုပ်သင့်သောအလုပ် ဖြစ်ပါသည်။ တချို့သူတို့တွင် "ဘယ်သူသေသေ ငတေမာပြီးရော" ဟူသော တစ်ကိုယ်တော်စိတ် ရှိပါသည်။ မိမိသာအကျိုးရှိမည်ဆိုလျှင် အများသူငါ၏ အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်စေမည်မှန်း သိလျက်နှင့် ဆောင်ရွက်တတ်ကြပါ၏။ သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားတို့နှင့် ဖောက်ပြန်ကျူးလွန်ခြင်းတို့သည် မှားယွင်းသောအလုပ်များ ဖြစ်ပါသည်။ မှားယွင်းသောအလုပ်သည် ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့တွင် ယုတ်ညံ့သော အကျိုးကိုသာ ဖြစ်ထွန်းပေါ်ပေါက်စေသောကြောင့် ထိုအလုပ်မျိုးကို ပယ်စွန့်ခြင်းသည် မကောင်းမှုကို နှင်ထုတ်ခြင်းပင် ဖြစ်ပါ၏။

မှားယွင်းသော အသက်မွေးမှု (မိစ္ဆာအာဇီဝမှု) မှ ရှောင်ကြဉ်ခြင်းသည်လည်း အကုသိုလ်ကို နှင်ထုတ်ခြင်းပင် ဖြစ်ပါ၏။ မှားယွင်းသော

အသက်မွေးမှုဟူသည်မှာ မြတ်စွာဘုရားက မိစ္ဆာအာဇီဝမှုဟု သတ်မှတ်တော်မူသော မူးယစ်သေရည်၊ အသား၊ အဆိပ်၊ လက်နက်၊ လူကုန်ကူးခြင်း ငါးမျိုးတို့ဖြင့် စီးပွားရှာခြင်းကို ဆိုလိုပါသည်။ ထိုစီးပွားရှာနည်းငါးမျိုးမှာ လူနှင့်အခြား သက်ရှိသတ္တဝါတို့၏ ခန္ဓာနှင့်အသက်ကို ကျေပျက်စေ၊ အကျိုးစီးပွားကို ပျက်စီးဆုတ်ယုတ်စေသောကြောင့် ဖြစ်ပါ၏။ လူနှင့် သက်ရှိသတ္တဝါတို့၏ သောကများ၊ ပရိဒေဝများ၊ မျက်ရည်စက်များ၊ သွေးညှီနံ့များ လိမ်းကျံစွန်းပေနေသော ငွေကြေးဥစ္စာများသည် မသန့်ရှင်း မစင်ကြယ်ပေ။ အသက်မွေးသန့်ရှင်းစင်ကြယ်ဖို့ လိုပါသည်။ မသန့်ရှင်း မစင်ကြယ်သောနည်းဖြင့် စီး ပွားရှာ အသက်မွေးလျှင် မကောင်းမှု ဖြစ်ပါ၏။ အကုသိုလ်မှု ဖြစ်ပါ၏။ အကုသိုလ်မှု ဖြစ်သောကြောင့် အကုသိုလ်၏ သဘာဝ မကောင်းကျိုး ပေးပါလိမ့်မည်။ ပစ္စုပ္ပန် တမလွန်ဘဝများတွင် ဆင်းရဲဒုက္ခ ရောက်စေမည့် မှားယွင်းသော အသက်မွေးမှုကို ရှောင်ကြည်ခြင်းသည်လည်း မကောင်းမှုကို နှင်ထုတ်ခြင်းပင် ဖြစ်ပါ၏။

လုံ့လဝီရိယရှိခြင်းသည် ကောင်း၏ဟု အများအားဖြင့် ယူဆထားတတ်ကြပါသည်။ စင်စစ်မူ လုံ့လဝီရိယတွင် 'ဝီရိယကောင်း' လည်း ရှိပါ၏။ ဝီရိယဆိုးလည်း ရှိပါ၏။ ကောင်းသောအမှု၌ အားထုတ်ကြိုးပမ်းခြင်းသည် ဝီရိယကောင်း ဖြစ်ပါ၏။ ဆိုးသောဒုစရိုက်မှု၌ အားထုတ်ကြိုးပမ်းခြင်းသည် ဝီရိယဆိုး ဖြစ်ပါ၏။ မကောင်းမှုပြုရာတွင် လုံ့လဝီရိယကြီးမားလျှင် ကြီးမားသလောက် အပြစ်ပို၍ ကြီးမားပါသည်။ အကျိုးပျက် ဆုတ်ယုတ်မှု ပို၍ ကြီးမားပါသည်။ မှားယွင်းသော လုံ့လဝီရိယသည် ဂုဏ်ယူဖွယ် မဟုတ်ပါ။ ရှောင်ကြဉ်အပ်သော အရာသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း မှားယွင်းသော လုံ့လအကျိုးသည် ယုတ်ညံ့၏ ဟုဆင်ခြင်ပြီး မှားယွင်းသော လုံ့လကို ပယ်စွန့်ရန် မိန့်တော်မူခဲ့ခြင်း ဖြစ်ပါ၏။

'သတိ' ဟူသည် ပိုသည်မရှိ၊ လိုသည်သာရှိ၏ဟု ဆိုကြပါ၏။ မှန်ပါသည်။ သတိရှိခြင်း၊ သတိထားခြင်းသည် ပိုသည်ဟုမရှိပါ။ သို့တစေ ထိုသို့ဆိုခြင်းမှာ ကောင်းသောအမှုကိစ္စများကို ပြုမူလုပ်ဆောင်စဉ် ထားရှိရမည့် 'သတိ' ကို ဆိုလိုခြင်းသာ ဖြစ်ပါ၏။ မကောင်းမှု ဒုစရိုက်ပြုရာတွင်

ထားရှိသော 'သတိ' ကို ဆိုလိုခြင်း မဟုတ်ပါ။ ဥပမာအားဖြင့် အိမ်တစ်အိမ်သို့ ဝင်ရောက်ပြီး ပစ္စည်းခိုးယူရာတွင် အိမ်ရှင်နိုးသွားမည်စိုးသောကြောင့် အသံဗလံ မထွက်အောင် သတိထားလျက် ဆောင်ရွက်ခြင်းသည် "မကောင်းသော သတိ" ဖြစ်ပါ၏။ မှားယွင်းသောသတိ ဖြစ်ပါ၏။ မှားယွင်းသောသတိသည် မျက်မှောက်ဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း အကျိုးပေး ယုတ်ညံ့စေမည်သာ ဖြစ်ပါ၏။ ထို့ကြောင့် မှားယွင်းသော သတိကို စွန့်ပယ်နှင်ထုတ်ရန် ဘုရားရှင်က ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါ၏။

'သမာဓိ' ဟူသည် စူးစိုက်တည်ကြည်ခြင်း ဖြစ်ပါ၏။ သို့တစေ သမာဓိတိုင်း ကောင်းသည် မဟုတ်ပါ။ သမာဓိတွင် 'သမ္မာသမာဓိ' လည်း ရှိပါ၏။ မိစ္ဆာသမာဓိလည်း ရှိပါ၏။ ကောင်းသောအာရုံ၌ စူးစိုက်တည်ကြည်နေစဉ် သမ္မာသမာဓိ တည်လျက်ရှိပါ၏။ မကောင်းသောအာရုံ၌ စူးစိုက်တည်ကြည်နေစဉ် မိစ္ဆာသမာဓိက အကုသိုလ်ဖြစ်သည်။ သမ္မာသမာဓိက ကောင်းကျိုးအထွေထွေ ဖူးပွင့်ဝေဆာစေသည်။ မိစ္ဆာသမာဓိက ဆိုးကျိုးအထွေထွေ ပေးဝေစေသည်။ ထို့ကြောင့် မှားယွင်းသော သမာဓိကို ပယ်စွန့်နှင်ထုတ်ရန် မြတ်စွာဘုရားက မိန့်တော်မူခဲ့ခြင်း ဖြစ်ပါ၏။

အများအားဖြင့် လူတို့သည် 'ဉာဏ်ကောင်းခြင်း' ကို ချီးကျူးလေ့ရှိပါသည်။ သို့သော် ဉာဏ်ကောင်းတိုင်း ချီးကျူးအပ်သည် မဟုတ်ပါချေ။ မည်သည့်အမှုကို ပြုရာတွင် ဉာဏ်ကောင်းသနည်းဟူ၍ စိစစ်ရန် လိုပါသည်။ မိမိ၏ ကြီးပွားချမ်းသာရေးအတွက် မသမာသော နည်းလမ်းများဖြင့် ဆောင်ရွက်ရာ၌ အသုံးချသော ဉာဏ်သည် ချီးမွမ်းအပ်သော ဉာဏ် မဟုတ်လေပါ။ ဉာဏ်ကောင်း မဟုတ်လေပါ။ မှားယွင်းသော ဉာဏ်ဆိုးသာ ဖြစ်ပါ၏။ ထို့ကြောင့် မှားယွင်းသောဉာဏ်ကို ပယ်စွန့်နှင်ထုတ်ရန် မြတ်စွာဘုရား ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါ၏။

□

# ညှိုးစော်နံသော အရာများ (၁)

"တိဿရသေ့၊ သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးအား ညှဉ်းဆဲ နှိပ်စက်ခြင်း၊ သူ့ပစ္စည်းကို ခိုးယူခြင်း၊ မုသားဆိုခြင်း၊ လိမ်လည်လှည့်ဖြား ခြင်း၊ အကျိုးမရှိသော ကျမ်းဂန်တို့ကို သင်ယူခြင်း၊ သူ့သားမယားကို ပြစ်မှား ခြင်း ဤသည်တို့ကား ညှီစော်နံသောအရာများ ဖြစ်၏။ သားငါးဘောဇဉ် သည် ညှီစော်နံသော အရာမဟုတ်ပေ။

တိဿရသေ့၊ ကာမဂုဏ်တို့၌ မစောင့်စည်းခြင်း၊ မစင်ကြယ်သော အလုပ်ဖြင့် အသက်မွေးခြင်း၊ အယူလွဲမှားခြင်း၊ မဖြောင့်မှန်သော ကိုယ်မှုနှုတ်မှု ရှိခြင်း ဤသည်တို့သည်လည်း ညှီစော်နံသောအရာများ ဖြစ်ပေ၏။

တိဿရသေ့၊ ကြမ်းကြုတ်ရက်စက်ခြင်း၊ ရှေ့တွင်တစ်မျိုး မျက်ကွယ် တစ်မျိုးပြောခြင်း၊ အဆွေခင်ပွန်းတို့ကို ပြစ်မှားခြင်း၊ သနားကြင်နာမှုကင်း ခြင်း၊ မာနကြီးခြင်း၊ နှမြောတွန့်တိုခြင်း ဤသည်တို့သည်လည်း ညှီစော်နံ သောအရာများ ဖြစ်၏။

တိဿရသေ့၊ အမျက်ဒေါသကြီးခြင်း၊ ဝါကြွားပလွှား၍ ပြောဆိုခြင်း၊ ကုန်းချောခြင်း၊ တံစိုးစား၍ မမှန်မကန်တရားစီရင်ခြင်း၊ သီလမရှိဘဲ သီလရှိ ယောင်ဆောင်ခြင်း၊ မိဘတို့အပေါ် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုပြုမူခြင်း ဤ သည်တို့လည်း ညှီစော်နံသောအရာများ ဖြစ်၏။

ဤသို့လျှင် ကဿပဘုရားရှင်သည် တိဿရသေ့အား သားငါး ဘောဇဉ်သည် ညှီစော်နံသော အရာမဟုတ်၊ ကိလေသာနှင့်ယှဉ်သော အပြု အမူများသာလျှင် ညှီစော်နံသောအရာ စင်စစ်ဖြစ်ကြောင်း" ရှင်းလင်း မိန့်ကြားတော်မူသည်။

တိဿရသေ့ကား "သား၊ ငါးစားသူသည် စင်ကြယ်မှုမရှိနိုင်၊ သံသရာမှ မလွတ်မြောက်နိုင်" ဟု အယူရှိသူဖြစ်၏။ ထို့ကြောင့် သားငါးစားသုံးခြင်းမှ ရှောင်ကြဉ်ရုံမျှဖြင့် သံသရာမှ မလွတ်မြောက်နိုင်ကြောင်း ကဿပ ဘုရားရှင်က ဆက်လက်ဟောကြားတော်မူလေသည်။

"တိဿရသေ့၊ သားငါးမစားခြင်း၊ အဝတ်မဝတ်ခြင်း၊ ဆံပင်ကို ရိတ်၍ ခေါင်းတုံးဖြင့် နေခြင်း၊ ဆံကျစ်ထားခြင်း၊ မီးပူဇော်ခြင်းတို့သည် သတ္တဝါတို့ကို မစင်ကြယ်စေနိုင်ကုန်၊ မိမိကိုယ်တိုင် ဆင်းရဲပင်ပန်းအောင် ကျင့်ခြင်း၊ ဗေဒင်ကျမ်းများကို သင်ကြားရွတ်ဖတ်ခြင်း၊ ယစ်ပူဇော်ခြင်း စသည်တို့သည်လည်း သတ္တဝါတို့ကို မစင်ကြယ်စေနိုင်ကုန်"

"တိဿရသေ့၊ အကြင်သူသည် ဣန္ဒြေကို စောင့်ထိန်း၏။ အမှန်တရား၌ ရပ်တည်၏။ စိတ်နူးညံ့ခြင်း၊ မှန်ကန်ဖြောင့်မတ်ခြင်းတို့နှင့် ပြည့်စုံ၏။ ကပ်ငြိတွယ်တာခြင်းလည်း မရှိ။ ထိုသူသည် အာရုံခြောက်ပါးတို့၌ ကိလေသာ အညစ်အကြေး လိမ်းကျံခြင်းကင်းသည်ဖြစ်၍ စင်စစ် စင်ကြယ်သူလည်း ဖြစ်ပေ၏"

**(သုတ္တနိပါတ်၊ အာမဂန္ဓသုတ်) [မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ၊ (သို့မဟုတ်) သုတ္တနိပါတ် (ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ–၁၂၆/၁၂၇]**

မြတ်စွာဘုရား သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ်က အမဲသားငါး စားသောက်ခြင်းမှ လုံးဝရှောင်ကြဉ်၍ သစ်သီးသစ်ရွက်တို့ကိုသာ စားသောက်နေသော အာမဂန္ဓအမည်ရှိ ရသေ့သည် တပည့်ရသေ့တို့နှင့်အတူ ဘုရားရှင် တရားဟောပြောနေရာသို့ ရောက်ရှိခဲ့ပြီး ဘုရားရှင်အား ရှိခိုး ဦးချခြင်းမပြုဘဲ နေလေသည်။ ဘုရားရှင်ကပင် စတင်ပြီး "ရသေ့တို့ အဘယ်အရပ်မှ လာခဲ့ကြသနည်း။ လမ်းခရီး၌ အခက်အခဲမရှိ၊ ချမ်းချမ်းသာသာ လာခဲ့ကြရပါ၏လော" ဟု နှုတ်ဆက်စကား မြွက်ကြားတော်မူသည်။ ထိုအခါ အာမဂန္ဓရသေ့က ဘုရားရှင်၏ အမေးတော်ကို ပြန်လည်ဖြေကြားခဲ့ပြီး ဘုရားရှင်အား ဤသို့ ပြန်လည်မေးလျှောက်ခဲ့ပါ၏။

"အရှင်ဂေါတမ၊ သင်သည် ညှီစော်နံသော အသားကို စားသုံးပါသလော"

ဘုရားရှင်က –

"အာမဂန္ဓ၊ ညှီစော်နံသော အရာသည် အဘယ်ကို ဆိုလိုပါသနည်း" ဟုမေးရာ အာမဂန္ဓရသေ့က –

"အမဲသားငါးကို ဆိုလိုပါသည် အရှင်ဂေါတမ"ဟု ဖြေကြားပါသည်။ ထိုအခါ ဘုရားရှင်က –

"အာမဂန္ဓ၊ ငါဘုရားကား အမဲသားငါးကို ညှီစော်နံသောအရာဟု ငါမဆို။ ကိလေသာ ကာမဂုဏ်တို့ကိုသာ ညှီစော်နံသော အရာဟုဆိုပေ၏"

ဟု မိန့်ကြားတော်မူပြီး ကဿပဘုရားရှင် လက်ထက်ကလည်း ဤပြဿနာ ပေါ်ပေါက်ခဲ့ကြောင်း အထက်ပါအတိုင်း အတိတ်ကိုဆောင်၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

ဤလောက၌ အချို့သူတို့သည် စရိုက်ကြမ်းသည်။ ခက်ထန်ရက်စက်သည်။ သတ္တဝါတို့၏အသက်ကို တန်ဖိုးထားရကောင်းမှန်း မသိ။ သူ့တွင် ကိုယ်ချင်းစာစိတ် လုံးဝ ဆိတ်သုဉ်းသည်။ သတ္တဝါတို့၏အသက်ကို သတ်ဖြတ်ဖို့ ဝန်မလေး။ ရန်ငြိုးရန်စ အာဃာတကြောင့် လူတစ်ဦး၏ အသက်ကို သတ်ဖို့ ဝန်မလေး။ ထိုသူတို့၏လက်သည် သွေးစွန်းသောလက်ဖြစ်သည်။ သူတို့၏ ပယောဂကြောင့် သတ္တဝါတို့၏အသက်တွေ သေကျေရသည်။ သူတို့ မုန်းတီးသောသူတွေ လူ့လောကမှ ထွက်ခွာသွားရသည်။ ကွယ်လွန်သွားသူတို့၏ ကျန်ရစ်သူ မိသားစုများ သောကပရိဒေဝမီးတောက်လောင်ကာ အားကိုးရာမဲ့၊ ခိုကိုးရာမဲ့ ကျန်ရစ်ခဲ့ရရှာသည်။ ပါဏာတိပါတ သိက္ခာပုဒ်ကို ကျူးလွန်ဖောက်ဖျက်ခြင်းသည် ညှီစော်နံသောအရာဖြစ်ကြောင်း မြတ်စွာဘုရား၏ ဟောကြားတော်မူချက်ကို ထာဝစဉ်နှလုံးသွင်းလျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်အပ်ပါ၏။

အချို့သူတို့ကမူ သူတစ်ပါးတို့ ကာယအား၊ ဉာဏအားဖြင့် ရိုးရိုးသားသား ပင်ပန်းကြီးစွာ ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာတို့ကို ခိုးဝှက်ယူငင်လေ့ရှိသည်။ ထိုသူတို့တွင် ကိုယ်ချင်းစာနာစိတ် လုံးဝကင်းမဲ့သည်။ မိမိပင်ပန်းတကြီး ရှာဖွေထားသော ပစ္စည်းဥစ္စာတို့ အခိုးခံရသော် မိမိမည်သို့ခံစားရမည်နည်း။ ထိုသို့ ကိုယ်ချင်းစာစိတ်ဖြင့် တွေးတောလေ့ မရှိ။ သူတစ်ပါးပိုင် ပစ္စည်းကို ခိုးယူသုံးစွဲချင်သော စိတ်ဓာတ်သည် အင်မတန် အောက်တန်းကျသော စိတ်ဓာတ် ဖြစ်ပါသည်။ နုံချာသေးသိမ်လွန်းသော စိတ်ဓာတ်

ဖြစ်ပါသည်။ ပုဂ္ဂလိကပစ္စည်း လုံခြုံရေးသည် လူ့အဖွဲ့အစည်း၏ အဓိက အာမခံချက် ဖြစ်ပါ၏။ လူတစ်ဦးချင်း ပိုင်ဆိုင်ထားသော ဥစ္စာပစ္စည်းများ လုံခြုံမှသာ တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်း ဖြစ်ပါမည်။ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းသည် ညှိစော်နံသောအရာ ဖြစ်ကြောင်း ဘုရားရှင်၏ ဟောကြားတော်မူချက်ကို ဦးထိပ်ပန်ဆင်လျက် သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်အပ်ပါ၏။

လူသည် လူမှုဆက်ဆံရေးသတ္တဝါ ဖြစ်သည်။ လူ့အဖွဲ့အစည်း အတွင်းရှိ အခြားသူတို့နှင့် ထိတွေ့ဆက်ဆံရသည်။ ထိုသို့ထိတွေ့ ဆက်ဆံရာတွင် အများအားဖြင့် ဝစီကံကို အသုံးပြုရသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စကားကို အသုံးပြုလျက် ဆက်ဆံကြရသည်။ ထိုအခါ ပြောသောစကား မှန်ကန်ဖို့ လိုပါသည်။ မှန်မှန်ကန်ကန် ပြောမှသာ တစ်ဖက်သူက အမှန်ကို သိမည်။ အမှန်ကို သိမှသာ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်တို့ကို မှန်မှန်ကန်ကန် အကျိုးရှိရှိ ဆောင်ရွက် နိုင်ပေလိမ့်မည်။ အကယ်၍ မမှန်မကန်ပြောဆိုလျှင် တစ်ဖက်သူက အမှား တွေကို သိသွားမည်။ အမှားကိုပင် အမှန်ထင်သွားပေတော့မည်။ ယင်းအမှား သိအပေါ် အခြေပြုပြီး ဆောင်ရွက်သော ကိစ္စများသည် မှားမှားယွင်းယွင်းတွေ ဖြစ်လာမည်။ အကျိုးစီးပွားမဲ့မှုတွေ ဖြစ်လာမည်။

လူမှုဆက်ဆံရာတွင် အမှန်ကို ပြောမှသာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို အပြန်အလှန် တည်ဆောက်၍ ရနိုင်မည်။ မမှန်မကန် ပြောလျှင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတွေ ပျက်ပြယ်သွားမည်။ ယုံကြည်မှု ကို အပြန်အလှန် တည်ဆောက်နိုင်မှသာ နှစ်ဦးအကျိုးတူ စီးပွားတွေကို ဆောင်ရွက်နိုင်မည်။ ချစ်ခင်ရင်းနှီးမှုတွေ တိုးပွားလာမည်။ မုသားစကား ကြောင့် ယုံကြည်မှုတွေ ပျက်ယွင်းသွားလျှင် နှစ်ဦးအကျိုးတူ စီးပွားတွေကို ပူးပေါင်းမဆောင်ရွက်နိုင်တော့။ ချစ်ခင်ရင်းနှီးမှုတွေ တန့်ရပ်ဆုံးရှုံးသွားပေ လိမ့်မည်။ လိမ်ညာပြောဆိုခြင်းသည် ညှီစော်နံသော အရာဖြစ်သည်ဟူသော ဘုရားရှင်၏ မိန့်တော်မူချက်ကို အလေးအနက် မှတ်သားဆင်ခြင်လျက် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်အပ်ပါ၏။

ဤလောက၌ အချို့သူတို့သည် လူမှုရေး၊ စီးပွားရေး စသောနယ်ပယ်

များတွင် နှုတ်ကတိကို လွယ်လွယ်ပေးပြီး လွယ်လွယ်ပင် ချိုးဖောက်လေ့ရှိကြပါသည်။ မိမိ၏နှုတ်ကတိကို တန်ဖိုးမထား။ မည်သည့်နေ့ရက်တွင် ပြန်လည်ပေးဆပ်ပါမည်ဟု ဝန်ခံကတိပြုလျက် ချေးယူထားသော ငွေကြေးကို ဘယ်သောအခါမျှ ပြန်မဆပ်သူတွေ၊ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာမှာ တွေ့ဆုံပါမည်ဟု တိတိကျကျ ချိန်းဆိုထားပါလျက် ချိန်းဆိုထားသော အချိန်၊ ချိန်းဆိုထားသော နေ့ရက်၊ ချိန်းဆိုထားသော နေရာသို့ ရောက်မလာသူတွေ၊ မသမာသောနည်းဖြင့် အမျိုးမျိုး လိမ်လည်လှည့်ဖြားပြီး သူတစ်ပါးထံမှ ငွေကြေးပစ္စည်းများကို အချောင်ရယူသူတွေ၊ တရားဝင် လက်ထပ်ထိမ်းမြားယူပါမည်ဟု ဝန်ခံကတိပြုပြီး အမျိုးသမီးငယ်၏ ကာမကို လိမ်လည်ရယူသူတွေ၊ တံစိုးလာဘ်လာဘကို လက်ခံရယူပြီးမှ ဆောင်ရွက်ပေးပါမည်ဟု ဝန်ခံထားသော ကိစ္စတစ်ခုကို ဆောင်ရွက်ပေးခြင်း မရှိသူတွေ စသည်ဖြင့် မိမိ၏ကိုယ်ကျင့်သိက္ခာကို တန်ဖိုးမထားဘဲ လိမ်လည်လှည့်ဖြားသူတွေ အများအပြား ရှိပါ၏။

ထိုသူတွေကြောင့် ပြဿနာတွေ၊ ပဋိပက္ခတွေ ဖြစ်ပွားပြီး ရင်းနှီးခင်မင်သူတွေအကြားမှာ အမုန်းတရားတွေ၊ အာဃာတတွေ ရှင်သန်ဖြစ်တည်လာခဲ့သည်။ အမှန်တော့ လိမ်လည်လှည့်ဖြားခြင်းသည် သူတစ်ပါးက မိမိအပေါ်ထားရှိသော ယုံကြည်မှု၊ ခင်မင်မှုအပေါ် အလွဲသုံးစားပြုလိုက်ခြင်းသာ ဖြစ်ပါ၏။ လိမ်လည်လှည့်ဖြားခြင်းသည် လူမှုဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေသော အရာဖြစ်ပါ၏။ လိမ်လည်လှည့်ဖြားသူတစ်ဦး၏ အတွင်းသန္တာန်တွင် ကိုယ်ကျင့်သိက္ခာ ပျောက်ဆုံးပျက်သုဉ်းနေပါသည်။ လိမ်လည်လှည့်ဖြားခြင်းသည် ညှီစော်နံသောအရာဟု မြတ်စွာဘုရား မိန့်တော်မူချက်ကို အမြဲသတိရလျက် လိမ်လည်လှည့်ဖြားခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

❒

# ညှိစော်နံသော အရာများ (၂)

ဤလောက၌ တချို့သူတို့သည် ဖောဋ္ဌဗ္ဗအာရုံ၌ အမဲလိုက်တတ်ကြသည်။ အိုင်တွေ့တိုင်း ခြေဆေးချင်ကြသည်။ လူမှုရေးစည်းကမ်းကို စောင့်ထိန်းခြင်း မရှိ။ ကာမပိုင်လင်ယောကျ်ားရှိသော အမျိုးသမီးတို့နှင့် ဖောက်ပြန်တတ်ကြသည်။ ဤသည်မှာ ကြီးမားသော လူမှုရေးပြစ်မှု ကျူးလွန်ခြင်းပင်ဖြစ်ပါ၏။

မိနစ်ပိုင်းမျှသော ဖောဋ္ဌဗ္ဗအာရုံအတွက် ကံမကောင်းအကြောင်းမလှသော် အသက်နှင့်ခန္ဓာကိုယ်ကိုပင် ပေးဆပ်ရတတ်ပါ၏။ မှုခင်းသတင်းများတွင် မိမိ၏ဇနီးမယားနှင့် ဖောက်ပြားသော လင်ငယ်ကို လင်ကြီးက သတ်ဖြတ်သော သတင်းများကို ဖတ်ရှုရပါသည်။ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်သူမှာ အသတ်ခံရသော်လည်း ထိုသူကို မည်သူကမျှ မသနား။ 'သေတာတောင် နည်းသေးတယ်' ဟု ဩဘာပေးတတ်ကြပါသည်။ အသက်ကို ပေးဆပ်ရရုံမျှမက နာမည်ဂုဏ်သတင်း အပုပ်နံ့လှိုင်လျက် ကျန်ခဲ့သည်မှာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခြင်း၏ တရားမျှတသော ပြစ်ဒဏ်ခတ်မှုပင်ဖြစ်ပါ၏။

တချို့ လူငယ်လူရွယ်တို့သည် အိမ်ထောင်ရှိမိန်းမလှတို့နှင့် ဖောက်ပြန်တတ်ကြရာ သူတို့ဘဝ အညွန့်တုံးသွားခြင်း ဖြစ်ပါ၏။ တစ်ဖက်တွင်လည်း လင်ကြီးက သူ့မိန်းမ လင်ငယ်နေမှန်း သိသွားသည်နှင့် ယမ်းပုံမီးကျဒေါသအမျက်ထွက်လေတော့၏။ ခွင့်မလွှတ်နိုင်သောအခါ အိမ်ထောင်ပြိုကွဲလေတော့သည်။ သားသမီးတွေရှိသော အိမ်ထောင်ပြိုကွဲသောအခါ သားသမီးတွေခမျာ မြေစာပင် အဖြစ်ခံရလေတော့သည်။ မိခင်က အကျင့်

မကောင်းသောကြောင့် 'နာမည်ပျက်' သွားခဲ့လျှင် ထိုနာမည်ပျက်သည် သားသမီးတို့ အပေါ် အရိပ်ထိုးလေတော့သည်။ အိမ်ထောင်ရှင်ယောကျ်ားက တခြားလင်ရှိမယားနှင့် ကျူးလွန်ခြင်း၊ အိမ်ထောင်ရှင်မိန်းမက တခြားဇနီး ရှိသော လင်ယောကျ်ားနှင့် ကျူးလွန်ခြင်းတို့သည် ကြီးမားသော လူမှု စည်းကမ်းကို ဖောက်ဖျက်ခြင်းပင် ဖြစ်ပါသည်။ အမှန်တော့ လင်နှင့်မယား ရာသက်ပန် ရိုးမြေကျသည်အထိ သစ္စာမြဲမြဲနှင့် ရှေ့လက်တွဲသွားမည်ဆိုလျှင် အိမ်ထောင်တည်တံ့ခိုင်မြဲ သာယာမည်။ ချစ်ခင်စည်းလုံး ညီညွတ်သော သီရိဂေဟာ ဖြစ်မည်။ သားသမီးတို့လည်း မိတကွဲ၊ ဖတကွဲ မဖြစ်တော့။

ကာမပိုင်လင်ယောကျ်ားရှိသော အမျိုးသမီးတို့နှင့် ဖောက်ပြန်ခြင်း သည် လူမှုရေးပြဿနာနှင့် အိမ်ထောင်ရေး ပဋိပက္ခတို့ကို မီးမွှေးပေးသော ဒုစရိုက်မှုသာ ဖြစ်ပါ၏။ ထို့ကြောင့် လင်ယောကျ်ားရှိသော မိန်းမတို့နှင့် ဖောက်ပြန်မှားယွင်းခြင်းသည် ညှိုးစော်နံသောအရာဖြစ်သည်ဟူသော ဘုရား ရှင်၏ အဆုံးအမတော်ကို နက်နက်ရှိုင်းရှိုင်း နှလုံးသွင်းလျက် သူတစ်ပါး သားမယားတို့နှင့် ဖောက်ပြန်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ ဤ လောက၌ တချို့သူတို့သည် ကာမဂုဏ်အာရုံခံစားခြင်း၌ အတိုင်းအဆမရှိ။ အတောမသတ် ခံစားချင်သည်။ 'ကျေနပ်ပြီ' 'အားရပြီ' ဟူ၍မရှိ။ အချိန်ရှိသမျှ ကာမဂုဏ်အာရုံ လိုက်စားဖို့သာ စိတ်ညွှတ်လျက်ရှိ၏။

အရက်သေစာ သောက်စားမူးယစ်၏။ အပျော်မယားတွေထား သည်။ ကေတီဗွီဆိုင်တွေမှာ အပျော်ကြူးသည်။ အမျိုးသမီးငယ်တွေ နိပ်သော အနှိပ်ခန်းတွေမှာ ဖိမ်ခံသည်။ ပြည့်တန်ဆာတွေနှင့် ဆက်ဆံသည်။ နိုက်ကလပ်တွေဆီ သွားသည်။ မူးယစ်ဆေးဝါးကိုလည်း သုံးစွဲသည်။ ဘက်စုံ ကာမဂုဏ်အာရုံ ခံစားကြသည်။ ယောကျ်ားဆို စုံမှဟူ၍လည်း ကြွေးကြော်တတ်ကြသည်။

ဤသို့ ကာမဂုဏ်အာရုံကို အလိုလောဘကြီးစွာ ဘက်စုံခံစားသော ကြောင့် 'မအိုဆေး' စားမိလျက်သား ဖြစ်သွားသူတွေလည်း ရှိပါသည်။ ငယ် ငယ်ရွယ်ရွယ်မှာပင် လူ့လောကကြီးကို 'တာ့တာ' ဟု နှုတ်ဆက်ထွက်ခွာ သွားရသူတွေ၊ လူလတ်ပိုင်းအရွယ်မှာပင် သေခြင်းတရားနှင့် ပက်ပင်းရင်ဆိုင် သွားရသူတွေ မရေမတွက်နိုင်ပေ။

ကာမဂုဏ်အာရုံကို မက်မောခုံမင်လွန်းအားကြီးသူတို့သည် မိမိကိုယ်ကို လူတော်လူကောင်းတစ်ဦးဖြစ်အောင် မွေးမြူပျိုးထောင်ရကောင်းမှန်းမသိ။ မည်သူ့ကိုမျှလည်း အကျိုးမပြုနိုင်။ သူတို့ကို အကြောင်းပြုပြီး မိဘဆွေမျိုး၊ မိတ်ဆွေ အပေါင်းအသင်းတို့လည်း နှလုံးစိတ်ဝမ်းမချမ်းမြေ့။ သူတို့၏ ဘဝနေနည်းသည် တန်ဖိုးရှိသော ဘဝနေနည်း မဟုတ်ပါ။ လူ့ဘဝတွင် နေရကျိုး မနပ်လေပါ။ အမှန်တော့ ဒီလိုကာမဂုဏ် အာရုံတွေကြားမှာ နစ်မွန်းနေသူတို့အဖို့ တမလွန်တွင် 'ရင်းစား' ပင် ပြန်ရဖို့ မလွယ်ပါ။ သို့ဖြစ်၍ ကာမဂုဏ်အာရုံတို့၌ မစောင့်စည်းခြင်းသည် ညှိုးနွမ်းသော အရာဖြစ်သည် ဟူသော ဘုရားရှင်၏ မိန့်တော်မူချက်ကို ဦးထိပ်ပန်ဆင်လျက် ကာမဂုဏ်အာရုံတို့၌ စောင့်စည်းနိုင်သမျှ စောင့်စည်းသွားဖို့ လိုပါသည်။

လူတို့သည် ဘဝရပ်တည်ရှင်သန်ရေးအတွက် အသက်မွေး စီးပွားရှာဖွေမှု ပြုကြရသည်။ ထိုသို့ အသက်မွေးရာတွင် တချို့က အပြစ်ကင်းသော အမှုဖြင့် အသက်မွေး၏။ တချို့က အပြစ်မကင်းသောအမှုဖြင့် စီးပွားရှာ၏။ အပြစ်ကင်းသော အသက်မွေးမှုကြောင့် လူနှင့် တခြားသက်ရှိသတ္တဝါတို့ကို ထိခိုက်နစ်နာစေမှု မရှိ။ မည်သူတစ်ဦးတစ်ယောက်မျှ မျက်ရည်ပေါက်ကြီးငယ် မကျ။ အပြစ်မကင်းသော စီးပွားရှာဖွေမှုကြောင့် လူနှင့် သက်ရှိသတ္တဝါတို့၏ ခန္ဓာနှင့်အသက် ကြွေပျက်ရသည်။ တခြားသူတို့ မျက်ရည်ပေါက်ကြီးငယ် ကျရသည်။

မြတ်စွာဘုရားက မူးယစ်၊ သေရည်၊ အဆိပ်၊ အသား၊ လက်နက်၊ လူကုန်ကူးခြင်းသည် အပြစ်မကင်းသော အသက်မွေးမှု (မိစ္ဆာအာဇီဝမှု) ဟု မိန့်တော်မူခဲ့ပါ၏။ အဆိပ်၊ လက်နက်တို့သည် ခန္ဓာနှင့်အသက်ကို ကြွေပျက်စေသော အရာများဖြစ်ပါသည်။ အရက်၊ မူးယစ်ဆေးဝါးတို့သည် လူ၏ အကျင့်စာရိတ္တနှင့် ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေသော အရာများ ဖြစ်ပါ၏။ လူကုန်ကူးခြင်းမှ လူကုန်ကူးခြင်းခံရသူ၏ ဘဝသည် ရှင်လျက်နှင့် သေသွားခြင်း ဖြစ်ပါ၏။ သူ၏မိသားစုမှာလည်း သောကပရိဒေဝများ ခံစားရရှာသည်။ မိမိ ကြီးပွားချမ်းသာရေး တစ်ခုတည်းကိုသာ ဘယ်သူသေသေ ငတေမာစိတ်ဓာတ် အရင်းခံလျက် မိစ္ဆာအာဇီဝမှုဖြင့် အသက်မွေး စီးပွားရှာခြင်းသည် ညှိုးနွမ်းသောအရာဖြစ်ကြောင်း ဘုရားရှင် ဟောတော်မူခဲ့ပါ

သည်။ ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားရှင်၏ စကားတော်ကို မှတ်သားလိုက်နာသော အနေအားဖြင့် မစင်ကြယ်သော အသက်မွေးမှုကို ရှောင်ကြဉ်သင့်ပါသည်။

သဘောတရားဟူသည် ဘဝရှေ့ဆောင် မီးရှူးတန်ဆောင် ဖြစ်ပါသည်။ မှန်ကန်သော သဘောတရားသည် ဘဝကို ကောင်းရာမွန်ရာသို့ ရှေ့ဆောင်ညွှန်ပြနိုင်ပါသည်။ မှားယွင်းသော သဘောတရားသည် ဘဝကို မကောင်းရာသို့ ရှေ့ဆောင်ညွှန်ပြနိုင်ပါသည်။ သဘောတရားဟူသည် အယူအမြင်ပင် ဖြစ်ပါ၏။ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေး စသော မျက်နှာစာအသီးသီးတွင် မှန်ကန်သော သဘောတရားလမ်းညွှန်ချက်ရှိဖို့ လိုအပ်ပါ၏။ အယူအမြင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ဖို့ လိုပါသည်။ အယူအမြင်မှန်မှသာ လုပ်ကိုင်ဆောင်ရွက်ချက်များ မှန်ကန်ပါလိမ့်မည်။ လုပ်ကိုင်ဆောင်ရွက်ချက်မှန်မှသာ လုပ်ငန်းဆောင်တာများ အောင်မြင် ပြီးမြောက်ပါလိမ့်မည်။ မှားယွင်းသော အယူအမြင် အရင်းခံဖြင့် ဆောင်ရွက်သော် လုပ်ကိုင်ဆောင်ရွက်ချက်များ မှားယွင်းချွတ်ချော်နေပေလိမ့်မည်။ လုပ်ကိုင်ဆောင်ရွက်မှု မှားယွင်းသော် လုပ်ငန်းဆောင်တာများ အဆုံးအရှုံးများနှင့် ကြုံဆုံရပေလိမ့်မည်။

လူတစ်ဦး၏ အတွင်းသန္တာန်တွင် မှားယွင်းသော အယူအမြင် တည်ကိန်းလျှင် အပြောအဆိုတွေ မှားယွင်းမည်။ အပြုအမူတွေ မှားယွင်းမည်။ ကံသုံးပါး မှားယွင်းမှု၏ ရလဒ်မှာ ဘဝဝယ် မကောင်းကျိုးတွေ ခံစားလာရခြင်း ဖြစ်ပါသည်။ အယူအမြင် လွဲမှားခြင်းသည် ညှိစော်နံသောအရာဖြစ်သည်ဟူသော မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းလျက် အယူအမြင် မှန်ကန်စေမည့် ထေရဝါဒ ဗုဒ္ဓဓမ္မများကို ဖတ်ရှုလေ့လာအပ်ပါသည်။

လူတိုင်းသည် ကြံတွေးနေသည်။ ပြောဆိုနေသည်။ ပြုမူဆောင်ရွက်နေသည်။ နေ့စဉ်နှင့်အမျှ မနောကံမှု၊ ဝစီကံမှု၊ ကာယကံမှုတို့ ဖြစ်ပွားနေသည်။ ထိုသို့ နေ့စဉ်ပင် ကံသုံးပါး ဖြစ်ပွားနေလေရာ ထိုကံသုံးပါးသည် တစ်ဖြောင့်တည်းကျဖို့ လိုပါသည်။ တစ်သားတည်းဖြစ်ဖို့ လိုပါသည်။ မနောကံ၊ ကာယကံ၊ ဝစီကံတို့ တစ်ထပ်တည်းကျဖို့ လိုပါသည်။ စိတ်ထဲရှိ

တာက တစ်မျိုး၊ ပြောတော့တစ်မျိုး မဖြစ်သင့်သလို အပြောတစ်မျိုး အလုပ် တစ်မျိုးလည်း မဖြစ်သင့်ပါ။ စိတ်ထဲရှိသည့်အတိုင်း ရိုးရိုးသားသား ပြောဖို့ လိုပါသည်။ အရှိကိုအရှိအတိုင်း ပြောဖို့လိုပါသည်။ ဟန်ဆောင်ပြီး မပြော သင့်ပါ။ ပရိယာယ်ဆင်ပြီး မပြောသင့်ပါ။ ဖုံးဖုံးကွယ်ကွယ် ဝေ့ဝေ့ဝိုက်ဝိုက် တွေ မပြောသင့်ပါ။ အမှန် အရှိပကတိအတိုင်း ပြောဆိုသလို ပြုမူဆောင်ရွက် သောအခါတွင်လည်း ပြောဆိုသည့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ဖို့ လိုပါသည်။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ တစ်ဖြောင့်တည်း တစ်သားတည်း မကျလျှင် ရိုးသားမှု ပျောက်ဆုံးနေခြင်းသာ ဖြစ်ပါ၏။ အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက -

"လူတွေက ဓာတ်တွေနဲ့ ဖွဲ့စည်းထားတာ၊ မရိုးပြီဆိုမှဖြင့် ဓာတ်ပျက် ပြီ။ အလွဲကြီး လွဲသွားပြီ။ လိုရာကိုရောက်ဖို့ အပုံကြီး ဝေးသွားပြီ" ဟု မိန့်တော်မူခဲ့ဖူးပါသည်။

ရိုးသားမှုသည် စိတ်ဓာတ်အရည်အသွေးအားလုံး၏ အခြေခံဖြစ်ပါ ၏။ လူတစ်ယောက်၏ ကိုယ်မှု၊ နှုတ်မှုတို့ တစ်ဖြောင့်တည်း တစ်သားတည်း မကျလျှင် ထိုသူ၏ ကိုယ်ရည်ကိုယ်သွေးလည်း မှေးမှိန်နုံချာလေတော့သည်။ မိမိကိုယ်မိမိ ယုံကြည်မှုလည်း လျော့နည်းသွားလေတော့သည်။ ပတ်ဝန်း ကျင်၏ ယုံကြည်လေးစား တန်ဖိုးထားမှုကိုလည်း ရရှိလိမ့်မည် မဟုတ်ပါ။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ ဖြောင့်မတ်မှန်ကန်မှုသည် ကိုယ်ကျင့်တရား၏ အခြေခံအုတ်မြစ် ဖြစ်ပါ၏။ ကိုယ်ကျင့်တရား ပျက်ယွင်းခြင်း (တစ်နည်းအား ဖြင့်) မဖြောင့်မှန်သော ကိုယ်မှု၊ နှုတ်မှုရှိခြင်းသည် ညှိစော်နံသောအရာဖြစ် သည်ဟူသော ဘုရားရှင်၏ အဆုံးအမတော်ကို ဦးထိပ်ပန်ဆင်ပြီး ကိုယ်မှု၊ နှုတ်မှု မှန်ကန်ဖြောင့်မတ်သူဖြစ်အောင် အစဉ်သတိနှင့်ယှဉ်လျက် ကြိုးပမ်း အားထုတ်သွားသင့်ပါသည်။

မှုခင်းသတင်းတို့ကို ဖတ်ရရာ အချို့သောသူတို့သည် ကြမ်းကြုတ် ရက်စက်သော စရိုက်လက္ခဏာရှိသည်။ မပြောပလောက်သော အကြောင်း နှင့်လည်း အခြားသူကို ရိုက်နှက်ဖို့၊ ထိုးကြိတ်ဖို့၊ သတ်ဖြတ်ဖို့ ဝန်မလေး။ မှုခင်းသတင်းများတွင် ငွေချေး၍ မရသည်ကို အကြောင်းပြု၍၊ နိမ်ချအပြော ခံရသည်ကို အကြောင်းပြု၍၊ သာမန်အချင်းများသည်ကို အကြောင်းပြု၍

ရက်ရက်စက်စက် သတ်ဖြတ်သည့်သတင်းများကို စိတ်မချမ်းမြေ့ဖွယ် ဖတ်ရှုရပါသည်။ ရက်စက်ကြမ်းကြုတ်သူတွေကြောင့် အသက်သေဆုံးသွားရသူတွေ၊ သေရာပါ ဒဏ်ရာရသူတွေခမျာ သနားစဖွယ်ကောင်းလှသလို ထိုသူတို့၏ မိသားစုခမျာ မည်မျှ သောကပရိဒေဝမီး လောင်မြိုက်မည်ကို ကိုယ်ချင်းစာ၍ ရပါသည်။ ရက်စက်ကြမ်းကြုတ်သူတို့ကိုယ်တိုင်လည်း တရားဥပဒေ၏ ပြစ်ဒဏ်ခတ်မှုကို ခံရလေရာ 'အိုးနှစ်လုံးစလုံး ကွဲသော အဖြစ်ဆိုး' ပင် ဖြစ်ပါ၏။

ရက်စက်ကြမ်းကြုတ်ခြင်းသည် လူ့ဘောင်လောကကို အကျည်းတန် အရုပ်ဆိုးစေသော စရိုက်လက္ခဏာ ဖြစ်ပါ၏။ သွေးစက်များ၊ ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုများ၊ အမုန်းအမျက်များ၊ သောကပရိဒေဝများ၊ ရန်ငြိုးအာဃာတများ၊ ဘဝပျက်သုဉ်းမှုများသည် ရက်စက်ကြမ်းကြုတ်ခြင်းက မွေးထုတ်လိုက်သော အနိဋ္ဌာရုံများသာ ဖြစ်ပါ၏။ ထို့ကြောင့် ရက်စက်ကြမ်းကြုတ်ခြင်းသည် ညှိစော်နံသော အရာဖြစ်သည်ဟူသော ဘုရားရှင်၏ အဆုံးအမစကားကို အမြဲမှတ်သားလျက် ရက်စက်ကြမ်းကြုတ်သော စရိုက်ကို ရှောင်ကြဉ်သကဲ့သို့ ရက်စက်ကြမ်းကြုတ်သူများနှင့်လည်း အပေါင်းအသင်း မလုပ်အပ်ပါပေ။

❑

# ညှိစော်နံသော အရာများ (၃)

ဤလောက၌ တချို့သူတို့သည် သူတစ်ပါးအပေါ် အကောင်းမမြင်တတ်။ သူတစ်ပါး၏ အကောင်းကို မမြင်ချင်ယောင်ဆောင်သည်။ အဆိုးကိုမူ ပုံကြီးချဲ့တတ်သည်။ ထိုသူတို့ ရှေ့တွင် တစ်မျိုးပြော၍ ထိုသူနောက်ကွယ်တွင် တစ်မျိုး ပြောတတ်သည်။ သူ၏နှုတ်၌ အမှန်တရား မတည်ကိန်း။ ရှေ့တွင်မူ လူတစ်ဦးအကျိုးကို လိုလားသယောင် ပြော၏။ လူတစ်ဦး၏ အကြိုက်ကို စိတ်ထဲမပါဘဲ လိုက်၍ ပြော၏။ ကွယ်ရာတွင်မူ ထိုသူ၏ အကျိုးစီးပွား ထိခိုက်နစ်နာအောင် ပြော၏။ ပုဂ္ဂိုလ်ရေး ပြစ်တင်ပုတ်ခတ်၏။ အမှန်တော့ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြောသူတို့သည် တခြားသူတို့နှင့် မျက်နှာချင်းဆိုင်၍ မှန်ရာကို မပြောဝံ့သူများ ဖြစ်ပါ၏။

ကွယ်ရာတစ်မျိုး၊ ရှေ့တွင်တစ်မျိုး ပြောသူကို ယောကျ်ားမဟုတ်ဘူးဟု ပြောလေ့ရှိပါသည်။ မှန်ပါ၏။ ယောကျ်ားကောင်းတွေက ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ဘယ်တော့မှ မပြောတတ်ပါ။ ထို့အတူ မိမိ၏နှုတ်ကို တန်ဖိုးထားသော မိန်းမကောင်းတစ်ယောက်သည်လည်း ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး မပြောတတ်လေပါ။ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြောခြင်းမှာ စိတ်နေစိတ်ထား နုံချာသေးသိမ်သော အပြုအမူသာ ဖြစ်ပါ၏။ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြောခြင်းသည် ညှိစော်နံသော အရာဖြစ်သည်ဟူသော မြတ်စွာဘုရား၏ မိန့်တော်မူချက်ကို နက်နက်ရှိုင်းရှိုင်း သိမှတ်လျက် မည်သူ့အပေါ်ကိုမျှ ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး မပြောတော့ဟု သန္နိဋ္ဌာန်ချအပ်ပါ၏။

လူ့အဖွဲ့အစည်းဝင်ဖြစ်သော လူသည် အထီးကျန်နေထိုင်၍ မရပါ။

မိတ်ဆွေအပေါင်းအသင်းတို့နှင့် ထိတွေ့ဆက်ဆံကြရသည်။ ဤသို့ မိတ်ဆွေအပေါင်းအသင်းတို့ရှိရာတွင် တချို့သော သူများသည် စိတ်ထားမကောင်း။ မိမိအပေါ် ကျေးဇူးပြုသော မိတ်ဆွေ၊ သင်္ဂဟတို့အပေါ် ကျေးဇူးသိတတ်ရကောင်းမှန်း မသိ။ မိမိကို ရိုးရိုးသားသား ခင်မင်ပေါင်းသင်းသော မိတ်ဆွေအပေါင်းအသင်းအပေါ်တွင် အကောင်းမမြင်။ မိတ်ဆွေအပေါင်းအသင်း၏ အကျိုးစီးပွား မဲ့ရာမဲ့ကြောင်းကို ပြုတတ်သည်။ မိတ်ဆွေ၊ သင်္ဂဟတို့၏ နာမည်ဂုဏ်သတင်း မှေးမှိန်ကျဆင်းအောင် ကြံဆောင်တတ်ကြသည်။ မိမိအပေါ် မေတ္တာဖြင့် ဆက်ဆံပေါင်းသင်းသူတို့အပေါ် သစ္စာမရှိ။ အမျိုးမျိုး ပြစ်မှားစော်ကားတတ်ကြသည်။ မိတ်ဆွေ၊ ခင်ပွန်းတို့အပေါ် ပြစ်မှားစော်ကားသောသူသည် ကြာသော် သူ၏ စိတ်ဓာတ်ကို သိသောသူတို့က သူ့ကို ဝေးဝေးရှောင်ကြဉ်ကြသည်။ အပေါင်းအသင်း မလုပ်တော့။ ဤသို့ဖြင့် သူ၏ လူမှုဆက်ဆံရေးနယ်ပယ်သည် ကျဉ်းမြောင်းလာတော့သည်။ အဆွေခင်ပွန်းတို့အပေါ် ပြစ်မှားခြင်းသည် ညှိစော်နံသောအရာဖြစ်သည်ဟူသော မြတ်စွာဘုရား၏ မိန့်တော်မူချက်ကို နှလုံးအိမ်တွင် စိမ့်ထုံရင်း မိတ်ဆွေ၊ အပေါင်းအသင်းတို့အပေါ် သစ္စာရှိရှိ ဆက်ဆံသင့်ပါသည်။

ဤလောက၌ တချို့သူတို့၏ နှလုံးသားတွင် ကရုဏာတရား ဆိတ်သုဉ်း၏။ မိမိအောက် ပစ္စည်းဥစ္စာ၊ ဘဝအဆင့်အတန်း နိမ့်ကျနွမ်းပါးသူများအပေါ် သနားညှာတာရမှန်း မသိ။ ထောက်ထားစာနာရကောင်းမှန်း မသိ။ အပေါ်စီးမှ ရင့်ရင့်သီးသီး ဆက်ဆံချင်သည်။ မောက်မောက်မာမာ ဆက်ဆံချင်သည်။ လုပ်အားအရင်းပြုပြီး အသက်မွေးဝမ်းကျောင်းပြုသူကို မိမိက ခေါ်ယူစေခိုင်းပြီး လုပ်အားခကိုမူ တန်ရာတန်ကြေး မပေးချင်။ ဪ... သူ့ခမျာ သနားပါတယ်။ လုပ်အားခကို တန်ရာတန်ကြေး ပေးလိုက်မယ်လို့ စေတနာကောင်း မထား။ မိမိနှင့် ရင်းနှီးခင်မင်သူက အရေးတကြီး လိုအပ်ချက်ကြောင့် ငွေကြေးအနည်းငယ် အကူအညီ တောင်းခံလာသည့်အခါ တစ်ဖက်သူ၏ အခက်အခဲ ပြေလည်အောင် ကူညီမည်ဟူသော စေတနာကောင်း မထား။ ဘာမျှမပြောပလောက်သော ငွေကြေးပမာဏကိုပင် ချေးခြင်း မပြု။ သူတစ်ပါး၏ အခက်အခဲ အကျပ်အတည်း ပူပင်သောကတို့ကို စာနာရကောင်းမှန်း မသိ။ အမှန်စင်စစ် လူသားအချင်းချင်း ထောက်ထား

တနာမှု ကင်းမဲ့ခြင်းသည် နှလုံးသားအလှတရား ကင်းမဲ့ခြင်းပင် ဖြစ်ပါ၏။ သနားကြင်နာမှု ကင်းမဲ့ခြင်းသည် ညှီစော်နံသော အရာဖြစ်သည်ဟူသော ဘုရားရှင်၏ အဆုံးအမတော်ကို အလေးအနက် နှလုံးသွင်းပြီး ကရုဏာတရား ထားရှိသူဖြစ်အောင် ကြိုးစားသင့်ပါသည်။

ဤလောက၌ တချို့သူတို့သည် မာနကြီး၏၊ ဘဝင်မြင့်၏၊ ခက်ထန်မောက်မာ၏။ "ငါနှင့်ငါသာ နိုင်းစရာတည့်"ဟူ၍ အတိမာန ခုံးထရန်းကြွ၏။ မိမိကိုယ်ကိုယ် အထင်ကြီး၏။ မာနအခုအခံကြောင့် သူတစ်ပါးအပေါ် အဖက်မတန်သလို ဆက်ဆံတတ်ကြသည်။ မိမိကိုယ်ကိုယ် အထင်ကြီးသလောက် တခြားသူတို့အပေါ် အထင်သေးတတ်ကြ၏။ တချို့သူတို့သည် မိမိကို ပညာသင်ပေးခဲ့သော ဆရာကိုပင် မိမိလောက်မတော်ဟု အထင်ရောက်တတ်ကြသည်။ ငါသာ အသိဆုံး၊ ငါသာ အတတ်ဆုံးဟူ၍ မာနတံခွန်ထူတတ်ကြသည်။ ထိုသူတို့သည် သူတို့ထက် ပညာ၊ ပစ္စည်း၊ ဥစ္စာ၊ ရာထူးအရှိန်အဝါ အဘက်ဘက်က မြင့်မားသူတို့ ရှိကြောင်းကိုမှု မသိဟန်၊ မမြင်ဟန်ဆောင်နေတတ်သည်။ စင်စစ် မာနသည် အကုသိုလ်စေတသိက် ဖြစ်ပြီး စိတ်ဓာတ်၏ မစင်ကြယ်မှုအင်္ဂါတစ်ရပ်လည်း ဖြစ်ပါ၏။ မာနကြီးခြင်းသည် ညှီစော်နံသောအရာဖြစ်သည်ဟူသော မြတ်စွာဘုရား၏ အဆုံးအမတော်ကို အစဉ်သတိရသင့်ပါသည်။

ဤလောကတွင် တချို့သူတို့သည် စေးနဲတွန့်တို၏။ သဒ္ဓါတရားလည်း ခေါင်းပါး၏။ မိမိပိုင်ငွေကြေးကို တခြားသူများကို ကူညီထောက်ပံ့ဖို့ဝေးစွ။ မိမိအတွက်ပင် မသုံးရက်၊ မစားရက်။ မိမိပိုင်ပစ္စည်းဥစ္စာများကို နောင်တမလွန်ဘဝသို့ ယူဆောင်သွား၍ ရသည်ဟုပင် ထင်နေလေရော့သလားမသိပါ။ လှူဖို့ဝေးစွ၊ ကိုယ်ရေးကိုယ်တာအတွက် သုံးသင့်တာကိုပင် မသုံးရက်၊ ရှိသည့်ငွေကို လက်တွင် ကျစ်ကျစ်ပါအောင် တင်းတင်းဆုပ်ထား၏။

ငွေကြေးနှင့်စပ်လျဉ်း၍ အသုံးအစွဲကြမ်းပြီး လက်ဖွာခြင်းသည် အစွန်းတစ်ဖက် ဖြစ်သလို၊ သုံးထိုက်တာကို မသုံးဘဲ တွန့်တိုနှမြောခြင်းသည် အစွန်းတစ်ဖက် ဖြစ်ပါ၏။ အမှန်တော့ ရိုးရိုးသားသား ကြိုးကြိုးစားစား ငွေကြေးရှာဖွေမည်။ ရရှိသည့်ငွေကြေးမှ သုံးသင့်တာ သုံးမည်။ လှူသင့်တာ လှူမည်။ သို့မှသာ ငွေရှာရကျိုးနပ်မည်။ သုံးသင့်တာ မသုံးလျှင်၊ လှူသင့်

တာ မလျှုလျှင် ငွေကြေး၏ ကျေးကျွန်အဖြစ် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား၏ နမြောတွန့်တိုခြင်းသည် ညှိုးစော်နံစေသော အရာဖြစ်သည် ဟူသော အဆုံးအမတော်ကို ထာဝစဉ်သတိထင်ထင် မှတ်သားအပ်ပါသည်။

တချို့သူတို့သည် အမျက်ဒေါသကြီး၏။ ထစ်ခနဲဆို ပေါက်ကွဲလွယ်၏။ ဘာမှုမပြောပလောက်သော အရေးကိစ္စအပေါ်တွင် ပုံကြီးချဲ့ကာ ဒေါသတကြီး တုံ့ပြန်တတ်ကြပါသည်။ သူတို့၏ အတွင်းသန္တာန်တွင် အေးအေးဆေးဆေး ချင့်ချိန်ခြင်း၊ စဉ်းစားခြင်း ပျောက်ဆုံးနေသည်။ စိတ်ရှည်သည်းခံမှုဟူသည် သူနှင့်မပတ်သက်သော အရာဟုပင် ထင်မှတ်နေဟန်ရှိ၏။ ပြဿနာတစ်ခုခု၊ ပဋိပက္ခတစ်ခုခုနှင့် ကြုံရလျှင် စိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိ။ ဒေါသရှေ့ထားလျက် မဆင်မခြင် တုံ့ပြန်တတ်လေရာ မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့သည်။ အကျိုးမဲ့တာတွေ ဖြစ်ကုန်တော့သည်။ မြတ်စွာဘုရားက ဒေါသကြီးခြင်းသည် ညှိုးစော်နံသောအရာ ဖြစ်သည်ဟူ၍ ဆုံးမတော်မူခဲ့ရာ ထိုအဆုံးအမတော်ကို ဦးထိပ်ပန်ဆင် သတိထင်ထင် မှတ်သားအပ်ပါသည်။

တချို့သူတို့ကမူ မိမိကို သူတစ်ပါးတို့က အထင်ကြီးစေချင်၊ လေးစားစေချင်သော အလိုလောဘကြောင့် ဝါကြွားပြောဆိုတတ်ကြပါသည်။ မိမိတွင် မရှိသောဂုဏ်ကို ရှိသယောင် ဝါကြွားပြောဆိုတတ်ကြပါသည်။ အမှန်ရှိသောဂုဏ်ထက် ပို၍ရှိသယောင်လည်း မဟုတ်မမှန် ကြွားဝါပြောဆို၏။ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝခြင်း မရှိဘဲလျက် ချမ်းသာလေဟန် ကြွားဝါပြောဆို၏။ ဝါကြွားပြောခြင်းမှန်သမျှ သစ္စာစကား မဟုတ်လေပါ။ မုသားတွေချည်း ဖြစ်ပါ၏။ ကြွားဝါပြောဆိုခြင်းသည် အမှန်တရား မဟုတ်သောကြောင့် အမှန်တရား ပေါ်ပေါက်လာသောအခါ အရှက်ရဖွယ် ဖြစ်ပါ၏။ မြတ်စွာဘုရားက ဝါကြွားပြောဆိုခြင်းသည် ညှိုးစော်နံသောအရာ ဖြစ်ကြောင်း ဟောတော်မူချက်ကို ဝါကြွားပြောလေ့ရှိသူတိုင်း အလေးအနက် သတိမူအပ်ပါသည်။

တချို့သူတို့သည် သူတစ်ပါးတို့ အချင်းချင်း ချစ်ခင်ညီညွတ်နေသည်ကို မြင်ရလျှင် ဘဝင်မကျချင်။ မနာလိုဝန်တိုစိတ်ဖြင့် မိတ်ဆွေအပေါင်းအသင်းများအကြား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော စကားကို ပြော

ဆိုတတ်သည်။ ထိုကုန်းချောစကားကို ယုံကြည်မိလျှင် မိတ်ဆွေအပေါင်း အသင်းအချင်းချင်း စိတ်ဝမ်းကွဲပြားလေတော့သည်။ ရင်းနှီးခင်မင်မှု ပျက်ပြားလေတော့သည်။ ချစ်ခင်ညီညွတ်ခြင်းသည် လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှုအတွက် အဓိကမဏ္ဍိုင် ဖြစ်ပါ၏။ ဤ အဓိကမဏ္ဍိုင် ယိုင်နဲ့စေသော ကုန်းချောခြင်းသည် ဝစီဒုစရိုက်မှု ဖြစ်ပါ၏။ အကုသိုလ်မှု ဖြစ်ပါ၏။ အကုသိုလ်မှု ဖြစ်သောကြောင့် အချိန်တန်သောအခါ မကောင်းကျိုးပေးပါလိမ့်မည်။ ကုန်းချောခြင်းသည် ညှိုးစော်နံသော အရာဖြစ်ကြောင်း ဘုရားရှင်၏ ဟောတော်မူချက်ကို သတိထင်ထင် ဆင်ခြင်အမှတ်ရနေအပ်ပါသည်။

တရားစီရင်ရေးတွင် လုပ်ပိုင်ခွင့်အာဏာရှိသူတွေထဲမှ အတော်များများသည် တရားမျှတမှန်ကန်စွာ တရားစီရင်မှုမပြု။ တံစိုးလက်ဆောင်စား၍ မမှန်မကန် တရားစီရင်၏။ တံစိုးလက်ဆောင် မပေးနိုင်သူက မှန်ကန်သည့်တိုင် တရားရှုံး၏။ တံစိုးလက်ဆောင် ပေးနိုင်သူက မမှန်ကန်သည့်တိုင် တရားနိုင်၏။ ထို့ကြောင့် 'ငွေများ တရားနိုင်' ဟူသောစကားသည် ဆိုရိုးစကားတစ်ခုပမာ အသုံးများနေခြင်း ဖြစ်ပါ၏။ အမှန်တော့ 'ငွေများ မတရားနိုင်' ဟူသောစကားက ပိုမိုသင့်လျော်လိမ့်မည် ထင်ပါသည်။ ဘုရားရှင်က တံစိုးစား၍ မမှန်မကန် တရားစီရင်ခြင်းသည် ညှိုးစော်နံသောအရာ ဖြစ်သည်ဟူ၍ ဟောတော်မူထားရာ တရားသူကြီးတိုင်း ညှိုးစော်မနံရလေအောင် တရားမျှတ မှန်ကန်စွာ စီရင်ဆုံးဖြတ်အပ်ပါသည်။

ဤလောကတွင် တချို့သူတို့သည် ကိုယ်တိုင်ကျင့်သုံးထားသော တရားမရှိပါလျက် တရားရှိဟန်ဆောင်၏။ ဝါတွင်းကာလတွင် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ အများနည်းတူ သီလခံယူဆောက်တည်၏။ သို့တစေ အမှန်တကယ် သီလမစောင့်။ နေလွဲညစာ စားသည်။ တီဗွီကြည့်သည်။ ဇနီးနှင့်အတူ အိပ်သည်။ တချို့က တရားရိပ်သာသို့ သွား၍ တရားအားထုတ်သည်။ သို့တစေ မစင်ကြယ်သော မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာ၏။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး လောင်းကစားမှုလည်း ပြု၏။ ထိုသူတို့သည် သူတစ်ပါးကို ဟန်ဆောင်လိမ်လည်ရင်း မိမိကိုယ်ကိုယ် မိမိလည်း ဟန်ဆောင်လိမ်လည်နေသူများ ဖြစ်ပါသည်။ သီလရှိယောင်ဆောင်ခြင်းသည် ညှိုးစော်နံသောအရာဟု မြတ်စွာဘုရား ဟောတော်မူချက်ကို လေးလေး

နက်နက် မှတ်သားသင့်ပါသည်။

တချို့သူတို့သည် စရိုက်ကြမ်း၏။ မိမိကို ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော အမိ၊ အဘတို့အပေါ်တွင် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုပြုမူ ဆက်ဆံတတ်ကြ၏။ ထိုသို့ဆက်ဆံခြင်းကြောင့် ကျေးဇူးရှင် အမိ၊ အဘတို့ ခမျာ စိတ်ဆင်းရဲကြရရှာသည်။ မိဘတို့အပေါ် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆို ဆက်ဆံခြင်းသည် ကြီးမားသော အကုသိုလ်မှု ဖြစ်ပါ၏။ မိဘကို ပြစ်မှား စော်ကားသူတို့၏ ဘဝသည် လှပဖြောင့်ဖြူးခြင်း မရှိနိုင်ပါ။ အကယ်၍ မိဘကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံနေပါလျက် ချမ်းသာကြွယ်ဝနေမည်ဆိုလျှင် ယင်းမှာ ခဏသာ ဖြစ်ပါလိမ့်မည်။ ခွေးရူးကောင်းစား တစ်မွန်းတည့်သာ ဖြစ်ပါလိမ့်မည်။ မိဘတို့အပေါ် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆို ဆက်ဆံခြင်းသည် ညှိုးစော်နံသော အရာဖြစ်သည်ဟူသော ဘုရားရှင်၏ မိန့်တော်မူချက်ကို အစဉ်နှလုံးသွင်းလျက် ရိုရိုသေသေ ကြင်ကြင်နာနာ ဆက်ဆံရမည် ဖြစ်ပါ၏။

ш

## စိုးရိမ်နောင်တ မရရှိအောင် ဒုစရိုက်မှုကို ရှောင်

သူမိုက်တို့၏ အမှတ်အသား လက္ခဏာသုံးမျိုး ရှိလေသည်။ စိတ်ဖြင့် မကောင်းသော အကြံအစည်များကို ကြံစည်တွေးတောလေ့ရှိခြင်း၊ နှုတ်ဖြင့် မကောင်းသော စကားများကို ပြောဆိုလေ့ရှိခြင်း၊ ကိုယ်ဖြင့် မကောင်းသော အမှုကိစ္စများကို ပြုလုပ်လေ့ရှိခြင်း။

ယင်းသည့် အမှတ်လက္ခဏာရှိသူ လူမိုက်တို့သည် သေခါနီးကာလ၌ ဆင်းရဲပင်ပန်းကြီးစွာဖြင့် သေဆုံးကြရလေ၏။ ထိုသူ ပြုလုပ်ခဲ့သမျှသော မကောင်းမှု အခြင်းအရာ အရိပ်နိမိတ်တို့သည် သေခါနီးကာလ ဆင်းရဲဝေဒနာ ခံစားလျက်ရှိစဉ်၌ ပေါ်ပေါက်ထင်မြင်လာကြကုန်၏။

ယင်းသို့လျှင် မကောင်းမှု ဒုစရိုက်တို့ ပျံကာ ဝဲကာ နိမိတ်ထင်လာကြသဖြင့် ထိုလူမိုက်သည် လွန်စွာထိတ်လန့်ကြောက်ရွံ့လေ၏။ "ငါသည် မကောင်းမှုဒုစရိုက်တို့ကို ပြုမိလေခြင်း၊ ကောင်းမှုသုစရိုက်တို့ကို မပြုလိုက်ရလေခြင်း" ဟု စိုးရိမ်နောင်တ ဖြစ်လေ၏။

ကြီးမားသော တောင်မြင့်တောင်ထွတ်များသည် နေဝင်ခါနီးအချိန်၌ မြေပြင်သို့ အရိပ်ထိုးလာမြဲတည်း။ အရိပ်သည် ဖြန့်ကြက်လွှမ်းအုပ်လာမြဲတည်း။

(ဥပရိပဏ္ဏာသ ပါဠိတော်၊ သုညတဝဂ်၊ ဗာလပဏ္ဍိတသုတ်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၁၀၅]

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့သည် ရတနာသုံးတန်နှင့် ကံ၊ ကံ၏ အကျိုးကို ယုံကြည်ရပါသည်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃတည်းဟူသော အမြတ်ဆုံး ရတနာသုံးပါးအပေါ် မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မာမာ ယုံ

ကြည့်ရပါသည်။ ရတနာသုံးပါး၏ အဆုံးအမများကို ဘဝလမ်းညွှန်အဖြစ် လိုက်နာခံယူ ကျင့်သုံးရပါသည်။ ထို့အပြင် ကံ၊ ကံ၏အကျိုးကို ခွဲခွဲမြဲမြဲ နှစ်နှစ်ကာကာ ယုံကြည်ကြရပါသည်။ ကောင်းတာလုပ်လျှင် ကောင်းတာ ဖြစ်မည်။ ကောင်းကျိုးတွေ ပေးမည်။ မကောင်းတာလုပ်လျှင် မကောင်းတာ တွေ ဖြစ်မည်။ မကောင်းကျိုးတွေ ရမည်ဟူသော ကံ၊ ကံ၏အကျိုးအပေါ် ၎င်းရိုက်ကျောက်ချသည့်ပမာ ခိုင်ခိုင်မာမာ ယုံကြည်ကြရပါသည်။ အင်္ဂုတ္တရ ပါဠိတော် တတိယစာမျက်နှာ(၁၈၁)တွင် မြတ်စွာဘုရားက အထက်တန်း စား ဗုဒ္ဓဘာသာဝင်တို့၏ သွင်ပြင်လက္ခဏာ ငါးချက်ကို ဟောဖော်ညွှန်ပြ တော်မူခဲ့ရာ၌ 'လောကီကောတုဟလ မင်္ဂလာတို့ကို မယုံကြည်မူလျက် ကံကိုသာ အနှစ်သာရအားဖြင့် ယုံကြည်ခြင်း' ဟူသောအချက် ပါဝင်ပါ သည်။ ပဉ္စက အင်္ဂုတ္တရ၊ စဏ္ဍာလသုတ်တွင်လည်း ဘုရားရှင်က "ကံ၊ ကံ၏အကျိုးကို မယုံကြည်မူလျက် အတိတ်နိမိတ် ကိန်းခန်းတဘောင်၊ နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ အိပ်မက်တိတ္ထုံ၊ ရက်ရာဇာ၊ ပြဿဒါး စသည့် ဒိဋ္ဌ၊ သုတ၊ မုတ မင်္ဂလာများကို ယုံကြည်လိုက်နာသော ဥပါသကာ ကို 'ဥပါသကာ အညံ့စား'၊ 'ဒွန်းစဏ္ဍား ဥပါသကာ' ဖြစ်ကြောင်း" ဟောတော် မူခဲ့ပါသည်။

ကောင်းမှုသုစရိုက်ပြုသော အချိန်တိုင်းသည် ကောင်းသောအချိန် အခါ ဖြစ်ကြောင်းကိုလည်း ထိုအင်္ဂုတ္တရပါဠိတော်–၂၉၈ တွင် "ရဟန်းတို့၊ အကြင်သတ္တဝါတို့သည် နံနက်အခါ ကိုယ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏။ နှုတ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏။ စိတ်ဖြင့် သုစရိုက်ကို ကျင့်ကြကုန်၏။ ထိုသတ္တဝါတို့အား ကောင်းသောနံနက် ဖြစ်၏။ ထို့အတူ မွန်းတည့်အခါ၊ ညချမ်းအခါတို့၌ သုစရိုက်ကျင့်သူတို့အား ကောင်းသော မွန်းတည့်အခါ၊ ကောင်းသော ညချမ်းအခါ ဖြစ်၏" ဟု ဟောတော်မူခဲ့ပါ၏။

လူသားတို့အနေဖြင့် မိမိစိုက်ပျိုးထားသော အပင်ကို မိမိပင် ရိတ် သိမ်းရမည်။ မိမိစိုက်ပျိုးထားသော အပင်မှ အသီးကိုသာလျှင် မိမိဆွတ်ခူး ရရှိပေမည်။ အဆိပ်ပင်စိုက်လျှင် အဆိပ်သီးကိုသာ ဆွတ်ခူးရရှိမည်။ သြဇာ ပင်စိုက်လျှင် သြဇာသီးကိုသာ ဆွတ်ခူးရရှိပေလိမ့်မည်။ မိမိပြုသမျှ ကာယ ကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးအတိုင်းသာ ကောင်းကျိုး၊ ဆိုးကျိုး

တွေ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ကမ္မနိယာမဖြစ်ကြောင်း အတိုင်းသာ ဘဝစီးကြောင်း ရေအလျဉ်သည် စီးဆင်းနေခြင်း ဖြစ်ပါ၏။ ထို့ကြောင့် လူသားတိုင်း ကံ၊ ကံ၏အကျိုးကို တစိုက်မတ်မတ် စဉ်းငယ်မျှပင် အတိမ်းအစောင်းမရှိမှုလျက် ယုံကြည်ဖို့လိုပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ သန္တာန်၌ တည်ရှိရမည့် သမ္မာဒိဋ္ဌိငါးမျိုး ရှိပါ၏။ ထိုငါးမျိုးမှာ (၁)ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ (၂)ဝိပဿနာသမ္မာဒိဋ္ဌိ၊ (၃) မဂ္ဂသမ္မာဒိဋ္ဌိ၊ (၄) ဖလသမ္မာဒိဋ္ဌိ၊ (၅) ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိတို့ ဖြစ်ပါသည်။

ထိုသမ္မာဒိဋ္ဌိငါးမျိုးတွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် အခြေခံအုတ်မြစ် ဖြစ်ပါ၏။ ထိုအခြေခံအုတ်မြစ်အပေါ် တည်မှီပြီးမှသာလျှင် အထက်အဆင့် သမ္မာဒိဋ္ဌိလေးမျိုးကို အဆင့်ဆင့် တည်ဆောက်သွားရခြင်း ဖြစ်ပါသည်။ မိမိ၏ကံသုံးပါးနှင့် ယင်းကံသုံးပါးကြောင့်ဖြစ်သော ကမ္မဖလကို မယုံကြည်လျှင် ယင်းသည် ဗုဒ္ဓဘာသာဝင်တို့ အခြေခံတည်ရှိရမည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ပျက်ယွင်းသွားခြင်း ဖြစ်ပါ၏။ အရင်းလဲလျှင် သစ်တစ်ပင်လုံး လဲပြိုသကဲ့သို့ ကံ၊ ကံ၏အကျိုးကို မယုံကြည်သော် အထက်အဆင့် သမ္မာဒိဋ္ဌိလေးမျိုး၌ မတည်တော့ပေ။

ဤသည်နှင့်စပ်လျဉ်း၍ ဓမ္မပိယဆရာတော်က "ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်သည် ဖြူစင်သန့်ရှင်းသော ပုဂ္ဂိုလ်ဖြစ်ရေးပင် ဖြစ်၏။ လုံးဝဖြူစင်သန့်ရှင်းသော ပုဂ္ဂိုလ်သည် အရိယာရဟန္တာ ပုဂ္ဂိုလ်ဖြစ်၏။ အရိယာရဟန္တာဖြစ်ဖို့အတွက် မဂ္ဂသမ္မာဒိဋ္ဌိနှင့် ပြည့်စုံဖို့ လိုအပ်၏။ မဂ္ဂသမ္မာဒိဋ္ဌိသည် ဝိပဿနာ သမ္မာဒိဋ္ဌိကို အခြေခံ၏။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်၏။ အစမကောင်းက အနှောင်းမသေချာနိုင်။ အနှောင်းဖြစ်သော လုံးဝဖြူစင်သန့်ရှင်းသော ပုဂ္ဂိုလ်ဖြစ်ရေးအတွက် အစဖြစ်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကောင်းကောင်းသန့်သန့်ကလေး ဖြစ်ဖို့လိုအပ်၏"

မနောကံဖြစ်စေ၊ ကာယကံဖြစ်စေ၊ ဝစီကံဖြစ်စေ ကံတစ်ခုကို ပြုလိုက်ခြင်းသည် လေးညို့မှ ပစ်လွှတ်လိုက်သော မြားနှင့် ပမာတူပါသည်။ လေးညို့မှ ထွက်သွားသောမြားကို ပြန်ဖမ်း၍ မရသကဲ့သို့ ကံတစ်ခု ပြုလိုက်သည်နှင့် (အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ) ထိုကံ၏သတ္တိ၊ ကံ၏ စွမ်းအင်သည် ထွက်ခဲ့ပြီး ဖြစ်ပါ၏။ ထိုကံ၏ အကျိုး၊ ကမ္မဖလကိုလည်း အခြား

မည်သူမျှ တာဝန်မခံချေ။ ပြုသူဖြစ်သော မိမိသည်သာ တာဝန်ခံရပေမည်။ ပြုပြုသမျှ ကောင်းကံ၊ မကောင်းကံတို့သည် ပြုလုပ်ပြီးသည်နှင့် အကျိုးပေးဖို့ စောင့်မျှော်နေကြောင်း ကျေးဇူးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးပေးတယ်ဆိုတာ ခတ်သတ္တိအရှိန်အဝါတွေ မပျက်ဘဲ ပါလာပြီးတော့ အခွင့်ရတဲ့အခါမှာ ဝင်ပြီး အကျိုးပေးတာ။ အကုသိုလ်ကံ အကျိုးပေးနေတဲ့အခိုက်မှာ ကုသိုလ်ကံတွေ ဘေးဖယ်နေကြတယ်။ ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံ ဆိုတာတွေဟာ ပြုလုပ်ပြီးလို့ အထမြောက်ပြီးကတည်းက အကျိုးပေးဖို့ စောင့်မျှော်နေသလို ဖြစ်တော့တယ်"

တချို့သူတို့သည် ကံ၊ ကံ၏အကျိုးကို မယုံကြည်။ မကောင်းမှု ဒုစရိုက်တို့ကို ပြုလေ့ရှိ၏။ စိတ်ဖြင့်လည်း မကောင်းကြံစည်တတ်၏။ နှုတ်ဖြင့်လည်း မကောင်းသော စကားများကို ပြောဆိုတတ်၏။ ကိုယ်ဖြင့်လည်း မကောင်းသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်တတ်၏။ မနောဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးကို အဆင်ခြင်မဲ့ မိုက်မိုက်မဲမဲ ကျူးလွန်တတ်ကြ၏။ ထိုဒုစရိုက်မှုများကို ကျူးလွန်ရာမှ ရရှိခံစားရမည့် ဆိုးကျိုးများကို သတိမမူမိကြ။ တချို့ဆိုလျှင် မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်ဆိုသော အချက်ကိုပင် ယုံကြည်လေဟန်မရှိပါ။ မကောင်းမှုများကို အရှက်အကြောက်မရှိ လက်ရဲဇက်ရဲ အလွယ်တကူပင် ကျူးလွန်တတ်ကြ၏။

အမှန်တော့ အကုသိုလ်ကံ၏ အကျိုးပေးမှုကို မည်သူမျှ ရှောင်လွဲ၍မရ၊ ဟန့်တား၍လည်း မရကြောင်းကို ဒုစရိုက်သမားများ အလေးအနက်နှလုံးသွင်း သိမှတ်ထားအပ်ပါသည်။ သာမန်ပုထုဇဉ်များကို မဆိုထားဘိ။ တန်ခိုးအရာ၌ ဧတဒဂ်ရတော်မူသော ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည်ပင် ရှေးအတိတ်ဘဝက ပြုခဲ့သောကံကြောင့်၊ ခိုးသားတို့၏ ရိုက်နှက်မှုကို ခံရသောကြောင့် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ရသည်။ တန်ခိုးအရာတွင် ဧတဒဂ်ရတော်မူသော ရဟန္တာမထေရ်မြတ်ကြီးသည်ပင် ရှေးအတိတ်ဘဝက ပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးပေးမှုကို တန်ခိုးအစွမ်းဖြင့် တားဆီးနိုင်

စွမ်း မရှိခဲ့ပါ။ တန်ခိုး၏အစွမ်းသတ္တိထက်ပင် ကံ၏အကျိုးတရားက ပိုမို၍ အစွမ်းထက်ကြောင်း ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးက ဥဒါဟရဏ် ဆောင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ အစိန္တေယျတရား အားလုံးတွင် ကံ၏အကျိုး တရားသည် အားအကောင်းဆုံး ဖြစ်ပါသည်။ ထို့ကြောင့်လည်း မာန်လည် ဆရာတော်ဘုရားကြီးက မဃဒေဝ (၂၆၄) တွင် ဤသို့ရေးဖွဲ့တော်မူခဲ့ခြင်း ဖြစ်ပါ၏။

"အကြောင်းရှိရာ အကျိုးလာ၏။
ကောင်းငှာ ဆိုးငှာ ရေးကြမ္မာလျှင်
ခွင့်သာရောက်ငြား ထိုသူအားကို
ဘုရားမကယ်နိုင်စွာတည်း"

တချို့သူများက 'အကုသိုလ်ကို ဘယ်လောက်ကြီးပဲလုပ်လုပ် သေခါ နီးတွင် ရတနာသုံးပါး အာရုံကောင်းမှုနှင့် သေသွားလျှင် ကောင်းရာသုဂတိ ဘုံဘဝသို့ ကေန်ရောက်မည်'ဟူ၍ ယူဆပြောဆိုတတ်ကြပါ၏။ စင်စစ် အကုသိုလ်ဒုစရိုက်မှု ပြုလုပ်သူအဖို့ တိမ်းပါးခါနီးတွင် ရတနာသုံးပါး အာရုံ ကောင်းရရှိရန် လွန်စွာခက်ခဲလှပါ၏။ ဤသည်နှင့်စပ်လျဉ်း၍ ဘဒ္ဒန္တ တိလောကသာရ ဆရာတော်ဘုရားက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"အကုသိုလ်ကို မပြတ်ပြုလုပ်နေသူအဖို့ သေခါနီး၌ ဘုရား၊ တရား အာရုံကောင်းကောင်းရရှိရန်မှာ ခက်ခဲလှပါသည်။ ကုသိုလ်များစွာ ပြုလုပ် နေသူပင် အနည်းငယ်သော အကုသိုလ်ကံ သေခါနီး၌ ထင်လာမြင်လာ ဝင် ရောက်တတ်ပါသည်။ ပုထုဇဉ်သတ္တဝါတို့မှာ အကုသိုလ်မကောင်းမှု၌သာ စိတ်ပျော်ရွှင် ဝင်စားတတ်သဖြင့် အကုသိုလ်ဝါသနာစွဲနေသူအဖို့ သေခါနီး၌ အကုသိုလ်နိမိတ်အာရုံများသာ ဝင်လာဖို့များပေသည်။ အကုသိုလ်အကျိုး ပေး၍ အပယ်ငရဲ၌ ဖြစ်နေရလျှင်လည်း ပြုခဲ့သော ကုသိုလ်က ကြားဝင်နိုင်ဖို့ မလွယ်ပါ"

ကွယ်လွန်တိမ်းပါးခါနီးတွင် စိုးရိမ်နောင်တ မရစိမ့်သောငှာ ဒုစရိုက် မှုမှန်သမျှ လုံးဝမပြုဘဲ ရှောင်ကြဉ်အပ်ပါသည်။

❒

## ကိုယ်ပိုင်ဥစ္စာ အစစ်အမှန် ပြောင်းလဲနိုင်ပါစေ

လူမရှိသောအရပ်၌ ရေကန်ကြီးတစ်ကန် ရှိ၏။ ထိုရေကန်ကြီး၌ သန့်ရှင်းကြည်လင်သော ရေလည်း ရှိသည်။ ဘေးပတ်ဝန်းကျင်တွင် သစ်ပင်၊ ပန်းပင်များလည်း ကြည်နူးဖွယ်ရာ ပေါက်ရောက်လျက်ရှိသည်။ အလုံးစုံ မွေ့လျော်ပျော်ရွှင်ဖွယ်ကောင်းသော ရေကန်ကြီးပေတည်း။

လူအပေါင်းတို့သည် ထိုရေကန်ကြီး၏ရေကို မခပ်ယူကြရကုန်။ သောက်ခြင်း၊ ချိုးခြင်း၊ သုံးဆောင်ခြင်း မပြုကြရကုန်။ ထိုရေကန်ကြီး၏ရေတို့သည် အချည်းနှီး ခန်းခြောက်ရသည်သာတည်း။

မြို့ရွာလူနေနှင့် နီးသောအရပ်၌ အလားတူ ရေကန်ကြီးတစ်ကန်ရှိလေ၏။ လူအပေါင်းတို့သည် ထိုရေကန်ကြီး၏ရေတို့ကို ခပ်ယူကြလေသည်။ သောက်ခြင်း၊ ချိုးခြင်း၊ သုံးဆောင်ခြင်း ပြုကြလေသည်။ ရေတို့သည် အကျိုးမဲ့ ခန်းခြောက်ခြင်း မရှိကြကုန်။

ပညာမရှိသော လူမိုက်တို့၌ ပစ္စည်းဥစ္စာ များစွာကြွယ်ဝသော်လည်း အချည်းနှီးဖြစ်၏။ မိမိလည်း အကျိုးမရှိ၊ ကောင်းသော အသုံးပြုခြင်းဖြင့် မသုံးဆောင်တတ်။ မိဘဆွေမျိုး မိတ်ဆွေများအတွက်လည်းကောင်း၊ အခြားလူသူအပေါင်းတို့အတွက်လည်းကောင်း အကျိုးမရှိပေ။ ကောင်းသော အသုံးပြုခြင်းဖြင့် သုံးဆောင်ခြင်းသို့ မရောက်ဘဲ ပျက်စီးဆုံးရှုံးရသည်သာတည်း။

အသိပညာရှိသော သူတော်ကောင်းတို့၌ ပစ္စည်းဥစ္စာကြွယ်ဝလျှင်ကား မိမိအတွက်လည်း အကျိုးရှိ၏။ ကောင်းသော အသုံးပြုခြင်းဖြင့် သုံးဆောင်လေ၏။ မိဘဆွေမျိုး မိတ်ဆွေတို့အတွက်လည်းကောင်း၊ အများသူ

ငါ လူအပေါင်းတို့အတွက်လည်းကောင်း အကျိုးရှိ၏။ ကောင်းမြတ်သော အသုံးပြုခြင်းဖြင့် သုံးဆောင်ခြင်းသို့ ရောက်လေသတည်း။

(သဂါထာဝဂ္ဂ၊ ကောသလသံယုတ်၊ ဒုတိယဝဂ်၊ ပဌမအပုတ္တကသုတ်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၁၂၉]

မြတ်စွာဘုရားက "လူသားအဖြစ် လူသားဘဝသည် ရခဲ၏" (မနုဿတ္တဘာဝေါ ဒုလ္လဘော) ဟု ဟောတော်မူခဲ့ပါ၏။ စင်စစ် လူ့ဘုံ၊ လူ့ဘဝသည် "အလယ်ဘုံ"၊ (သို့မဟုတ်) လမ်းဆုံလမ်းခွဟု ဆိုနိုင်ပါသည်။ လူ့ဘုံမှသည် အထက်ဘုံများဖြစ်သော နတ်ပြည်၊ ဗြဟ္မာပြည်သို့ တက်လှမ်း၍ ရနိုင်ပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အောက်ဘုံများသို့လည်း သက်ဆင်းကျရောက်သွားနိုင်ပါသည်။ ဤသည်မှာ မည်သူ့အပေါ်မျှ မူမတည်ချေ။ မိမိအပေါ်တွင်သာ မူတည်ပါ၏။ မည်သူမပြု မိမိမှုသာ ဖြစ်ပါ၏။

အမှန်တော့ လူဟူသည် လောကထဲသို့ ခေတ္တခဏမျှ လာရောက်သော လောက၏ဧည့်သည်မျှသာ ဖြစ်ပါသည်။ လောက၏ ဧည့်သည်အဖြစ် နေထိုင်စဉ် ဧည့်သည်ကောင်းအဖြစ် နေထိုင်သူတွေရှိသလို ဧည့်သည်ဆိုးအဖြစ် နေထိုင်သူတွေလည်း ရှိသည်။ ဧည့်သည်ကောင်းအဖြစ် နေထိုင်လျှင် ပစ္စုပ္ပန် တမလွန်တို့တွင် "ချမ်းသာ"မည်။ ဧည့်သည်ဆိုးအဖြစ် နေထိုင်လျှင် ပစ္စုပ္ပန် တမလွန်တွင် "ဆင်းရဲ"မည်။ ဧည့်သည်ကောင်းအဖြစ် နေမည်လား။ ဧည့်သည်ဆိုးအဖြစ် နေမည်လား။ ဤသည်မှာ မည်သူ့အပေါ်မျှ မူမတည်ပါ။ မိမိအပေါ်တွင်သာ မူတည်ပါ၏။ မည်သူမပြု မိမိမှုသာ ဖြစ်ပါ၏။

ရခဲလှသော လူ့ဘဝကို ရစဉ်အခိုက် မိမိ၏လူသားအဖြစ် လူသားဘဝကို အမွန်အမြတ်ပြုရမည်။ နှစ်နှစ်ကာကာ မြတ်နိုးရမည်။ ထိုက်ထိုက်တန်တန် အသုံးချတတ်ရမည်။ ရခဲလှစွာသော လူသားအဖြစ် လူသားဘဝကို အချည်းနှီး အဟောသိကံ မဖြစ်စေသင့်။

လူသားဟူသည် အသက်ရှူရုံသက်သက် ရှင်သန်နေသည်ဟု ယူဆလျှင် ယင်းသည် လူ့တန်ဖိုးကို လျစ်လျူရှုလိုက်ခြင်းပင် ဖြစ်၏။ အမှန်စင်စစ် လူဟူသည် နှစ်ကာလများနှင့် အသက်ရှည်နေခြင်း မဟုတ်ပါ။ လူသည်

ခံစားချက်ဝေဒနာများ၊ မြင့်မြတ်သော စိတ်ဝေဒနာများ၊ မှန်ကန်သော အတွေး အခေါ်များဖြင့် သက်ဝင်ရှင်သန်နေခြင်း ဖြစ်ပါသည်။

မနုဿတ္တဘာဝေါ ဒုလ္လဘောဟု ဂုဏ်တင်နိုင်သော ဘဝ၊ အဓိပ္ပာယ် ရှိသော ဘဝ၊ ဂုဏ်ရောင်ရှန်းပြောင်တောက်ပသော ဘဝဖြစ်ချင်လျှင် မိမိ၏ အတ္တဥခွံကျဉ်းကျဉ်းကလေးမှ ဖောက်ထွက်ကာ "ပရ" အကျိုးကို သယ်ပိုး ဆောင်ရွက်ရပေလိမ့်မည်။ အများအကျိုးမပါဘဲ၊ အများကို အကျိုးမပြုဘဲ မိမိ၏ အကျိုးစီးပွားအတွက် တစ်ခုတည်း ဆောင်ရွက်ရုံမျှဖြင့် ထိုသူ၏ ဘဝသည် မြင့်မြတ်သောဘဝ မဖြစ်နိုင်ပါ။ ဂုဏ်ရောင်ပြောင်ရှန်းသောဘဝ မဖြစ်နိုင်ပါ။ လောက၏ ညှော်သည်ကောင်းလည်း မဖြစ်နိုင်ပါ။

အမှန်စင်စစ် လောက၏ ညှော်သည်ကောင်းတစ်ဦး ဖြစ်လိုသော်၊ ဂုဏ် ရောင်ပြောင်ရှန်းသော ဘဝကောင်း ဘဝမွန်ဖြစ်လိုသော် အခြားသူများအပေါ် လှူလှူချင်း စာနာထောက်ထားသောစိတ်ဖြင့် မိမိ၏ "ရှိမှု" နှင့် "သိမှု" ကို ပြန်လည်ဝေငှ မျှတရပေမည်။ အမြဲတမ်း မိမိ၏ အတ္တအတွက်ချည်း ရယူဖို့၊ သိမ်းပိုက်ဖို့၊ စည်းစိမ်ခံဖို့ချည်း အားထုတ်နေသော် လောက၏ ညှော်သည် ကောင်း မဖြစ်နိုင်။ တန်ဖိုးရှိသော ဘဝကောင်း ဘဝမွန်လည်း မဖြစ်နိုင် ပါချေ။

ဘဝအခြေမြင့်မားသူများ၊ နေဥစ္စာချမ်းသာသူများသည် ဘဝ အနေ နိမ့်ပါးသူများ၊ ငွေကြေးဥစ္စာ ဆင်းရဲချို့တဲ့လွန်းသူတို့အပေါ် လျစ်လျူရှု ဥပေက္ခာ ပြုမနေသင့်ပါ။ သူတို့သည်လည်း မိမိကဲ့သို့ပင် လူ့အဖွဲ့အစည်းဝင် များ ဖြစ်သဖြင့် ထိုသူတို့၏ လူမှုဝေဒနာများ၊ သောကများ၊ ဒုက္ခများ လျော့ ပါးနိုင်သမျှ လျော့ပါးစိမ့်သောငှာ ထောက်ပံ့သင့်ပါသည်၊ ကူညီသင့်ပါ သည်။

မျက်မှောက်အချိန်အခါတွင် သိန်းပေါင်းထောင်ချီ၊ သောင်းချီပြီး ကြွယ်ဝချမ်းသာသောကြောင့် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ပင် သွားရောက် ၍ ဆေးကုသမှု ခံယူနေကြသူတွေ ရှိပါသည်။ တစ်သိန်းဝန်းကျင်ပမာဏမျှ ပင် မတတ်နိုင်သောကြောင့် ဆေးရုံ၊ ဆေးခန်းတွေအနား မကပ်နိုင်ရှာသူများ သည်လည်း မရေမတွက်နိုင်အောင်ပင် ရှိနေပါ၏။ အသက်ရှင်ဖို့အတွက် ပဓာနအကျဆုံး လိုအပ်ချက်ကြီးဖြစ်သော ဆေးကုသမှုပင် မပြုနိုင်ရှာသူများ

အပေါ် ကိုယ်ချင်းစာစိတ်ဖြင့် နက်နက်ရှိုင်းရှိုင်း ကရုဏာထားသင့်ပါသည်။ စွမ်းနိုင်သမျှ ကူညီထောက်ပံ့သင့်ပါသည်။ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသူများသည် နွမ်းပါးချို့ငဲ့သူများ၏ စိတ်နှလုံးကို အမောပြေစေမည့် အရိပ်ရပင်နှင့် ရေချမ်းစင်များ ဖြစ်သင့်ပါသည်။

ဤလောက၌ ချမ်းသာကြွယ်ဝသူ၊ ဘဝအဆင့်အတန်း မြင့်မား၍ အစစအရာရာ ပြည့်စုံကုံလုံမှုတွေထဲမှာပင် အမျိုးအစားနှစ်မျိုး ကွဲပြားလျက်ရှိပါသည်။ တချို့ ချမ်းသာကြွယ်ဝသူများ၏ အတွင်းသန္တာန်တွင် မေတ္တာဓာတ်၊ ကရုဏာဓာတ် တည်ကိန်းသည်။ သူတို့၏နှလုံးသားသည် သဒ္ဓါနှလုံးသား ဖြစ်ပါသည်။ သူတို့၏ ကြွယ်ဝချမ်းသာမှုကို သူနှင့်သူ့မိသားစုအတွက်သာ မသုံးစွဲ။ သူ့ငွေကြေးဖြင့် ဆင်းရဲနွမ်းပါးသူများကို ထောက်ပံ့ကူညီသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ပရဟိတအဖွဲ့အစည်းများတွင် ပါဝင်လှူဒါန်းသည်။ သူသည် အတ္တဥစ္စာကျဉ်းကျဉ်းကလေးထဲက ဝိသမလောဘသမား မဟုတ်။ သည်လိုနှလုံးသား၌ သဒ္ဓါပြည့်ဖြိုးနေသူတွေက မိုးကောင်းကင်နှင့် ပမာတူသူတွေဟု ဆိုနိုင်ပါသည်။ မိုးကောင်းကင်တို့မည်သည် မြစ်ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာတို့မှ စုပ်ယူထားသော ရေခိုးရေငွေ့များကို သိမ်းဆည်း၍ မထား။ မိုးရေစက်များအဖြစ် ပြန်လည် အန်ထုတ်သွန်ချသည်။ မိုးကောင်းကင်မှ ရွာသွန်းဖြိုးလိုက်သော မိုးရေစက်များကြောင့် တောတောင် ရေမြေ လူနေဒေသများ စိမ်းလန်းစိုပြည်သည်။ လူတို့စားသုံးရာ သီးနှံပင်များ ဖွံ့ဖြိုးကြီးထွားသည်။

မိမိ၏ တိုက်တာ အိမ်ခြေ၊ ရွှေငွေ ပစ္စည်းဥစ္စာမှန်သမျှ အစဥ်ထာဝရ ပိုင်ဆိုင်ထားသော ပစ္စည်းဥစ္စာများ မဟုတ်လေပါ။ ကံမကောင်းအကြောင်းမလှသော် ယခုမျက်မှောက်ဘဝတွင်ပင် ပျောက်ပါးသွားတတ်ပါသည်။ ဆုံးရှုံးတတ်ပါသည်။ ကွယ်လွန်တိမ်းပါးသွားသောအခါတွင်မူ မိမိ၏ပစ္စည်းဥစ္စာဟူသမျှ အလုံးစုံထားခဲ့၊ ချန်ခဲ့၊ စွန့်ခွာခဲ့ရပေသည်။ မိမိနှင့်အတူ သွားကြားထိုးတံ တစ်ချောင်းမျှပင် ယူသွား၍ မရပါပေ။ မိမိနှင့်အတူ တမလွန်အထိ လိုက်ပါအကျိုးပေးမည့် "ကိုယ်ပိုင်ဥစ္စာအစစ်" ကား မိမိပြုပြုသမျှသော ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ သတ္တိသာ ဖြစ်ပါသည်။ နွမ်းပါးချို့ငဲ့သူများ၏ လူမှုဝေဒနာများ၊ အခက်အခဲ အကျပ်အတည်းများ၊ ဆင်းရဲဒုက္ခများ သက်သာ

လျှော့ပါးစေလိုသော စေတနာကောင်း အရင်းခံလျက် မိမိ၏ငွေကြေးဥစ္စာများကို စွန့်လွှတ်ပေးကမ်း ထောက်ပံ့ခြင်းသည် ကုသိုလ်ကောင်းမှု ဖြစ်ပါသည်။ ထိုကုသိုလ်ကောင်းမှုသည်သာ မိမိ၏ကိုယ်ပိုင်ဥစ္စာအစစ်အဖြစ် တမလွန်အထိတိုင် လိုက်ပါ၍ အကျိုးပေးပေလိမ့်မည်။

တစ်ဘဝ တစ်ခဏသာ ပိုင်ဆိုင်ရရှိသော ပစ္စည်းဥစ္စာများကို အများအတွက် ဒါနကောင်းမှု ပြုလိုက်ခြင်းသည် ဥစ္စာထဲမှ အနှစ်ထုတ်ယူလိုက်ခြင်း (တစ်နည်းအားဖြင့်) "ကိုယ်ပိုင်ဥစ္စာအစစ်" အဖြစ် ပြောင်းလဲလိုက်ခြင်းသာ ဖြစ်ပါသည်။ ပရဟိတနှလုံးသားဖြင့် တစ်ဘဝပိုင် ဥစ္စာပစ္စည်းများထဲမှ တချို့ကို "ကိုယ်ပိုင်ဥစ္စာအစစ်" အဖြစ် ပြောင်းလဲနိုင်ကြပါစေ။

❐

# စိတ်ဖြင့် မေးလျှောက်သော ပြဿနာလေးရပ်

သာဝတ္ထိပြည်သို့ရောက်၍ ဗုဒ္ဓနှင့်တွေ့သောအခါ 'ဗုဒ္ဓစင်စစ်ဖြစ်လျှင် သူတစ်ပါး၏စိတ်အကြံကို သိရမည်' ဟု ယူဆ၍ မိမိစိတ်တွင် စဉ်းစားကြံဆထားသော ပြဿနာလေးရပ်ကို နှုတ်မှမြွက်ဟခြင်းမပြုဘဲ စိတ်ဖြင့်သာ မေးလျှောက်လေသည်။

"အရှင်ဂေါတမ၊ အဘယ်ကဲ့သို့သော မိတ်ဆွေကို ပေါင်းသင်းအပ်ပါသနည်း"

"အဘယ်ကဲ့သို့သော မိတ်ဆွေကို မပေါင်းသင်းအပ်ပါသနည်း"

"အဘယ်ကဲ့သို့သော အရသာသည် အမြတ်ဆုံးဖြစ်ပါသနည်း"

"အဘယ်ကဲ့သို့သော အမှုကို ကြိုးစားအားထုတ်အပ်ပါသနည်း"

ထိုအခါ ဗုဒ္ဓသည် ရသေ့စိတ်ဖြင့် ကြံဆ၍ မေးလျှောက်သည့် ပြဿနာလေးရပ်ကို တစ်ခုပြီးတစ်ခု မြွက်ဟဖြေကြားတော်မူလေသည်။

"ရသေ့၊ အကြင်သူသည် အရှက်အကြောက်ကင်းမဲ့လျက် ငါသည် သင့်မိတ်ဆွေတည်းဟု နှုတ်မှပြောဆိုသော်လည်း မိမိစွမ်းဆောင်နိုင်သော အမှုကိစ္စတို့ကို တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း မရှိ။ ထိုသူကို ငါ၏ မိတ်ဆွေမဟုတ်ဟု သိမှတ်ရာ၏။

အကြင်သူသည် ဤကိစ္စကို ဆောင်ရွက်ပေးပါမည်ဟု နှုတ်မှ ချစ်စဖွယ်စကားကို ဝန်ခံပြောဆိုသော်လည်း ပြောဆိုသည့်အတိုင်းကား ဆောင်ရွက်ပေးခြင်း မပြု။ ထိုသူကို မိတ်ဆွေတုဟု မှတ်ယူရာ၏။

"အကြင်သူသည် မိတ်ဆွေတစ်ဦးက မိမိအား အပြစ်ပြောလာလျှင် ထိုမိတ်ဆွေအား တုံ့ပြန်၍ အပြစ်ဆိုနိုင်ရန် အခွင့်အလမ်းကိုသာ အစဉ်အမြဲ

ရှာကြံစဉ်းစားလေ့ရှိ၏။ ထိုသူကို မိတ်ဆွေစစ်ဟု မဆိုထိုက်။ သားငယ်သည် ဖခင်၏ ရင်ခွင်၌ စိုးရိမ်ကြောင့်ကြခြင်း ကင်းရှင်းစွာ အိပ်စက်နိုင်သကဲ့သို့ အကြင်သူ၏ ရင်ခွင်၌ စိုးရိမ်ကြောင့်ကြခြင်း ကင်းရှင်းစွာ အိပ်စက်နိုင်၏။ သူတစ်ပါးတို့က မည်သို့ပင် ပြောဆိုသွေးခွဲသော်လည်း စိတ်ဝမ်းကွဲပြားခြင်း မရှိ။ ထိုသူသည်သာ မိတ်ဆွေစစ်စစ် ဖြစ်ပေ၏"

"ရသေ့၊ အကြင်သူသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် စိတ်ငြိမ်းချမ်းမှု အရသာကို ခံစားနေရ၏။ တရားနှင့်ယှဉ်သည့် နှစ်သက်ဝမ်းမြောက်မှု အရသာကို သောက်သုံးနေရ၏။ ထိုသူသည် ကိလေသာတည်းဟူသော ပူပန်ကြောင့်ကြခြင်းမှ လုံးဝကင်းရှင်းပေတော့သည်"

"ရသေ့၊ ဝမ်းမြောက်ခြင်းကို ပြုတတ်သော အားထုတ်မှုသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ ချီးမွမ်းခြင်းကို ဆောင်ကြဉ်းတတ်သော အားထုတ်မှုသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ တစ်စုံတစ်ခုသော အကျိုးကျေးဇူးကို ခံစားလိုသူသည် ယောကျ်ားတို့၏ အားမာန်ကို ဆောင်လျက် ကြိုးစားအားထုတ်ခြင်း ပြုအပ်ပေသည်"

ဗုဒ္ဓ၏ ဖြေကြားချက်တို့ကို ကြားနာရသည့်အခါ ဗြာဟ္မဏရသေ့သည် လွန်စွာ နှစ်သက်ကျေနပ်သွား၏။

"ရဟန်းဂေါတမကား သူတစ်ပါး၏ စိတ်အကြံတို့ကို သိ၏။ မေးလျှောက်သည့် ပြဿနာများကိုလည်း ကောင်းစွာ ဖြေဆိုနိုင်ပေ၏။ ဗုဒ္ဓစင်စစ် ဖြစ်တန်ရာပေသည်" ဤသို့ယုံကြည်ယူဆလျက် ဗုဒ္ဓထံ၌ ရဟန်းအဖြစ်ကို ခံယူလိုက်လေသည်။ ထို့နောက် ဗုဒ္ဓညွှန်ကြားဆုံးမသည့်အတိုင်း တရားဘာဝနာကို ပွားများအားထုတ်ရာ မကြာမီ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသည်။

(သုတ္တနိပါတ်၊ ဟိရိသုတ်)

[မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ၊ (သို့မဟုတ်) သုတ္တနိပါတ် (ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ- ၁၃၂/၁၃၃]

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က မြတ်စွာဘုရားထံ အဖူးအမြော်ရောက်လာသူများထဲတွင် အစကတည်းက မြတ်စွာဘုရားကို 'ဗုဒ္ဓ' အဖြစ် ယုံကြည်လက်ခံပြီးမှ ရောက်လာသူတွေရှိသလို အချို့ပုဂ္ဂိုလ်များ

ကမူ သတင်းစကားအရ ဖူးတွေ့ရန် ရောက်လာသော်လည်း ‘ဗုဒ္ဓစစ်စစ်’ဖြစ်သည်ဟု တထစ်ချယုံကြည်မထားသေးဘဲ ရောက်လာသော ပုဂ္ဂိုလ်တွေလည်း ရှိပါသည်။ အထက်ပါ သုတ္တနိပါတ်၊ ဟေမဝတသုတ်တော်လာ ဗြာဟ္မဏ ရသေ့သည် ‘ဗုဒ္ဓ’ ဟူသော အသံကို ကြားရုံမျှဖြင့် အလွန်အမင်း ရွှင်လန်းတက်ကြွပြီး ဘုရားရှင်ထံတော်မှောက်သို့ အဖူးအမြော်ရောက်ရှိလာခြင်း ဖြစ်ပါ၏။ သူသည် ဘုရားရှင်အား ဖူးတွေ့သောအခါ ‘ဗုဒ္ဓစင်စစ်ဖြစ်လျှင် သူတစ်ပါး၏ စိတ်အကြံကို သိရမည်’ဟုယူဆလျက် မိမိစိတ်တွင် စဉ်းစားထားသော ပြဿနာလေးရပ်ကို စိတ်ဖြင့် မေးလျှောက်ခဲ့ခြင်း ဖြစ်ပါသည်။

ဗြာဟ္မဏရသေ့က စိတ်ဖြင့် မေးလျှောက်သော “အဘယ်ကဲ့သို့သော မိတ်ဆွေကို ပေါင်းသင်းအပ်၍ အဘယ်ကဲ့သို့သော မိတ်ဆွေကို မပေါင်းသင်းအပ်ပါသနည်း” ဟူသောမေးခွန်းကို မြတ်စွာဘုရား၏ ဖြေကြားတော်မူချက်မှာ လူသားတိုင်း လိုက်နာကျင့်သုံးအပ်သော ပေါင်းသင်းဆက်ဆံရေး လမ်းညွှန်ချက်ပင် ဖြစ်ပါ၏။

အချို့သူတွေက “ကျွန်တော်ဟာ ခင်ဗျားရဲ့မိတ်ဆွေပါ ခင်ဗျာ။ ခင်ဗျားကို ညီရင်းအစ်ကိုလို ခင်မင်ပါတယ်”ဟု လောကွတ်စကားကို ကြိမ်ဖန်များစွာ ဆိုလေ့ရှိပါသည်။ တကယ်တမ်း တစ်ဖက်သူတွင် အကူအညီလိုအပ်လာသောအခါတွင်မူ ထိုအကူအညီကို ပေးနိုင်ပါလျက် မပေး၊ တာဝန်ယူဆောင်ရွက်ပေးနိုင်စွမ်းရှိပါလျက် မသိကျိုးကျွန်ပြု၏။ တာဝန်မဲ့ မျက်နှာလွှဲ၏။ ထိုသူတို့သည် အပြောနောက်တွင် အလုပ်မပါ။ စေတနာကောင်း မပါ။ တာဝန်ယူမှု မပါ။ အပေါ်ယံ လောကွတ်စကားနှင့် နှုတ်ဖျားတွင် လမ်းဆုံးနေသူများ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက ထိုသူတို့သည် ပေါင်းသင်းရန် မသင့်လျော်သော မိတ်ဆွေတုများသာဖြစ်ကြောင်း မိန့်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

အချို့သူတို့သည် တစ်ဖက်မိတ်ဆွေဖြစ်သူက သူ၏အားနည်းချို့ယွင်းချက်၊ အပြစ်အနာအဆာများကို ဝေဖန်ထောက်ပြလာလျှင် ထိုအားနည်းချို့ယွင်းချက်ကို ပြင်ဆင်ရန် အားမထုတ်။ ဝေဖန်ထောက်ပြလာသော မိတ်ဆွေအပေါ် အကောင်းမမြင်။ အဆိုးမြင်စိတ်ဖြင့် အာဃာတထားတတ်သည်။ မိတ်ဆွေဖြစ်သူအပေါ် တုံ့ပြန်လက်စားချေသော အနေအားဖြင့် မိတ်ဆွေဖြစ်

သူ၏အပြစ်ကို ပြောဆိုရန် အခွင့်အလမ်းကို အစဉ်အမြဲ ရှာကြံစဉ်းစားလေ့ရှိ၏။ အခွင့်သင့်သည်နှင့်အမျှ မိတ်ဆွေဖြစ်သူ၏အပြစ်ကို ပုံကြီးချဲ့ပြောဆိုတတ်၏။ ထိုသူတို့သည်လည်း မပေါင်းသင်းအပ်သော မိတ်ဆွေတုများသာ ဖြစ်ပါသည်။

အချို့သူတို့ကမူ မိတ်ဆွေအပေါင်းအသင်း အပေါ်တွင် စေတနာ ကောင်း ထား၏။ မိတ်ဆွေဖြစ်သူ၏အကျိုးကိုသာ အစဉ်ရှေးရှုလိုလား၏။ မိတ်ဆွေအပေါ် အမြဲခင်မင် မေတ္တာထားသည်။ မိတ်ဆွေဖြစ်သူ၏ အကျိုးစီးပွားကို အမြဲစောင့်ရှောက်သည်။ ထိုသူတို့သည် မိတ်ဆွေအပေါင်းအသင်းတို့အပေါ် မည်သည့်အခါမျှ အကောက်မကြံ။ အကြောင်းအားလျော်စွာ သူတို့နေအိမ်တွင် ခိုနားအိပ်စက်လျှင် စိတ်ချလက်ချ ငြိမ်းငြိမ်းချမ်းချမ်း အိပ်စက်နားနေနိုင်၏။ သူတို့သည် မည်သူတို့က မည်သို့ပင် သွေးခွဲနေစေကာမူ၊ ကုန်းတိုက်နေစေကာမူ မိတ်ဆွေဖြစ်သူအပေါ် အခင်အမင်မပျက်၊ မေတ္တာမပြယ်၊ စိတ်ဝမ်းကွဲပြားခြင်း လုံးဝမဖြစ်။ ထိုသူတို့သည် ပေါင်းသင်းအပ်သော မိတ်ဆွေစစ်များဖြစ်ကြောင်း ဘုရားရှင်က ညွှန်ပြမိန့်မြွက်တော်မူခဲ့ပါသည်။

လောက၌ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ စသောအာရုံများကို လူတို့သည် တပ်မက်နှစ်သက်စွာ ခံစားကြသည်။ လှပတင့်တယ် နှစ်သက်ဖွယ် အဆင်းအာရုံကို တွေ့မြင်ခံစားလိုသည်။ နားဝင်ချိုမြသော ဂီတသံစဉ်များကို နားဆင်ခံစားလိုသည်။ သင်းပျံ့ကြိုင်လှောက်သော မွှေးရနံ့တို့ကို တရှိုက်မက်မက် ရှူရှိုက်လိုကြသည်။ အရသာကောင်းမွန်သော စားကောင်းသောက်ဖွယ်မျိုးစုံကို သုံးဆောင်စားသောက်လိုကြသည်။ နူးညံ့အိစက်သော ဖောဋ္ဌဗ္ဗအာရုံ အထိအတွေ့တို့တွင် ယစ်မူးလိုကြသည်။ ကာမဂုဏ် အာရုံခံစားမှုများမှ ဖြစ်ပေါ်လာသော နှစ်သက်ရွှင်လန်းမှုတို့တွင် ကိလေသာ အစေးများ ငြိကပ်နေသည်။ ထိုအရသာသည် သန့်စင်ခြင်း မရှိ။ အေးချမ်းခြင်း မရှိ။ ယင်းနှစ်သက်ရွှင်လန်းမှု အရသာများသည် ဓမ္မကို ကျင့်ကြံ နှလုံးသွင်းရာမှာ ပွင့်ဖူးလာသော စိတ်ငြိမ်းချမ်းမှုအရသာကို မယှဉ်နိုင်ပေ။ စင်စစ် အငြိအတွယ်ကင်းသော၊ အပူအပင်ကင်းသော စိတ်ငြိမ်းချမ်းမှု အရသာသည်သာ အမြတ်ဆုံးအရသာ ဖြစ်ပါသည်။

ဆူညံသောပတ်ဝန်းကျင်မှ ရုန်းထွက်လျက် တောရိပ်တောင်ရိပ်တွင် တစ်ပါးတည်း သီတင်းသုံးလျက် ဓမ္မအကျင့်ကို ကျင့်ကြံအားထုတ်နေသော သူတော်စင်တို့၏သန္တာန်တွင် ပွင့်ဖူးသော စိတ်ငြိမ်းချမ်းမှုသည် အရသာ တကာတို့တွင် အမြင့်မြတ်ဆုံးအရသာ ဖြစ်ပါ၏။

လောကဥ္စ လူတို့သည် ကြိုးပမ်းအားထုတ်မှု အမျိုးမျိုးကို ပြုကြရသည်။ ကြိုးပမ်းအားထုတ် အလုပ်လုပ်ရခြင်းသည်ပင် လူ့ဘုံ၏ သွင်ပြင် လက္ခဏာ ဖြစ်ပါ၏။ ထိုသို့ကြိုးပမ်းအားထုတ်ရာတွင် တရားသောနည်း လမ်းဖြင့် မိမိ၏အကျိုးစီးပွား ဖြစ်ထွန်းသည်ကို အမှီပြုလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်း ဖြစ်ပါ၏။ ထို့အပြင် မိမိ၏ အားထုတ်ကြိုးပမ်းမှုကြောင့် အများတွင် အကျိုးကျေးဇူး တစ်စုံတစ်ရာ ဖြစ်ပေါ်လာသည်ကို အမှီပြုလျက် ဝမ်းသာခြင်းသည်လည်း ချမ်းသာခြင်း၏ အကြောင်းရင်း ဖြစ်ပါ၏။ အချို့သော လူတို့၏ အတ္တနှင့်ပရ မျှတသော အားထုတ်ကြိုးပမ်းခြင်းကို အမှီပြုလျက် လူအများတို့၏ ချီးမွမ်းခြင်း၊ အသိအမှတ်ပြုခြင်းကို ခံစားရသည်။ ထိုသို့ လူအများ၏ ချီးမွမ်းမှုကို ခံရသော ကြိုးပမ်းအားထုတ်မှု မှန်သမျှ ချမ်းသာခြင်း၏အကြောင်း ဖြစ်ပါ၏။

ရခဲလှသော လူ့ဘဝရစဉ်အခိုက် ဖွဲလုံ့လ အားထုတ်မှုကို အရင်းတည်လျက် မိမိအကျိုး၊ အများအကျိုးကို စွမ်းဆောင်သယ်ပိုးမှသာ အဖိုးတန်သော၊ အဓိပ္ပာယ်ရှိသော ဘဝကောင်းမွန် ဘဝမွန်ကို ပုံဖော်ဖန်တီးနိုင်ပါလိမ့်မည်။

❒

# မြတ်စွာဘုရား ဟောကြားသော လူ့ကျင့်ဝတ်

ဥပါသကာတို့၊ လူ့ကျင့်ဝတ်ကို သင်တို့အား ငါဟောကြားပေအံ့။ ယင်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်သောသူသည် ကောင်းမြတ်သူ ဖြစ်၏။ အိုးအိမ်၊ သားမယားကို သိမ်းပိုက်နေထိုင်သူသည် ရဟန်းကျင့်ဝတ်ကို ပြည့်စုံအောင် ကျင့်ကြံနိုင်မည် မဟုတ်။

အိုးအိမ်၊ သားမယားကို သိမ်းပိုက်နေထိုင်သော သူသည် သူ့အသက်ကို ကိုယ်တိုင်လည်း မသတ်အပ်။ သူတစ်ပါးကို သတ်ရန် စေခိုင်းတိုက်တွန်းခြင်း မပြုအပ်။ သူတစ်ပါးတို့ သတ်သည်ကိုလည်း လိုက်လျောခွင့်ပြုခြင်း မပြုအပ်။ သတ္တဝါအားလုံးတို့အပေါ်၌ တုတ်၊ ဓား လက်နက်ဖြင့် နှိပ်စက်ခြင်းမှ ရှောင်ရှားအပ်၏။ သူတစ်ပါးပစ္စည်းကို ကိုယ်တိုင်ခိုးယူခြင်း၊ သူတစ်ပါးတို့အား ခိုးယူစေခြင်းမှ ရှောင်ကြဉ်အပ်၏။ သူတစ်ပါးတို့ ခိုးယူသည်ကိုလည်း လိုက်လျောခွင့်ပြုခြင်း မပြုအပ်။ ပညာရှိသောသူသည် မေထုန်မှုကို ရဲရဲညီးသော မီးကျီးတွင်းကဲ့သို့ ရှောင်ကြဉ်အပ်၏။ မေထုန်မှုကို မရှောင်ကြဉ်နိုင်ခဲ့သော် သူတစ်ပါးသားမယားအား ပြစ်မှားခြင်းမှ ရှောင်ကြဉ်ရာ၏။

အစည်းအဝေး၌ဖြစ်စေ၊ ပရိသတ်အလယ်၌ဖြစ်စေ မဟုတ်မှန်သော စကားတို့ကို ကိုယ်တိုင်လည်း မပြောအပ်။ သူတစ်ပါးကိုလည်း မပြောစေအပ်။ သူတစ်ပါးတို့ ပြောသည်ကို လိုက်လျောခွင့်ပြုခြင်းလည်း မပြုအပ်။ မုသားစကားဟူသမျှကို လုံးဝရှောင်ရှားအပ်၏။

သေရည်အရက်သည် ရူးသွပ်ခြင်းကို ဖြစ်စေနိုင်ကြောင်း သိမြင်သော ပညာရှိသည် သေရည်သေရက် သောက်စားခြင်းကို ကိုယ်တိုင်လည်း မပြု

အပ်။ သူတစ်ပါးတို့ကိုလည်း သောက်ရန် စေခိုင်းတိုက်တွန်းခြင်း မပြုအပ်။ သူတစ်ပါးတို့ သောက်စားသည်ကို ခွင့်ပြုလိုက်လျောခြင်းလည်း မပြုအပ်။

လူမိုက်တို့ မူးယစ်ခြင်းကြောင့် သူ့အသက်သတ်ခြင်း စသော မကောင်းမှုတို့ကို ပြုတတ်ကြကုန်၏။ ယခုဘဝ၌ တွေဝေမိန်းမောစေ၍ နောင်ဘဝတွင်လည်း ရူးသွပ်စေတတ်သော သေအရက်ကို သောက်စားခြင်းမှ လုံးဝရှောင်ကြဉ်အပ်၏။

လပြည့်၊ လကွယ် စသော ဥပုသ်နေ့တို့၌ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသောအမှုတို့မှ ရှောင်ကြဉ်၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ကျင့်သုံးဆောက်တည်အပ်၏။

ယင်းသို့ ဥပုသ်သီလ ဆောက်တည်ကျင့်သုံးပြီး နောက်နေ့တွင် ရဟန်းသံဃာအား မိမိတတ်စွမ်းသလောက် ဆွမ်း၊ အဖျော် စသည်ဖြင့် လုပ်ကျွေးပြုစုအပ်၏။ မိဘတို့ကို တရားသဖြင့် ပြုစုလုပ်ကျွေး၍ တရားသော ရောင်းဝယ်၊ ကုန်သွယ်မှုကိုလည်း ပြုလုပ်ဆောင်ရွက်အပ်၏။ ဤသို့သော ကျင့်ဝတ်များကို မမေ့မလျော့ ပြုကျင့်သူသည် အရောင်အဝါတောက်ပသော နတ်တို့၏ဘုံဌာနသို့ ရောက်ရမည်မှာ မလွဲပေ။

**(သုတ္တနိပါတ်၊ ဓမ္မိကသုတ်)**

**[မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ**

**(ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ-၁၆၆/၁၆၇]**

ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဓမ္မိကအမည်ရှိ ဥပါသကာသည် အခြွေအရံ ဥပါသကာတို့နှင့်အတူ ဘုရားရှင်ထံတော်မှောက်သို့ အဖူးအမြှော်င် ရောက်လာပြီး "အရှင်ဘုရား၊ လူ့ဘောင်မှထွက်၍ ရဟန်းပြုသူနှင့် ရတနာသုံးပါးကို ဆည်းကပ်သောလူတို့တွင် အဘယ်သို့ ပြုကျင့်သော တပည့်သာဝကသည် ကောင်းမြတ်ပါသနည်း" ဟု မေးလျှောက်ပါသည်။

ထိုသို့မေးလျှောက်သော အချိန်၌ ပရိသတ်အတွင်း၌ ရဟန်းတော်များလည်း ရှိနေကြရာ ဘုရားရှင်က ရဟန်းတို့၏ ကျင့်ဝတ်ကို ဦးစွာ ဟောကြားတော်မူပါသည်။ ရဟန်းကျင့်ဝတ်ကို ဟောကြားတော်မူပြီး နောက် အထက်ပါအတိုင်း လူ့ကျင့်ဝတ်များကို ဆက်လက်ဟောကြားတော် မူခဲ့ပါ

သည်။

ရဟန်းဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ မိမိတို့၏ဆိုင်ရာ သီလနှင့် ပြည့်စုံရမည် ဖြစ်ပါ၏။ ရဟန်း၏သီလသည် 'ဝိနည်း' ဖြစ်ပြီး လူဝတ်ကြောင်၏သီလသည် 'လူ့ကျင့်ဝတ်' ဖြစ်ပါသည်။ လူတစ်ဦးသည် ပညာတတ်သည်ဖြစ်စေ၊ ပညာမတတ်သည်ဖြစ်စေ၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည် ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသည် ဖြစ်စေ၊ ရာထူးဂုဏ်ရှိန် ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ကျော်ကြားထင်ရှားမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်သုံးနေထိုင်ဖို့ လိုအပ်ပါသည်။

ပညာတတ်ပင်ဖြစ်လင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ မကျင့်သုံးလျှင် လူကောင်းစင်စစ် မဖြစ်နိုင်ပါ။ ထို့အတူ ဓနဥစ္စာ ချမ်းသာကြွယ်ဝလင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ မကျင့်သုံးလျှင် လူကောင်းစင်စစ် မဖြစ်နိုင်ပါ။ ထိုနည်းတူ ရာထူးဂုဏ်ရှိန် မြင့်မားလင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ မကျင့်သုံးလျှင် လူကောင်းစင်စစ် မဖြစ်နိုင်ပါ။ ထို့အတူပင် ကျော်ကြားထင်ရှားမှု ရှိလင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ မကျင့်သုံးလျှင် လူကောင်းစင်စစ် မဖြစ်နိုင်ပါ။

အတိတ်ကံ၊ ပစ္စုပ္ပန်ကံ အားလျော်စွာ ပညာမတတ်သူပင် ဖြစ်လင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ ကျင့်သုံးနေထိုင်လျှင် လူကောင်းစင်စစ် ဖြစ်ပါသည်။ ထို့အတူ ဆင်းရဲနွမ်းပါးသူပင် ဖြစ်လင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ ကျင့်သုံးနေထိုင်လျှင် လူကောင်းစင်စစ် ဖြစ်ပါသည်။ ဤနည်းတူ ရာထူးဂုဏ်ရှိန် ကင်းမဲ့လင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ ကျင့်သုံးလျှင် လူကောင်းစင်စစ် ဖြစ်ပါသည်။ ထို့အတူပင် ကျော်ကြားထင်ရှားမှု မရှိလင့်ကစား လူ့ကျင့်ဝတ်နှင့်အညီ ကျင့်သုံးလျှင် လူကောင်းစင်စစ် ဖြစ်ပါသည်။

လူသားတစ်ဦး၏ အတွင်းအနှစ် အစစ်အမှန်တန်ဖိုးသည် ပစ္စည်းဥစ္စာအပေါ် မူမတည်ပါ။ ကျောင်းသင်ပညာအပေါ် မူမတည်ပါ။ ရာထူးဂုဏ်ရှိန်အပေါ် မူမတည်ပါ။ ထင်ပေါ်ကျော်ကြားမှုအပေါ် မူမတည်ပါ။ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်သုံးနေထိုင်ခြင်းဟူသော 'ကိုယ်ကျင့်တရား'အပေါ်တွင်သာ မူတည်ပါ၏။

ဘဝရပ်တည်ရှင်သန်ရေး၊ ကြီးပွားတိုးတက်ရေးအတွက် ပညာတတ်ဖို့ လိုအပ်ပါ၏။ ပစ္စည်းဥစ္စာချမ်းသာဖို့ လိုအပ်ပါ၏။ ရာထူးဂုဏ်ရှိန်ရှိဖို့

လိုအပ်ပါ၏။ ထင်ပေါ်ကျော်ကြားဖို့ လိုအပ်ပါ၏။ ဘဝတွင် ထိုအရာတို့ ပြည့်စုံလာစိမ့်သောငှာ ကြိုးစားအားထုတ်မှုကို တရားသော နည်းလမ်းများဖြင့် ပြုကြရမည်သာ ဖြစ်ပါ၏။ သို့တစေ ထိုအရာတို့ ပြည့်စုံနေရုံမျှဖြင့် မလုံလောက်ပါ။ ကိုယ်ကျင့်သိက္ခာ ပြည့်စုံမှုနှင့် တွဲယှဉ်ဖို့လည်း လိုအပ်ပါ၏။

ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာတတ်တစ်ဦးသည် လူ့အဖွဲ့အစည်းကို သူ့ပညာဖြင့် လောကကို အလှဆင်နိုင်သူ ဖြစ်ပါသည်။ ကိုယ်ကျင့်တရား ကောင်းမွန်သော ချမ်းသာကြွယ်ဝသူသည် သူ၏ငွေစက္ကူဖြင့် လောကကောင်းကျိုးကို ဆောင်နိုင်သူဖြစ်ပါသည်။ ကိုယ်ကျင့်သိက္ခာ တည်ကြည်သော ရာထူးဂုဏ်ရှိန်မြင့်မားသူသည် လူအများ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်သူ ဖြစ်ပါသည်။ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်သော ထင်ပေါ်ကျော်ကြားသူသည် လောကကို အလှဆင်နိုင်သူ ဖြစ်ပါသည်။

ပညာနှင့် ကိုယ်ကျင့်သိက္ခာ ပေါင်းစပ်မှသာ လူ့တန်ဖိုးအစစ် ပေါ်ထွက်လာပါသည်။ ထို့အတူ ငွေစက္ကူနှင့် ကိုယ်ကျင့်သိက္ခာ ပေါင်းစပ်မှသာ လူ့တန်ဖိုးအစစ် ပေါ်ထွက်လာပါမည်။ ထိုနည်းအတူ ရာထူးဂုဏ်ရှိန်နှင့် ကိုယ်ကျင့်သိက္ခာ ပေါင်းစပ်မှသာ လူ့တန်ဖိုးအစစ် ပေါ်ထွက်လာပါမည်။ ထို့အတူပင် ထင်ပေါ်ကျော်ကြားမှုနှင့် ကိုယ်ကျင့်သိက္ခာ ပေါင်းစပ်မှသာ လူ့တန်ဖိုးအစစ် ပေါ်ထွက်လာပါမည်။

ပညာတတ်သော်လည်း ကိုယ်ကျင့်သိက္ခာ ကင်းမဲ့သော် လူ့အဖွဲ့အစည်းကို အကျည်းတန်စေနိုင်ပါ၏။ ငွေစက္ကူ ကြွယ်ဝချမ်းသာသော်လည်း ကိုယ်ကျင့်တရား မကောင်းသော် လူ့အဖွဲ့အစည်းကို အကျည်းတန်စေနိုင်ပါ၏။ ရာထူးဂုဏ်ရှိန်ရှိသော်လည်း ကိုယ်ကျင့်တရားကင်းမဲ့သော် လူ့အဖွဲ့အစည်းကို အကျည်းတန်စေနိုင်ပါ၏။ ကျော်စောထင်ရှားမှု ရှိသော်လည်း ကိုယ်ကျင့်တရား မကောင်းသော် လူ့အဖွဲ့အစည်းကို အကျည်းတန်စေနိုင်ပါ၏။

စင်စစ် လူ့ကျင့်ဝတ်ဟူသော ကိုယ်ကျင့်တရားသည် တစ်ခဏတာမျှသာ ကိစ္စမဟုတ်ပါ။ တစ်ဘဝတာမျှသာ ကိစ္စမဟုတ်ပါ။ သံသရာနှင့်ဆိုင်သော ကိစ္စဖြစ်ပါ၏။ ရာထူးဂုဏ်ရှိန်၊ ထင်ပေါ်ကျော်ကြားမှု၊ ငွေစက္ကူတို့ကား တစ်ဘဝတာနှင့်သာ ဆိုင်သောအရာများ ဖြစ်ပါ၏။ ကိုယ်ကျင့်တရားကမူ

တစ်ဘဝတွင်သာမက တမလွန်နှင့်လည်း သက်ဆိုင်ပါ၏။ ကိုယ်ကျင့်တရား ပျက်ယွင်းမှုဟူသော ဒုစရိုက်ကံ၏ ခတ်သတ္တိက ဒီဘဝတွင်သာ မဟုတ်မူလျက် နောင်တမလွန်ထိတိုင် ကိုယ်ပိုင်ဥစ္စာအစစ်အဖြစ် လိုက်ပါကာ ဆိုးကျိုးပေးပေလိမ့်မည်။ ကိုယ်ကျင့်တရား ကောင်းမွန်မှုဟူသော သုစရိုက်ကံ၏ ခတ်သတ္တိက ဒီဘဝတွင်သာ မဟုတ်မူလျက် တမလွန်ထိတိုင် ကိုယ်ပိုင်ဥစ္စာအဖြစ် လိုက်ပါကာ ကောင်းကျိုးပေးပေလိမ့်မည်။

ခေတ်အလျောက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြင်းအကျင်းများမည်သို့ပင် ပြောင်းလဲနေစေကာမူ ကိုယ်ကျင့်တရားဟူသော လူ့ကျင့်ဝတ်၏ တန်ဖိုးမှာ ပြောင်းလဲခြင်း မရှိပါ။ အတိုးအလျော့ မရှိပါ။ လူ့ကျင့်ဝတ် ဟူသည် ခေတ်ကာလဒေသ ပယောဂစက်ကွင်းမှ လွတ်ကင်း၍ ကိုယ်ပိုင်တန်ဖိုးဖြင့် သီးသန့်ပေါ်လွင်ထင်ရှားသောအရာ ဖြစ်ပါ၏။

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဟူသော ဗုဒ္ဓဘာသာတို့၏ ကျင့်စဉ်ကြီးများတွင်လည်း သီလဟူသော လူ့ကျင့်ဝတ်သည် အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ဒါနပြုသည်ဖြစ်စေ၊ သမထအကျင့် ကျင့်သည်ဖြစ်စေ၊ ဝိပဿနာဘာဝနာ ပွားများသည်ဖြစ်စေ ပထမဦးစွာ လူ့ကျင့်ဝတ်ဟူသော သီလနှင့်ပြည့်စုံဖို့ လိုပါသည်။ ကိုယ်ကျင့်သီလ ကင်းမဲ့ပြီး ဒါနပြုလျှင် အလှူရှင်ပုဂ္ဂိုလ်ဘက်က စင်ကြယ်ခြင်း မရှိပါ။ ကိုယ်ကျင့်တရား ကင်းမဲ့ပြီး သမထကျင့်လျှင် သမာဓိရလွယ်မည် မဟုတ်ပါ။ ထို့အတူ ကိုယ်ကျင့်သီလ မလုံခြုံသော်မည်မျှပင် ဝိပဿနာတရား အားထုတ်နေစေ ဉာဏ်အလင်းရောင် ရလိမ့်မည် မဟုတ်။ စွန်းထင်းပေကျံနေသော ကင်းဘတ်စအပေါ်တွင် လှပသောပန်းချီပုံတို့ကို ရေးဆွဲနိုင်မှု မရှိသကဲ့သို့ပင် ဖြစ်ပါ၏။

အထက်ပါ သုတ္တနိပါတ် ဓမ္မိကသုတ်တွင် မြတ်စွာဘုရား ဟောကြားတော်မူသော လူ့ကျင့်ဝတ် (လူ့သီလ) တို့ကို လူသားတိုင်း လိုက်နာကျင့်သုံးအပ်ပါသည်။ အထက်ပါ လူ့ကျင့်ဝတ်များသည် ကာလဒေသ နေရာမရွေး ကျင့်သုံးအပ်သော လူ့ကျင့်ဝတ်များပင် ဖြစ်ပါ၏။ စေ့ငုသေချာစွာ သုံးသပ်စောကြောသော် ဤလူ့ကျင့်ဝတ်များသည် ကိုယ်ချင်းစာတရားအပေါ် အခြေပြု ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း တွေ့မြင်ရပါသည်။ နှလုံးသားတွင် ကိုယ်ချင်းစာတရား ထွန်းကားသူများအနေဖြင့် ဤလူ့ကျင့်ဝတ်များကို လိုက်နာ

ကျင့်သုံးရန် မခဲယဉ်းပါ။ အချို့သူများက ‘ငါးပါးသီလ’ ကိုပင် လူတို့စောင့်ထိန်းရန် မလွယ်ဟု စောဒကစကား ဆိုတတ်ကြပါသည်။ အနှိုင်းမဲ့ သိတော်မြင်တော်မူသော မြတ်စွာဘုရားသည် လူသားတိုင်း လိုက်နာကျင့်သုံးနိုင်သောကြောင့်သာ ဤလူ့ကျင့်ဝတ်များကို ပြဋ္ဌာန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား ပြဋ္ဌာန်းတော်မူသော လူ့ကျင့်ဝတ်များနှင့်အညီ နေထိုင်ခြင်းအားဖြင့် တန်ဖိုးရှိသော ဘဝကောင်း ဘဝမွန်တစ်ခုကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်ပါလိမ့်မည်။

□

# သီလဂုဏ်ရှိသူကို မပြစ်မှားနှင့်

မွေးဖွားလာသော လူသားတိုင်း၏ ပါးစပ်၌ ဓားမနှင့်တူသောစကား သည် ဖြစ်ပေါ်လာ၏။ မကောင်းသောစကားကို ပြောဆိုသော လူမိုက်သည် ယင်းစကားဖြင့် မိမိကိုယ်ကို ခုတ်ဖြတ်ဖျက်ဆီး၏။ ကဲ့ရဲ့ထိုက်သူကို ချီးမွမ်း၍ ချီးမွမ်းထိုက်သူကို ကဲ့ရဲ့သော လူမိုက်သည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူး၏။ ထိုအပြစ်ကြောင့် သူသည် ချမ်းသာမှုကို မရနိုင်ဘဲ ရှိလေ၏။

လောင်းကစားပွဲတို့၌ မိမိကိုယ်နှင့်တကွ ပစ္စည်းအားလုံးကို ဆုံးရှုံးခြင်းသည် အနည်းငယ်သော အပြစ်မျှသာ ဖြစ်၏။ ကောင်းသော အမူအကျင့်ရှိသော ပုဂ္ဂိုလ်တို့အပေါ်၌ စိတ်ဖြင့် ပြစ်မှားခြင်းသည်သာလျှင် စင်စစ် ကြီးလေးသောအပြစ် ဖြစ်၏။ မဟုတ်မမှန်သော စကားကို ပြောဆိုသူသည် လည်းကောင်း၊ တစ်စုံတစ်ခုကို ပြုလုပ်ပြီး မိမိမပြုလုပ်ပါဟု ပြောဆိုသူသည် လည်းကောင်း ငရဲသို့ ကျရောက်၏။ ထိုသူနှစ်ဦးစလုံးသည် ယုတ်ညံ့သော အမူရှိသူများဖြစ်၍ နောင်တမလွန်ဘဝ၌ အတူတူပင် ဖြစ်ကြလေသည်။ လေညာသို့ လွှင့်ပစ်အပ်သော မြူမှုန်သည် ထိုလွှင့်ပစ်သူ၏အပေါ်သို့သာ ပြန်၍ကျသကဲ့သို့ ကိလေသာကင်းစင်၍ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ကို ပြစ်မှားလျှင် ထိုပြစ်မှားသူ အပေါ်သို့သာ မကောင်းမှုသည် ပြန်၍ ကျရောက်၏။

တစ်စုံတစ်ယောက်သောသူ ပြုလုပ်အပ်သောကံသည် ပျောက်ပြယ်သွားသည် မဟုတ်။ ပြုလုပ်ဆည်းပူးသူထံသို့သာ ပြန်ရောက်လာ၏။ ထိုကံကို ပြုလုပ်ဆည်းပူးသူသည် ထိုကံ၏အကျိုးကို ခံစားရသည်သာ ဖြစ်၏။ ကြမ်းတမ်းသောအမှုကို ပြုလုပ်သူသည် တမလွန်လောကဝယ် မိမိကိုယ်၌

ပင် ဆင်းရဲဒုက္ခကို မြင်တွေ့ရလေ၏။

မကောင်းမှုကို ပြုသူများ ငရဲ၌ အသက်ရှင်ရခြင်းသည် အလွန်ပင် ဆင်းရဲပင်ပန်းလှ၏။ ထို့ကြောင့် ဤလောက၌ အသက်ရှင်နေစဉ်ဝယ် ပြုသင့်ပြုထိုက်သော ကုသိုလ်ကောင်းမှုကို မမေ့မလျော့ ပြုလုပ်ရာ၏။

ငရဲဘုံတို့သည် အလွန်ဆင်းရဲပြီး အချိန်ကာလ ကြာမြင့်စွာလည်း နေရကုန်၏။ ထို့ကြောင့် အကျင့်သီလနှင့် ပြည့်စုံ၍ ကောင်းသောဂုဏ်ရှိသော ပုဂ္ဂိုလ်တို့အပေါ်၌ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မပြစ်မှားမိအောင် အမြဲစောင့်စည်းသင့်ပေသည်။

(သုတ္တနိပါတ်၊ ကောကာလိကသုတ်) [မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ (ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ–၂၀၃/၂၀၄]

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်ပါသည်။ မြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ကြီးတို့သည် ဒေသစာရီလှည့်လည်ရင်း မြို့တစ်မြို့သို့ ရောက်သွားရာ ထိုမြို့ရှိ 'ကောကာလိက' အမည်ရှိ ရဟန်း၏ကျောင်း၌ ဝါဆိုတော်မူပါသည်။

အေးချမ်းတိတ်ဆိတ်မှုကို အလိုရှိကြသော မထေရ်မြတ်ကြီးနှစ်ပါးက မြို့သူမြို့သားတို့ကို သူတို့ဝါဆိုနေကြကြောင်း အသိမပေးရန် ရှင်ကောကာလိကအား မှာကြားထားကြသည်။ ဝါကျွတ်သောအခါ တစ်ဝါတွင်းလုံး နှုတ်ပိတ်နေခဲ့ရသော ရှင်ကောကာလိကက မြို့သူမြို့သားတို့အား အဂ္ဂသာဝကကြီးနှစ်ပါး သီတင်းသုံးနေတော်မူကြောင်း ထုတ်ဖော်ပြောကြားလေသည်။ ထိုအခါ မြို့သူမြို့သားတို့သည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ထောပတ်၊ တင်လဲ စသောလှူဖွယ်ပစ္စည်းမျိုးစုံဖြင့် မထေရ်မြတ်ကြီးနှစ်ပါးတို့ထံ ရောက်လာပြီး ပူဇော်ကန်တော့ကြပါသည်။

ထေရ်အရှင်မြတ်ကြီးနှစ်ပါးက ကောကာလိက၏ ဝစီပယောဂကြောင့် ဖြစ်ပေါ်လာသော လှူဖွယ်ဝတ္ထုများကို သူတို့လည်း အလှူမခံ၊ ရှင်ကောကာလိကအား လှူရန်လည်း မညွှန်ကြားဘဲ သာဝတ္ထိပြည်သို့ ပြန်ကြွသွားတော်မူပါသည်။ ဤသည်ကို ရှင်ကောကာလိကသည် မကျေနပ်ခဲ့ပါ။

အဂ္ဂသာဝကကြီးနှစ်ပါး နောက်တစ်ကြိမ် ဒေသစာရီ လှည့်လည်

သောအခါ ထိုမြို့သို့တစ်ဖန် ပြန်ရောက်တော်မူကြရာ မြို့သူမြို့သားတို့သည် မဏ္ဍပ်ဆောက်ပြီး ထေရ်အရှင်မြတ်ကြီးနှစ်ပါးနှင့် နောက်ပါရဟန်းသံဃာတို့အား အလှူကြီး ပေးကြပါသည်။ ထေရ်အရှင်မြတ်ကြီး နှစ်ပါးတို့ကလည်း မြို့သူမြို့သားတို့ စေတနာအလျောက် လှူဒါန်းသောပစ္စည်းတို့ကို အကြည်အသာပင် လက်ခံတော်မူကြပါ၏။ ထိုအခါ ရှင်ကောကာလိကသည် မနာလိုဝန်တိုမှု ပြင်းစွာဖြစ်လျက် သာဝတ္ထိပြည်သို့ အဆောတလျင် ထွက်ခွာပြီး မြတ်စွာဘုရားထံ ချဉ်းကပ်တော်မူပါသည်။ ထို့နောက် မြတ်စွာဘုရားအား–

**"အရှင်ဘုရား၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် ယုတ်မာသော အလိုရှိကြပါသည်။ ယုတ်မာသော အလိုသို့ လိုက်ကြပါသည်"** ဟု လျှောက်ထားပါသည်။ ဘုရားရှင်က–

**"ကောကာလိက၊ ဤသို့မဆိုလင့်။ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့သည် သီလကို ချစ်မြတ်နိုးသူများ ဖြစ်၏"**

ဟု ပြန်လည်မိန့်ကြားတော်မူပါသည်။ ရှင်ကောကာလိကသည် မြတ်စွာဘုရား၏ မိန့်ကြားတော်မူချက်ကို မနာခံဘဲ ရှေးနည်းအတူ သုံးကြိမ်တိုင် ထပ်မံလျှောက်ထားပြီး နေရာမှထသွားသည်။ ဘုရားရှင်ထံတော်ပါးမှ ထွက်ခွာလာခဲ့ပြီးနောက် မကြာမီမှာပဲ ရှင်ကောကာလိက၏ကိုယ်၌ အဖုအပိမ့်များ ဖြစ်ပေါ်လာပြီး တဖြည်းဖြည်း အရွယ်အစားကြီးလာကာ ထိုအနာဖြင့်ပင် ကောကာလိက ရဟန်းသည် ကွယ်လွန်ခဲ့သည်။ ထေရ်အရှင်မြတ်ကြီးနှစ်ပါးအပေါ် ပြစ်မှားသောစကားကို အကြိမ်ကြိမ်ပြောဆိုခဲ့သော အကုသိုလ်ကံကြီးကြောင့် ပဒုမငရဲသို့ ကျရောက်ခဲ့လေသည်။ ထိုကောကာလိကရဟန်းကို အကြောင်းပြုလျက် မြတ်စွာဘုရားက ရဟန်းတို့အား အထက်ပါအတိုင်း ဆုံးမသြဝါဒစကား မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

လူတို့သည် နေ့စဉ်ပင် ကြံတွေးနေ၊ ပြောဆိုနေ၊ ပြုမူလုပ်ကိုင်ဆောင်ရွက်နေကြရာတွင် ပြောဆိုမှုဟူသော ဝစီကံကို လွယ်လွယ်ပေါ့ပေါ့ပင် သဘောထားလျက်ရှိပါသည်။ အမှန်တော့ ဝစီကံကို အလေးအနက်ထားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဒုစရိုက် ၁၀ ပါးတွင် ဝစီဒုစရိုက်လေးပါး ပါဝင်သောကြောင့် ဖြစ်ပါ၏။

တချို့သူတို့သည် မုသာဝါဒမှု၌ မွေ့လျော်တတ်ကြသည်။ မဟုတ်မမှန်သော စကားကို ပြောဆိုဖို့ ဝန်မလေး။ အမှန်တကယ် ဖြစ်ပွားခဲ့သော ဖြစ်ရပ်ကို တကယ်မဖြစ်ဟုလည်း ပြောဆိုတတ်ကြသည်။ အမှန်တကယ် မဖြစ်ပွားခဲ့သော ကိစ္စကိုလည်း အမှန်တကယ် ဖြစ်လေဟန် လိမ်ညာပြောဆိုတတ်ကြသည်။ တစ်စုံတစ်ရာ အမှားတစ်ခုကို ကျူးလွန်မိသောအခါ ထိုအမှားကို မိမိမပြုလုပ်ပါဟုလည်း ဖြောင်လိမ်တတ်သည်။ ထိုသူတို့သည် စဉ်းငယ်မျှပင် နှုတ်စောင့်စည်းခြင်း မရှိ။ မိမိ၏နှုတ်ကို တန်ဖိုးထားလေ့ မရှိ။ မိမိ၏နှုတ်ကို တန်ဖိုးမထားခြင်းသည် မိမိကိုယ်ကို တန်ဖိုးမထားခြင်းပင် ဖြစ်၏။

သူတစ်ပါး၏ ချို့ယွင်းချက်ကို ရှုမြင်နေခြင်းသည် သူတစ်ပါး၏အိမ်ရှေ့မှ အမှိုက်ပုံကို မိမိ၏အိမ်အတွင်းသို့ သွင်းခြင်းနှင့် ပမာတူပါသည်။ အထူးသဖြင့် သူတစ်ပါး၏ ဂုဏ်သိက္ခာ ကျဆင်းညှိုးမှိန်စေရန် မမှန်မကန် လုပ်ကြံသတင်းဖြန့်လွှင့် ပြောဆိုသော နှုတ်၌ ကျက်သရေမင်္ဂလာ ဆိတ်သုဉ်းပါသည်။

ကျေးဇူးတော်ရှင် ခန္တီးဆရာတော်ကြီးက နှုတ်စောင့်စည်းဖို့လိုကြောင်း ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"တစ်ဦးနှင့်တစ်ဦးကို အပြစ်မရှာပါနှင့်။ အပြစ်မပြောကြပါနှင့်။ မပုတ်ခတ်မိပါစေနှင့်။ နှုတ်စောင့်စည်းပါ။ အထူးသတိပြု၍ ရှောင်ကြဉ်ပါ။ တစ်ဦးနှင့်တစ်ဦး အပြစ်ရှာကြမယ်ဆိုရင် သူ့မှာ အပြစ်ရှိနေသလို ကိုယ့်မှာလည်း အပြစ်ရှိနေဦးမှာပဲ။ ပုထုဇဉ်ပုဂ္ဂိုလ်မှန်က အနည်းနှင့် အများ ဘယ်ပုဂ္ဂိုလ်မှ အပြစ်မကင်းနိုင်ကြပေ။"

ကျေးဇူးတော်ရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးကလည်း သူများ အပြစ်ပြောခြင်းနှင့် ပတ်သက်၍ ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

**"သူများမကောင်းတာကို ကိုယ်ကပြောနေဖို့ မလိုပါဘူး။ ကိုယ့်သံသရာနဲ့ ကိုယ် သွားကြရမှာ။ ကိုယ်မကောင်း ကိုယ်ခံ၊ သူတို့မကောင်း သူတို့ခံ။ ပြောနေဖို့ မလိုပါဘူး"**

တချို့သူတို့သည် မိမိထက် အသက်၊ ပညာ၊ ဂုဏ်သိက္ခာ မြင့်မားသူတို့အပေါ် ဝစီကံမှုဖြင့် ပြစ်မှားတတ်ကြပါသည်။ သူတော်ကောင်းတို့အပေါ်

ပြစ်မှားစော်ကားသူသည်သာ ကြီးမားသော အကုသိုလ်မှုကို ကျူးလွန်လိုက်ခြင်း ဖြစ်ပါ၏။ ဤအကုသိုလ်မှုမှ ပေးအပ်မည့် မကောင်းကျိုးကို ဤတစ်ဘဝတာတွင်သာမက တမလွန်ထိတိုင် ခံစားရပေလိမ့်မည်။ ဂုဏ်ရှိသူများ၏ အပြစ်ကို မပြောဆိုသင့်ကြောင်း 'ချမ်းအေးဆရာတော်' က ဤသို့ ဆုံးမတော်မူခဲ့ပါသည်။

**"ဂုဏ်ရှိသူများရဲ့ အပြစ်ကို မပြောပါနှင့်။ ဂုဏ်ရှိသူများရဲ့ အပြစ်ကို ပြောရင် မိမိမှာရှိတဲ့ ဂုဏ်တွေ ကျသွားတတ်ပါတယ်"**

ပြုလေသမျှ ကံတို့သည် အချည်းနှီး အဟောသိကံ ပျောက်ပျက်မသွားပါ။ ထိုကံကို ပြုလုပ်သူထံသို့သာ (ကောင်းတာလုပ်လျှင် ကောင်းသည့်အလျောက်၊ ဆိုးတာလုပ်လျှင် ဆိုးသည့်အလျောက်) မလွဲဧကန် ပြန်ရောက်လာတတ်သည်ဟူသော ကံ၏အကျိုးကို စွဲစွဲမြဲမြဲ ယုံကြည်လျက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ရှိသော သူတော်ကောင်းတို့အား ပြစ်မှားသော စကားကို မပြောမိအောင် ရှောင်ကြဉ်အပ်ပါ၏။

❒

# ကုသိုလ်တရားတို့၏ ရှေ့သွားခေါင်းဆောင်

ရဟန်းတို့၊ မသိမှု အဝိဇ္ဇာသည် အကုသိုလ်တရားတို့သို့ ရောက်ရန် ရှေ့သွား ဖြစ်၏။ အရှက်အကြောက် မရှိမှုသည် နောက်လိုက်သာ ဖြစ်၏။

မသိမှုအဝိဇ္ဇာ၌ တည်၍ ဉာဏ်မဲ့သူအား မှားယွင်းသော အမြင်ဖြစ်နိုင်၏။ မှားယွင်းသော အမြင်ရှိသူအား မှားယွင်းသော အကြံအစည် ဖြစ်နိုင်၏။ မှားယွင်းသော အကြံအစည်ရှိသူအား မှားယွင်းသောစကား ဖြစ်နိုင်၏။ မှားယွင်းသော စကားရှိသူအား မှားယွင်းသောအလုပ် ဖြစ်နိုင်၏။

မှားယွင်းသော အလုပ်ရှိသူအား မှားယွင်းသော အသက်မွေးမှု ဖြစ်နိုင်၏။ မှားယွင်းသော အသက်မွေးမှုရှိသူအား မှားယွင်းသောလုံ့လ ဖြစ်နိုင်၏။ မှားယွင်းသော လုံ့လရှိသူအား မှားယွင်းသောသတိ ဖြစ်နိုင်၏။ မှားယွင်းသော သတိရှိသူအား မှားယွင်းသော သမာဓိ ဖြစ်နိုင်၏။ မှားယွင်းသော သမာဓိရှိသူအား မှားယွင်းသောဉာဏ် ဖြစ်နိုင်၏။ မှားယွင်းသော ဉာဏ်ရှိသူအား မှားယွင်းသော လွတ်မြောက်မှု ဖြစ်နိုင်၏။

ရဟန်းတို့၊ သိမှုဝိဇ္ဇာသည် ကုသိုလ်တရားတို့သို့ ရောက်ရန် ရှေ့သွား ဖြစ်၏။ ရှက်ကြောက်မှုသည် နောက်လိုက်သာ ဖြစ်၏။ သိမှုဝိဇ္ဇာ၌ တည်၍ ဉာဏ်ရှိသူအား မှန်ကန်သောအမြင် ဖြစ်နိုင်၏။ မှန်ကန်သော အမြင်ရှိသူအား မှန်ကန်သော လွတ်မြောက်မှု ဖြစ်နိုင်၏။

(အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ သမဏသညာဝဂ်၊ ဝိဇ္ဇာသုတ်)

[ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ (ဦးအေးမောင်)၊ စာ-၁၂၅]

အထက်ပါ အဆုံးအမတော်တွင် မြတ်စွာဘုရားသည် သိမှု (ဝိဇ္ဇာ) နှင့် မသိမှု (အဝိဇ္ဇာ) တို့၏ ဆန့်ကျင်ခြားနားမှုနှင့် အကွာအဝေးကို ဟောဖော်

ညွှန်ပြထားတော်မူပါသည်။ စင်စစ် သိမှု (ဝိဇ္ဇာ) သည် 'ပညာ'ဖြစ်ပြီး မသိမှု (အဝိဇ္ဇာ) သည် 'မောဟ'ဖြစ်ပါ၏။

သိမှု(ဝိဇ္ဇာ)ဟူသော ပညာသည် အမှားနှင့်အမှန်ကို ခွဲခြားညွှန်ပြနိုင်စွမ်း ရှိပါသည်။ မည်သည့်အကြံအတွေး၊ အပြောအဆို၊ အပြုအမူသည် ကုသိုလ်ကောင်းမှုဖြစ်ပြီး မည်သည့်အကြံအတွေး၊ အပြောအဆို၊ အပြုအမူသည် အကုသိုလ်မကောင်းမှုဖြစ်သည်ဟူ၍လည်း ပြတ်ပြတ်သားသား ဆစ်ပိုင်းခွဲခြားနိုင်စွမ်း ရှိပါသည်။ မည်သည့်ကံသုံးပါးသည် သုစရိုက်မှု၊ မည်သည့်ကံသုံးပါးသည် ဒုစရိုက်မှုဟူ၍လည်း ရှင်းရှင်းလင်းလင်း တိတိကျကျ ထောက်ညွှန်ပြနိုင်စွမ်း ရှိပါသည်။ ပညာဉာဏ်ရှိသူတစ်ဦးသည် အမှန်တရားကို ကြည်ကြည်လင်လင် သိမြင်နိုင်ပါသည်။ နက်နဲခက်ခဲသော အရာတို့ကိုပင် ပညာဖြင့် ထွင်းဖောက် ထိုးထွင်းသိနိုင်စွမ်းရှိပါ၏။ ပညာဉာဏ် တည်ကိန်းသူ၏ စိတ်နှလုံးသည် ဖြူစင်သန့်ရှင်းပါသည်။ အထူးသဖြင့် ဗုဒ္ဓဓမ္မမှ ပေးသော အသိပညာက စိတ်နှလုံးအတွင်းသို့ ကိလေသာအညစ်အကြေးများ မဝင်ရောက်နိုင်စိမ့်သောငှာ သတိဦးဆောင်လျက် တားမြစ်ပေးပါသည်။ စင်စစ် ပညာဟူသော (ဝိဇ္ဇာ) ကား ကုသိုလ်စေတသိက် ၂၅ ပါးတွင် တစ်ပါး အပါအဝင် ဖြစ်ပါသည်။

မောဟဟူသော (အဝိဇ္ဇာ) ကား ပညာနှင့်ဆန့်ကျင်ဘက် ဖြစ်ပါ၏။ မသိမှု (အဝိဇ္ဇာ) သည် အမှန်တရားကို မြင်နိုင်စွမ်း မရှိပါ။ အမှန်တရားအား လျော်စွာ သိနိုင်စွမ်းလည်း မရှိပါ။ မမြဲသောတရားတို့နှင့် ယှဉ်၍လည်း မသိတတ်ပါ။ ဤကား ကုသိုလ်–ဤကား အကုသိုလ်၊ ဤကား သုစရိုက်–ဤကား ဒုစရိုက်၊ ဤကား အမှန်–ဤကား အမှားဟူ၍လည်း အကောင်းအဆိုးကို တိတိပပ ရေရေရာရာ မဝေခွဲတတ်ပါ။ မောဟဖုံးလွှမ်းနေစဉ်တွင် အသိအမြင် အတွေးအကြံကို ကြည်ကြည်လင်လင် မရှိဘဲ ဝေဝါးတွေဝေနေတတ်ပါသည်။ မောဟထူထဲသောသူသည် မည်သည့်အရာကိုမျှ ကောင်းမွန်စွာ ခွဲခွဲခြားခြား သိနိုင်စွမ်း မရှိတော့ပါ။ အသိဉာဏ်ကင်းမဲ့သည့်အားလျော်စွာ အမှန်တရား၌ သက်ဝင်နိုင်စွမ်းလည်း မရှိပါ။ မောဟဖုံးလွှမ်းနေသော စိတ်တွင် ဖြူစင်သန့်ရှင်းမှု ကင်းမဲ့နေပါသည်။ မောဟဟူသည် အကုသိုလ်စေတသိက် ၁၄ ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါသည်။

အတွေးအခေါ်က ကမ္ဘာကို အုပ်စိုးသည်ဟူသော ကမ္ဘာ့ဆိုရိုးစကား တစ်ခုရှိပါ၏။ လူသားတစ်ဦး၏ ဘဝကို ဖန်တီးသည်မှာ သူ၏အတွေး အခေါ်ဟူသော အသိဉာဏ်ပညာပင် ဖြစ်ပါသည်။ အသိဉာဏ်ပညာက လူ သား၏ ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှုဟူသော ကံသုံးပါးကို ဦးဆောင်မောင်းနှင်နေခြင်း ဖြစ်ပါ၏။ မှန်မှန်ကန်ကန် ဖွံ့ဖြိုးရင့်ကျက်သော ဉာဏ်ပညာက ကုသိုလ်ကောင်းမှုတွေကို ဖြစ်ထွန်းစေသော ကာယကံမှု၊ ဝစီ ကံမှု၊ မနောကံမှုတို့ကို မွေးဖွားပေးပါသည်။ မောဟဖုံးလွှမ်းနေသော စိတ် နှလုံးက အကုသိုလ်မှုတွေကို ဖြစ်ထွန်းစေသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို မွေးဖွားပေးပါသည်။ အသိဉာဏ်ပညာ ကင်းမဲ့ခြင်း၊ မောဟ ထူထဲခြင်းသည် ပစ္စုပ္ပန်တွင်လည်း အကျိုးစီးပွားမဲ့မှုကို ဖြစ်စေပါသည်။ တမလွန်တွင်လည်း အကျိုးစီးပွားမဲ့မှုကို ဖြစ်စေပါသည်။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာစလုံး တွင် အနတ်လက္ခဏာကို ဆောင်ကြဉ်းဖော်ဆောင်ပေးသည်မှာ မောဟ၏ စွမ်းအင်သတ္တိ ဖြစ်ပါ၏။ ထို့ကြောင့်လည်း ကျေးဇူးရှင် ဒီပဲယင်း ဆရာတော်ကြီးက – "အသိဉာဏ်ကား လောကအားလုံးတွင် အမြတ်ဆုံး တရား၊ အရာရာမှာ ကျေးဇူးများလှ၏။ မသိခြင်းကား ယုတ်မာဆိုးရွား၊ အရာရာမှာ အပြစ်များလှ၏" ဟု မိန့်တော်မူခဲ့ခြင်း ဖြစ်ပါ၏။

ဒါနကောင်းမှုပြုရာ၌ အသိဉာဏ် ဦးဆောင်ပြီး ပြုသင့်ကြောင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီးက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"ဒုက္ခသစ္စာက လွတ်အောင် လှူတတ်ဖို့ လှူတတ်တဲ့ဉာဏ် အရင်ရ အောင် ကြိုးစားဦး။ သည်အသိဉာဏ်ရပြီးမှ လှူကြပါလို့ ပြောရတယ်။ အသိ ဉာဏ်ဟာ အလွန်လည်း အရေးကြီးပါတယ်။ အသိဉာဏ်မရှိရင် အမှားချည်း ပဲ လုပ်မိတတ်တယ်။ ငွေကုန်ခံရကျိုး၊ လူပင်ပန်း ခံရကျိုးနပ်အောင် အသိဉာဏ် အရင်ရအောင် ကြိုးစားရမယ်"

ယုံကြည်ခြင်းဟူသော သဒ္ဓါတရားသည်ပင် ပညာဉာဏ်နှင့် ယှဉ် သင့်ကြောင်း ပါမောက္ခချုပ် ဆရာတော်ကြီး 'အရှင်နန္ဒမာလာဘိဝံသ (Ph.D)' က ဤသို့ မိန့်တော်မူခဲ့ပါသည်။

"အသိဉာဏ်မပါတဲ့ 'ပညာမဲ့သဒ္ဓါ' ကျတော့ တလွဲရောက်သွားတတ် တယ်။ ပညာနဲ့တွဲတဲ့ သဒ္ဓါကမှ တန်ဖိုးရှိတယ်။ ဒါကြောင့်မို့ သဒ္ဓါကို ပညာ

စောင့်မှ လမ်းဖြောင့်မယ်တဲ့။ ပညာနဲ့ ထိန်းမပေးလို့ရှိရင် သဒ္ဓါက လမ်းချော် သွားနိုင်သေးတယ် ”

အသိဉာဏ်ပညာရှိမှသာ အယူအမြင် မှန်ကန်ပါလိမ့်မည်။ အယူအမြင် မှန်ကန်ခြင်းသည် ဗုဒ္ဓဓမ္မ၏ အစလည်း ဖြစ်ပါ၏။ အဆုံးလည်း ဖြစ်ပါ၏။ ပြုလေသမျှ ကိစ္စတိုင်းတွင် အယူအမြင် မှန်ကန်ဖြောင့်မတ်ဖို့ လိုပါသည်။ အယူအမြင် မှန်ကန်မှသာ အပြောအဆို မှန်ကန်မည်။ အပြုအမူ မှန်ကန်မည်။ အသက်မွေးမှု မှန်ကန်စင်ကြယ်မည်။ အသက်မွေးမှု မှန်ကန် စင်ကြယ်မှသာ ဘဝလည်း စင်ကြယ်သန့်ရှင်းပါလိမ့်မည်။

ဝိပဿနာတရား ပွားများအားထုတ်ရာတွင်လည်း မှန်ကန်သော အယူအမြင် (သမ္မာဒိဋ္ဌိ) ကို အခြေခံမှသာ မှန်ကန်သော လုံ့လရှိမည်။ မှန်ကန်သော လုံ့လအားထုတ်မှုရှိမှသာ မှန်ကန်သော သတိ ဖြစ်ထွန်းလာမည်။ မှန်ကန်သော သတိရှိမှသာ မှန်ကန်သော သမာဓိ ရှိလာမည်။ မှန်ကန်သော သမာဓိတည်မှသာ လောကုတ္တရာ ဉာဏ်ပညာ အလင်းရောင် ထွန်းပြောင်မည်။ ဉာဏ်ပညာအလင်းရောင် ထွန်းပြောင်မှသာ သံသရာဝဋ်ဆင်းရဲကြီးမှ အပြီးတိုင် လွတ်မြောက်နိုင်ပါလိမ့်မည်။ ထို့ကြောင့် သိမှုဟူသော ဝိဇ္ဇာသည် ကုသိုလ်တရားအားလုံး၏ ရှေ့သွားခေါင်းဆောင် ဖြစ်ပါသည်။ ပညာဉာဏ် ရှိမှသာလျှင် မကောင်းမှုပြုရမည်ကို ရှက်ခြင်းနှင့် မကောင်းမှုပြုရမည်ကို ကြောက်ခြင်းဟူသော ဟိရိ ဩတ္တပ္ပ တရားနှစ်ပါး တည်ကိန်းပါလိမ့်မည်။ ဟိရိ ဩတ္တပ္ပ တရားနှစ်ပါးသည် ပညာဉာဏ်၏ နောက်လိုက်သာ ဖြစ်သည်။

မှန်ကန်သော အသိဉာဏ်ပညာရှိစေရန် မြတ်စွာဘုရား ဟောဖော် ညွှန်ပြသော တရားဓမ္မများကို နေ့စဉ်နှင့်အမျှ အချိန်ပေး၍ လေ့လာဖတ်ရှုဖို့ လိုအပ်ပါသည်။ ထို့ပြင် ဆရာတော်ကြီးများ၏ ဟောစဉ်တရားတော်များကို နာကြားဖို့လည်း လိုအပ်ပါသည်။ ထေရဝါဒ ဗုဒ္ဓဓမ္မနှင့် ဆန့်ကျင်ခြားနားရာ တန္တရ ယန္တရ မန္တရဝါဒတို့ကို ကိုယ်စားပြုရာ ဂန္ထိရစာပေများကို ဖတ်ရှုနေလျှင်မူ မှန်ကန်သော ပညာဉာဏ် ဖြစ်ထွန်းလိမ့်မည် မဟုတ်ပါချေ။

❒

# မနှစ်သက်ဖွယ် ဆက်ဆံရေးနှင့် တွေ့ကြုံသောအခါ

ရဟန်းတို့၊ ဤသာသနာတော်၌ တချို့သော ရဟန်းတို့သည် စိတ်မနှစ်သက်ဖွယ် စကားလမ်းကြောင်းများ မထိတွေ့သေးသမျှ အလွန်နူးညံ့သူ၊ အလွန်နှိမ့်ချသူ၊ အလွန်ငြိမ်းအေးသူ ဖြစ်တတ်၏။ ထိုရဟန်းကို စိတ်မနှစ်သက်ဖွယ် စကားလမ်းကြောင်းများ တွေ့ထိသောအခါမှသာလျှင် နူးညံ့သူ၊ နှိမ့်ချသူ၊ ငြိမ်းအေးသူဟု သိရမည်။

သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဟူသော အကြောင်းကြောင့် အပြောအဆိုလွယ်သူ၏အဖြစ်သို့ ရောက်သော ရဟန်းကို အပြောအဆိုလွယ်သူဟု ငါမဆိုပေ။ ထိုရဟန်းသည် ထိုပစ္စည်းလေးပါးကို မရရှိပါက အပြောအဆို လွယ်သူဖြစ်မည် မဟုတ်။ တရားကိုသာလျှင် ရိုသေလေးစား၍ အပြောအဆို လွယ်သော ရဟန်းကိုသာလျှင် အပြောအဆိုလွယ်သူဟု ငါဆို၏။

ရဟန်းတို့၊ သူတစ်ပါးတို့သည် သင့်လျော်သောအခါ၌လည်းကောင်း၊ မသင့်လျော်သောအခါ၌သော်လည်းကောင်း ပြောဆိုကုန်ရာ၏။ ဟုတ်မှန်သော စကားကိုသော်လည်းကောင်း၊ မဟုတ်မှန်သော စကားကိုသော်လည်းကောင်း ပြောဆိုကုန်ရာ၏။ သိမ်မွေ့သော စကားကိုသော်လည်းကောင်း၊ ကြမ်းတမ်းသော စကားကိုသော်လည်းကောင်း ပြောဆိုကုန်ရာ၏။ အကျိုးအကြောင်း ဆီလျော်သော စကားကိုလည်းကောင်း၊ မေတ္တာစိတ်ဖြင့်သော်လည်းကောင်း၊ မလိုမုန်းထားသော စိတ်နှင့်သော်လည်းကောင်း ပြောဆိုကုန်ရာ၏။

ထိုအခါ၌ သင်တို့သည် စိတ်မဖောက်ပြန်ဘဲ၊ အမျက်ဒေါသ မထွက်

ဘဲ မေတ္တာစိတ်ဖြင့် နေကြရန် ကျင့်ကြရမည်။

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ ကကစူပမသုတ်)

[ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ (ဦးအေးမောင်)၊ စာ-၁၃၀]

အထက်ပါ မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ဩပမ္မဝဂ်တွင် မြတ်စွာဘုရားက ရဟန်းတော်များကို ဟောကြားတော်မူသော တရားတော် ဖြစ်သော်လည်း လူဝတ်ကြောင်များအနေဖြင့်လည်း လိုက်နာကျင့်ကြံအပ်သော တရားတော် ဖြစ်ပါသည်။

လူမှုဆက်ဆံရေး နယ်ပယ်တွင် လူတိုင်းသည် ဘဝတစ်လျှောက်လုံး လူပေါင်းများစွာနှင့် ထိတွေ့ဆက်ဆံကြရသည်။ ထိုသို့ ထိတွေ့ဆက်ဆံရာ၌ သံသရာတစ်လျှောက်လုံး သယ်ဆောင်လာခဲ့သော လူတို့၏စရိုက်ဉာဉ်များနှင့် ပစ္စုပ္ပန်ဘဝ အတွေ့အကြုံများအရ လူတစ်ဦးနှင့်တစ်ဦး မတူကွဲပြားခြားနားကြပါသည်။ မိမိကြုံဆုံ ဆက်ဆံရသော သူများထဲတွင် စိတ်ကောင်းရှိသူတွေလည်း ရှိသလို စိတ်ကောင်းမရှိသူတွေလည်း ရှိမည်။ ရိုးသားဖြောင့်မတ်သူတွေ ရှိသလို ကောက်ကျစ်စဉ်းလဲသူတွေလည်း ရှိမည်။ စိတ်ဓာတ်ရင့်ကျက်သူတွေ ရှိသလို စိတ်ဓာတ်နုနယ်သူတွေလည်း ရှိမည်။ စိတ်ဓာတ်မြင့်မြတ်သူတွေ ရှိသလို စိတ်ဓာတ်သေးသိမ်သူတွေလည်း ရှိမည်။ စိတ်ဓာတ်ကြမ်းတမ်းခက်ထန်သူတွေရှိသလို စိတ်ဓာတ်နူးညံ့သူတွေလည်း ရှိမည်။

စကားကို မှန်မှန်ကန်ကန် ပြောဆိုသူတွေ ရှိသလို လိမ်ညာပြောဆိုသူတွေလည်း ရှိမည်။ နူးနူးညံ့ညံ့ ညင်ညင်သာသာ စကားဆိုတတ်သူတွေ ရှိသလို ကြမ်းကြမ်းတမ်းတမ်း စကားဆိုတတ်သူတွေလည်း ရှိမည်။ စကားကို အကျိုးသင့် အကြောင်းသင့် ပြောဆိုတတ်သူတွေ ရှိသလို ကြောင်းကျိုးမဲ့ ပရမ်းပတာ ပြောဆိုတတ်သူတွေလည်း ရှိပါမည်။ တစ်ဖက်သူအပေါ် လေးလေးစားစား စကားဆိုတတ်သူတွေ ရှိသလို အထင်သေးဟန်ဖြင့် ချိုးချိုးနှိမ်နှိမ် စကားဆိုတတ်သူတွေလည်း ရှိပါမည်။

သို့ဖြစ်၍ ဘဝတစ်လျှောက်လုံးတွင် စိတ်ထားကောင်းသူတွေနှင့်ချည်း တွေ့ကြုံဆက်ဆံရမည်ဟု မျှော်လင့်၍ မရနိုင်ပါ။ စိတ်ထားမကောင်းသူတွေနှင့်လည်း ကြုံဆုံဆက်ဆံရနိုင်ပါသည်။ ရိုးသားဖြောင့်မတ်သူတွေနှင့် တွေ့ကြုံဆက်ဆံရသည်တို့ ရှိသလို မရိုးမဖြောင့်သူတွေနှင့်လည်း တွေ့ကြုံ

ဆက်ဆံရနိုင်ပါသည်။ စိတ်ဓာတ်ရင့်ကျက်သူနှင့် ဆက်ဆံရသည်တို့ရှိသလို စိတ်ဓာတ်နုနယ်သူတို့နှင့်လည်း တွေ့ကြုံဆက်ဆံရနိုင်ပါသည်။ စိတ်ဓာတ်မြင့်မြတ်သူတို့နှင့် ဆက်ဆံရသည်တို့ ရှိသလို စိတ်ဓာတ်သေးသိမ်သူတွေနှင့်လည်း ကြုံဆုံဆက်ဆံရနိုင်ပါသည်။ ထို့အတူ စိတ်ဓာတ်သိမ်မွေ့နူးညံ့သူတွေနှင့် ဆက်ဆံရသည်တို့ ရှိသလို စိတ်ဓာတ်ကြမ်းတမ်း ခက်ထန်သူတို့နှင့်လည်း ဆုံတွေ့နိုင်ပါသည်။

အပြန်အလှန် စကားပြောဆိုရာတွင်လည်း စကားကို ရိုးရိုးသားသား မှန်မှန်ကန်ကန် ပြောဆိုသူတွေနှင့် တွေ့ကြုံဆက်ဆံရသည်တို့ ရှိသလို စကားကို မရိုးမသား မမှန်မကန် လိမ်ညာပြောသူတွေနှင့်လည်း တွေ့ကြုံဆက်ဆံရနိုင်ပါသည်။ စကားကို အကျိုးသင့် အကြောင်းသင့် ပြောဆိုသူတွေနှင့် ဆက်ဆံရသလို ကြောင်းကျိုးမဲ့ ပရမ်းပတာ ပြောဆိုတတ်သူတွေနှင့်လည်း ကြုံတွေ့ရနိုင်ပါသည်။ တစ်ဖက်သူအပေါ် လေးလေးစားစား စကားဆိုတတ်သူတွေနှင့် ကြုံဆုံသည့်အခါရှိသလို အထင်သေးအမြင်သေးဖြင့် နှိမ့်နှိမ့်ချချ စကားဆိုတတ်သူတွေနှင့်လည်း ကြုံတွေ့ရနိုင်ပါသည်။

လောကဓံ၏ သဘာဝကတော့ လူတို့အပေါ် အစဉ်အမြဲ မျက်နှာသာပေးလေ့မရှိပါ။ လေပြည်လေညင်း တိုက်သည့်အခါရှိသလို လေပြင်းမုန်တိုင်း ထန်သည့်အခါလည်း ရှိပေလိမ့်မည်။ အများအားဖြင့် ဖြစ်တတ်သည်မှာ အကောင်းလောကဓံတရားနှင့် ကြုံဆုံစဉ်အခိုက် လူတို့၏ စိတ်နှလုံးသည် အေးချမ်းတတ်ပါသည်။ ပြောဆိုဆက်ဆံရာတွင် စိတ်ရှည်တတ်ပါသည်။ သဘောကောင်းတတ်ပါသည်။ မိမိရည်ရွယ်ချက် အောင်မြင်နေစဉ်ဘဝဝယ် လိုအင်ဆန္ဒများ ပြည့်စုံနေစဉ်တွင် လူတို့သည် စိတ်ချမ်းသာနေပါသည်။ စိတ်အေးချမ်းနေပါသည်။ ထိုစဉ်အခိုက်တွင် သူတို့နှင့် ဆက်ဆံရသူတို့အပေါ် စိတ်ရှည်တတ်ပါသည်။ နူးညံ့သိမ်မွေ့စွာ ဆက်ဆံတတ်ပါသည်။

တခြားသူတစ်ဦးက ဆောင်ရွက်ပေးသောကြောင့် မိမိတွင် ငွေကြေးလာဘ်လာဘ တစ်စုံတစ်ရာ ရရှိလာလျှင် ထိုသူ့အပေါ် နစ်နစ်လိုလို ပြုံးပြုံးရွှင်ရွှင် ဆက်ဆံပေလိမ့်မည်။ လိုလိုလားလား ဖော်ဖော်ရွေရွေ ပြောဆိုဆက်ဆံပေလိမ့်မည်။ ဥပမာအားဖြင့် မိမိက တစ်ဦးတစ်ယောက်အား ငွေကြေး ချေးလိုက်သည် ဆိုပါစို့။ အချိန်တန်သောအခါ ထိုသူက အရင်းရော

အတိုးပါ ပြည့်ပြည့်ဝဝ ပြန်လည်ပေးဆပ်လျှင် ထိုသူအပေါ် လိုက်လိုက်လှဲလှဲ ရင်းရင်းနှီးနှီး ပြန်လည်ဆက်ဆံ ပြောဆိုပေလိမ့်မည်။

လူမှုဆက်ဆံရေးတွင်လည်း တခြားသူများ၏ ရိုသေစွာ ပြောဆိုဆက်ဆံမှု၊ လေးလေးစားစား ပြောဆိုဆက်ဆံမှုကို ခံရစဉ်တွင် စိတ်နှလုံးသည် သိမ်မွေ့အေးချမ်းနေပါသည်။ တခြားသူများက မိမိအပေါ် အကောင်းမြင်ဖြင့် ပြောဆိုလာမှုများ၊ ချီးကျူးစကားဆိုမှုများကို ကြားရစဉ်တွင် စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့သည်။ တစ်ဖက်သူအပေါ် ခင်ခင်မင်မင် လေးလေးစားစား ပြန်လည်ဆက်ဆံသည်။ နူးနူးညံ့ညံ့ ပြောဆိုဆက်ဆံသည်။

အကောင်းလောကဓံတရားနှင့် တွေ့ကြုံစဉ် တစ်ဖက်သူအပေါ် ဆက်ဆံရေး ချောမွေ့ကောင်းမွန်ခြင်းမှာ ပုထုဇဉ်တို့၏ သဘာဝသာ ဖြစ်ပါ၏။ ပစ္စည်းဥစ္စာ လာဘ်လာဘတွေ ရရှိနေချိန်၊ မျှော်လင့်ချက်တွေ ပြည့်ဝနေချိန်၊ အခြားသူများက မိမိအပေါ် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံနေချိန်တွင် စိတ်နှလုံးသည် သိမ်မွေ့အေးချမ်းနေသည်။ ဆက်ဆံရေး ပျော့ပျောင်းညင်သာနေသည်ကို တွေ့မြင်နေရုံမျှဖြင့် ထိုသူသည် တကယ်တမ်း စိတ်နှလုံး အေးချမ်းသူ၊ နူးညံ့သိမ်မွေ့သူ၊ မိမိကိုယ်ကို နှိမ့်ချသူ၊ သူတော်ကောင်းဓာတ် တည်ကိန်းသူဟု တထစ်ချကောက်ချက်ချ၍ မရနိုင်ပါပေ။ ထိုသူသည် တကယ်တမ်း စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်း ရှိ မရှိ၊ သူတော်ကောင်းဓာတ် တည်ကိန်းခြင်း ရှိမရှိဟူသည်မှာ ထိုသူသည် အဆိုးလောကဓံတရားတို့နှင့် ကြုံဆုံရင်ဆိုင်ရသောအခါ မည်သို့တုံ့ပြန် ဆောင်ရွက်သည်ဟူသော အချက်အပေါ်တွင် မူတည်ပါ၏။

အများအားဖြင့် ဖြစ်တတ်သည်မှာ အဆိုးလောကဓံတရားနှင့် ဆုံသောအခါ စိတ်တည်ငြိမ်မှု ပျက်ပြားတတ်ပါသည်။ စိတ်ယိမ်းယိုင်လှုပ်ရှားတတ်ပါသည်။ ယောက်ယက်ခတ်တတ်ပါသည်။ ထိုအခါမျိုးတွင် စိတ်သည် မကျေနပ်မှုဖြင့် တင်းမာလာတတ်ပါသည်။ ခက်ထန်လာတတ်ပါသည်။ မိမိမျှော်လင့်ထားသည်တို့ ဖြစ်မလာသောအခါ စိတ်ဆိုးစိတ်ပျက်ဖြစ်တတ်ပါသည်။ မိမိရသင့်ရထိုက်သည်ဟု ယူဆထားသော လာဘ်လာဘတို့ မရရှိသည့်အခါ၊ (သို့မဟုတ်) တစ်စုံတစ်ယောက်၏ ပယောဂကြောင့် မိမိ၏ ဥစ္စာပစ္စည်းများ ဆုံးရှုံးသောအခါ စိတ်အစဉ်သည် ထိန်း၍ မရတတ်။

ပြင်းပြင်းထန်ထန် ဆူပွက်လှုပ်ရှားလာတတ်သည်။ ဒေါသအမျက် ထွက်လာတတ်သည်။

လူမှုဆက်ဆံရေးတွင်လည်း တစ်ဖက်သူက မိမိအပေါ် စော်ကားသော စကားကို ပြောဆိုမည်။ မိမိကို အထင်သေး အမြင်သေးဖြင့် နှိမ့်နှိမ့်ချချ စကားဆိုမည်။ အကျိုးသင့် အကြောင်းသင့် မဟုတ်သော စကားကို ဆိုမည်။ ကြမ်းတမ်းသော စကားကို ဆိုမည်။ ထိုသို့ဖြစ်လျှင် မိမိ၏စိတ်သည် တင်းမာခက်ထန်လာချေတော့သည်။ ထိုအခါ ဒေါသကို မထိန်းချုပ်နိုင်လျှင် ဘဝဝယ် မဖြစ်သင့်တာတွေ ဖြစ်လာချေတော့သည်။ မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးလာချေတော့သည်။ ဆက်ဆံရေး အဆင်မပြေမှုကြောင့် လျှပ်တစ်ပြက် ဒေါသကို ပေါက်ကွဲပွင့်ကန်ခွင့် ပေးလိုက်သဖြင့် အသက်ဆုံးရှုံးရသူတွေ၊ ဆေးရုံသို့ ရောက်သူတွေ၊ အကျဉ်းစခန်းထဲ ရောက်သူတွေ အများအပြားရှိကြောင်း သတင်းစာ၊ ဂျာနယ်တို့တွင် ဖော်ပြပါရှိသော မှုခင်းသတင်းများက သက်သေခံလျက်ရှိပါသည်။ မနှစ်သက်ဖွယ် ဆက်ဆံရေးနှင့် ကြုံတွေ့ရသည့်တိုင် ဒေါသအမျက် မထွက်စေရန် ထိန်းချုပ်ထားသင့်ပါသည်။ ဒေါသသည် အကြောင်းကိုလည်း မမြင်၊ အကျိုးကိုလည်း မမြင်ပါ။ ထိုသို့ မနှစ်သက်ဖွယ် လောကဓံနှင့် ကြုံရစဉ် စိတ်မဖောက်ပြန်ဘဲ၊ မကျေနပ်မှုတွေ မဖြစ်စေဘဲ အေးချမ်းအောင် နေထိုင်သင့်ပါသည်။

ချမ်းအေးဆရာတော် အရှင်နာဂသေနာဘိဝံသထေရ်က–

"မကျေနပ်မှုတွေ ဖြစ်နေမယ်ဆိုရင် ဒေါသတရားဖြင့် ပူလောင်နေပါတယ်။ မကျေနပ်မှုတွေ မဖြစ်စေဘဲ မိမိဘဝ အေးချမ်းအောင် နေကြပါ" ဟု ဆုံးမတော်မူခဲ့ပါ၏။

လောက၏ သဘောသဘာဝအရ လူမှုဆက်ဆံရေးတွင် မနှစ်သက်ဖွယ်တို့နှင့် မလွဲမသွေ တွေ့ကြုံရပါလိမ့်မည်။ ထိုအခါ စိတ်ကို ဒေါသအမျက် မထွက်စေရန် စွမ်းနိုင်သမျှ ထိန်းချုပ်ပြီး တစ်ဖက်သူအပေါ် မေတ္တာမပျက်ဘဲ တုံ့ပြန်ဆက်ဆံမည်ဆိုသော် မလိုလားအပ်သော ပဋိပက္ခများ၊ ပြဿနာများနှင့် အဆုံးအရှုံးများကို ရှောင်ရှားနိုင်ပါလိမ့်မည်။

□

# မြင်းလေးမျိုး လူလေးမျိုး

ဤလောက၌ မြင်းလေးမျိုး ရှိ၏။ လူလည်း လေးမျိုး ရှိလေ၏။ ပထမမြင်းကား နှင်တံရိပ်ကို မြင်ကာမျှဖြင့် မြင်းထိန်း၏ သဘောကို ကောင်းစွာ သိ၏။ ယနေ့ ငါ၏သခင်သည် အဘယ်ကိစ္စမျိုးကို ခိုင်းစေမည်နည်း။ ငါသည် သခင့်အတွက် ဘယ်လို လုပ်ဆောင်ရမည်နည်းဟူ၍ ဆင်ခြင်တတ်၏။ ထိတ်လန့်တတ်၏။

ဒုတိယမြင်းကား နှင်တံရိပ်ကို မြင်ကာမျှဖြင့် ကောင်းစွာ မသိတတ်။ မဆင်ခြင်တတ်။ ထိတ်လန့်တုန်လှုပ်ခြင်း မရှိ။ နှင်တံဖြင့် အမွေးကို တို့မှထိမှသာလျှင် ကောင်းစွာ သိတတ်၏။ ဆင်ခြင်တတ်၏။ တုန်လှုပ်ထိတ်လန့်တတ်၏။

တတိယမြင်းကား နှင်တံရိပ်ကို မြင်ကာမျှဖြင့်လည်းကောင်း၊ အမွေးကို တို့ထိကာမျှဖြင့်လည်းကောင်း မသိတတ်။ မဆင်ခြင်တတ်။ ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်။ နှင်တံဖြင့် အရေကို တို့ထိမှသာလျှင် သိတတ်၏။ ဆင်ခြင်တတ်၏။ ထိတ်လန့်တုန်လှုပ်တတ်၏။

စတုတ္ထမြင်းကား နှင်တံရိပ်ကို မြင်ကာမျှဖြင့်လည်းကောင်း၊ အမွေးကို တို့ထိကာမျှဖြင့်လည်းကောင်း၊ အရေကို တို့ထိကာမျှဖြင့်လည်းကောင်း မသိတတ်။ မဆင်ခြင်တတ်။ ထိတ်လန့်တုန်လှုပ်ခြင်း မရှိပေ။ နှင်တံဖြင့် အရိုးကို တို့ထိမှသာလျှင် ကောင်းစွာ သိတတ်၏။ ဆင်ခြင်တတ်၏။ တုန်လှုပ်ထိတ်လန့်တတ်၏။

ဤကား စကားဥပမာပေတည်း။ တချို့သော ပုဂ္ဂိုလ်သည် အရပ်တစ်ပါးမှ တစ်စုံတစ်ယောက်သော မိန်းမ၊ ယောကျ်ားတို့ မှားယွင်းသော

မကောင်းမှုကြောင့် အပြစ်ဒဏ်ခံရသည်ဟုလည်းကောင်း၊ အနာရောဂါနှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းသည်ဟုလည်းကောင်း၊ သေကျေပျက်စီးသည်ဟုလည်းကောင်း သတင်းစကားကြားရုံမျှဖြင့် မိမိအတွက် ဆင်ခြင်မိ၏။ တုန်လှုပ်ထိတ်လန့်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် ပထမမြင်းနှင့် တူပေ၏။

တချို့သော ပုဂ္ဂိုလ်သည် အရပ်တစ်ပါးမှ တစ်စုံတစ်ယောက်သော မိန်းမ၊ ယောကျ်ားတို့ မှားယွင်းသော မကောင်းမှုကြောင့် အပြစ်ဒဏ်ခံရသည်ကိုလည်းကောင်း၊ အနာရောဂါနှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းသည်ကိုလည်းကောင်း၊ သေကျေပျက်စီးသည်ကိုလည်းကောင်း ကိုယ်တိုင်မြင်တွေ့မှသာလျှင် မိမိအတွက် ဆင်ခြင်မိ၏။ တုန်လှုပ်ထိတ်လန့်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဒုတိယမြင်းနှင့် တူပေ၏။

တချို့သော ပုဂ္ဂိုလ်သည် မိမိ၏ဆွေမျိုးရင်းချာထဲက တစ်စုံတစ်ယောက်သော မိန်းမ၊ ယောကျ်ားတို့ မှားယွင်းသော မကောင်းမှုကြောင့် အပြစ်ဒဏ်ခံရသည်ကိုလည်းကောင်း၊ အနာရောဂါနှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းသည်ကိုလည်းကောင်း၊ သေကျေပျက်စီးသည်ကိုလည်းကောင်း ကြုံတွေ့မှသာလျှင် မိမိအတွက် ဆင်ခြင်မိ၏။ ထိတ်လန့်တုန်လှုပ်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် တတိယမြင်းနှင့် တူပေ၏။

တချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ပင် မှားယွင်းသော မကောင်းမှုကြောင့် အပြစ်ဒဏ်ခံနေရစဉ်လည်းကောင်း၊ အနာရောဂါနှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းရှိစဉ်လည်းကောင်း၊ သေလောက်သောဘေးကို ကြုံတွေ့ရစဉ်လည်းကောင်း မိမိအတွက် ဆင်ခြင်မိ၏။ ထိတ်လန့်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် စတုတ္ထမြင်းနှင့် တူ၏။

(စတုက္ကနိပါတ်၊ ကေသိဝဂ်၊ နာဂသုတ်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ–၂၀၉/၂၁၀]

ပုထုဇဉ်လူသားမှန်သမျှ နေ့စဉ်ပင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ဆောင်ရွက်နေကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကံသုံးပါးသည် ကုသိုလ်ဖြစ်လျှင်ဖြစ်၊ ကုသိုလ်မဖြစ်လျှင် အကုသိုလ် ဖြစ်ပေလိမ့်မည်။ ကုသိုလ်လည်း မဖြစ်၊ အကုသိုလ်လည်း မဖြစ်သော အဗျာကတ တရားမှာ ပုထုဇဉ်တို့၏အရာ မဟုတ်ပါချေ။

ထိုသို့ကုသိုလ်နှင့် အကုသိုလ်ဟူ၍ ရှိရာတွင် ကုသိုလ်ကို ဆောင်ဖို့ လိုပြီး အကုသိုလ်ကို ရှောင်ဖို့လိုပါသည်။ ဘုရားရှင် အသီးသီး၏ အဆုံးအမတော်မှာလည်း "အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူ၍ ဖြစ်ပါ၏။ ကောင်းတာတွေပြုလျှင် ကုသိုလ်ဖြစ်မည်။ ကုသိုလ်ဖြစ်လျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာတွင် ကောင်းကျိုးတွေ ပေးမည်။ မကောင်းတာတွေ ပြုလျှင် အကုသိုလ်ဖြစ်မည်။ အကုသိုလ်ဖြစ်လျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာတွင် မကောင်းကျိုးတွေ ပေးမည်။ ဤသည်မှာ တရားမျှတ မှန်ကန်သော ကမ္မနိယာမ ဖြစ်ပါသည်။ ကုသိုလ်ကောင်းမှု ပြုသောကြောင့် ကောင်းကျိုးတွေ ဝေစည်လာခြင်းမှာ တန်ခိုးရှင်၊ သိဒ္ဓိရှင်တို့က မစစောင့်ရှောက်သောကြောင့် မဟုတ်ပါ။ ဓမ္မသဘောအရ ကုသိုလ်က သူ့သဘော သူဆောင်ကာ သူ့အလုပ် သူ လုပ်သွားခြင်းသာ ဖြစ်ပါ၏။ ထိုနည်းအတူ အကုသိုလ် မကောင်းမှု ပြုသောကြောင့် ဆိုးကျိုးတို့ ဖြစ်ပေါ်လာခြင်းမှာလည်း တန်ခိုးရှင်၊ သိဒ္ဓိရှင်တို့က ပြစ်ဒဏ်ခတ်ခြင်းကြောင့် မဟုတ်ပါ။ ဓမ္မသဘော အရ အကုသိုလ်က သူ့သဘော သူဆောင်ကာ သူ့အလုပ် သူလုပ်သွားခြင်း သာ ဖြစ်ပါ၏။

မကောင်းတာတွေ ပြောပြီး၊ ကြံစည်ပြီး၊ ပြုလုပ်ပြီးမှ ကောင်းတာတွေ ဖြစ်လာပါစေဟု မျှော်လင့်၍ မရနိုင်ပါ။ ဆုတောင်း၍ မရနိုင်ပါ။ မည်သည့် လောကီအစိုးအမံကမှလည်း မကောင်းမှုမှ ကောင်းကျိုးဖြစ်လာစေရန် မစွမ်း ဆောင်နိုင်ပါ။ မကောင်းမှုပြုသူအား မကောင်းကျိုးတွေ ဖြစ်မလာစေရန် မည် သည့်တန်ခိုးရှင်တို့ကမှလည်း ကယ်တင်စောင်မရန် မစွမ်းဆောင်နိုင်။ လောက၏ သဘောသဘာဝကတော့ တူသောအကျိုးကို ပေးမြဲဓမ္မတာသာ ဖြစ်ပါ၏။ ဤဓမ္မတာကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ဓာတ်ရိုက်ဓာတ်ဆင်၊ ဗေဒင်ယတြာတို့ကမှ ကပြောင်းကပြန်ဖြစ်အောင် စွမ်းဆောင်နိုင်စွမ်း မရှိပါ။

သည်တော့ ကောင်းတာတွေ ဖြစ်လိုသော်၊ ကောင်းတာတွေ ရရှိလို သော် ကောင်းတာတွေ တွေးတောကြံစည်ဖို့ လိုသည်။ ကောင်းတာတွေ ပြော ဖို့ လိုသည်။ ကောင်းတာတွေ ပြုမူလုပ်ကိုင်ဆောင်ရွက်ဖို့ လိုသည်။ ကောင်း တာတွေကို မကြံစည်၊ မပြောဆို၊ မပြုမူလျှင် ကောင်းတာတွေ ဖြစ်လာလိမ့် မည် မဟုတ်သည်မှာ ရာနှုန်းပြည့် သေချာသောအရာသာ ဖြစ်ပါ၏။

ထို့အတူပင် မကောင်းတာတွေ မဖြစ်လိုသော် မကောင်းတာတွေ တွေးတောကြံစည်မှု မပြုဖို့ လိုသည်။ မကောင်းတာတွေ မပြောဆိုမိဖို့ လိုသည်။ မကောင်းတာတွေ ပြုမူလုပ်ကိုင် ဆောင်ရွက်ခြင်း မရှိဖို့ လိုသည်။ မကောင်းတာတွေကို ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုမူလုပ်ကိုင်ဆောင်ရွက်ခြင်းပြုလျှင် မကောင်းကျိုးတွေကို ရှောင်လွှဲ၍ ရမည် မဟုတ်သည်မှာ ရာနှုန်းပြည့် သေချာသော အရာသာ ဖြစ်ပါ၏။ သို့ဖြစ်၍ မကောင်းမှုကို ရှောင်ကြဉ်ခြင်းသည် ဘဝဝယ် မကောင်းတာတွေ ဖြစ်မလာစေရန်အတွက် အကောင်းဆုံး ဘဝ၏ ကာကွယ်ရေးနည်းလမ်း ဖြစ်ပါ၏။

ဤလောက၌ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိပါသည်။ လူတစ်ဦးနှင့်တစ်ဦး မွေးဖွားကြီးပြင်းရာ အသိုက်အဝန်း၊ ဒေသ၊ ဗီဇစရိုက်ညာဉ်၊ ပညာအဆင့်အတန်း၊ ပြင်ပစာပေ ဖတ်ရှုမှု စသည်တို့ မတူခြားနား ကွဲပြားကြပေသည်။ ထိုသို့ အစစအရာရာ ဆူကြုံနိမ့်မြင့် ကွာခြားသောကြောင့် လူတစ်ဦးနှင့်တစ်ဦး အတွေးအခေါ်ချင်း မတူ။ ကိုယ်ကျင့်တရားချင်း မတူ။ ကုသိုလ်၊ အကုသိုလ်အပေါ် ခံယူပုံချင်း၊ သဘောထားချင်းလည်း မတူ။

ကုသိုလ်ကောင်းမှုအပေါ် တန်ဖိုးထား မြတ်နိုးသူတွေရှိသလို တန်ဖိုးထားရကောင်းမှန်း မသိ၊ မြတ်နိုးရကောင်းမှန်း မသိသူတွေလည်း ရှိပါသည်။ ထို့အတူ မကောင်းမှု အကုသိုလ်ကို စက်ဆုပ်ရွံရှာစရာကောင်းမှန်း၊ ရှောင်ကြဉ်ရကောင်းမှန်း သိသူတွေရှိသလို မသိသူတွေလည်း ရှိပါသည်။ မကောင်းမှုကို ရှောင်ကြဉ်ရကောင်းမှန်းသိသော သူတွေထဲမှာပင် တစ်ဦးနှင့်တစ်ဦး သိပုံ သိနည်းချင်း မတူခြားနား ကွဲပြားကြပေသည်။

အထက်ပါ စတုက္ကနိပါတ်၊ ကေသိဝဂ်၊ နာဂသုတ်တွင် မြတ်စွာဘုရားက မကောင်းမှုပြုသောကြောင့် မကောင်းကျိုးခံစားရမှုကို ဆင်ခြင်မိပုံချင်း၊ မကောင်းမှု၏ ပြစ်ဒဏ်ကို ထိတ်လန့်မိပုံချင်း မတူ ခြားနားကွဲပြားသော ပုဂ္ဂိုလ် လေးမျိုးကို မြင်းလေးမျိုးနှင့် ပမာခိုင်းနှိုင်း၍ ဟောကြားတော်မူခဲ့ပါ၏။

ပထမအမျိုးအစားမှာ ဝေးကွာသောအရပ်မှ ဒုစရိုက်မှုပြုသူတို့သည် ထိုသူတို့၏ မကောင်းမှုကြောင့် ရာဇဝတ်မှုပြစ်ဒဏ် ကျခံရခြင်း၊ ရောဂါဝေဒနာဖြစ်ခြင်း၊ တိမ်းပါးကွယ်လွန်ခြင်း စသောသတင်းစကားကို ကြားမိရုံမျှဖြင့် မကောင်းမှု ပြုရမည်ကို ထိတ်လန့်စိုးရွံ့သွားတတ်၏။ ထိုသူတို့ကဲ့သို့

မကောင်းမှုမျိုး မပြုမိစေရန် ဆင်ခြင်မိသည်။ သတင်းစာ၊ ဂျာနယ်တို့တွင် ဖော်ပြပါရှိသော မှုခင်းသတင်းများကို ဖတ်ရှုပြီး သင်ခန်းစာယူသည်။ မှုခင်းသတင်းပါ အပြစ်ကျူးလွန်သူများကဲ့သို့ မိမိ မဖြစ်စေရဟုလည်း အလေးအနက် သန္နိဋ္ဌာန်ချကာ မကောင်းမှုကို ရှောင်ကြဉ်၏။ သူတစ်ပါးတို့ ရာသီဥတုနှင့် လိုက်လျောညီထွေ မနေခြင်း၊ မသင့်သော အစားအစာကို အလွန်အကြူး စားသောက်ခြင်းတို့ကြောင့် 'လေဖြတ်' သွားသည်ဟူသော သတင်းမျိုး ကြားသိရရုံမျှဖြင့် မိမိနှင့်မသင့်သော အစားအစာများကို မစားဘဲ ရှောင်ကြဉ်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေ နေခြင်းတို့ကို သတိထားဆောင်ရွက်သည်။ ထိုသူတို့သည် သတင်းစကားကြားရုံမျှဖြင့် သူတစ်ပါး၏ အမှားအပေါ်မှာ ကောင်းစွာ သင်ခန်းစာယူတတ်သူများပင် ဖြစ်ပါ၏။

ဒုတိယအမျိုးအစားမှာ သူတစ်ပါးတို့ မကောင်းမှု ကျူးလွန်ခြင်းကြောင့် ဆင်းရဲဒုက္ခရောက်ရပုံကို ကိုယ်တိုင်မြင်တွေ့မှသာလျှင် ဒုစရိုက်မှု၏ ဆိုးကျိုးကို အထိတ်တလန့် ဆင်ခြင်မိသောသူများ ဖြစ်ပါသည်။ ရုတ်တရက်ထွက်လာသော ဒေါသမထိန်းချုပ်နိုင်သောကြောင့် ရန်ပွဲဆင်နွှဲမိရာမှ ဒဏ်ရာဗရပွနှင့် ဆေးရုံရောက်သူကို ကိုယ်တိုင်မြင်ရသောအခါ ဒေါသနှင့် ကိုယ်ထိလက်ရောက် ထိုးပုတ်ရိုက်နှက်ခြင်း၏ အပြစ်ကို အထိတ်တလန့် ဆင်ခြင်မိသူတွေ ရှိပါသည်။ ထိုသူတို့သည်လည်း ကိုယ်တိုင်တွေ့မြင်မှုအပေါ် တည်မှီပြီး သူတစ်ပါး၏ အမှားအပေါ်မှာ ကောင်းစွာ သင်ခန်းစာယူတတ်သူများ ဖြစ်ပါ၏။

တတိယအမျိုးအစားမှာ မိသားစုထဲက ဆွေမျိုးရင်းချာတွေထဲက မကောင်းမှု ပြုလုပ်သောကြောင့် ဆင်းရဲဒုက္ခရောက်သည်ကို နီးနီးကပ်ကပ် တွေ့ကြုံသောအခါ မကောင်းမှုမှ မွေးဖွားလာသော ရလဒ်ဆိုးကို အထိတ်တလန့် သတိထင်ထင် ဆင်ခြင်မိသူများ ဖြစ်ပါ၏။ ထိုသူတို့သည်လည်း ရင်းရင်းနှီးနှီး နီးနီးကပ်ကပ်နေသူ၏ အဖြစ်ကို ကိုယ်တိုင်သိမြင်မှုအပေါ် တည်မှီပြီး သူတစ်ပါး၏ အမှားအပေါ် သင်ခန်းစာယူတတ်သူများ ဖြစ်ပါ၏။

စတုတ္ထအမျိုးအစားမှာမူ ကိုယ်တိုင် မကောင်းမှု ပြုမိသောကြောင့်လည်းကောင်း၊ မကောင်းသော အကျင့်ဆိုးရှိသောကြောင့်လည်းကောင်း အပြစ်ဒဏ်ခံရသောအခါ၊ အနာရောဂါရသောအခါ၊ ဆင်းရဲဒုက္ခရောက်သော

အခါမှ မကောင်းမှု၏ ဆိုးပြစ်များကို အလန့်တကြား ဆင်ခြင်မိသောသူများ ဖြစ်ပါ၏။ ထိုသူတို့သည် သူတစ်ပါး၏ အမှားအပေါ်မှာ သင်ခန်းစာ မယူတတ်ဘဲ မိမိကိုယ်တိုင် မှားယွင်းစွာ ပြုကျင့်မိသောကြောင့် ဆင်းရဲဒုက္ခခံရသောအခါမှ အကုသိုလ်၏အပြစ်ကို ဆင်ခြင်မိသူများ ဖြစ်ပါ၏။

အမှန်တော့ သူတစ်ပါး၏ အမှားအပေါ်မှာ သင်ခန်းစာယူတတ်ဖို့ လိုပါသည်။

▢

# ဆင်လေးမျိုး၊ လူလေးမျိုး

ဤလောက၌ ဆင်လေးမျိုး ရှိ၏။ လူလည်း လေးမျိုး ရှိလေ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ ပထမဆင်သည် ယခင် ပြုလုပ်ခဲ့ဖူးသည်ဖြစ်စေ၊ မပြုလုပ်ခဲ့ဖူးသည်ဖြစ်စေ ဆင်ထိန်းက ခိုင်းစေသော အလုပ်ကို ကောင်းစွာ ပြုလုပ်၏။ ရှိသေလေးစားစွာ နားထောင်၍ ထက်သန်စွာ လုပ်ဆောင်၏။

ဒုတိယဆင်သည် စစ်မြေပြင်အရပ်၌ တခြားဆင်ကို သတ်တတ်၏။ ဆင်စီးသူရဲကိုလည်း သတ်တတ်၏။ မြင်းကိုလည်းကောင်း၊ မြင်းစီးသူရဲကိုလည်းကောင်း သတ်တတ်၏။ ခြေလျင်သူရဲကိုလည်း သတ်ဖြတ်တတ်၏။ ရထားတို့ကိုလည်း ဖျက်ဆီးပစ်တတ်၏။

တတိယဆင်သည်ကား စစ်မြေပြင်အရပ်၌ လှံဖြင့် ထိုးခြင်းကို သည်းခံနိုင်၏။ ပုဆိန်ဖြင့် ပေါက်ခြင်း၊ မြားဖြင့် ပစ်ခြင်းကိုလည်း သည်းခံနိုင်စွမ်းရှိ၏။ စည်ကြီးသံ၊ ခရုသင်း တံပိုးမှုတ်သံ၊ ပုံတင်သံတို့ကိုလည်း သည်းခံနိုင်စွမ်းရှိ၏။

စတုတ္ထဆင်သည် ရှေးက ရောက်ခဲ့ဖူးသည်ဖြစ်စေ၊ မရောက်ခဲ့ဖူးသည်ဖြစ်စေ ဆင်ထိန်းက စေလွှတ်သော အရပ်သို့ လျင်မြန်စွာ သွားတတ်၏။

ဤသို့လျှင် နာယူတတ်သောဆင်၊ သတ်ဖြတ်တတ်သောဆင်၊ သည်းခံတတ်သောဆင်၊ သွားတတ်သောဆင်ဟူ၍ လေးမျိုးရှိပေ၏။

ထိုနည်းတူစွာပင် ပုဂ္ဂိုလ်လေးမျိုးတို့ကား နာယူတတ်သူ၊ သတ်ဖြတ်တတ်သူ၊ သည်းခံတတ်သူ၊ သွားတတ်သူဟူ၍ လေးမျိုးတို့ပေတည်း။

မြတ်စွာဘုရားစသော ပညာရှိသူတော်ကောင်းတို့ကို ကောင်းမြတ်

သော တရားလမ်းဖြင့် ညွှန်ပြပြောကြားသည်ကို ရိုသေလေးစား နှလုံးထား၍ စိတ်အားထက်သန်စွာဖြင့် နာယူလက်ခံသူသည် နာယူတတ်သူ မည်၏။

သတ်ဖြတ်တတ်သူ ဟူသည်ကား မကောင်းမှု အကုသိုလ်တရား ယုတ်တို့ ဖြစ်ပေါ်ခြင်းကို လက်မခံဘဲ တွန်းလှန်ပယ်ဖျက်သော ပုဂ္ဂိုလ် ဖြစ်၏။

သည်းခံတတ်သူ ဟူသည်ကား အစားဆင်းရဲခြင်း၊ အနေဆင်းရဲ ခြင်း၊ အဝတ်ဆင်းရဲခြင်းနှင့် အပူအအေးစသော အတွေ့အထိဒဏ်ကို ခံနိုင်စွမ်း ရှိလျက် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း စသည်တို့ကိုလည်း မတုန်မလှုပ် ခံနိုင်စွမ်းရှိသော ပုဂ္ဂိုလ်ဖြစ်၏။

သွားတတ်သူ ဟူသည်ကား အကြင်ပုဂ္ဂိုလ်သည် ဆင်းရဲခြင်းကင်း ရာ ချမ်းသာသောအဖြစ်သို့ မရောက်ဖူးသေးသော်လည်း လောဘ၊ ဒေါသ စသော ကိလေသာ လမ်းအရှုပ်တို့ကို ပယ်စွန့်ကျော်လွှား၍ သာယာချမ်းမြေ့ သည့် ဘဝစခန်းသို့ ရောက်ရှိနိုင်၏။ ထိုသူသည် သွားတတ်သူပေတည်း။

**(စတုက္ကနိပါတ်၊ ကေသိဝဂ်၊ နာဂသုတ်)**

**[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၂၀၀/၂၁၁]**

အထက်ပါ အဆုံးအမတော်တွင် မြတ်စွာဘုရားက ဆင်လေးမျိုးနှင့် ဥပမာပေး၍ ပုဂ္ဂိုလ်လေးမျိုးအကြောင်း ဟောကြားတော်မူခဲ့ပါသည်။ ထို ပုဂ္ဂိုလ်လေးမျိုးအနက် ပထမအမျိုးအစား ပုဂ္ဂိုလ်မှာ မြတ်စွာဘုရား အစရှိသော သူတော်ကောင်းတို့၏ အဆုံးအမကို နာယူလိုက်နာ ကျင့်သုံးတတ်သော ပုဂ္ဂိုလ် ဖြစ်ပါ၏။

ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်သူများ ဖြစ် ပါသည်။ မြတ်ဗုဒ္ဓကို ကိုးကွယ်သည် ဆိုရာတွင် ရှိခိုးဝတ်ပြု ဆုတောင်းနေရုံ မျှဖြင့်၊ ဂုဏ်တော်များကို ရွတ်ဆိုပွားများနေရုံမျှဖြင့် မလုံလောက်ပါချေ။ ပထမဦးစွာ မြတ်စွာဘုရား၏ အဆုံးအမ ဓမ္မ ဒေသနာတော်များကို သိအောင် လေ့လာရပေမည်။ ပြီးသော် သိသည်နှင့်အမျှ လက်တွေ့လူမှုဘဝတွင် မြတ်စွာဘုရား၏ အဆုံးအမတော်များကို စွမ်းနိုင်သမျှ လိုက်နာကျင့်ကြံဖို့ လိုပါသည်။ မြတ်စွာဘုရား၏ အဆုံးအမကို စွမ်းနိုင်သမျှ လိုက်နာကျင့်ကြံ မှသာ မြတ်ဗုဒ္ဓကို ကိုးကွယ်ရကျိုးနပ်ပါလိမ့်မည်။ ဗုဒ္ဓဘာသာဝင်တို့အနေ

ဖြင့် ရတနာသုံးပါး၏ အဆုံးအမကိုသာမက အမိ အဘ၊ ဆရာသမား၊ အကြီးအကဲတို့၏ မေတ္တာဖြင့် ဆုံးမမှုကို နာခံမှတ်သားဖို့ လိုပါသည်။

ဓမ္မဒူတအရှင်ပညာဇောတ ဆရာတော်ကြီးက –

"အဆုံးအမ ဩဝါဒဆိုတာ နာခံသူက တကယ်လိုက်နာရင် တစ်သုတ်၊ တစ်ပိုဒ်၊ တစ်ခွန်းကလေး ဖြစ်ပါစေ တကယ်အကျိုးရှိတယ်။ တန်ဖိုးလည်း ကြီးတယ်။ ကိုယ်နဲ့သင့်တော်တဲ့ ကျင့်လည်း ကျင့်နိုင်တဲ့ အဆုံးအမကို တစ်သက်လုံး၊ တစ်သံသရာလုံးအတွက် ယူတတ်ပါစေ" ဟူ၍ အဆုံးအမ ဩဝါဒ၏ တန်ဖိုးကြီးမားမှုကို ထုတ်ဖော်ဟောကြားတော်မူခဲ့ပါသည်။

ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီးကလည်း "တပည့်သားမြေးဆိုတာဟာ လိမ္မာကျွမ်းကျင်တဲ့ ဆရာသမားကောင်း၊ မိဘဘိုးဘွားကောင်းတွေရဲ့ ဆုံးမဩဝါဒကို နာခံမှတ်သား လိုက်နာကြမှသာ နောင်တစ်ချိန်မှာ လောကရေး၊ ဓမ္မရေးတွေနဲ့စပ်ပြီးတော့ လိမ္မာကျွမ်းကျင်တဲ့ လူတော်လူကောင်းလေးတွေ ဖြစ်လာနိုင်တယ်" ဟု ဩဝါဒပေးတော်မူခဲ့ပါသည်။

အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက –

"လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ အရေးမှာ ကောင်းကောင်းနေတတ်ဖို့၊ ကောင်းကောင်းပြောဆို ဆက်ဆံတတ်ဖို့၊ မိဘ ဆရာသမား လူကြီးသူမတို့ရဲ့ ဆုံးမစကားကို ကောင်းကောင်းနားထောင်တတ်ဖို့ အရေးကြီးပါတယ်" ဟူ၍ လူတော်လူကောင်း ဖြစ်ချင်လျှင် မိဘ၊ ဆရာသမားတို့၏ ဆုံးမမှုကို နာခံမှတ်သားဖို့လိုကြောင်း မိန့်တော်မူခဲ့ပါ၏။

မာန်လည်ဆရာတော်ကြီးကလည်း –

"သူတော်သူစင် ပညာရှင်တို့ မိန့်ကျင်စကား တစ်ခွန်းကြားက ပတ္တမြား ဆန်ကျိုး၊ အဖိုးပြည်တန်၊ ဇေန်မုချ၊ တစ်လုံးရသို့၊ နဠဖိုးမွန်၊ ကျိုးကဲလွန်၏ဟု (မဃဒေဝ) တွင် စပ်ဆိုရေးဖွဲ့တော်မူခဲ့ပါသည်။

ရတနာသုံးပါး၏ ဩဝါဒ၊ မိဘ ဆရာသမား အကြီးအကဲတို့၏ အဆုံးအမကို လေးစားလိုက်နာသူတွေလည်း ရှိပါသည်။ လေးစားလိုက်နာမှု မပြုသူတွေလည်း ရှိပါသည်။ အမိ၊ အဘ၊ ဆရာသမားတို့၏ မေတ္တာအရင်းခံဖြင့် ဆိုဆုံးမမှုအပေါ် နာခံကျင့်ကြံသော လူငယ်လူရွယ်များ၏ အနာဂတ်သည် လှပသာယာသွားသည်ချည်း ဖြစ်ပါ၏။ ကြိုးစားအားထုတ်

မှုတိုင်းတွင် အောင်ပန်းအလီလီ ဆွတ်ခူးကာ ဘဝအခြေမြင့် အနေတင့်သွားသည်ချည်း ဖြစ်ပါ၏။

ဒုတိယအမျိုးအစား ပုဂ္ဂိုလ်မှာ အကုသိုလ် မကောင်းမှုတို့ ဖြစ်ပေါ်ခြင်းကို တွန်းလှန်ပယ်သတ်သော ပုဂ္ဂိုလ် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ အဆုံးမတော်မှာ (၁) မကောင်းမှုဟူသမျှ မပြုခြင်း၊ (၂) ကောင်းမှုဟူသမျှနှင့် ပြည့်စုံစေခြင်း၊ (၃) စိတ်ကို ဖြူစင်အောင် ထားခြင်းတို့ ဖြစ်ပါသည်။ မကောင်းမှုဟူသည် မိမိနှင့် သူတစ်ပါး အကျိုးစီးပွားကို ထိခိုက်ဆုတ်ယုတ်စေသော အရာ ဖြစ်ပါ၏။ မိမိ၏အကျိုး၊ သူတစ်ပါး၏အကျိုးကို ထိခိုက်ပျက်စီးစေသော အရာမှန်သမျှ မကောင်းမှုချည်း ဖြစ်ပါသည်။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်း၊ မုသားစကားဆိုခြင်း၊ လိမ်ညာပြောဆိုခြင်း၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း၊ သူတစ်ပါးအကျိုး ပျက်စီးအောင် ကြံဆောင်ပြုလုပ်ခြင်း၊ မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာခြင်းတို့မှန်သမျှ မကောင်းမှုချည်းသာ ဖြစ်ပါ၏။

မကောင်းမှုပြုလုပ်လျှင် မကောင်းကျိုးတွေ ရရှိခံစားရမည်မှာ ရာနှုန်းပြည့် သေချာရေရာပါ၏။ ထို့ကြောင့် မကောင်းကျိုးတွေ မဖြစ်ပေါ် မခံစားရလိုသော် မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်း ဖြစ်ပါ၏။ မကောင်းမှုကို မကောင်းမှုမှန်း သိရမည်။ သိလျှင် သိသည်နှင့်အမျှ ရှောင်ကြဉ်နိုင်ရပေမည်။ ရတနာသုံးပါး၊ မိဘ ဆရာသမားတို့၏ အဆုံးမကို ခံယူလိုက်နာပြီး မကောင်းသော အကျင့်စရိုက်တို့ကို ကြိုတင်ရှောင်ကြဉ်နိုင်ရမည်။ အကယ်တန္တု အခြေအနေအရ မကောင်းသော အာရုံဆွဲဆောင်မှုနှင့် အနီးကပ်တွေ့ကြုံရလျှင်လည်း မကောင်းမှုကို ရှောင်ကြဉ်နိုင်ရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ကြံ့ကြံ့ခံ တွန်းလှန်ရှောင်ရှားနိုင်ရပေမည်။ အကုသိုလ်အလုပ်ကို ပြုချင်ပေမည့် မလုပ်ဘဲ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီးက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

“ကုသိုလ်အလုပ်ဆိုတာ ဘယ်သူမဆို လုပ်ရမှာ ပျင်းကြတယ်။ မလုပ်ချင်ပေမယ့် ပေပြီး လုပ်ရတယ်။ အကုသိုလ်အလုပ်ကျတော့ ဘယ်သူမဆို မတိုက်တွန်းရဘူး။ လုပ်ချင်နေကြတယ်။ အကုသိုလ်အလုပ်ဆိုတာ

လုပ်ချင်ပေမယ့် ပေပြီး မလုပ်ဘဲ ရှောင်နေရမယ်"

တတိယအမျိုးအစားပုဂ္ဂိုလ်မှာ အဆိုးလောကဓံတရားတို့အပေါ် တည်တည်ငြိမ်ငြိမ် သည်းခံရင်ဆိုင်နိုင်စွမ်းရှိသော ပုဂ္ဂိုလ် ဖြစ်ပါ၏။ ပုထုဇဉ် မှန်သမျှ လောကဓံစက်ကွင်းမှ မလွတ်ကင်းနိုင်ပါ။ အကောင်းလောကဓံ တရားတို့နှင့် တွေ့ကြုံရသည့်အခါရှိသလို အဆိုးလောကဓံတရားတို့နှင့် လည်း တွေ့ကြုံနိုင်ပါသည်။ ထိုအခါ အဆိုးလောကဓံ၏ဒဏ်ကို မတုန် မလှုပ်ခံနိုင်အောင် စွမ်းနိုင်သမျှ ကြိုးစားသင့်ပါသည်။ ပုထုဇဉ်ဖြစ်သော ကြောင့် အဆိုးလောကဓံနှင့် တွေ့သောအခါ မနှစ်မြို့၊ မလိုလားသော်လည်း ပြင်းပြင်းထန်ထန် ပေါက်ကွဲပွင့်အန်ခြင်း၊ ပြင်းပြင်းထန်ထန် စိတ်ထိခိုက် ညှိုးနွမ်းခြင်းတို့ မဖြစ်သင့်ပါ။

မနှစ်သက်ဖွယ် အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲ စသည် တို့နှင့် ကြုံတွေ့ရခြင်း၊ မိမိ၏ဂုဏ်သိက္ခာကို ညှိုးမှိန်စေရန် သူတစ်ပါးတို့က စွပ်စွဲပြောဆိုခြင်းတို့နှင့် ကြုံတွေ့ရခြင်းကြောင့် စိတ်ဆိုးစိတ်ပျက် ဒေါသ မထွက်အောင် သတိဖြင့် ဆင်ခြင်ထိန်းချုပ်သင့်ပါသည်။ ကမ္ဘာကျော် အမေ ရိကန် ကဗျာဆရာ "ရပ်ဆယ်လ်လိုဝဲလ်" က –

"ခံနိုင်ရည်ရှိခြင်းက ထိပ်တန်းအရည်အချင်းကောင်းဖြစ်ပြီး သည်းခံ ခြင်းဟာ မြင့်မြတ်တဲ့ နှလုံးသားက လာတဲ့ ဆန္ဒဖြစ်တယ်"ဟု ရေးသားခဲ့ဖူး ပါသည်။

စတုတ္ထအမျိုးအစားပုဂ္ဂိုလ်မှာ သံသရာဝဋ်ဆင်းရဲ သမုဒ္ဒရာကြီးကို အောင်မြင်စွာ ကျော်ဖြတ်၍ နိဗ္ဗာန်သို့ ရောက်ရှိသွားသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတွေ ထွေးလုံးရစ်ပတ် ငြိတွယ် နေသော သံသရာဝဲဂယက်အတွင်းမှ ရုန်းမထွက်နိုင် ဖြစ်နေကြပါသည်။ ကိလေသာ အနှောင်အဖွဲ့အားလုံးကို လက်လွှတ်စွန့်လွှတ်နိုင်သူမှာ ဗုဒ္ဓ ဘာသာ၏ အမြင့်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ပါသည်။

နိဗ္ဗာန်ကို မျက်မှောက်မပြုရသေးမီ ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား အစရှိသော ပညာရှိ သူတော်ကောင်းတို့၏ အဆုံးအမကို ခံယူတတ်ခြင်း၊ မကောင်းမှုဒုစရိုက်များကို ရှောင်ကြဉ်နိုင်ခြင်း၊ ကံမကောင်း အကြောင်းမလှ စွာ အဆိုးလောကဓံနှင့်တွေ့စဉ် ခံနိုင်ရည်ရှိခြင်းဟူသော အထက်တန်းကျ

သော အရည်အချင်းကောင်းများကို ရရှိပိုင်ဆိုင်အောင် ကြိုးစားအားထုတ်သင့်ပါသည်။

❒

# အကြောင်းရှိရာ အကျိုးလာ၏

သစ်ပင်ရိပ်၌ ယောက်ျားတစ်ယောက် ထိုင်နေ၏။ ထိုသူ၏မျက်စိများသည် ကောင်းစွာကြည်လင်၍ စိတ်အာရုံလည်း မှန်ကန်တည့်မတ်သောကြောင့် ကောင်းစွာမြင်နိုင်သူ ဖြစ်လေသည်။ ထိုယောက်ျားသည် တခြားလူလေးယောက်တို့ လာနေသည်ကို ထင်ထင်ရှားရှားပင် မြင်ရလေသည်။

ပထမလူသည် အစာရေစာ ပြတ်လပ်ခဲ့သူ ဖြစ်၏။ ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ခြေ လက်ကို ကောင်းစွာ မသယ်နိုင်ပေ။ ထိုသူသည် တစ်ခုတည်းသော လမ်းကြောင်းဖြင့် မစင်တွင်းကြီးဆီသို့ လျှောက်သွားနေ၏။ မစင်တွင်းကြီးသည် ကျယ်လည်း ကျယ်၏။ နက်လည်း နက်၏။ မစင်တွင်းကြီးဆီသို့သာလျှင် တိုး၍တိုး၍ လှမ်းသွားနေသော ထိုသူသည် မစင်တွင်းကြီးထဲသို့ ကျပြီး မစင်များ နစ်မွန်းကာ သေဆုံးသွားလေသတည်း။

ဒုတိယလူသည် ဆာလောင်မွတ်သိပ်၍ ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ ထိုသူကား သစ်ပင်တစ်ပင်ဆီသို့ တစ်ခုတည်းသော လမ်းကြောင်းဖြင့် လှမ်းသွားနေ၏။ ထိုသူ လှမ်းသွားနေသော သစ်ပင်မှာ အခက်အလက် ကောင်းစွာမရှိပေ။ အရိပ်ကျဲကျဲမျှသာ ရှိ၏။ မကြာမီ ထိုသူသည် အရိပ်ကျဲကျဲမျှသာရှိသော သစ်ပင်အောက်သို့ ရောက်သွားကာ မချမ်းမသာ ထိုင်နေလေသည်။

တတိယလူသည်လည်း ဆာလောင်မွတ်သိပ်လျက် ပင်ပန်းနွမ်းနယ်စွာ လျှောက်သွားနေ၏။ တစ်ခုတည်းသော လမ်းကြောင်းဖြင့် သစ်ပင်တစ်ပင်ဆီသို့ ရှေးရှုလှမ်းသွားနေ၏။ ထိုသစ်ပင်မှာမူ အခက်အလက် ဝေဆာလျက်ရှိလေသည်။ မကြာမီပင် ထိုသူသည် သစ်ပင်ရိပ်သို့ ရောက်ကာ အပန်းဖြေ အနားယူလျက်ရှိ၏။ ကျေနပ်နှစ်သက်၍လည်း နေ၏။

စတုတ္ထလူသည်လည်း ဆာလောင်မွတ်သိပ်လျက် ပင်ပန်းနွမ်းနယ်စွာ လျှောက်သွားနေ၏။ တစ်ခုတည်းသော လမ်းကြောင်းဖြင့် သစ်ပင်ကြီးတစ်ပင်ဆီသို့ တိုး၍တိုး၍ လျှောက်သွားနေ၏။ ထိုသစ်ပင်ကြီးသည်ကား အခက်အလက် ဝေဆာလျက် အလွန်အရိပ်ကောင်းသည့်အပြင် အနီး၌လည်း ကြည်လင်အေးမြသော ရေကန် ရှိနေလေ၏။ ထိုစတုတ္ထလူသည် ရေကန်မှ ရေကိုသောက်၍ ပင်ပန်းနွမ်းနယ်မှုကို ငြိမ်းအေးစေ၏။ ထို့နောက် သစ်ပင်ရိပ်၌ အိပ်စက်လျက် ကောင်းစွာ အနားယူလေသည်။

သစ်ပင်ရိပ်၌ ထိုင်လျက် ကြည့်နေသော ယောကျ်ားသည် ထိုခရီးသည် လေးယောက်တို့၏ ဖြစ်ပျက်ခြင်းရာ အားလုံးကို ကောင်းစွာ မြင်နိုင်သိနိုင်သည်သာ ဖြစ်၏။

ဤလောက၌ ပုဂ္ဂိုလ်အသီးသီးသည် အမှုကိစ္စအမျိုးမျိုးတို့ကို လုပ်ဆောင်၍ နေကြသည်။ ပြုမူကျင့်သုံး၍ နေကြသည်။ ယင်းသို့ရှိရာ၌ မိမိတို့၏ ပြုလုပ်ချက် အတိုင်းသာလျှင် အကျိုးဖြစ်ပေါ်လာမြဲ ဖြစ်၏။ ပြုလုပ်ချက်သည် အကြောင်း၊ ဖြစ်ပေါ်လာချက်သည် အကျိုး။

အကြောင်းအားလျော်စွာ အကျိုးဖြစ်ပေါ်လာစမြဲ။ ပြုလုပ်ချက် အကြောင်းသည် မှန်သလား၊ မှားသလား၊ မည်မျှလောက် မှန်သနည်း၊ မည်မျှလောက် မှားသနည်းဟူ၍ သုံးသပ်ရှုမြင်တတ်လျှင် ဖြစ်ပေါ်လာမည့် အကျိုးကို သိနိုင်ပေ၏။ ထိုအကျိုးသည် အကောင်းဖြစ်မည်လား၊ အဆိုးဖြစ်မည်လား၊ မည်မျှကောင်းမည်နည်း၊ မည်မျှဆိုးမည်နည်းဟူ၍ သိနိုင်သည်သာ ဖြစ်၏။

**(မူလပဏ္ဏာသ ပါဠိတော်၊ သီဟနာဒဝဂ်၊ မဟာသီဟနာဒသုတ်)**

**[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၅၇/၅၈]**

အထက်ပါအဆုံးအမတော်တွင် ဖော်ပြပါရှိသော လူလေးဦးမှာ ဆာလောင်မွတ်သိပ်မှု၊ ပင်ပန်းနွမ်းနယ်မှုချင်း တူညီကြ၏။ သို့တစေ ဦးတည်လျှောက်လှမ်းရာ ပန်းတိုင်ချင်းမှာမူ မတူညီကြပေ။ ထိုသို့ပြုမူဆောင်ရွက်မှုချင်း မတူညီသောကြောင့် အကျိုးပေးပုံချင်းလည်း ဆူကြံနိမ့်မြင့် ကွဲပြားခြားနားသွားပေတော့သည်။ အမှန်စင်စစ် မြတ်စွာဘုရားသည် လူတစ်ဦးနှင့်တစ်ဦး ကံချင်းမတူသောကြောင့် အကျိုးပေးပုံချင်း မတူညီကြောင်းကို ခရီးသည်

လေးဦးနှင့် ဥပမာပေး၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

တချို့သူတို့သည် ပညာဉာဏ်နှင့် ဆင်ခြင်တုံတရား နည်းပါး၏။ ဗုဒ္ဓ ဓမ္မစာပေများကို ဖတ်ရှုလေ့လာရကောင်းမှန်း မသိ။ မကောင်းမှု ဒုစရိုက်တို့၌ ပျော်မွေ့လျက်ရှိ၏။ ထိုသူတို့သည် ကာယကံလည်း မကောင်း၊ ဝစီကံလည်း မကောင်း၊ မနောကံလည်း မကောင်း၊ မိမိပြုနေသော ကံသုံးပါးသည် ဒုစရိုက်များ ဖြစ်နေပါကလားဟူ၍လည်း သတိထင်ထင် ဆင်ခြင်ခြင်းမရှိ။ ထိုသူတို့၏ နှလုံးသား၌ ကိုယ်ချင်းစာစိတ်ဟူ၍ လုံးဝမရှိ။ မိမိတို့အကျိုးစီးပွားအတွက်ဆိုလျှင် 'မည်သူသေသေ ငတမာပြီးရော' ထုံး နှလုံးမူ၏။ လူနှင့် သတ္တဝါတို့၏ ခန္ဓာနှင့်အသက်ကို ထိခိုက်စေ ကျေပျက်စေသော မိစ္ဆာအာဇီဝမှုများနှင့် စီးပွားရှာ၏။ ဘဝတစ်လျှောက်လုံး မကောင်းမှုတွေကို ဆက်ကာဆက်ကာ ကျူးလွန်ပြုလုပ်၏။ ထိုကံတွေကြောင့် ထိုသူတို့သည် ပစ္စုပ္ပန်တွင်လည်း ဘေးဒုက္ခမျိုးစုံ တွေ့ကြုံရ၏။ နောင်တမလွန်တွင်လည်း ကောင်းရာသုဂတိသို့ မရောက်နိုင်တော့ပေ။ မစင်တွင်းထဲသို့ ကျသည့်သူပမာ ထိုသူတို့သည်လည်း ငရဲ၊ တိရစ္ဆာန်စသော ဒုဂ္ဂတိဘုံသို့ သက်လျှောကျရောက်မည်မှာ အသေအချာပင်။

တချို့သူတို့ကမူ မကောင်းမှုဒုစရိုက်မှုများ၌ မပျော်မွေ့ပါ။ စွမ်းနိုင်သမျှ မကောင်းမှုတို့ကို ရှောင်ကြဉ်လေ့ရှိ၏။ သူတစ်ပါးတို့ ဆင်းရဲဒုက္ခရောက်စေရန် ကြံဆောင်အားထုတ်ခြင်းလည်း မရှိ။ လူနှင့် သတ္တဝါတို့၏ အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးစေမည့် မိစ္ဆာအာဇီဝမှုဖြင့်လည်း အသက်မွေး စီးပွားရှာမှုတို့လည်း မပြုလုပ်။ သို့တစေ သူသည် ကုသိုလ် ကောင်းမှုများကိုလည်း ပြုလုပ်လေ့ မရှိ။ စွန့်လွှတ်လှူဒါန်းလိုသော သဒ္ဓါတရားလည်း ခေါင်းပါးလွန်းသူ ဖြစ်၏။ ဘာသာ သာသနာစိတ်လည်း မရှိ၊ ဘာသာ သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ငွေအား လူအားဖြင့် ဆောင်ရွက်ပေးခြင်းလည်း အလျှင်းမရှိ။ ထိုသူသည် အရိပ်ကျဲကျဲမျှသာ ရှိသော သစ်ပင်သို့ ရှေးရှုလျှောက်လှမ်းသူနှင့် ပမာတူပါ၏။ သူသည် ဒုစရိုက်မှု ပြုလုပ်သူများကဲ့သို့ ဆင်းရဲဒုက္ခရောက်ခြင်း မရှိ။ သို့သော် ကုသိုလ်ကောင်းမှု နည်းပါးလွန်းသောကြောင့် သူ့ဘဝဝယ် ပြည့်ပြည့်စုံစုံ ဖူဖူလုံလုံ မနေရ။ နွမ်းနွမ်းပါးပါး၊ ချို့ချို့ငဲ့ငဲ့သာ နေရရှာလေသည်။

တချို့သူတို့ကမူ ဘုရားရှင်၏ အဆုံးအမတော်အတိုင်း မကောင်းမှုကို စွမ်းနိုင်သမျှ ရှောင်ကြဉ်လေ့ရှိ၏။ ကောင်းမှုကို စွမ်းနိုင်သမျှ ပြုလုပ်၏။ ထိုသူတို့သည် သူတစ်ပါးအသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ဖျက်ဆီးခြင်း၊ လိမ်ညာပြောဆိုခြင်း စသော အကုသိုလ်မှုများကို မပြုလုပ်၊ မစင်ကြယ်သော အသက်မွေးမှုဖြင့်လည်း စီးပွားမရှာ။ သူတစ်ပါးတို့ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းကိုလည်း ကြံဆောင်ပြုလုပ်ခြင်း အလျှင်းမရှိ၊ ဘာသာ သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ငွေကြေးဥစ္စာအားဖြင့်လည်း လှူဒါန်းထောက်ပံ့၏။ ကာယစွမ်းအား၊ ဉာဏစွမ်းအားတို့ဖြင့်လည်း အစွမ်းရှိသမျှ ဆောင်ရွက်၏။ ထို့ပြင် သူတို့၏ နှလုံးသား၌ ပရဟိတစေတနာ ကိန်း၏။ တခြားလူသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဝန်ဆောင်လုပ်ငန်းများတွင်လည်း အားတက်သရော ပါဝင်ဆောင်ရွက်၏။ ဝိုင်းဝန်းကူညီ ထောက်ပံ့၏။ ဘုရားရှင်၏ အဆုံးအမတော်အတိုင်း ကောင်းမှုများကို စွမ်းအားရှိသမျှ ဆောင်ရွက်သည်။ ထိုသူသည် အခက်အလက် ဝေဆာသော သစ်ပင်သို့ ရေးရှုလျှောက်လှမ်းနေသူနှင့် ပမာတူပါသည်။ သူ့ဘဝဝယ် မပူမပင် မကြောင့်မကြ စိတ်အေးချမ်းသာစွာ နေနိုင်၏။

တချို့သူတို့သည် မကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်၏။ ကုသိုလ်ကောင်းမှုတို့ကို စွမ်းအားရှိသမျှ ဆောင်ရွက်၏။ ထို့ပြင် စိတ်ကိုလည်း ကိလေသာ အညစ်အကြေးတို့ ကင်းစင်အောင် ကျင့်ကြံအားထုတ်၏။ ဒါနကောင်းမှုပြုရုံ၊ သီလနှင့်ပြည့်စုံရုံမျှ မဟုတ်မူလျက် ဝိပဿနာ ဘာဝနာ ပွားများအားထုတ်၏။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းစွာ အသက်မွေးမှုပြု၏။ ဘာသာသာသနာ တိုးတက် ကြီးပွားစေရန်အတွက်လည်း စွမ်းအားရှိသမျှ ဆောင်ရွက်၏။ ထို့ပြင် သံသရာဝဋ်ဆင်းရဲကြီးမှ လွတ်မြောက်ရန်အလို့ငှာလည်း သီလ၊ သမာဓိ၊ ပညာကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ် အားထုတ်သည်။ ထိုသူတို့သည် ကြည်လင်အေးမြသော ရေကန်အနီးရှိ အခက်အလက် ဝေဆာသော သစ်ပင်ကြီးသို့ ရေးရှုလျှောက်လှမ်းနေသော စတုတ္ထလူနှင့် ပမာတူပါသည်။ ထိုစတုတ္ထလူသည် ရေကန်မှရေကို သောက်၍ သစ်ပင်ရိပ်၌ ကောင်းစွာ အိပ်စက် အနားယူသကဲ့သို့ သီလ၊ သမာဓိ၊ ပညာကျင့်စဉ်ကို

ကျင့်သော ပုဂ္ဂိုလ်မြတ်သည်လည်း သံသရာဝဋ္ဋဆင်းရဲကြီးမှ အပြီးတိုင် လွတ်မြောက်၍ သန္တိသုခ အမြိုက်ချမ်းသာကို ခံစားရပေလိမ့်မည်။

လောကဌ် မည်သည့်အရာမျှ အကြောင်းမဲ့ဖြစ်ပေါ်နေခြင်းဟူ၍ မရှိပါ။ အကျင့်ကြောင့် အကြောင်းဖြစ်သည်။ အကြောင်းကြောင့် အကျိုးတရား ဖြစ်ပေါ်လာရခြင်း ဖြစ်ပါ၏။ ထို့ကြောင့်လည်း ကျေးဇူးရှင် မှာန်လည်ဆရာတော်ကြီးက "အကြောင်းရှိရာ အကျိုးလာ၏" ဟူ၍ မဃဒေဝတွင် ရေးဖွဲ့စပ်ဆိုတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ကောင်းတာကြံစည်လျှင်၊ ကောင်းတာ ပြောဆိုလျှင်၊ ကောင်းတာတွေကို လုပ်ကိုင်ဆောင်ရွက်လျှင် ကောင်းကျိုးတွေ ရရှိလာမည်။ ကောင်းတာတွေ ဖြစ်လာမည်။ မကောင်းတာ ကြံစည်လျှင်၊ မကောင်းတာ ပြောဆိုလျှင်၊ မကောင်းတာတွေ လုပ်ကိုင်ဆောင်ရွက်လျှင် မကောင်းကျိုးတွေ ရရှိလာမည်။ မိမိပြုသော ကံအမှုအားလျော်စွာ အကျိုးပေးမည်သာ ဖြစ်ပါသည်။ မိမိစိုက်သော အပင်၏ အသီးကိုသာ မိမိဆွတ်ခူးရရှိပေလိမ့်မည်။ ညြှဖာသီးလိုချင်လျှင် ညြှဖာပင်စိုက်ရမည်။ တမာပင်စိုက်ပြီး ညြှဖာသီး လိုချင်၍ မရနိုင်ပေ။

တချို့က ဘဝဝယ် မလိုလားအပ်သည်တို့ ဖြစ်လာသောအခါ မိမိ၏ ကံ ဉာဏ် ဝီရိယ အားနည်းချို့ယွင်းမှုကို ဝန်မခံ။ "ဒီလိုပါပဲ။ ပျက်ချိန်တန်ရင် ပျက်လာတာပဲ" ဟု ဆင်ခြေပေးတတ်ကြသည်။ ပျက်ချိန်တန်လျှင်ဆိုတာ ဘာကို ဆိုလိုတာလဲဟု ပြန်မေးသောအခါတွင်မူ ရေရေရာရာ မဖြေတတ်တော့ပေ။ အမှန်တော့ ကျန်းမာရေး ချို့ယွင်းသည်ဖြစ်စေ၊ စီးပွားရေး ဆုတ်ယုတ်သည်ဖြစ်စေ၊ အမည်ဂုဏ်သတင်း ကျဆင်းသည်ဖြစ်စေ ထိုအရာတို့မှာ အကြောင်းမဲ့ ဖြစ်လာသည် မဟုတ်ပါ။ မိမိ၏နှလုံးသားထဲက စေတနာ၊ ကိုယ်ကာယထဲမှ လုံ့လဝီရိယ၊ ဦးနှောက်ထဲမှ ဉာဏ်တို့ အားနည်းချို့ယွင်းခဲ့သောကြောင့်သာ ဖြစ်ရသည်ဟူသော အမှန်တရားကို သိမြင်လက်ခံဖို့ လိုပါသည်။

သို့ဖြစ်၍ မနောကံမှုဖြစ်စေ၊ ဝစီကံမှုဖြစ်စေ၊ ကာယကံမှုဖြစ်စေ ဆောင်ရွက်တော့မည်ဆိုလျှင် မဆောင်ရွက်မီ "ကုသိုလ်မှုလား"၊ "အကုသိုလ်မှုလား"၊ "ကောင်းကျိုးပေးမည်လား"၊ "ဆိုးကျိုးပေးမည်လား" ဟူ၍ သတိဖြင့် စောင့်ကြည့်လျက် ပညာဉာဏ်ဖြင့် ချင့်ချိန်ပြီး ကြံစည်သင့်မှ ကြံစည်

မည်၊ ပြောသင့်မှ ပြောမည်၊ ပြုလုပ်သင့်မှ ပြုလုပ်မည်ဆိုလျှင် ဘဝတွင် အဆိုးတရားတို့ နည်းပါးလာပြီး ကောင်းခြင်းမင်္ဂလာတွေ ဝေဖြာလာပါလိမ့်မည်။

□

## ဧည့်သည်ကောင်းနှင့် ဧည့်သည်ဆိုး

သောက်ရေခွက်ထဲတွင် ဆားတစ်ဇွန်းမျှထည့်၍ သောက်သော် ငန်လွန်းသဖြင့် သောက်ရေအဖြစ် မသောက်သုံးနိုင်ပေ။ ဆားများ၍ ရေနည်းသောကြောင့် ဖြစ်၏။ အိုးတုတ်ကြီးထဲတွင် ဆားတစ်ဇွန်းစာမျှထည့်၍ သောက်သော် ငန်သောအရသာ မထင်ရှားသဖြင့် သောက်ရေအဖြစ် သောက်သုံးနိုင်ပေ၏။ ဆားနည်း၍ ရေများသောကြောင့်တည်း။

ဤလောက၌ လူသားသည် အပြစ်ရှိသော၊ မကောင်းသော ပြုလုပ်ဆောင်ရွက်ချက်တို့က များပြား၍ အပြစ်ကင်းသော၊ ကောင်းသော ပြုလုပ်ဆောင်ရွက်ချက်တို့က အနည်းငယ်မျှသာ ရှိ၏။ ထိုသူမျိုးသည် ဤလောက၌ အသုံးမကျသော အမှိုက်သရိုက်သဖွယ်သာ ဖြစ်လေသည်။ သူတစ်ပါး မကောင်းကျိုးကို ဖြစ်စေသောကြောင့်တည်း။

အပြစ်မရှိသော ကောင်းသော ပြုလုပ်ဆောင်ရွက်ချက်တို့က များပြား၍ အပြစ်မကင်းသော မကောင်းသော ပြုလုပ်ဆောင်ရွက်ချက် အနည်းငယ်မျှသာ ရှိသူကား လောက၌ အသုံးဝင်သူ ဖြစ်၏။ လောကကို အကျိုးပြုနိုင်သောကြောင့်တည်း။

(တိကနိပါတ်၊ လောဏကပလ္လဝင်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၁၉၄]

လူတို့၏သက်တမ်းသည် ကမ္ဘာ့သက်တမ်းနှင့်ယှဉ်သော် အစက်အပြောက်ကလေးတစ်ခုမျှသာ ဖြစ်ပါ၏။ လူတစ်ဦး၏ ဘဝတာဟူသည် အင်မတန်တိုတောင်းပါ၏။ လူသားတိုင်းသည် လောကထဲသို့ ခေတ္တခဏမျှ အလည်ရောက်လာသော 'ဧည့်သည်' သာ ဖြစ်ပါ၏။ ဤလောကဝယ် ထာဝ

စဉ် နေခွင့်မရပါချေ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤလောကကြီးထဲမှ 'တာ့တာ' ဟု နှုတ်ဆက်လက်ပြကာ ထွက်ခွာသွားရမည်သာ ဖြစ်ပါသည်။ ထိုသို့ လောကအတွင်းသို့ ခေတ္တခဏမျှ အလည်ရောက်စဉ် အခိုက်အတန့်ကာလထဲမှာ 'ဧည့်သည်ကောင်း' အဖြစ် နေထိုင်ကျင်လည်ခဲ့သူတွေ ရှိသလို 'ဧည့်သည်ဆိုး' အဖြစ် နေထိုင်ကျင်လည်ခဲ့သူတွေလည်း ရှိပါ၏။

မြတ်စွာဘုရားက လူ့ဘဝသည် ရခဲ၏(မနုဿတ္တဘာဝေါ ဒုလ္လဘော) ဟု လူ့ဘဝကို ဂုဏ်တင်ဟောတော်မူခဲ့ပါသည်။ ၃၁ ဘုံတွင် လူ့ဘုံသည် 'အလယ်ဘုံ' ဟု ဆိုနိုင်ပါသည်။ လူ့ဘုံမှသည် အထက်ဘုံများဖြစ်သော 'နတ်ဘုံ'၊ 'ဗြဟ္မာ့ဘုံ' များသို့ တက်လှမ်း ရောက်ရှိနိုင်သလို အောက်ဘုံများဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများသို့လည်း သက်လျှော ရောက်ရှိနိုင်ပါသည်။ မြတ်စွာဘုရားက ရခဲ၏ဟု ဂုဏ်တင်သော လူ့ဘဝကို ကောင်းစွာ အမွန်အမြတ်ပြု တန်ဖိုးထားသူတွေ ရှိသလို ဘဝကို ပေါ့ပေါ့တန်တန် သဘောထားသူတွေလည်း ရှိပါသည်။ စင်စစ် လူ့ဘဝကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ကောင်းစွာ တည်ဆောက်မှသာ ရခဲသော လူ့ဘဝကို ရကျိုးနပ်ပါလိမ့်မည်။ ဘဝကို တန်ဖိုးထားရကောင်းမှန်း မသိမှုလျက် ဖြစ်ကတတ်ဆန်း တည်ဆောက်နေလျှင်မူ ရခဲသော လူ့ဘဝကို ရကျိုးမနပ်နိုင်ပါ။

ရခဲသော လူ့ဘဝကို ရကျိုးနပ်လေအောင် တန်ဖိုးထား အမွန်အမြတ်ပြု တည်ဆောက်နေသူတွေက မိမိ၏ဘဝကို အလှဆင်နေသကဲ့သို့ လောကကို အလှဆင်နေသူတွေလည်း ဖြစ်ပါသည်။ ရခဲသော လူ့ဘဝကို ရကျိုးမနပ်လေအောင် ပေယျာလကန် ပစ်စလက်ခတ် သဘောထား နေထိုင်သူတွေက မိမိ၏ဘဝကို အကျည်းတန်စေသကဲ့သို့ လောကကိုလည်း အကျည်းတန်စေသူသာ ဖြစ်ပါ၏။

လူအမျိုးမျိုး၊ စိတ်အထွေထွေ၊ စရိုက်မျိုးစုံ မည်ကဲ့သို့ပင် ကွဲပြားနေစေ။ အဓိကအားဖြင့်မူ 'လူနှစ်မျိုး' သာ ရှိပါသည်။ 'လောကကို အလှဆင်သူ' နှင့် 'လောကကို အကျည်းတန်စေသူ' (တစ်နည်းအားဖြင့်) 'လောကကို ကောင်းကျိုးပြုသူ' နှင့် 'လောကကို မကောင်းကျိုး ဖြစ်စေသူ' ဟူ၍ ဖြစ်ပါ၏။

မည်သူတွေက လောကကို အလှဆင်သူတွေဖြစ်ပြီး မည်သူတွေက လောကကို အကျည်းတန်စေသူ ဖြစ်ပါသနည်း။ ထူးထူးထွေထွေ စဉ်းစားတွေးတောနေစရာ မလိုပါ။ ခဲခဲခက်ခက် စာကြောအဖြေရှာနေစရာ မလိုပါ။ အနှိုင်းမဲ့သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားက (အထက်ပါ တိကနိပါတ်၊ လောကာကပလ္လဝဂ်တွင်) ကောင်းမှုအပြုများပြီး မကောင်းမှုအပြုနည်းသူတို့သည် 'လောကကို အလှဆင်သူ' တွေဖြစ်ပြီး ကောင်းမှုအပြုနည်းပြီး မကောင်းမှု အပြုများသူတွေသည် 'လောကကို အကျည်းတန်စေသူ' ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါ၏။ လောကကို ကောင်းကျိုးပြုသူနှင့် လောကကို မကောင်းကျိုး ဖြစ်စေသူတို့ကို ခွဲခွဲခြားခြား ဆန်းစစ်သုံးသပ်လိုလျှင် မြတ်စွာဘုရား၏ အထက်ပါအဆုံးအမတော်ကို မှတ်ကျောက်အဖြစ် ကိုင်စွဲဖို့ လိုပါသည်။

'ကောင်းမှု' ဟူသည် အဘယ်သို့သော အပြုအမူနည်း။ 'မကောင်းမှု' ဟူသည် အဘယ်သို့သော အပြုအမူနည်း။ ဤအချက်ကို အတွေးအခေါ် ဒဿနကျမ်းကြီး ကျမ်းခိုင်များကို ဖတ်ရှု၍ အဖြေရှာရန် မလိုပါ။ 'ကောင်းမှု' နှင့် 'မကောင်းမှု' ကို တိုင်းတာသတ်မှတ်သော စံပေတံမှာ ရိုးစင်းလွယ်ကူပါသည်။

အပြုအမူတစ်ခုသည် . . .

(၁) မိမိကိုလည်း ကောင်းကျိုး ဖြစ်ထွန်းစေသည်။

(၂) သူတစ်ပါးကိုလည်း ကောင်းကျိုး ဖြစ်ထွန်းစေသည်ဆိုလျှင် ထိုအပြုအမူသည် 'ကောင်းမှုကုသိုလ်' ဖြစ်ပါ၏။

အပြုအမူတစ်ခုသည် . . .

(၁) မိမိကိုလည်း မကောင်းကျိုးတွေ ဖြစ်ထွန်းစေသည်။

(၂) သူတစ်ပါးကိုလည်း မကောင်းကျိုးတွေ ဖြစ်ထွန်းစေသည်ဆိုလျှင် ထိုအပြုအမူသည် 'မကောင်းမှုအကုသိုလ်' ဖြစ်ပါ၏။

အကယ်၍ အပြုအမူတစ်ခုသည် . . .

(၁) မိမိကို အကျိုးစီးပွား ရရှိစေသည်။

(၂) သူတစ်ပါး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေသည်ဆိုလျှင် ထိုအပြုအမူသည် 'မကောင်းမှုအကုသိုလ်' ပင် ဖြစ်ပါ၏။

ပုထုဇဉ်လူသားတို့အနေဖြင့် ပြုလေသမျှ၊ ကြံစည်လေသမျှ၊ ပြောဆိုလေသမျှ ကံသုံးပါးသည် ကုသိုလ်ကောင်းမှု ဖြစ်လျှင်ဖြစ်၊ (ကုသိုလ်ကောင်းမှု မဖြစ်လျှင်မူ) မကောင်းမှု အကုသိုလ် ဖြစ်ပေလိမ့်မည်။ စေတနာကောင်း အရင်းခံဖြင့်ပြုသော မနောကံမှု၊ ဝစီကံမှု၊ ကာယကံမှုတို့၌ ကုသိုလ်ကောင်းမှု တည်ကိန်းပါသည်။ စေတနာဆိုး အရင်းခံဖြင့်ပြုသော မနောကံမှု၊ ဝစီကံမှု၊ ကာယကံမှုတို့၌ အကုသိုလ်မကောင်းမှု တည်ကိန်းပါသည်။

တချို့သူတို့သည် ဗီဇဉာဉ်အရ စိတ်ထားမကောင်း၊ စိတ်ကောင်းမမွေး၊ အခြားသူတို့အပေါ်တွင်လည်း အကောင်းမြင်လေ့မရှိ။ ထိုသူတို့၏ သန္တာန်၌ ဝိသမလောဘ လွှမ်းကဲသည်။ ဒေါသလွှမ်းကဲသည်။ မောဟလွှမ်းကဲသည်။ အခြားသူတို့အပေါ် ကိုယ်ချင်းစာနာမှု မရှိ။ ငဲ့ညှာထောက်ထားမှု မရှိ၊ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ၊ ဝိသမလောဘ အရင်းခံဖြင့် ကိုယ်ရဖို့ ယူဖို့ သိမ်းပိုက်ဖို့ချည်း အားထုတ်၏။ ဆောင်ရွက်သော နည်းလမ်းသည် တရားမျှတခြင်း ရှိ မရှိကို သူတို့ အလေးမထား။

မြတ်စွာဘုရားက မသန့်ရှင်း မစင်ကြယ်သော စီးပွားရှာဖွေမှုဟု မိန့်တော်မူခဲ့သော မိစ္ဆာအာဇီဝမှုငါးမျိုးဖြင့် စီးပွားရှာ၏။ သတ္တဝါတို့၏အသက်ကို သေကျေပျက်စီးစေသော သားသတ်ရောင်းဝယ်မှုဖြင့် စီးပွားရှာ၏။ သောက်သုံးသူတို့၏ ကျန်းမာရေးကို ထိခိုက်စေသော သေရည်သေရက်ရောင်းဝယ်မှုဖြင့် စီးပွားရှာ၏။ လူနှင့်သတ္တဝါတို့၏ အသက်ပေါင်းများစွာကို သေကျေစေသော အဆိပ်ရောင်းဝယ်မှု၊ လက်နက်ရောင်းဝယ်မှုဖြင့် စီးပွားရှာ၏။ လူတို့၏ဘဝကို အညွန့်တုံး ပျက်သုဉ်းစေသော လူကုန်ကူးမှုဖြင့် စီးပွားရှာ၏။ မစင်ကြယ် မသန့်ရှင်းသော စီးပွားရှာဖွေမှုဖြင့် ကြီးပွားချမ်းသာကြောင်းရှာသူ ဝိသမလောဘသမားတို့ကြောင့် အခြားသော လူသားများတွင် ဆင်းရဲဒုက္ခများ၊ ပူပင်သောကများနှင့် ရင်ဆိုင်ကြုံဆုံရခြင်း ဖြစ်ပါသည်။

အတ္တကြီးမား ဝိသမလောဘသမားတွေက မိမိကြီးပွားချမ်းသာဖို့ အတွက်ဆိုလျှင် အခြားသူတို့ကို ခုတုံးသဖွယ် အသုံးချ၏။ သူတစ်ပါးကို တွန်းတွန်းလုံလုံ တိုက်တိုက်ခိုက်ခိုက် ချိုးချိုးနှိမ်နှိမ်လုပ်ဖို့ ဝန်မလေး။ သည်လူတွေ၏ စိတ်နှလုံးသည် မကောင်းမှုပြုရမည်ကို မရှက်ခြင်း၊ မကြောက်ခြင်း၊ တပ်မက်ခြင်း၊ အမြင်မှားခြင်း၊ ထောင်လွှားခြင်း၊ မုန်းတီးခြင်း၊ မနာလို

ခြင်း၊ ဝန်တိုခြင်း စသောစိတ်ဓာတ်၏ မစင်ကြယ်မှုအင်္ဂါများ ပြည့်လျှမ်း ညစ်နွမ်းနေသည်။ စိတ်ဓာတ်မသန့်ရှင်း ညှံ့ဖျင်းသူများပီပီ ကုသိုလ်ကောင်းမှု ပြုရာတွင်ပင် ရိုးသားစင်ကြယ်သော စေတနာအရင်းမခံ။ မိမိ၏လာဘ်လာဘ၊ ဂုဏ်သတင်းကျော်စောမှု စသောအမျှော်တို့ကို အရင်းခံလျက် ကုသိုလ်ကောင်းမှု ပြုတတ်သည်။ သည်လို ကုသိုလ်ကောင်းမှုနည်းပါး၊ အကုသိုလ်မှုများသာ အပြုများသော ပုဂ္ဂိုလ်တွေသည် မီးသွားသောလမ်းနှင့် ပမာတူပါသည်။ မီးသွားသောလမ်းတွင် မီးသွေးတွေ၊ ပြာတွေ၊ ကျင်းချိုင့်တွေ၊ မီးလောင်ငုတ်တိုတွေသာ အကျည်းတန် အရုပ်ဆိုးစွာ ကျန်ရစ်သည်။ သည်လိုလူတွေ ထိတွေ့ကျင်လည်ရာ လူ့အသိုင်းအဝိုင်းသည်လည်း မကောင်းမှုဒုစရိုက်များ၊ ကျေပြုန်းပျက်သုဉ်းမှုများ၊ သောကပရိဒေဝများဖြင့် အကျည်းတန် မှောင်မိုက်နေပေလိမ့်မည်။

တချို့သူများကမူ ဗိဇ္ဇာဉာဉ်အရလည်းကောင်း၊ ဆရာသမား မိဘတို့၏ အဆုံးအမအရလည်းကောင်း၊ ဗုဒ္ဓမေ့စာပေတို့၏ လမ်းညွှန်သွန်သင်မှုအရလည်းကောင်း စိတ်ထားကောင်းသည်။ စိတ်ကောင်းမွေးသည်။ သူတို့၏အတွင်းသန္တာန်၌ လွှမ်းကဲသော လောဘ၊ ဒေါသ၊ မောဟ မတည်ကိန်း၊ သူတို့၏ စိတ်နှလုံးသည် သိမ်မွေ့အေးချမ်းသည်။ အခြားသူများအပေါ် ခင်မင် မေတ္တာထားတတ်သည်။ ဘဝအနေ နိမ့်ပါးနွမ်းပါးသူတို့အပေါ် ကြင်နာစာနာသည်။ စွမ်းနိုင်သမျှ ဖေးမစောင့်ရှောက်သည်။ ရိုင်းပင်းကူညီသည်။ အခြားသူတို့အပေါ် အကောင်းမြင်လေ့ရှိသည်။ မလိုမုန်းထားလေ့မရှိ။ သူတို့ ၏စီးပွားရှာဖွေမှုသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းပါသည်။ သူတို့ကြောင့် မည်သူတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကိုမျှ ထိခိုက်ပျက်စီးစေခြင်း မရှိ။ သူတို့သည် သန့်စင်သော စေတနာ အရင်းခံလျက် ကုသိုလ်ကောင်းမှု ပြုသည်။ မည်သည့်အမျှော်လောဘကိုမှ အရင်းခံလျက် ကုသိုလ်မှုပြုခြင်း မဟုတ်။ အကုသိုလ်နည်းပါး ကုသိုလ်မှု အပြုများသော သည်လိုလူတွေက ရေသွားသောလမ်းနှင့် ပမာတူသူတွေ ဖြစ်သည်။ ရေသွားသောလမ်းက သန့်ရှင်းသည်။ အမှိုက်သရိုက် အညစ်အကြေး ကင်းသည်။ ကြည်လင်အေးချမ်းသည်။

အကုသိုလ်မှုများ နည်းပါး၊ ကုသိုလ်ကောင်းမှုကို များများပြုသော

လူကောင်းလူမွန်များသည် အခြားသူများအတွက် အသုံးဝင်သောသူတွေ ဖြစ်ပါသည်။ သူတို့ကြောင့် သူတို့ ကျင်လည်နေထိုင်ရာ လူ့အသိုက်အဝန်း ငြိမ်းချမ်းသာယာသည်၊ စည်ပင်ဖွံ့ဖြိုးသည်။

လောက၏ ဧည့်သည်အဖြစ် နေထိုင်စဉ်အခိုက် အကုသိုလ်မှု အပြုနည်းကာ ကုသိုလ်ကောင်းမှု များများပြုပြီး လူ့လောက၊ လူ့အသိုက်အဝန်းကို အလှဆင်နိုင်သော 'ဧည့်သည်ကောင်းများ' အဖြစ် နေထိုင်သွားသင့်ပါသည်။

❒

# အတွင်းအနှစ် အစစ်အမှန် ဂုဏ်ရည်များ

လျှော်မျှင်အညံ့စားဖြင့် ရက်လုပ်သော ပုဆိုးဟူသည်မှာ အသားလည်း ကြမ်းတမ်း၊ အရောင်အသွေးမှာလည်း မလှ၊ တန်ဖိုးလည်း မရှိပေ။ ထိုလျှော်မျှင်ပုဆိုးသည် အသစ်ဖြစ်စေ၊ အနွမ်းဖြစ်စေ၊ အဟောင်းဖြစ်စေ သဘောအားဖြင့် မခြားနားလှပေ။ အသားကြမ်း၊ အရောင်မလှ၊ အဖိုးမတန်သည်သာတည်း။ ဤလောက၌ အကျင့်သိက္ခာ ယုတ်ညံ့၍ အသိပညာ မရှိသောသူသည် အမူအရာအားဖြင့်လည်း ယဉ်ကျေးသိမ်မွေ့မှု မရှိ။ ရုန့်ရင်းကြမ်းကြုတ်၏။ အသွင်သဏ္ဍာန်အားဖြင့်လည်း မတင့်တယ်။ သူတစ်ပါးအား အကျိုးပြုနိုင်ခြင်း မရှိသဖြင့် တန်ဖိုးလည်း မရှိပေ။

ထိုသို့သော သူသည် လူငယ်ဖြစ်စေ၊ လူလတ်ဖြစ်စေ၊ လူကြီးဖြစ်စေ သဘောအားဖြင့် မခြားနားပေ။ အမူအရာ ရုန့်ရင်းကြမ်းတမ်း၊ အသွင်သဏ္ဍာန် မလှပ၊ သူတစ်ပါးအား အကျိုးမပြုနိုင်သည်သာလျှင်တည်း။

အကောင်းစားပိုးချည်ဖြင့် ရက်လုပ်၍ထားသော ပုဆိုးဟူသည်မှာ အသစ်ဖြစ်စေ၊ တစ်ပတ်ရစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ အသားနူးညံ့၏။ အရောင်အသွေး လှပ၏။ အသုံးဝင် တန်ဖိုးရှိ၏။

အကျင့်သိက္ခာရှိ၍ အသိပညာနှင့် ပြည့်စုံသူသည် လူကြီးဖြစ်စေ၊ လူလတ်ဖြစ်စေ၊ လူငယ်ဖြစ်စေ အမူအရာအားဖြင့်လည်း ယဉ်ကျေးသိမ်မွေ့၏။ အသွင်သဏ္ဍာန်အားဖြင့်လည်း တင့်တယ်ဖွယ်ရာ ရှိ၏။ သူတစ်ပါးအား အကျိုးပြုနိုင်စွမ်းသဖြင့် တန်ဖိုးလည်း ရှိပေ၏။

(တိကနိပါတ်၊ လောဏကပလ္လဝဂ်၊ ပေါတ္တသုတ်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၁၉၃]

လူတစ်ယောက်၏ တန်ဖိုးသည် အဘယ်နည်း။ မည်သည့်မှတ်ကျောက်ဖြင့် လူ၏တန်ဖိုးကို တိုင်းတာဆုံးဖြတ်မည်နည်း။ လူတစ်ယောက်၏တန်ဖိုးသည် အသက်အရွယ်နှင့် ပတ်သက်စပ်ဆိုင်ပါသလော။ အသက်အရွယ်ငယ်တိုင်း တန်ဖိုးမရှိတော့ပြီလော။ အသက်အရွယ်ကြီးတိုင်း တန်ဖိုးရှိပြီလော။ လူ၏တန်ဖိုးဟူသည် ထိုအသက်အရွယ် မှတ်ကျောက်အပေါ်တွင် တင်လျက် ဆုံးဖြတ်၍ ရနိုင်ပါသလော။

အထက်ပါ မြတ်စွာဘုရား၏ အဆုံးအမတော်ကို ဖတ်ရှုကြည်ညိုမိသောအခါ ဤသို့ဆင်ခြင်သုံးသပ်မိပါသည်။ မြတ်စွာဘုရားသည် လူ၏တန်ဖိုးကို အသက်အရွယ်ကြီးခြင်း၊ ငယ်ခြင်းဖြင့် တိုင်းတာသတ်မှတ်တော်မမူခဲ့ပေ။ ကိုယ်ကျင့်သိက္ခာ ကောင်း မကောင်း၊ အသိပညာ ရှိ မရှိ၊ ကံသုံးပါးယဉ်ကျေးသိမ်မွေ့ခြင်း ရှိ မရှိနှင့် သူတစ်ပါး အကျိုးပြုခြင်း ရှိ မရှိဟူသော မှတ်ကျောက်များအပေါ်တွင် တင်လျက် လူ၏တန်ဖိုးကို ဆုံးဖြတ်သတ်မှတ်တော်မူခဲ့ပါ၏။

လူများစွာကို လေ့လာသောအခါတွင်လည်း အသက်အရွယ်ငယ်သေးသည့်တိုင် ကိုယ်ကျင့်တရား ကောင်းမွန်သူများရှိသလို အသက်အရွယ်ကြီးရင့်သည့်တိုင် ကိုယ်ကျင့်တရား ချို့ယွင်းသူများကို တွေ့မြင်နေရပါသည်။ ဤသို့ ဘာကြောင့်ဖြစ်ရသနည်းဟူ၍ ဉာဏ်မီသမျှ တွေးတောစဉ်းစားမိပါသည်။

လူတစ်ဦးနှင့်တစ်ဦး လွန်ခဲ့သော အတိတ်ဘဝပေါင်းများစွာက သယ်ဆောင်လာခဲ့သော ဉာဉ်စရိုက်ချင်း မတူခြားနားကြပေ။ လွန်ခဲ့သော အတိတ်ဘဝများစွာတွင် ကိုယ်ကျင့်တရား ကောင်းမွန်ခဲ့သူသည် ထိုကုသိုလ်ဓာတ်သတ္တိက ယခုဘဝအထိ လိုက်ပါလာခဲ့ပေသည်။ မွေးရာပါဗီဇစရိုက်တွင် ကောင်းသောစရိုက်များ တည်ကိန်းလာခဲ့ပါသည်။ ထိုကလေးများသည် စိတ်ဓာတ် နူးညံ့သည်။ အမူအရာ သိမ်မွေ့သည်။ တိရစ္ဆာန်ကလေးများအပေါ် ကြင်နာသနားတတ်သည်။ ငယ်စဉ်ကပင် လူကြီးမိဘတို့အပေါ် လိမ်ညာခြင်း မရှိ။ တခြားကစားဖော် ကလေးများအပေါ်တွင် အနိုင်အထက် ဗိုလ်ကျစိုးမိုးခြင်း မရှိ။

ဖြတ်သန်းကျင်လည်ခဲ့သော အတိတ်ဘဝများစွာတွင် ကိုယ်ကျင့်

တရား မကောင်းမွန်ခဲ့သူသည် ထိုအကုသိုလ်ခေတ်သတ္တိက ယခုပစ္စုပ္ပန် ဘဝသို့တိုင် လိုက်ပါလာခဲ့သည်။ မွေးရာပါဗီဇဉာဉ်တွင် စရိုက်ဆိုးများ တည်ကိန်းလာခဲ့ပေသည်။ ထိုကလေးများသည် စိတ်ခေတ်ကြမ်းတမ်း သည်။ တိရစ္ဆာန်ကလေးများအပေါ် ညှဉ်းဆဲသတ်ဖြတ်လိုစိတ် ရှိသည်။ ငယ်စဉ်ကပင် လူကြီး မိဘတို့အပေါ် လိမ်ညာတတ်သည်။ ကစားဖော် ကစားဖက်များအပေါ် အနိုင်အထက် ဗိုလ်ကျစိုးမိုးတတ်သည်။ ထိုသို့ မွေးရာပါ ဗီဇဉာဉ်ဆိုးသော ကလေးများသည် မိဘကောင်း၊ ဆရာသမား ကောင်း၊ ပတ်ဝန်းကျင်ကောင်းတို့နှင့် ကြုံဆုံလျှင်မူ သူတို့၏ မွေးရာပါ ဉာဉ်ဆိုးများကို တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲသွားနိုင်ပါသည်။ အထူးသဖြင့် လက်ဦးဆရာမည်သော အမိ၊ အဘတို့၏ အသွန်အသင် အထိန်းအသိမ်းက အဓိက ကျလှပါ၏။

ယနေ့ခေတ်အခါတွင်မူ မိဘအတော်များများက ဘဝရပ်တည်ရေး အတွက် အချိန်ပြည့်ဆိုသလို စီးပွားရှာနေကြလေရာ သားသမီးတို့အပေါ် အချိန်ပေး၍ သွန်သင်ဆုံးမနိုင်သော အခွင့်အလမ်း နည်းပါးလွန်းလှပါ၏။ ဤသို့ဖြင့် စီးပွားရေးအရ အဆင်ပြေသော်လည်း ဗီဇဉာဉ်အရ ဆိုးခေတ်ပါ လာသော သားသမီးတို့ကို လိမ္မာယဉ်ကျေးအောင် ပြုပြင်ဆုံးမမှုကို လက် လွှတ်ဆုံးရှုံးရလေတော့သည်။ တစ်ဖက်တွင် စီးပွားရေးသောင်ထွန်းပြီး တစ် ဖက်တွင် သားသမီးတို့၏ စရိုက်ဉာဉ်ကမ်းပါးပြိုရသည့် အဖြစ်ကို သတိ ထင်ထင် ဆင်ခြင်ပြီး မိဘများအနေဖြင့် စီးပွားရေးသက်သက်ချည်း အာရုံ မပြုဘဲ သားသမီးတို့ လိမ္မာယဉ်ကျေးအောင်လည်း ဂရုစိုက်သင့်ပါ၏။

ဗီဇဉာဉ်လည်း မကောင်း၊ မိကောင်းဘကောင်း၊ ဆရာသမားကောင်း တို့၏ အဆုံးအမကိုလည်း ခံယူရရှိခြင်းလည်း မရှိ၊ အဆုံးအမကို ခံယူရ ရှိသည့်တိုင် လိုက်နာခြင်း မရှိသူတို့သည် အသက်အရွယ် ကြီးရင့်သည့်တိုင် ကိုယ်ကျင့်တရား ကောင်းမွန်သူများ ဖြစ်မလာနိုင်တော့ပေ။

မှန်ကန်သော ဘဝနေနည်းကို ပေးစွမ်းနိုင်သော 'အသိပညာ' ဟူ သည် လေ့လာဆည်းပူးမှသာ ရရှိနိုင်သောအရာ ဖြစ်ပါ၏။ အသိပညာကို သုတ၊ ရသစာပေ၊ ဓမ္မစာပေတို့ကို ဖတ်ရှုလေ့လာခြင်းမှ ရရှိနိုင်သလို ဘဝ အတွေ့အကြုံမှ မှန်မှန်ကန်ကန် သင်ခန်းစာထုတ်ယူခြင်းမှလည်း ရရှိနိုင်ပါ

သည်။ ထိုသို့နည်းလမ်းအသစ်တွေ ရရှိရာတွင် အသိပညာပေးစွမ်းသော စာပေတို့ကို ဖတ်ရှုလေ့လာရကောင်းမှန်း မသိသော သူတို့သည် အသက်အရွယ်သာ ကြီးရင့်လာပြီး အသိပညာ ကြီးရင့်လာမှု မရှိပေ။

တချို့သူများသည် ဘဝကို ပေါ့ပေါ့တန်တန်ပင် နေကြ၏။ ဘဝကို အလေးအနက် ထားနေရကောင်းမှန်း မသိ။ တန်ဖိုးရှိသော အချိန်များကို ကောင်းစွာ အသုံးချရကောင်းမှန်း မသိ။ အသိပညာကို တန်ဖိုးထား မြတ်နိုးရကောင်းမှန်း မသိ။ အသိပညာ ပေးစွမ်းရာ သုတ၊ ရသစာပေ၊ ဓမ္မစာပေတို့ကို ဖတ်ရှုလေ့လာရကောင်းမှန်း မသိ။ တစ်သက်တာလုံး မိရိုးဖလာ ကိုးကွယ်လာသော မိမိ၏ဘာသာတရားကိုပင် လေ့လာရကောင်းမှန်း မသိ။

တချို့လူငယ်တွေက အသိပညာကို တန်ဖိုးထားသည်။ မြတ်နိုးသည်။ အတွေးအခေါ် အသိအမြင်များကို မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်စေသော သုတစာပေ၊ ရသစာပေများကို နှစ်နှစ်သက်သက် မက်မက်မောမော ဖတ်ရှုလေ့လာ၏။ သူတို့၏ ဦးနှောက်ထဲသို့ စာကောင်းပေမွန်များထဲမှ အတွေးအခေါ်ကောင်းများ၊ အသိပညာများကို ဖြည့်ဆည်းသည်။ အချိန်ကို တန်ဖိုးရှိစွာ အသုံးချ၏။ မိရိုးဖလာအရ ကိုးကွယ်ခဲ့သော ဘာသာတရားနှင့် စပ်လျဉ်း၍လည်း စိတ်ဝင်တစား လေ့လာ၏။ ဓမ္မမဂ္ဂဇင်း၊ ဓမ္မစာစောင်၊ ဓမ္မစာအုပ်များကို လက်လှမ်းမီသမျှ ဖတ်ရှုလေ့လာ၏။ သည်လိုလူငယ်တွေက အသိပညာ၊ အတတ်ပညာဆိုင်ရာ လေ့လာဆည်းပူးမှုကို မည်သည့်အခါမျှ မရပ်တန့်၊ သူတို့ ခံယူထားသည်မှာ အသိပညာ၊ အတတ်ပညာဟူသည် မည်သည့်အခါမျှ ပြီးပြည့်စုံပြီဟူ၍ မရှိ။ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည့် အရာဟူ၍ပင်။

လောကအသိ၊ ဓမ္မအသိများ ပြည့်စုံတန်သလောက် ပြည့်စုံလာသော အခါတွင် သူတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ ပိုမို၍ သိမ်မွေ့ယဉ်ကျေးလာသည်။ ပြောဆိုမှုများ ယဉ်ကျေးချိုသာကာ ပြုမူဆောင်ရွက်ချက်များလည်း သိမ်မွေ့ညင်သာလာသည်။ ကံသုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့သောအခါ ကိုယ်ရည်ကိုယ်သွေးလည်း တင့်တယ်လာသည်။ ကြည်လင်အေးချမ်းလာသည်။

ကိုယ်ကျင့်သိက္ခာ ကောင်းမွန်၍ အသိပညာလည်း ပြည့်ဝ၊ ကိုယ်နှုတ်

နှလုံး သုံးပါးစလုံး သိမ်မွေ့အေးချမ်းပြီး အများအကျိုးကို သယ်ပိုးဆောင်ရွက်နေသော အသက်အရွယ်ကြီးရင့်သူများလည်း အများအပြားရှိပါ၏။ လူငယ်လူရွယ်တို့ထက် အတွေ့အကြုံ စုံလင်များပြားကာ ထိုအတွေ့အကြုံများထဲမှ မှန်မှန်ကန်ကန် သင်ခန်းစာ ထုတ်ယူနိုင်ခဲ့သော လူကြီးသူမများသည် လူငယ်များကို ကောင်းစွာ ဦးဆောင်နိုင်ပါသည်။ အသက်ကြီးသည်နှင့်အမျှ 'အချိန်စီး' လာသော ထိုလူကြီးသူမများသည် 'လူလည်း ရှိသေ၊ ရှင်လည်း လေးစား' ခံရသော ပုဂ္ဂိုလ်များ ဖြစ်ပါ၏။ လူငယ်လူရွယ်များ၏ ရှိသေခြင်း၊ ချစ်ခင်လေးစားခြင်းကို ခံယူရရှိသော 'လူ့အဖိုးတန်ကြီးများ' ဖြစ်ပါ၏။ ထိုပုဂ္ဂိုလ်ကြီးများ၏ အသက်ရှင်သန်မှုသည် အဓိပ္ပာယ်ရှိသော အသက်ရှင်မှု၊ တန်ဖိုးရှိသော အသက်ရှင်မှု ဖြစ်ပါ၏။

စင်စစ် လူ့တန်ဖိုးရှိခြင်း၊ မရှိခြင်းဟူသည်မှာ အသက်အရွယ်နှင့်မဆိုင်ပါချေ။ လူငယ်ဖြစ်စေ၊ လူလတ်ဖြစ်စေ၊ လူကြီးဖြစ်စေ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ အသိဉာဏ်ပညာ ကိန်းအောင်းမှု၊ ကံသုံးပါး ယဉ်ကျေးသိမ်မွေ့မှု၊ အများအကျိုးဆောင်နိုင်မှု လောကကို အလှဆင်နိုင်သည်။ တန်ဖိုးရှိသောလူ ဖြစ်နိုင်ပါသည်။ လူ့တန်ဖိုးကို ဖြစ်ထွန်းစေသော ထိုဂုဏ်ရည်များကို အထိအပါး၊ အပျက်အစီး၊ အဆုံးအရှုံးခံလျက် ငွေကြေးဥစ္စာများ၊ ရာထူးများ၊ ထင်ပေါ်ကျော်ကြားမှုများကို ရယူသိမ်းပိုက်ခြင်း မပြုသင့်ပါ။ ပစ္စုပ္ပန်ဘဝတွင် သာမက သံသရာအထိပါ လိုက်ပါ၍ ကောင်းကျိုးဖြစ်ထွန်းစေမည့် 'အတွင်းအနှစ် အစစ်အမှန် ဂုဏ်ရည်များ' နှင့် မည်သည့်အရာကိုမှ အလဲအလှယ် ဖလှယ်ခြင်း မပြုအပ်ပါ။ ရခဲလှသော လူ့ဘဝကို ရစဉ်အခိုက်ကြီးငယ်မဟူ အတွင်းအနှစ် အစစ်အမှန် ဂုဏ်ရည်များ တည်ကိန်းပြီး 'တန်ဖိုးရှိသော သူ' ဖြစ်အောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားသင့်ပါ၏။

❒

# စိတ်စင်ကြယ်လျှင် ကံစင်ကြယ်မည်

ရွှေကျင်သောသူတို့ကို ကြည့်လော့။ ရွှေနှင့်တကွသော အမှိုက်သရိုက်များကို ရွှေကျင်သည့် ခွက်ထဲသို့ လောင်းသွန်ထည့်၏။ ရှေးဦးစွာ အကြမ်းစား အမှိုက်သရိုက်ဖြစ်သော ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲ စသည်တို့ကို ဆေးကြောဖယ်ရှား၏။ အကြိမ်ကြိမ် ဆေးကြောလေ၏။ ထို့နောက် အလတ်စား အမှိုက်သရိုက်ဖြစ်သော ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲကလေးများ စသည်ကို ဆေးကြောဖယ်ရှား၏။ အကြိမ်ကြိမ် ဆေးကြော၏။ ထို့နောက် အနုစား အမှိုက်သရိုက်ဖြစ်သော သဲမှုန့်၊ မြေမှုန့် စသည်တို့ကို ဆေးကြောဖယ်ရှား၏။ အကြိမ်ကြိမ် ဆေးကြော၏။

ဤသို့ အထပ်ထပ် အကြိမ်ကြိမ် အားထုတ်ပြီးမှသာလျှင် ပကတိရွှေစင်ကို ရရှိလေသည်။

ထိုရွှေစင်ကား မနူးညံ့သေး။ ကြွပ်ဆတ်သေး၏။ ထို့ကြောင့် အလိုရှိရာ လက်ကောက်၊ နားတောင်း စသည်တို့ကို ပြုလုပ်၍ မဖြစ်သေးပေ။ ပန်းထိမ်ဆရာသည် ထိုပကတိရွှေစင်ကို မိုက်လုံ၌ထည့်၍ မှုတ်၏။ အကြိမ်ကြိမ် မှုတ်၏။ အဖန်ဖန်အထပ်ထပ် မှုတ်၏။ ယင်းသို့ အဖန်တလဲလဲအားထုတ်ပြီးမှသာလျှင် ပကတိရွှေစင်သည် နူးညံ့ပျော့ပျောင်းလေသည်။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်လေသည်။ လက်ကောက်၊ နားတောင်း စသည်တို့ ပြုလုပ်ရန် အသင့်ဖြစ်လာလေသည်။

ဤလောက၌ မြင့်မြတ်လိုသော၊ အထွတ်အထိပ်သို့ ရောက်လိုသောသူသည် ရှေးဦးစွာ အကြမ်းစားကိလေသာတို့ကို နှိမ်နင်းပယ်ဖျက်ရာ၏။

အကြမ်းစားကိလေသာဟူသည်မှာ ကိုယ်ဖြင့် ပြုမူလုပ်ဆောင်သော

မကောင်းမှုဒုစရိုက်များ၊ နှုတ်ဖြင့် ပြောဆိုလုပ်ဆောင်သော မကောင်းမှု ဒုစရိုက်များ၊ စိတ်ဖြင့် ကြံစည်လုပ်ဆောင်သော မကောင်းမှုဒုစရိုက်များ ဖြစ်၏။ ယင်းသည့် မကောင်းမှု ဒုစရိုက်တည်းဟူသော ကိလေသာ အကြမ်းစားကို အကြိမ်ကြိမ် အထပ်ထပ် နှိမ်နင်းပယ်ဖျက်၏။

ထိုမှတစ်ဆင့် ကိလေသာ အလတ်စားဖြစ်သော ကာမရာဂနှင့် ပတ်သက်သည့် အကြံအစည်၊ သူတစ်ပါး ပျက်စီးကြောင်း အကြံအစည်၊ သူတစ်ပါးကို နှိပ်စက်ဖျက်ဆီးကြောင်း အကြံအစည်တို့ကို နှိမ်နင်းပယ်ဖျက်၏။ အကြိမ်ကြိမ် အထပ်ထပ် နှိမ်နင်းပယ်ဖျက်၏။

ထိုမှတစ်ဆင့် ကိလေသာအနုစားဖြစ်သော အဆွေအမျိုး၊ အပေါင်းအဖော်နှင့် ပတ်သက်သည့် အကြံအစည်၊ မြို့နယ်၊ ရပ်ရွာနေရာဒေသနှင့် ပတ်သက်သည့် အကြံအစည်၊ မိမိကို မထိမဲ့မြင် မပြုစေလိုခြင်းနှင့် ပတ်သက်သည့် အကြံအစည်တို့ကို ပယ်စွန့်၏။ အကြိမ်ကြိမ် အထပ်ထပ် ဆုံးမ၍ ပယ်စွန့်၏။

ယင်းသို့လျှင် အညစ်အကြေးတည်းဟူသော ကိလေသာအကြမ်းစား၊ အနုစားတို့ကို အကြိမ်ကြိမ် နှိမ်နင်းပယ်ဖျက်ပြီး၍၊ အဆင့်ဆင့် ဆုံးမပယ်စွန့်ပြီး၍ မလေ့မလျော့ခြင်း သမ္မာသတိ၊ တည်ကြည်ခြင်း သမ္မာသမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကား မြင့်မြတ်သော ပုဂ္ဂိုလ်တည်း၊ အထွတ်အထိပ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်တည်း။

ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်သည် ညစ်ကြေးနောက်ကျုခြင်း ကိလေသာ ကင်းစင်သောကြောင့် သန့်ရှင်းစင်ကြယ်၏။ ကြည်လင်တောက်ပ၏။ အရာရာတိုင်းကို ကောင်းစွာ သိမြင်နိုင်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် အလိုရှိသမျှ အရာရာတိုင်းကို ပြီးပြည့်စုံနိုင်ပေ၏။

(တိကနိပါတ်၊ လောဏကပလ္လဝဂ်၊ ပံသုဓောဝကသုတ်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၁၉၅/၁၉၆]

လူသားတိုင်းသည် ပုထုဇဉ်တွေချည်း ဖြစ်ပါ၏။ ပုထုဇဉ်ဖြစ်သောကြောင့်လည်း သံသရာတွင် ကျင်လည်နေရခြင်း ဖြစ်ပါ၏။ ပုထုဇဉ်ဖြစ်သောကြောင့် ကိလေသာတွေနှင့် ထွေးလုံးရစ်ပတ် ငြိတွယ်နေကြသူတွေချည်း ဖြစ်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး ကိလေသာအထုအပါး၊ အနည်းနှင့်

အများ မှုမတူ ကွဲပြားခြားနားပေလိမ့်မည်။ ကိလေသာ လုံးဝကင်းစင်သူဟူ၍ မရှိနိုင်။ ကိလေသာ လုံးဝကင်းစင်ပြီဆိုလျှင်လည်း သံသရာတွင် ကျင်လည် ရတော့မည် မဟုတ်ပါချေ။ သံသရာဝဋ်ဆင်းရဲကြီးမှ အပြီးတိုင်လွတ်မြောက် ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေမည်။ သံသရာလည်နေရခြင်း အကြောင်း ရင်းမှာ ကိလေသာတွေ မှေးယှက်ငြိတွယ်နေသောကြောင့် ဖြစ်ပါ၏။

ကိလေသာ၏စွမ်းအင်သတ္တိမှာ ပုထုဇဉ်လူသားတို့အား ပူပန်စေ တတ်၊ ဆင်းရဲစေတတ်၊ လောင်မြိုက်စေတတ်ပါ၏။ ကိလေသာဆယ်ပါးရှိ ပါသည်။ ယင်းတို့မှာ (၁) လောဘ=တပ်မက်ခြင်း၊ (၂) ဒေါသ=အမျက်ထွက် ခြင်း၊ (၃) မောဟ = တွေဝေမိုက်မဲခြင်း၊ (၄) မာန = ထောင်လွှားမောက်မာ ခြင်း၊ (၅) ဒိဋ္ဌိ = အယူမှားခြင်း၊ (၆) ဝိစိကိစ္ဆာ = ရှစ်ပါးသော တရားတို့၌ ယုံမှားခြင်း၊ (၇) ထိန = စိတ်၏မခန့်ခြင်း၊ (၈) ဥဒ္ဒစ္စ = စိတ်ပျံ့လွင့်ခြင်း၊ (၉) အဟိရိက = မကောင်းမှုမှ မရှက်ခြင်း၊ (၁၀) အနောတ္တပ္ပ = မကောင်းမှုမှ မထိတ်လန့်ခြင်း တို့ဖြစ်ပါသည်။

စင်စစ် ထိုကိလေသာ ဆယ်ပါးမှာ စိတ်၏ အညစ်အကြေးဖြစ်သော အကုသိုလ်စေတသိက် (၁၄) ပါးထဲမှ (၁၀) ပါးပင် ဖြစ်ပါ၏။ ကိလေသာ (၁၀) ပါးတွင် မပါဝင်သော အကုသိုလ်စေတသိက်လေးပါးမှာ (၁) ဣဿာ = ငြူစူခြင်း(သူတစ်ပါး စီးပွားဥစ္စာ ရရှိသည်ကိုလည်းကောင်း၊ ရမည်ကို လည်းကောင်း အလိုမရှိ၊ ရနေကြောင်း ကြားရလျှင် စိတ်ဆင်းရဲခြင်း)၊ (၂) မစ္ဆရိယ = ဝန်တိုနမြောခြင်း (စီးပွားရေးတို့ကို မိမိအတွက်သာ အလိုရှိ၏။ မိမိ ရမှရပါမည်လားဟု စိုးရိမ်လျက် စိတ်ပင်ပန်း၏။ သူတစ်ပါးကို ခွဲဝေ ခံစားလိုစိတ် မရှိ)။ (၃) ကုက္ကုစ္စ = နောင်တဖြင့် တစ်ဖန် စိုးရိမ်ပူပန်ခြင်း၊ (မပြုမိခဲ့သော သုစရိုက်၊ ပြုခဲ့ပြီးသော ဒုစရိုက်တို့ကို စွဲ၍ နောင်တ တစ်ဖန် စိုးရိမ်ခြင်း)၊ (၄) မိဒ္ဓ = အာရုံကို တွေ့မှု၊ ခံစားမှု စသည်တို့၌ မပွင့်မလင်း မှေးမှိန်နေခြင်း၊ စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းတို့ ဖြစ်ပါ၏။ ထို အကုသိုလ် စေတသိက် လေးပါးမှာ ကိလေသာ ၁၀ ပါးစာရင်းတွင် မပါဝင် သော်လည်း စိတ်၏ အညစ်အကြေးတွေချည်း ဖြစ်ပါသည်။

ပုထုဇဉ်တိုင်း၏စိတ်တွင် အနည်းနှင့်အများဆိုသလို ကိလေသာ များ၊ စိတ်အညစ်အကြေးများ စွန်းထင်းပေကျံလျက်ရှိသည်ချည်း ဖြစ်ပါ၏။

အင်္ဂုတ္တရနိကာယ်၌ မြတ်စွာဘုရားက "ပဘဿရမိဒံဘိက္ခဝေစိတ္တံ"(ပင်ကို သဘာဝစိတ်သည် ဖြူစင်ဝင်းလက် စင်ကြယ်နေသည်) ဟု ဟောတော်မူခဲ့ ပါ၏။ အခိုက်အတန့် ပေါ်လာသည့် ညစ်သည်ဖြစ်ကုန်သော အညစ်အကြေး တို့ကြောင့် စိတ်ညစ်နွမ်းသွားခြင်း ဖြစ်ပါ၏။ အမှန်တော့ စိတ်၌ ဇာတိ သဘောလည်း ရှိ၏။ အာဂန္တုသဘောလည်း ရှိ၏။ စိတ်ဟူသည် ပကတိ အားဖြင့် ဝင်းလက်ဖြူစင်သော်လည်း ကိလေသာအညစ်အကြေးတို့ ဝင် ရောက်လာမှုကြောင့် မကောင်းမှုတို့၌သာ အမြဲမွေ့လျော်နေလိုခြင်းမှာ စိတ်၏ ဇာတိသဘော ဖြစ်ပါသည်။

ဘုရားရှင်ကလည်း ဓမ္မပဒ၌ စိတ်သည် မကောင်းမှုတို့၌ မွေ့လျော် ၏။ (ပါပသ္မိံရမတေ မနော) ဟူ၍ ဟောတော်မူခဲ့ခြင်းမှာ စိတ်၏ ဇာတိ သဘောကို ဖော်ညွှန်းခြင်း ဖြစ်ပါ၏။ စိတ်၏အာဂန္တုသဘောမှာ စိတ်ထဲသို့ အကုသိုလ်အညစ်အကြေးတို့ မဝင်ရောက်နိုင်ရန် တားဆီးခြင်း၊ ကုသိုလ် ကောင်းမှုကိစ္စနှင့် ဖြစ်ခြင်းသည် ပြုပြင်မှုကြောင့်ဖြစ်သော စိတ်၏ အာဂန္တု သဘော ဖြစ်ပါသည်။ စိတ်၏ အာဂန္တုသဘောသည် ရေတို့၏ အထက်ခါန် တက်ခြင်းနှင့် ဥပမာတူပါ၏။ ပြုပြင်မှုရှိမှသာ ပြုပြင်မှု၏ စွမ်းအားလျော်စွာ ဖြစ်ထွန်းတတ်ပြီး ပြုပြင်မှု ရပ်တန့်လိုက်သည်နှင့် မူလအတိုင်း ဇာတိသဘော သို့ သက်ဆွေ့ာမြဲ ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ထဲသို့ ကိလေသာများ၊ အကုသိုလ်စေတသိက်များ ဝင်ရောက် ခြယ်လှယ်ခွင့် မရရှိလေအောင် သတိ၊ ပညာတို့ကို အသုံးချလျက် စွမ်းနိုင်သမျှ အားထုတ်သွားရမည် ဖြစ်ပါသည်။

ကိလေသာတွေ၊ စိတ်အညစ်အကြေးတွေ မဝင်ရောက်စေရန်၊ ဝင် ရောက်ပြီးသော ကိလေသာများ၊ စိတ်အညစ်အကြေးများ နှိမ်နင်းပယ်ဖျက် နိုင်စေရန် နည်းလမ်းတွေ ရှိပါသည်။ ကိလေသာ အညစ်အကြေးများကို သတိ၊ ပညာနှင့်ယှဉ်ပြီး စိတ်ကောင်း နှလုံးကောင်း မှန်ကန်စွာထားသော နည်းဖြင့် ဟန့်တားနိုင်ပါသည်။ ဖြူစင်သော အဝတ်အထည်များကို အညစ် အကြေး မတင်စေရန် ဂရုစိုက်သကဲ့သို့ ယောနိသောမနသိကာရဟူသော သင့်တင့်လျောက်ပတ်သော နှလုံးသွင်းကောင်းဖြင့် ကိလေသာတွေ မဝင် ရောက်စေရန် ဟန့်တားနိုင်ပါသည်။ မိမိ၏စိတ်ထဲသို့ ကိလေသာ အညစ် အကြေးများ မဝင်ရောက်နိုင်စိမ့်သောငှာ၊ သတိ ပညာ အကူအညီဖြင့်

စောင့်ကြည့်လျက် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် "သမ္မာဝါယမ" ပင် ဖြစ်ပါ၏။

ထို့ပြင် စိတ်ထဲ ကိလေသာတွေ လွှမ်းမိုးလာလျှင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် စသော ရတနာသုံးပါး အာရုံကောင်းကို ရယူလျက် စိတ်အခြေအနေကို ပြောင်းပစ်သော နည်းလမ်းရှိပါ၏။ ဂုဏ်တော်များကို ပွားများခြင်း၊ ပရိတ်ပဋ္ဌာန်းစသည်များ ရွတ်ဖတ်သရဇ္ဈာယ်သော နည်းများသည်လည်း စိတ်အညစ်အကြေးများကို မောင်းနှင်ပစ်နိုင်သော နည်းလမ်း ဖြစ်ပါ၏။ အကယ်၍ ကိလေသာအညစ်အကြေးတွေ နက်နက်နဲနဲ စွဲထင်နေပါက သမထကျင့်စဉ်၊ ဝိပဿနာကျင့်စဉ်များဖြင့် ဖယ်ရှားပေးနိုင်ပါသည်။ ကိလေသာအညစ်အကြေးများ စွန်းထင်းပေကျံမှု မရှိအောင် စိတ်ကို သတိ ပညာတို့ဖြင့် စောင့်ရှောက်ထိန်းသိမ်းခြင်း၊ ကိလေသာအညစ်အကြေးများ ကပ်ငြိလာသည်နှင့် ဆေးကြောတွန်းလှန်ခြင်း၊ ထပ်မံ၍ ကိလေသာ အညစ်အကြေးများ မကပ်ငြိစိမ့်သောငှာ ကြိုးစားအားထုတ်ခြင်း၊ စိတ်အစဉ် ကြည်လင်သန့်ပြန့်မှုကို ပိုမိုတိုးတက်သန့်ရှင်းအောင် အားထုတ်ခြင်းတို့သည် စိတ်အညစ်အကြေးများကို ဖွပ်လျှော်သော နည်းလမ်းများပင် ဖြစ်ပါ၏။

အထက်ပါ တိကနိပါတ်၊ လောဏကပလ္လဝဂ်၊ ပံသုဓောဝကသုတ်တွင် မြတ်စွာဘုရားက အကြမ်းစားကိလေသာ၊ အလတ်စားကိလေသာ၊ အနုစား ကိလေသာဟူ၍ ကိလေသာသုံးမျိုးကို ခွဲခြားဟောကြားတော်မူခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် ကိလေသာတို့ကို နှိမ်နင်းပယ်ဖျက်ရန် ဆုံးမတော်မူခဲ့ပါသည်။ အထက်ပါ အဆုံးအမတော်အရ အကြမ်းစားကိလေသာများမှာ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး ဖြစ်လေရာ ထိုဒုစရိုက်မှုများကို ကျူးလွန်နေသမျှ ပစ္စုပ္ပန်တွင်လည်း ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့ရင်ဆိုင်ရသလို သံသရာတွင်လည်း ဒုဂ္ဂတိဘုံသို့သာ ရောက်ရှိပေလိမ့်မည်။ ထိုမကောင်းမှု ဒုစရိုက်များကို ကျူးလွန်မိသော် ထိုမှဖြစ်ပေါ်လာသော ဆိုးကျိုးများကို ခနဥစ္စာလည်း မကယ်နိုင်။ ရာထူးဌာနန္တရလည်း မကယ်နိုင်။ ထင်ပေါ်ကျော်ကြားမှုလည်း မကယ်နိုင်။ ကံသုံးပါးဆိုင်ရာ မကောင်းမှုတို့ ပြုလိုက်မိသည်နှင့် ထိုသူတွင် လူ့တန်ဖိုး ပျောက်ဆုံးလေတော့

သည်။ စိတ်စင်ကြယ်မှ ကံစင်ကြယ်မည်ဖြစ်ပြီး ကံစင်ကြယ်မှသာ ဘဝ လည်း စင်ကြယ်ပေလိမ့်မည်။

□

# ကုသိုလ်တရားတို့၏ အဦးအစ

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးနေစဉ် ရှင်ဗာဟိယ သည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိအား အကျဉ်းအားဖြင့် တရားဟောရန် တောင်းပန်သည်။ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားလေသည်။

"ဗာဟိယ၊ သို့ဖြစ်သော သင်သည် ကုသိုလ်တရားတို့၌ အဦးအစကို သာ သုတ်သင်လော့။ ကုသိုလ်တရားတို့၏ အဦးအစဟူသည် အဘယ်နည်း ဆိုသော် စင်ကြယ်သော သီလနှင့် ဖြောင့်မှန်သော အယူပင် ဖြစ်၏။ ဗာဟိယ၊ သီလစင်ကြယ်၍ အယူဖြောင့်မှန်သောအခါ သင်သည် သီလကို မှီ၍၊ သီလ၌ တည်၍ သတိပဋ္ဌာန်လေးပါးကို ပွားများလော့။

ဗာဟိယ၊ သတိပဋ္ဌာန်လေးပါးကို ပွားများသောအခါမှစ၍ ရောက် လာသောသူတိုင်း နေ့တိုင်း သင့်အား ကုသိုလ်တရားတို့၌ တိုးပွားခြင်းကိုသာ မျှော်လင့်အပ်၏။ ဆုတ်ယုတ်ခြင်းကို မျှော်လင့်ရန် မရှိတော့ပေ"

ရှင်ဗာဟိယလည်း ဗုဒ္ဓ ဟောကြားသည့်အတိုင်း အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်လေသည်။

(သတိပဋ္ဌာန်သံယုတ်၊ နာလန္ဒဝဂ်၊ ဗာဟိယသုတ်)

[ပိဋကအနှစ်ချုပ် သံယုတ္တနိကာယ် (ဒုတိယတွဲ)၊

ဓမ္မာစရိယ ဦးမောင်မောင်လေး၊ စာ-၂၃၁]

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များထဲတွင် ပိဋကတ်မြန်မာပြန်ကျမ်းများ ကို ဖတ်ရှုလေ့လာသူတွေ ရှိသကဲ့သို့ ဖတ်ရှုလေ့လာခြင်း မရှိသူတွေလည်း အများအပြားပင် ရှိပါ၏။ အခြားသူများကို မဆိုထားဘိ။ ဝိပဿနာတရား အားထုတ်သူများ၊ တရားနာပရိသတ်များထဲမှာပင် ပိဋကတ်မြန်မာပြန်ကျမ်း များကို ဖတ်ရှုလေ့လာသူတို့ ရှိသလို မဖတ်ရှု မလေ့လာသူတွေလည်း အများ

အပြားပင် ရှိပါ၏။ အမှန်စင်စစ် ဗုဒ္ဓဘာသာဝင်မှန်သမျှ မြတ်စွာဘုရား၏ ဗုဒ္ဓဝစနများဖြစ်သော ပိဋကတ်မြန်မာပြန်ကျမ်းများကို ဖတ်ရှုလေ့လာသင့်ပါသည်။ သို့မှလည်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားဓမ္မများကို မူရင်းအတိုင်း ပြည့်စုံနိုင်သမျှ ပြည့်စုံစွာ သိရှိကြည်ညိုနိုင်မည် ဖြစ်ပါသည်။

အထက်ပါသံယုတ္တနိကာယ်၊ ဗာဟိယသုတ်တော်ပါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော "ကုသိုလ်တရားတို့၏ အဦးအစသည် သီလစင်ကြယ်ခြင်းနှင့် အယူအမြင် မှန်ကန်ခြင်း" ဖြစ်သည်ဟူသော အချက်ကို သိရှိသူတွေ ရှိသကဲ့သို့ မသိရှိသူတွေလည်း အများအပြားပင် ရှိပါလိမ့်မည်။ အမှန်စင်စစ် မြတ်စွာဘုရား ဟောတော်မူသော ဤအချက်သည် ဗုဒ္ဓဘာသာဝင်များအနေဖြင့် အထူးဂရုပြု လိုက်နာမှတ်သားအပ်သော အချက် ဖြစ်ပါ၏။

ဗုဒ္ဓဘာသာဝင်များသည် ဒါနကောင်းမှု ပြုကြပါ၏။ သီလဆောက်တည်ကြပါ၏။ သမထ ကျင့်ကြံအားထုတ်ကြပါ၏။ ဝိပဿနာ ဘာဝနာပွားများအားထုတ်ကြပါ၏။ သို့တစေ ယင်းသို့ဆောင်ရွက်ရာတွင် ကနဦး အစ ဖြည့်ဆည်းရမည့် 'သီလစင်ကြယ်ခြင်း' နှင့် 'အယူအမြင် မှန်ကန်ရေး' တို့ လိုအပ်ကြောင်း သိရှိသူ နည်းပါးပါလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဩကာသဘုရားရှိခိုးဖြင့် ဝတ်ပြုရာတွင် ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း လွတ်မြောက်ရပါလို၏ဟု ဆုတောင်းကြပါသည်။ ထိုဗျသနတရား ငါးပါးတွင် သီလဗျသန (သီလပျက်စီးမှု) နှင့် ဒိဋ္ဌိဗျသန (အယူပျက်စီးမှု) တို့ ပါဝင်ပါသည်။ ထိုသို့ အယူပျက်စီးခြင်းဘေး (ဒိဋ္ဌိဗျသန) နှင့် သီလပျက်စီးခြင်းဘေး (သီလ ဗျသန) တို့ ကင်းဝေးစေရန် ဆုတောင်း၍ မရနိုင်ပါ။ ဆုတောင်းရုံမျှဖြင့်လည်း ဤဗျသနတရား ဘေးကြီးနှစ်ပါးမှ ကင်းဝေးလွတ်မြောက်နိုင်မည် မဟုတ်ပါ။ ကိုယ်တိုင် အလေးအနက်ထား၍ လိုက်နာကျင့်ကြံ အားထုတ်ဖို့ လိုပါသည်။

ဘုရားရှိခိုး ဝတ်ပြုစဉ်တိုင်း သီလဗျသနဘေးမှ လွတ်မြောက်ရပါလို၏ဟု ဆုတောင်းစေကာမူ လက်တွေ့တွင် ငါးပါးသီလကိုမျှ လုံခြုံအောင် စောင့်ထိန်းခြင်း မရှိသူတွေလည်း အများအပြားပင်။ ဒိဋ္ဌိဗျသနဘေးမှ ကင်းဝေးရပါလို၏ဟု ဆုတောင်းနေစေကာမူ လက်တွေ့တွင် ၃၇ မင်းနတ်၊ ဘိုး

တော်၊ ဘွားတော်တို့က မ စစောင့်ရှောက်မှသာ မိမိ၏ဘဝ တိုးတက်ကြီးပွားမည်ဟူသော အယူများကို စွဲမြဲယုံကြည်နေသူတွေလည်း ရှိပါ၏။ မိမိ၏ဘဝကို မိမိ ဖန်တီးနိုင်ခြင်း မရှိမူလျက် တန်ခိုးရှင်၊ သိဒ္ဓိရှင် စသောပုဂ္ဂိုလ်တွေက ဖန်တီးပေးနိုင်သည်ဟု ယုံကြည်ခြင်းသည် ကြီးမားသော အယူလွဲမှားမှု (ဒိဋ္ဌိဗျသန) ပင် ဖြစ်ပါသည်။ အယူအမြင် မှန်ကန်မှသာလျှင် ဆောင်ရွက်သမျှ ကိစ္စရပ်တိုင်းတွင် အနှစ်သာရရှိရှိ ထိထိမိမိနှင့် အကျိုးစီးပွားကို မှန်မှန်ကန်ကန် ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ အယူအမြင် မှန်ကန်ခြင်းသည် အရေးကြီးကြောင်း ကျေးဇူးရှင် အရှင်ဉာဏိဿရ သီတဂူ ဆရာတော်ကြီးက ဤသို့ ဟောကြားတော်မူခဲ့ပါ၏။

"မဂ္ဂင်ရှစ်ပါးမှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ စတာဘယ်က စထားသလဲ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပက စထားတယ်။ သမ္မာဒိဋ္ဌိသည် ဗုဒ္ဓသာသနာတော်အရ၊ The Path of Purity ရဲ့ အစလည်း ဟုတ်ပါတယ်။ အဆုံးလည်း ဟုတ်ပါတယ်။ သူတစ်လုံး အရေးအကြီးဆုံးပါပဲ"

သီလပျက်စီးခြင်း (သီလဗျသန) နှင့် အယူပျက်စီးခြင်း (ဒိဋ္ဌိဗျသန) တို့သည် ပစ္စုပ္ပန်ရော သံသရာအတွက်ပါ ထိတ်လန့်ကြရမည့် အချက်များ ဖြစ်ကြောင်း ဓမ္မစာရေးဆရာ မောင်ဝိဘာဗ္ဗက ဤသို့ရေးသားခဲ့ပါ၏။

"မျက်မှောက် သံသရာ နှစ်ဖြာအတွက် ထိတ်လန့်ကြရမည်မှာ ဒိဋ္ဌိဗျသန (အယူ ပျက်စီးမှု) နှင့် သီလဗျသန (သီလပျက်စီးမှု) တို့ ဖြစ်ပါသည်။ ထိုနှစ်ပါးတွင်လည်း ဒိဋ္ဌိဗျသနက ပို၍ ဆိုးပါသည်။ မိစ္ဆာဒိဋ္ဌိ (အယူမှား၊ အမြင်မှား၊ အသိမှား) ဖြစ်လာပါလျှင် မှားသောအကြံ၊ မှားသောအပြောအဆို၊ မှားသောအလုပ်၊ မှားသောအပြုအမူတို့သည် ထွန်နောက်ရေပါသလို လိုက်ပါကြရမည်သာ ဖြစ်ပါ၏။ ဤသည်မှာ ပျက်စီးခြင်းပင် ဖြစ်ပါသည်"

ဗုဒ္ဓဘာသာတို့၏ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်များတွင် သီလသည် အခြေခံအုတ်မြစ် ဖြစ်ပါ၏။ လောကီရေးတွင်ဖြစ်စေ၊ လောကုတ္တရာရေးတွင် ဖြစ်စေ၊ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အခြေခံမှစ၍သာ ဆောင်ရွက်ရပါသည်။ လှေကားထစ်တက်ခြင်းနှင့် ပမာတူပါ၏။ လှေကားတက်ရာတွင် အောက်ခြေမှစ၍ တစ်ထစ်ပြီးတစ်ထစ် အဆင့်ဆင့် တက်လှမ်းရပါသည်။ အောက်ခြေလှေကားထစ်များကို ကျော်လွှားပြီး အပေါ်လှေကား

ထစ်များဆီသို့ မမိမကမ်း ခုန်ကျော်တက်လျှင် ပြုတ်ကျမည်သာ ဖြစ်ပါ၏။ ဘာသာရေးလုပ်ငန်းတွင် အမြင့်ဆုံး၊ အမြတ်ဆုံး ကျင့်စဉ်ဟု ဆိုရမည် ဖြစ်သော ဝိပဿနာဘာဝနာ ပွားများသူများသည်လည်း အခြေခံအားဖြင့် သီလဖြူစင်ဖို့ လိုပါသည်။ သီလ မလုံခြုံလျှင်မူ သမာဓိလည်း မဖြစ်နိုင်။ လောဘလည်း ပါးလျား၍ မလာ။ ဒေါသလည်း ပါးလျား၍ မလာ။ မောဟလည်း ပါးလျား၍ မလာ။ မည်သည့် တရားထူးမျှလည်း မရနိုင်ပါ။ ကျေးဇူးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက -

"သီလမကောင်းဘဲ ဘာဝနာကို တက်ဖို့ မဖြစ်နိုင်ဘူး။ သီလ မကောင်းရင် ဒါနတောင် မသန့်ရှင်းဘူး။ သူများ အထင်မသေးအောင်၊ ဂုဏ်ရှိအောင်ပြုတဲ့ ဒါနဟာ အလွန်ညံ့တဲ့ ဒါနဖြစ်တယ်"

သီလနှင့် ပြည့်စုံခြင်းသည် လူတစ်ဦးချင်းစီ၏ဘဝကို စောင့်ရှောက်ပါ၏။ ထိုသူ ကျင်လည်နေထိုင်ရာ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်းကိုလည်း စောင့်ရှောက်ပါ၏။ သီလသည် လူ့ဂုဏ်သိက္ခာ၏ အရင်းအမြစ် ဖြစ်ပါ၏။ လူ့တန်ဖိုး၏ အခြေခံလည်း ဖြစ်ပါ၏။

ကမ္ဘာကျော် ဝိပဿနာ နည်းပြဆရာကြီး ဦးဂိုအင်ကာကလည်း ဝိပဿနာတရား အားထုတ်သူများအနေဖြင့် သီလကို ဖြူစင်နိုင်သမျှ ဖြူစင်အောင် စောင့်ထိန်းကြရမည်ဖြစ်ကြောင်း ဤသို့ပြောကြားခဲ့ပါသည်။

"တပည့်ယောဂီအများအပြားကား သီလကို အလေးမထားတဲ့ အတွက် တရားမရနိုင်ကြတာကို တွေ့ဖူးပါတယ်။ အဲဒီယောဂီတွေဟာ ဒီသင်တန်းများကို နှစ်ပေါင်းများစွာ လာရောက်ပြီး တက်ခဲ့ကြရာမှာ ထူးခြားတဲ့ ခံစားမှုတွေ ရရှိခဲ့ကြတယ်လို့ ဆိုပါတယ်။ သို့သော်လည်း သူတို့ရဲ့ နေ့စဉ်လုပ်ကိုင်ပုံကတော့ ဘာမျှထူးခြားမှု မတွေ့ရပါဘူး။ သူတို့စိတ်ဟာ လှုပ်ရှားပူပန်နေကြမြဲအတိုင်းပဲ ရှိနေကြပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ သူတို့ဟာ ဝိပဿနာအလုပ်ကို ကစားစရာတစ်မျိုးလို သဘောထားကြလို့ ဖြစ်ပါတယ်။ အဲဒီလူတွေဟာ တကယ်ဆုံးရှုံးခြင်းကြီး ဆုံးရှုံးရတဲ့သူများ ဖြစ်ပါတယ်။ တရားတော်ကို အခြေပြုပြီးတော့ ပိုမိုမြင့်မြတ်တဲ့ ဘဝကို တက်လှမ်းလိုကြသူများမှန်ရင် သီလကို ဖြူစင်နိုင်သမျှ ဖြူစင်စွာ စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်"

ကျေးဇူးရှင် သီတဂူ အရှင်ဉာဏိဿရ ဆရာတော်ကြီးက ကာယကံ၊ ဝစီကံ သန့်ရှင်းရေးအတွက် သီလ၊ မနောကံ သန့်ရှင်းရေးအတွက် ဒိဋ္ဌိဇုကမ္မ ဖြစ်ဖို့လိုကြောင်း အောက်ပါအတိုင်း ဆုံးမတော်မူခဲ့ပါ၏။

"အဲဒီ ကံ၊ ဉာဏ်၊ ဝီရိယ မျှတစွာ သွားပြီးတော့ ဒီ ကံ၊ ဉာဏ်၊ ဝီရိယ သည်သာလျှင် ငါ့ရဲ့အားကိုးရာ ကံကောင်း၊ ဉာဏ်ကောင်း၊ ဝီရိယကောင်း တွေကို ငါပိုင်ဥစ္စာအဖြစ် စုဆောင်းထားသင့်တယ်လို့ သဘောပေါက်ထားခဲ့ လို့ရှိရင် ကိုးကွယ်ရာသည် ပရိသတ်ရေ အပြင်အပမှာ မဟုတ်တော့ဘူး။ ဘယ်မှာလဲ။ မိမိကိုယ်ထဲမှာ ဖြစ်သွားတယ်"

"မှန်ပါ့ဘုရား"

"ဒီ ကံတွေ၊ ဉာဏ်တွေ၊ ဝီရိယတွေက ကောင်းကင်ဘုံမှာမှ မဟုတ်ဘဲ"

"မှန်ပါ့ဘုရား"

"ဘယ်မှာလဲ၊ သတ္တဝါအသီးသီးရဲ့ ခန္ဓာထဲမှာ။ အဲဒါကြောင့် ကိုးကွယ်ရာ အပြင်မှာလား၊ အတွင်းမှာလား"

"အတွင်းမှာပါ ဘုရား"

"အဲဒါကို ပြောတယ်။ အတ္တာဟိ အတ္တနော နာထောနော်။ အဲဒီ သဘောကို ကောင်းစွာပိုင်သွားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အယူဝါဒက ပရိသတ်ရေ မဖြောင့်သေးဘူးလား"

"ဖြောင့်ပါ ဘုရား"

"အဲဒါကို ဒိဋ္ဌိဇုကမ္မလို့ ခေါ်တယ်"

"မှန်ပါဘုရား"

"ကာယကံ၊ ဝစီကံ သန့်ရှင်းရေးအတွက် သီလ"

"မှန်ပါ့ဘုရား"

"မနောကံ သန့်ရှင်းရေးမှာက ဒိဋ္ဌိဇုကမ္မ"

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကုသိုလ်ကောင်းမှုတို့၏ အဦးအစဖြစ်သော သီလနှင့် ပြည့်စုံစေရန်နှင့် အယူအမြင် မှန်ကန်စေရန် အားထုတ်ကြိုးပမ်းသွားရမည် ဖြစ်ပါသည်။

□

# မရောင်းကောင်းသော ကုန်စည်ငါးမျိုး

ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ်၊ ဥပါသကဝဂ်၊ ဝဏိဇ္ဇသုတ်တော်တွင် ဗုဒ္ဓဘာသာ ဥပါသကာ တစ်ယောက်အနေဖြင့် မရောင်းကောင်းသော ကုန်စည်မျိုးငါးပါးကို ဟောကြားတော်မူခဲ့ပါသည်။ ထိုငါးပါးတို့မှာ -

(၁) သတ္ထဝဏိဇ္ဇာ = အများသေစေကြောင်း လေး၊ မြားစသောလက်နက်ပေါင်း အမျိုးမျိုးကို ရောင်းခြင်း။

(၂) သတ္တဝဏိဇ္ဇာ = ဆင်၊ မြင်း၊ လူ စသော အစေခံ သတ္တဝါအပေါင်းကို ရောင်းခြင်း။

(၃) မံသဝဏိဇ္ဇာ = ဝက်၊ သမင်စသော အသားစားကြောင်း သတ္တဝါ အပေါင်းကို ရောင်းခြင်း။

(၄) မဇ္ဇဝဏိဇ္ဇာ = သေရည် အရက်အမျိုးမျိုးကို ရောင်းခြင်း။

(၅) ဝိသဝဏိဇ္ဇာ = အများကို သေစေတတ်သော အဆိပ်အမျိုးမျိုးကို ရောင်းချခြင်း။

ဗုဒ္ဓမြတ်ဘုရားသည် ဓား၊ လှံ၊ လေး၊ မြား စသော လူသတ်လက်နက်တို့ကို မိမိကိုယ်တိုင်ပြုလုပ်၍လည်းကောင်း၊ အခြားတစ်ပါးသော သူတို့ကို ပြုလုပ်ခိုင်း၍လည်းကောင်း၊ သူတစ်ပါး ပြုလုပ်ပြီးသည်ကို တစ်ဆင့်ဝယ်ယူ၍လည်းကောင်း၊ ရောင်းဝယ်ခြင်း မပြုလုပ်ရဟု တားမြစ်တော်မူပါသည်။ အဘယ်ကြောင့် တားမြစ်ရသနည်းဟူမူ ဓား၊ လှံ စသော လက်နက်တို့သည် တစ်ပါးသော သတ္တဝါတို့ကို သတ်ဖြတ်နှိပ်စက်ကြောင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် မိစ္ဆာစာရဖြင့် အသက်မွေးသော မိန်းမပေါ့ (ပြည့်တန်ဆာ) ရောင်းဝယ်ခြင်း၊ လူများကို ကျွန်ဖြစ်စေရန် ရောင်းဝယ်ခြင်း စသော ကူးသန်းရောင်းဝယ်ခြင်းကို မပြုလုပ်ရဟု တားမြစ်တော်မူပါသည်။ အကြောင်းမှာ သူ့ကျွန်၏အဖြစ်ကို ပြုတတ်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် သား၊ သမင်၊ နွား၊ ကြက်၊ ဝက် စသော ဟင်းလျာ သတ္တဝါတို့ကို မွေးမြူ၍ သားငါးမျိုးကုန်ရောင်းခြင်းကို တားမြစ်တော်မူပါသည်။ အကြောင်းမှာ သတ္တဝါတို့ကို သတ်ဖြတ်ရခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် လတ်တလော သေစေတတ်သော အဆိပ်အမျိုးမျိုး၊ ယုတ်စွအဆုံး ကိုယ်ဝန်ကျစေတတ်သော ဆေးမျိုး ရောင်းစားခြင်းကို မပြုရ မလုပ်အပ်ဟု တားမြစ်တော်မူပါသည်။ အဘယ့်ကြောင့်ဆိုသော် အဆိပ်အမျိုးမျိုးတို့သည် သတ္တဝါတို့ကို သေစေတတ်သောကြောင့် ဖြစ်ပါသည်။

[ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်–စာ ၄၉/၅၀]

လူသားတိုင်းသည် မိမိနှင့် မိမိ၏ မိသားစုဘဝ ရပ်တည်ရှင်သန်ရေးအတွက် ငွေကြေးဥစ္စာ ရှာဖွေမှု ပြုကြရသည်ချည်း ဖြစ်ပါသည်။ ထိုသို့ စီးပွားဥစ္စာ ရှာဖွေရာတွင် အဓိကအားဖြင့် လုပ်ငန်းဆောင်တာကြီးသုံးရပ် ရှိပါသည်။ ယင်းတို့မှာ . . .

(၁) ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊

(၂) ကုန်ရောင်း ကုန်ဝယ်လုပ်ငန်း၊

(၃) ဝန်ဆောင်မှုလုပ်ငန်းတို့ ဖြစ်ပါ၏။

ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဆိုသည်မှာ လူတို့၏ စားသောက်ကုန်၊ အဝတ်အထည်နှင့် အခြားလူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုတို့ပင် ဖြစ်ပါသည်။ ဆန်စပါး၊ ဂျုံ၊ သစ်သီးဝလံ စသော စားကုန်များ ထုတ်လုပ်မှုလုပ်ငန်းသည် စေတနာကောင်းနှင့်ယှဉ်၍ အဆိပ်အတောက်ကင်းကင်း၊ သန့်သန့်ရှင်းရှင်း ဆောင်ရွက်သော် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသော သမ္မာအာဇီဝ လုပ်ငန်းစစ်စစ် ဖြစ်ပါ၏။ အဘယ်ကြောင့်ဟူမူ လူအပါအဝင် သက်ရှိသတ္တဝါဟူသမျှတို့ကို အာဟာရအပေါ်တည်မှီ၍ အသက်ရှင်သန်ရသောကြောင့် ဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်သူတို့ ရှိနေသောကြောင့်သာ အစား

အစာများကို လူတို့ မှီဝဲစားသုံးနေနိုင်ကြခြင်း ဖြစ်ပါ၏။

အဝတ်အထည်နှင့် အခြားလူသုံးကုန်ပစ္စည်း ထုတ်လုပ်ခြင်းသည် လူတို့အတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်း ဖြစ်သောကြောင့် စေတနာကောင်းထားလျက် အမျိုးအစား မှန်ကန်သင့်တင့်သော ဈေးနှုန်းဖြင့် ထုတ်လုပ်ဖြန့်ချိလျှင် သန့်ရှင်းစင်ကြယ်သော သမ္မာအာဇီဝလုပ်ငန်း ဖြစ်ပါ၏။

ဝန်ဆောင်မှုလုပ်ငန်း ဆိုသည်မှာ ပညာသင်ကြားပေးခြင်း၊ ဆေးကုသပေးခြင်း၊ စက်ပစ္စည်းမျိုးစုံ ပြုပြင်ပေးခြင်း၊ အိုးအိမ်တိုက်တာတို့ တည်ဆောက်ပေးခြင်း စသောအသိပညာ၊ အတတ်ပညာကို အရင်းအနှီးပြုလျက် ဆောင်ရွက်သောလုပ်ငန်း ဖြစ်ပါ၏။ ထိုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စေတနာကောင်း အရင်းခံလျက် ကောင်းမွန်သော ဝန်ဆောင်မှုကိုပေးပြီး တန်ရာတန်ကြေး ဝန်ဆောင်ခကို ရယူသော် ယင်းသည် အပြစ်ကင်းစင်သော အသက်မွေးမှုပင် ဖြစ်ပါ၏။

ကုန်ရောင်းကုန်ဝယ်လုပ်ငန်း ဆိုသည်မှာ စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ရောင်းချသော လုပ်ငန်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးအစား မှန်ကန်သော ပစ္စည်းကို အလေးချိန် အချိန်တွယ်မှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချသော် ယင်းသည် အပြစ်ကင်းစင်သော သမ္မာအာဇီဝလုပ်ငန်း ဖြစ်ပါ၏။ သို့တစေ ကုန်ရောင်းကုန်ဝယ် လုပ်ငန်းတွင် ရောင်းဝယ်မှု မပြုသင့်သော ကုန်ပစ္စည်း ငါးမျိုး ရှိပါသည်။ မြတ်စွာဘုရားက "သေရည်အရက်၊ အဆိပ်၊ လက်နက်၊ သားငါး၊ လူ" တို့ကို ရောင်းဝယ်မှု မပြုအပ်ဟု ဟောတော်မူခဲ့ပါ၏။

မြတ်စွာဘုရားသည် သတ္တဝါဝေနေယျတို့အပေါ် အနှိုင်းမဲ့ကြင်နာသနားတော်မူသော မဟာကရုဏာတော် အရင်းခံဖြင့် အထက်ပါကုန်သွယ်မှုငါးမျိုးကို မပြုသင့်ကြောင်း မိန့်တော်မူခဲ့ခြင်း ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် ထိုကုန်သွယ်မှုငါးမျိုးစလုံးသည် အခြားသော လူနှင့် သတ္တဝါတို့၏ အသက်နှင့် ခန္ဓာကို ထိခိုက်သေကျေ ပျက်စီးစေတတ်သောကြောင့် ဖြစ်ပါ၏။

စစ်လက်နက် ထုတ်လုပ်မှု နည်းပညာများ ခေတ်မီတိုးတက်လာ

သည်နှင့်အမျှ ယနေ့ခေတ်ပေါ်လက်နက်များ၏ အဖျက်စွမ်းအားသည် အံ့ဘနန်း ကြီးမားထက်မြက်လာသည်။ လူပေါင်းများစွာ၏ အသက်ကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ကျေပြုန်းစေနိုင်ပါသည်။ လက်နက်ရှိသူသည် လက်နက်မရှိသူအပေါ် အနိုင်ကျင့်စော်ကားကာ လူသတ်မှု၊ ဓားပြတိုက်မှု၊ မုဒိမ်းမှု စသည်တို့ကို အလွယ်တကူ ကျူးလွန်နိုင်ပါသည်။ ကျည်တောင့်ကလေးတစ်တောင့်က လူတစ်ဦး၏ဘဝကို နိဂုံးကမ္ပတ် အဆုံးသတ်စေခြင်းသည် စေ့စေ့တွေးကြည့်လေ ရင်နာကြေကွဲဖွယ်ကောင်းလေပင် ဖြစ်ပါ၏။ ကမ္ဘာပေါ်ရှိ စစ်ပွဲများတွင် အပြစ်မဲ့ပြည်သူများစွာ၏ အသက်ဇီဝိန်နှင့်တကွ ဘဝရပ်တည်မှုကို ပျက်သုဉ်းစေသည်။ စစ်တလင်းဝယ် အပြစ်မဲ့ပြည်သူများမှာ စစ်ပြေးဒုက္ခသည်များအဖြစ် ပြေးလွှားကြရကာ ဘဝကစဉ့်ကလျားဖရိုဖရဲ ဖြစ်ကြရရှာသည်။ အရင်းစစ် အမြစ်မြေက ဆိုသကဲ့သို့ ဤအနိဋ္ဌာရုံဖြစ်ရပ်များ၏ ဖန်တီးရှင်တရားခံမှာ လက်နက်ထုတ်လုပ် ရောင်းချမှုပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် စစ်လက်နက်ကုန်သည်ကြီးများသည် သန်းပေါင်းထောင်ချီ၍ ချမ်းသာကြွယ်ဝကြပါ၏။ သို့တစေ သူတို့၏ ချမ်းသာကြွယ်ဝမှုအောက်ခြေတွင် လူပေါင်းများစွာ၏ အသက်နှင့် ကိုယ်ခန္ဓာများ၊ မျက်ရည်စက်များ၊ ဆင်းရဲဒုက္ခများ အထုအထည်နှင့် ဖွဲ့စည်းလျက်ရှိရာ သူတို့၏ ချမ်းသာကြွယ်ဝမှုသည် "သေးချမ်းသာ၊ ချွေးချမ်းသာ" သာ ဖြစ်ပါ၏။

လူကုန်ကူးခြင်းဆိုသည်မှာ စင်စစ် လူကို "ကျွန်ပြုခြင်း" တစ်မျိုးပင်ဖြစ်ပါ၏။ လွန်လေခဲ့ပြီးသော နှစ်ပေါင်းများစွာက ကမ္ဘာမြေပေါ်တွင် "ငွေဝယ်ကျွန်စနစ်" ထွန်းကားခဲ့သည်။ ငွေဝယ်ကျွန်များသည် လူသားတစ်ယောက်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ လုံးလုံးဆုံးရှုံးခဲ့ရရှာ၏။ ကျွန်ပိုင်ရှင်များ၏ ထားရာနေ၊ စေရာသွား၊ ခိုင်းသမျှလုပ်၊ ကျွေးရာစား ဘဝဖြင့် သူတစ်ပါးစိတ်နှင့် မိမိကိုယ်ခန္ဓာဘဝမျိုး နေခဲ့ရရှာ၏။ ထိုငွေဝယ်ကျွန်စနစ် ကမ္ဘာမြေပေါ်မှာ ချုပ်ငြိမ်ကွယ်ပျောက်ခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်သော်လည်း ယနေ့ခေတ်တွင်မူ "လူကုန်ကူးမှု" ဟူသော အသွင်တစ်မျိုးဖြင့် ပြန်လည်ရှင်သန်လာခဲ့သည်ဟုဆိုရပေမည်။ တစ်ခုခြားနားသည်မှာ ငွေဝယ်ကျွန်စနစ်ကို ထိုခေတ် ထိုကာလများ၌ တရားဥပဒေအရ တရားဝင် ခွင့်ပြုခဲ့စေကာမူ

ယနေ့လူကုန်ကူးမှုကိုမူ မည်သည့်နိုင်ငံ၊ မည်သည့်တရားဥပဒေကမျှ ခွင့်ပြုခြင်း မရှိပါပေ။ လူကုန်ကူးခြင်းခံရသော အမျိုးသမီးများသည် တစ်ဖက်နိုင်ငံတွင် ငွေဝယ်မယားအဖြစ် ရောက်ရှိခြင်း၊ ပြည့်တန်ဆာလုပ်ငန်းများတွင် စေခိုင်းခံရခြင်း စသောအဖြစ်ဆိုးနှင့် ပက်ပင်းတိုးပြီး ဘဝအညွန့်တုံးကာ ရှင်လျက်နှင့် သေသောဘဝမျိုးသို့ ရောက်ရှိချေတော့သည်။ လူကုန်ကူးသူများသည် လူ့နှလုံးသား ကင်းမဲ့သူများ ဖြစ်ပါ၏။ သားသမီးချင်း ကိုယ်ချင်းမစာသူများ၊ လူလူချင်း စာနာညှာတာမှု ကင်းမဲ့သူများ ဖြစ်ပါ၏။ လူကုန်ကူးသူများထံမှ ငွေဖြင့်ဝယ်ယူကာ မယားအဖြစ် သိမ်းပိုက်သော လူမျိုးခြားများသည် 'လူ' ဟုမဆိုထိုက်သူများ ဖြစ်ပါ၏။ ထိုလူမျိုးကို သူ့နိုင်ငံ၊ သူ့အစိုးရကသူတို့လူမျိုး၏ ဂုဏ်သိက္ခာကို စောင့်ရှောက်သည့်အနေဖြင့် ထိထိရောက်ရောက် အရေးယူအပြစ်ပေးသင့်ပါသည်။

အဆိပ်ဟူသည် လူနှင့်တကွ သက်ရှိသတ္တဝါတို့၏ ခန္ဓာနှင့် အသက်ကို အချိန်တိုတိုအတွင်းမှာပင် ပျက်သုဉ်းစေနိုင်စွမ်းရှိသော အရာဖြစ်ပါ၏။ အဆိပ်ကုန်သွယ်ခြင်းသည် လူနှင့်သက်ရှိသတ္တဝါတို့၏ အသက်နှင့် ခန္ဓာများစွာကို ပျက်စီးစေသော စီးပွားရှာဖွေမှု ဖြစ်ပါသည်။ ကိုယ်တိုင် မသတ်စေကာမူ၊ လူနှင့်သတ္တဝါအများ သေကျေပျက်စီးစေရန် သွယ်ဝိုက်သောနည်းဖြင့် အားပေးထောက်ပံ့မှုပြုခြင်းပင် ဖြစ်ပါ၏။ ကြီးမားသော အကုသိုလ်မှုဖြစ်ပါ၏။ သက်ရှိသတ္တဝါတစ်ဦး၏ ခန္ဓာကိုယ်တွင်းသို့ အဆိပ်ဝင်ရောက်သည်နှင့် ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများ ပျက်စီးမှု စတင်ဖြစ်ပေါ်လာသည်။ ထိုအဆိပ်၏ ပြင်းစွာသော ထိုးနှက်ချက်ကို အဆိပ်မိသူ လူနှင့် သက်ရှိသတ္တဝါတို့ခမျာ မရှုမလှ ခံစားကြရသည်။ အချိန်တိုတိုကလေး အတွင်းမှာပင် ခန္ဓာနှင့် အသက်ကို ကျေပျက်စေသော အဆိပ်ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော သူတို့၏နှလုံးသားသည် ရက်စက်ကြမ်းကြုတ်သော နှလုံးသားသာ ဖြစ်ပါ၏။

သေရည်အရက်ကြောင့် လူများစွာတို့၏ ဘဝတွေ ကစဉ့်ကလျား၊ ကတိမ်းကပါးဖြစ်ပြီး မိသားစုများ သောကပရိဒေဝမီး တောက်လောင်သောကြောင့် မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်ဗုဒ္ဓက သေရည်အရက်ရောင်းချခြင်းကို မိစ္ဆာအာဇီဝဟု ပြစ်တင်ရှုတ်ချတော်မူခဲ့ခြင်း ဖြစ်ပါသည်။

အရက် ရောင်းချသူတို့အဖို့ စီးပွားဖြစ်ထွန်းလွယ်သလောက်၊ အရက်သောက်သုံးသူများမှာမူ ငွေကြေးအရလည်းကောင်း၊ ကျန်းမာရေးအရလည်းကောင်း၊ အမည်ဂုဏ်သတင်းအရလည်းကောင်း၊ အဘက်ဘက်မှ နစ်နာဆုံးရှုံးကြရသည်။ အရက်စွဲသွားသော လူငယ်တစ်ဦးအဖို့ ဘဝတစ်လျှောက်လုံး တက်လမ်းပိတ်သွားသည့်အပြင် ကြာသော် ကျန်းမာရေးပင် ချို့ယွင်းလာသည်။ အရက်စွဲသမားတို့ ဘဝပျက်၊ ခန္ဓာပျက်နေသည်ကို အထင်အရှားမြင်နေ တွေ့နေ ကြားသိနေပါလျက် မည်သူတွေ မည်သို့ပင်ဖြစ်စေ မိမိချမ်းသာကြွယ်ဝဖို့သာ အဓိကဟူ၍ လူမဆန်သော နှလုံးသွင်းဖြင့် သေရည်သေရက် ရောင်းချနေကြခြင်း ဖြစ်ပါသည်။

ဝိသမလောဘသမားတို့၏ ယုတ်ညံ့သော စီးပွားရှာဖွေမှုကို အကြောင်းပြု၍ လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲဒုက္ခများ၊ ပူပန်သောကများ၊ မျက်ရည်ပေါက်ကြီးငယ်များ၊ ခန္ဓာနှင့်အသက် ကြွေပျက်မှုများ၊ ဘဝအညွန့်တုံးမှုများ ဖြစ်ပွားပေါ်ပေါက်နေရခြင်း ဖြစ်ပါ၏။

စင်စစ် မိမိကို အကြောင်းပြု၍ မည်သူတစ်စုံတစ်ယောက်မျှ ဆင်းရဲဒုက္ခ မရောက်စိမ့်သောငှာ မြတ်စွာဘုရား မိန့်တော်မူသော မရောင်းသင့်သည့် ကုန်ပစ္စည်းငါးမျိုးကို ရောင်းခြင်းမှ လုံးဝရှောင်ကြဉ်သင့်ပါသည်။ သို့မှသာ အသက်မွေး စင်ကြယ်သန့်ရှင်းပါလိမ့်မည်။ အသက်မွေး စင်ကြယ်မှသာ လူကောင်းစင်စစ် ဖြစ်ပါလိမ့်မည်။ အသက်မွေး စင်ကြယ်ခြင်းသည် လူကောင်း လူမွန် လူမြတ်ဖြစ်ရေးအတွက် အခြေခံကျင့်စဉ် ဖြစ်ပါသည်။

နှလုံးသား သန့်စင်မွန်မြတ်သူတိုင်းသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အသက်မွေးမှုဖြင့်သာ တင်းတိမ်ရောင့်ရဲ အေးချမ်းစွာ ဘဝရပ်တည်မှု ပြုပါသည်။

□

# သိကြားမင်းက ရှိခိုးသော ပုဂ္ဂိုလ်

"အရှင်သိကြားမင်း၊ ဗေဒင်သုံးပုံဆောင်သူ ဗြာဟ္မဏတို့သည်လည်းကောင်း၊ မြေ၌နေသူ အားလုံးတို့သည်လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီးလေးပါးတို့သည်လည်းကောင်း၊ များသောအခြံအရံရှိသော တာဝတိံသာနတ်တို့သည်လည်းကောင်း အရှင်သိကြားမင်းကို ရှိခိုးကုန်၏။

အရှင်သိကြားမင်း၊ အရှင်သိကြားမင်းသည် ထိုသို့ လူမင်း၊ နတ်မင်းအပေါင်းတို့၏ ဦးခေါင်းညွတ်လျှိုး ရှိခိုးခြင်းကို ခံယူသည်ဖြစ်ပါလျက် အရှင်သိကြားမင်း ရှိခိုးသော နတ်မင်းကြီးသည်ကား အဘယ်အမည်ရှိသော နတ်မင်းပါနည်း။"

ဤသို့မေးလျှင် သိကြားမင်းသည် မာတလိအမေးကို ကောင်းမွန်စွာ ဖြေ၏။

"မာတလိ၊ ဗေဒင်သုံးပုံတတ်သော ပုဏ္ဏားတို့သည်လည်းကောင်း၊ မြေ၌နေသူအပေါင်းတို့သည်လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီးတို့သည်လည်းကောင်း၊ များသောအခြံအရံရှိသော တာဝတိံသာနတ်တို့သည်လည်းကောင်း ငါ့ကို ရှိခိုးကြကုန်၏။

ငါသည်ကား သီလနှင့်ပြည့်စုံကုန်သော၊ ရှည်သောညဉ့်တို့ပတ်လုံး တည်ကြည်ခြင်း ရှိကုန်သော၊ မြတ်သောအကျင့်လျှင် လဲလျောင်းရာရှိကုန်သော ရဟန်းတော်တို့ကို ကောင်းစွာရှိခိုး၏။

မာတလိ၊ အကြင်သူတို့သည် အိမ်၌တည်ကုန်၍ ကောင်းမှုကို ပြုကုန်၏။ သီလရှိကုန်၏။ ရတနာသုံးပါးကို ဆည်းကပ်ကုန်၏။ တရားနှင့်အညီ

သားမယားကို မွေးမြူကုန်၏။ ထိုသူတို့ကို ငါရှိခိုး၏။

မာတလိ၊ အကြင်သူတို့သည် မိဘတို့ကို လုပ်ကျွေးမွေးမြူကုန်၏။ ပူဇော်ထိုက်သူကို ပူဇော်ကုန်၏။ အသက်ကြီးပုဂ္ဂိုလ်တို့ကို ရိုသေကိုင်းရှိုင်းကုန်၏။ လင့်ဝတ်ငါးပါး၊ မယားဝတ်ငါးပါးနှင့်အညီ ကျင့်ကုန်၏။ အပြောအဆို သိမ်မွေ့နူးညံ့ကုန်၏။ ချစ်သူချင်း မုန်းအောင် ကုန်းတိုက်ခြင်းလည်း မရှိ၊ သူတစ်ပါးအား မနာလိုဝန်တိုခြင်းလည်း မရှိ၊ မှန်သောစကားကို ဆိုကုန်၏။ အမျက်ထွက်ခြင်းလည်း မရှိ။ ထိုသူတို့အား ငါရှိခိုး၏"

(သံယုတ်ပါဠိတော်၊ သက္ကသံယုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊

(၄-၅) ပေါင်းချုပ် (ဒဂုန်ဦးစန်းငွေ)၊ စာ-၂၄၀]

နတ်တို့၏အကြီးအမှူးဖြစ်သော သိကြားမင်းသည် ခရီးထွက်စဉ်တိုင်း ရထားသို့မတက်မီ ရထား၏ဘေးတွင် ခြေစုံရပ်လျက် အောက်အရပ်သို့ ဦးညွတ်ရှိခိုးလေ့ရှိပါသည်။ သိကြားမင်း၏ ရထားထိန်းဖြစ်သော မာတလိနတ်သားက ထိုမြင်ကွင်းကို အကြိမ်များစွာ မြင်ရသောအခါ သိကြားမင်းသည် မည်သို့သောပုဂ္ဂိုလ်ကို ရှိခိုးပါသနည်းဟူ၍ သိချင်လာသည်။ အဘယ်ကြောင့်ဆိုသော် တေရဋ္ဌနတ်မင်းကြီး၊ ဝိရုဠ္ဍကနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ကုဝေရနတ်မင်းကြီးလေးပါးတို့သည် သိကြားမင်းအား ရှိခိုးကြရသည်။

ထို့အပြင် စတုမဟာရာဇ်၊ တာဝတိံသာ စသော နတ်ပြည်တို့က နတ်သား၊ နတ်သမီးအားလုံးတို့ကလည်း သိကြားမင်းကို ရှိခိုးဦးခိုက်ကြရသည်။ စင်စစ် သိကြားမင်းသည် နတ်အပေါင်းတို့၏ အရှင်သခင် နတ်ဘုရင်ကြီး ဖြစ်ပါ၏။ ဤသို့ နတ်မင်းကြီးလေးပါးနှင့်တကွ၊ နတ်ပြည်တစ်ပြည်လုံးက ရှိခိုးဦးတင်နေကြရသော သိကြားမင်းကိုယ်တိုင်က မည်သို့သောပုဂ္ဂိုလ်ကို အကြိမ်ကြိမ် ရှိခိုးနေရပါသနည်း။ မာတလိ နတ်သားက သူ့စိတ်ထဲတွင် ပဟေဠိဖြစ်နေသော မေးခွန်းကို သိကြားမင်းအား မေးလျှောက်ကြည့်ဦးမည် ဟု ကြံစည်ခဲ့သည်မှာ ကြာရှည်ခဲ့ပြီ။ သို့တစေ မေးရန်သင့် မသင့် ချင့်ချိန်စဉ်းစားနေသောကြောင့် အချိန်တွေ ကုန်လွန်ခဲ့သည်။ ယနေ့တွင်မူ "မေးဖြစ်အောင် မေးမည်" ဟု ဆုံးဖြတ်ချက်ချပြီး

အထက်ပါအတိုင်း မေးလျှောက်ခဲ့ခြင်း ဖြစ်ပါ၏။

သိကြားမင်းက "သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ရဟန်းတော် အရှင်မြတ်များကို ရှိခိုးသည်" ဟူသောဖြေကြားချက်ကိုမူ လူတိုင်းကပင် အလွယ်တကူ နားလည်လက်ခံကြလိမ့်မည် ထင်ပါသည်။ ရတနာမြတ်သုံး ပါးကို ယုံကြည်သက်ဝင်သော သိကြားမင်းသည် အကျင့်သီလနှင့် ပြည့်စုံ သော ရတနာသုံးပါးဝင် ရဟန်းတော်များကို ရှိခိုးပေလိမ့်မည်။ သို့သော် သိကြားမင်းက အိမ်ရာတည်ထောင် လူ့ဘောင်နေ လူဝတ်ကြောင်များထဲမှ အကျင့်သီလကောင်းမွန်ပြီး ရတနာသုံးပါးကို ဆည်းကပ်သူ၊ တရားနှင့်အညီ သားမယားတို့ကို လုပ်ကျွေးသူတို့ကို ရှိခိုးသည်ဟူသော ဖြေကြားချက်ကိုမူ လူအတော်များများက အံ့သြသွားကြပေလိမ့်မည် ထင်ပါသည်။ အထူးသဖြင့် ဤအချက်ကို သိသူလည်း အလွန်ပင်နည်းပါးလိမ့်မည် ထင်ပါသည်။

အထူးသဖြင့် တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ် တို့ကို ရှိခိုးနေသူ၊ မိရိုးဖလာအစဉ်အလာအရဟုဆိုကာ တာဝတိံသာနတ် မဟုတ်သော ထိုနတ်တို့နှင့် မနှိုင်းယှဉ်သာအောင် နိမ့်ကျသော ခုရမင်းနတ်ဆို သူတို့ကို ရှိခိုးပူဇော်ပသနေသူများသည် လူကောင်းလူမွန်များကို သိကြား မင်းကိုယ်တိုင်ကပင် ရှိခိုးရသည်ဟူသော ဘုရားဟော တရားတော်ကို ဖတ်ဖူး ကြလေဟန် မတူပါ။

မြတ်စွာဘုရားက "မနုဿတ္တဘာဝေါ ဒုလ္လဘော" (လူ့ဘဝသည် ရခဲ၏) ဟု လူ့ဘဝကို ဂုဏ်တင်တော်မူခဲ့ပါသည်။ စင်စစ်လူ့ဘဝ လူ့အဖြစ် သည် ခုရမင်းနတ်ဆိုသူတို့ထက် များစွာသာလွန်မြင့်မြတ်ပါသည်။ ခုရမင်း နတ်ဆိုသူတို့ထက် မနှိုင်းယှဉ်သာအောင် မြင့်မြတ်သော တာဝတိံသာနတ် အပေါင်းတို့၏ အရှင်သခင် သိကြားမင်းကိုယ်တိုင်ပင် အကျင့်သီလနှင့် ပြည့် စုံပြီး တရားနှင့်အညီ သားမယားတို့ကို လုပ်ကျွေးသော "လူကောင်းလူမွန် များ" ကို ရှိခိုးခြင်းကို ထောက်ရှုဆင်ခြင်လျှင် သီလရှိသောလူသည် ခုရမင်း နတ်ဆိုသူတို့ထက် များစွာမြင့်မြတ်သာလွန်ကြောင်း ထင်ရှားပါသည်။

အရေးကြီးသည်မှာ ရခဲသောလူ့ဘဝကို ရစဉ်အခိုက် လူ့ဘဝရကျိုး နပ်လေအောင် ဘဝကို အဓိပ္ပာယ်ရှိရှိ၊ တန်ဖိုးရှိရှိ နေထိုင်ကျင့်ကြံသွားဖို့သာ လိုပါသည်။ ဘဝကို အဓိပ္ပာယ်ရှိရှိ၊ တန်ဖိုးရှိရှိ နေထိုင်ခြင်းဟူသည်မှာ

အကျင့်သီလနှင့်ပြည့်စုံပြီး လူမှုတာဝန်ကျေပွန်သော လူကောင်းလူမွန်တစ်ဦး ဖြစ်အောင် ပျိုးထောင်တည်ဆောက်ယူခြင်းပင် ဖြစ်ပါ၏။ မြတ်စွာဘုရားက "မိမိကိုယ်သာ အားကိုးပါ" (အတ္တာဟိအတ္တာနောနာထော)၊ မိမိသည်သာ မိမိ၏ မှီခိုရာ ကျွန်းသဖွယ် ဖြစ်ပါစေ (အတ္တဒီပါ အတ္တသရဏာ) ဟု ဟောတော်မူခဲ့ပါသည်။ မိမိ၏ ဘဝသည် မိမိ၏လက်ထဲမှာသာ ရှိပါသည်။ မိမိ၏ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်အောင် မိမိကိုယ်တိုင်သာ လုပ်ခြင်း ဖြစ်သလို မိမိ၏ ကိုယ်ကျင့်သိက္ခာ မကောင်းမွန်အောင်လည်း မိမိကိုယ်တိုင်သာ လုပ်ခြင်းဖြစ်ပါသည်။ ဆိုရသော် ကိုယ်ကျင့်သိက္ခာရှိသူ၏ အဖြစ်သည် လည်းကောင်း၊ ကိုယ်ကျင့်သီလ ကင်းမဲ့သူ၏ အဖြစ်သည်လည်းကောင်း မိမိအပေါ်တွင်သာ တည်မှီပါသည်။ မိမိ၏ အကျင့်စရိုက်ကို မိမိ၏ ကံသုံးပါးဖြင့် မိမိကိုယ်တိုင်သာ ထုဆစ်ပုံဖော်နေခြင်း ဖြစ်ပါ၏။

လူ၏အစစ်အမှန်တန်ဖိုးသည် ကိုယ်ကျင့်သီလအပေါ် တည်မှီပါသည်။ ကိုယ်ကျင့်သီလဟူသည်မှာ မကောင်းမှုရှောင်၍ ကောင်းမှုဆောင်ခြင်းပင် ဖြစ်ပါ၏။ ဒုစရိုက်မှုကို ရှောင်ကြဉ်ပြီး သုစရိုက်မှုပြုခြင်းသည် ကိုယ်ကျင့်သီလ၌ တည်ခြင်းပင် ဖြစ်ပါသည်။ သီလသည် ဘာသာရေးကျင့်စဉ်ကြီးများတွင် အခြေခံအုတ်မြစ် ဖြစ်ပါ၏။ ဤအုတ်မြစ်အပေါ်တွင် တည်မှီပြီးမှသာ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်များကို တက်လှမ်းနိုင်မည် ဖြစ်ပါသည်။

လူတို့သည် အရွယ်၏သဘာဝ၊ အချိန်တန်သောအခါ ချစ်ကြင်မြတ်နိုးသူနှင့် ရွှေလက်တွဲ၍ အိမ်ရာတည်ထောင်ကြသည်။ သည်အခါ လင်ရယ် မယားရယ်ဟူ၍ ဖြစ်လာသည်။ ကြာသောအခါ သားသမီး တိုးပွားစည်လာသည်။ အိမ်ထောင်ဦးစီးဖြစ်သော လင်ယောကျ်ားအနေဖြင့် သားမယားတို့ကို တရားနှင့်အညီ ရှာဖွေရရှိထားသော ငွေကြေးဥစ္စာတို့ဖြင့် ကျွေးမွေးစောင့်ရှောက်ရမည်။ သို့မှသာ လင်ယောကျ်ားတစ်ယောက်၏ တာဝန်ကျေပွန်ပေလိမ့်မည်။ ဤတွင် ရှာဖွေရရှိသော ငွေကြေးဥစ္စာများသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းစွာ ရှာဖွေရရှိထားသော ပစ္စည်းဖြစ်ရပေမည်။ တရားသဖြင့် ရှာဖွေရရှိသော ငွေကြေးဖြင့် သားမယားတို့ကို ပေးကမ်းထောက်ပံ့မှုပြုခြင်းကို သိကြားမင်းကိုယ်တိုင်က လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြု ချီးမွမ်းကြောင်း အထက်ပါ ဘုရားဟော ဒေသနာတော်အရ ထင်ရှားပါသည်။

ထို့ပြင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟူသော ရတနာမြတ်သုံးပါးကို စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာ ယုံကြည်ဆည်းကပ် ကိုးကွယ်ခြင်း၊ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ သက်ကြီးပုဂ္ဂိုလ်တို့အပေါ် ရိုသေကိုင်းရှိုင်းခြင်း၊ လင့်ဝတ် မယားဝတ်နှင့်အညီ ကျင့်ကြံနေထိုင်ခြင်း၊ အပြောအဆို သိမ်မွေ့ယဉ်ကျေးခြင်း၊ ချစ်ခင်သူတို့အကြားဝယ် ကုန်းတိုက်စကား ပြောဆိုခြင်း၊ သူတစ်ပါးတို့၏ အောင်မြင်ကြီးပွားမှုအပေါ် မနာလိုဝန်တိုမှု မရှိခြင်း၊ မှန်သောစကားကိုသာ အစဉ်ပြောဆိုလေ့ရှိခြင်း၊ မနှစ်သက်ဖွယ်တို့နှင့် ကြုံဆုံသည့်တိုင် အမျက်ဒေါသ မထွက်တတ်ခြင်း စသောဂုဏ်ရည်များနှင့် ပြည့်စုံသူကို သိကြားမင်းကိုယ်တိုင်က လေးလေးမြတ်မြတ် အသိအမှတ်ပြု ရိုသေကြောင်းကိုလည်း အထက်ပါဒေသနာတော်အရ သိရှိရပါသည်။

အမှန်တော့ လူဖြစ်ရသည့်အခိုက် လူမည်ကာမတ္တမျှ မဖြစ်သင့်ပါ။ လူကောင်းစင်စစ် ဧကန်ဖြစ်ဖို့ လိုပါသည်။ လူကောင်းစင်စစ်ဖြစ်ဖို့ရာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ သန့်ရှင်းစင်ကြယ်ဖို့ လိုပါသည်။ လူမှုဝတ္တရားတွေ ကျေပွန်ဖို့ လိုပါသည်။ စွမ်းနိုင်သမျှ ကောင်းမှုကုသိုလ်တွေ ပြုနိုင်ဖို့ လိုပါသည်။

သားသမီးတွေအနေနှင့် အနန္တကျေးဇူးရှင် မိဘတို့အပေါ် "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်"ဟူသော ဝတ္တရားငါးပါးနှင့်အညီ ကျေးဇူးဆပ်ရပေလိမ့်မည်။ မိမိအပေါ် ကျေးဇူးကြီးမားသူ၊ ဂုဏ်အားဖြင့် ကြီးမားသူတို့အပေါ် ပူဇော်ရပေလိမ့်မည်။ အသက်အားဖြင့် ကြီးမားသူအပေါ် ရိုသေကိုင်းရှိုင်းရပေလိမ့်မည်။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်းတို့သည် မင်္ဂလာတရားနှင့် အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး အထက်တန်းကျသော အရည်အချင်းလည်း ဖြစ်ပါသည်။

ခင်ပွန်းယောကျ်ားဖြစ်သူက လင်ယောကျ်ား၏ ဝတ္တရားငါးဖြာ ကျေပွန်မည်။ ဇနီးမယား ဖြစ်သူကလည်း ဇနီးဝတ္တရားငါးဖြာကို အပြန်အလှန် ကျေပွန်ကြသော် "နှစ်ပင်ကောင်း တစ်ပင်ခိုင်" သည့် သာယာချမ်းမြေ့သော မိသားစု ဖြစ်ပေလိမ့်မည်။ လူမှုဝတ္တရား ကျေပွန်ခြင်းသည် ချီးကျူးအပ်သော အရည်အချင်းကောင်း ဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ လူမှုဆက်ဆံရေးတွင်

ဝစီကံကို အသုံးပြုလျက်ရှိရာ အပြောအဆို ယဉ်ကျေးပျူငှာခြင်း၊ သိမ်မွေ့နူးညံ့ခြင်းသည် တစ်ဖက်သူ၏ စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေပါသည်။ ချစ်သူခင်သူနှစ်ဦးအကြား ချစ်ခင်မြဲချစ်ခင်စိမ့်သောငှာ ကုန်းတိုက်စကားကို မပြောဆိုခြင်းသည်လည်း ဝစီသုစရိုက်မှုပင် ဖြစ်ပါ၏။ မှန်သောစကားကို ဆိုခြင်းသည်လည်း လူမှုဆက်ဆံရေးတွင် အမှန်တရားကို ပျံ့နှံ့စေခြင်းပင် ဖြစ်၍ ကောင်းမြတ်သော အရည်အချင်း ဖြစ်ပါ၏။ ပုထုဇဉ်သဘာဝ မနှစ်သက်ဖွယ် ဖြစ်ရပ်တို့နှင့် ကြုံဆုံသောအခါ ရုတ်ခြည်းဒေါသ ထွက်တတ်ကြသည်။ သို့တစေ သတိနှင့်ယှဉ်၍ စိတ်ကို ထိန်းသိမ်းနိုင်စွမ်း ရှိသူတို့သည် ရုတ်ခြည်းဒေါသ မထွက်တတ်ပါ။ ထိုသို့ မနှစ်မြို့ဖွယ်တို့နှင့် ကြုံဆုံသည့်တိုင် ဒေါသအမျက်ကို ထိန်းချုပ်နိုင်ခြင်းသည် အထက်တန်းကျသော အရည်အချင်းကောင်းတစ်ခု ဖြစ်ပါသည်။

သိကြားမင်းကိုယ်တိုင် ရိုသေလေးမြတ်ရသော အရည်အချင်းကောင်းများကို ပြုစုပျိုးထောင်ခြင်းအားဖြင့် ဘဝကောင်း ဘဝမွန်တစ်ခုကို ဖန်တီးပုံဖော်အပ်ပါသည်။

❒

## မမေ့မလျော့မှု အပ္ပမာဒတရား

"အရှင်ဂေါတမ၊ မျက်မှောက်အကျိုး၊ တမလွန်အကျိုး အကျိုးနှစ်မျိုး စလုံးကိုယူ၍ တည်သော၊ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သော တစ်ခု သော တရားသည် ရှိပါသလော"

"ပုဏ္ဏား၊ ရှိ၏"

"ရှိလျှင် ထိုတစ်ခုတည်းသော တရားကား အဘယ်ပါနည်း"

"ပုဏ္ဏား၊ မျက်မှောက်အကျိုး၊ တမလွန်အကျိုး၊ အကျိုးနှစ်မျိုးစလုံး ကိုယူ၍ တည်သော၊ ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သော တစ်ခုသော တရားဟူသည် မမေ့မလျော့မှု အပ္ပမာဒတရားပင်တည်း"

ဤသို့မိန့်တော်မူလိုက်သောအခါ ပုဏ္ဏားသည် စဉ်းစဉ်းစားစား အာ ရုံစိုက်စိုက်နှင့် နားစွင့်နေ၏။ သူ့နားတွင်းသို့ ဗုဒ္ဓစကားတော် ဝင်လာသည် ကား -

"ပုဏ္ဏား၊ ကုန်းမြေ၌ ကျက်စားသွားလာကုန်သော သတ္တဝါဟူသမျှ တို့၏ ခြေရာအားလုံးတို့သည် ဆင်ခြေရာ၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန် သကဲ့သို့၊ ဆင်ခြေရာကို ကြီးမားသည်၏ အဖြစ်ကြောင့် ထိုသတ္တဝါတို့၏ ခြေရာတို့ထက် မြတ်၏ဟု ဆိုသကဲ့သို့၊ ပုဏ္ဏား၊ ထို့အတူသာလျှင် မျက် မှောက်အကျိုး၊ တမလွန်အကျိုး နှစ်မျိုးစလုံးကိုယူ၍ တည်သော၊ ပွားများ အပ်၊ ကြိမ်ဖန်များစွာ ပြုအပ်သော တစ်ခုသော တရားဟူသည် မမေ့မလျော့မှု အပ္ပမာဒတရားပင်တည်း"

ထိုပုဏ္ဏားသည် ဗုဒ္ဓ၏စကားတော်ကို အာရုံစူးစိုက်စွာ နာလင့်နေ၏။ ဗုဒ္ဓလည်း လွယ်လင့်တကူ နားလည်စေရန်အလို့ငှာ ပုဏ္ဏားအား ဥပမာအမျိုး

မျိုးတို့ဖြင့် ဆက်၍ ဟောတော်မူ၏။

၁။ ပုဏ္ဏား၊ ဥပမာတစ်မျိုးသော်ကား အထွတ်တပ်သော အိမ်၏အခြင်ဟူသမျှတို့သည် အထွတ်သို့ ရောက်ကုန်၊ အထွတ်သို့ ညွတ်ကုန်၊ အထွတ်လျှင် စုဝေးရာရှိသကဲ့သို့၊ အထွတ်ကို ထိုအခြင်တို့ထက် မြတ်၏ ဟူ၍ဆိုအပ်သကဲ့သို့ ပုဏ္ဏား၊ ထို့အတူသာလျှင် မျက်မှောက်အကျိုး၊ တမလွန်အကျိုးနှစ်မျိုးစလုံးကိုယူ၍ တည်သော၊ ပွားများအပ်၊ အဖန်ဖန်ပြုအပ်သော တစ်ခုသော တရားဟူသည် မမေ့မလျော့မှု အပ္ပမာဒတရားပင်တည်း။

၂။ ပုဏ္ဏား၊ ဖြူဆံမြက်ရိတ် ယောကျ်ားသည် ဖြူဆံမြက်ကို ရိတ်၍ အဖျား၌ကိုင်ပြီးလျှင် အောက်သို့ခါချသကဲ့သို့၊ ဘေးနှစ်ဖက်သို့ ခါသကဲ့သို့၊ တစ်စုံတစ်ခုဖြင့် ရိုက်နှက်သကဲ့သို့ ဤအတူသာလျှင်-

၃။ ပုဏ္ဏား၊ သရက်သီးခိုင်၏ အသီးဟူသမျှသည် အညှာဖွဲ့ကုန်၊ အညှာသို့ အစဉ်လိုက်ကုန်သကဲ့သို့၊ ပုဏ္ဏား၊ ဤအတူသာလျှင် -

၄။ ပုဏ္ဏား၊ မင်းငယ်အားလုံးတို့သည် စကြဝတေးမင်း၏ နောက်လိုက်ဖြစ်ကုန်သကဲ့သို့ ထိုမင်းတို့ထက် စကြာဝတေးမင်းကို မြတ်၏ဟု ဆိုအပ်သကဲ့သို့၊ ပုဏ္ဏား၊ ထို့အတူသာလျှင် -

၅။ ပုဏ္ဏား၊ နက္ခတ်တာရာတို့၏ အရောင်ဟူသမျှသည် လရောင်၏ နှစ်ရာ့ငါးဆယ့်ခြောက်စိတ်၏ တစ်စိတ်ကိုမျှ မမီသကဲ့သို့ လရောင်ကို ထိုအရောင်တို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့၊ ပုဏ္ဏား၊ ထို့အတူသာလျှင် မျက်မှောက်အကျိုး၊ တမလွန်အကျိုး နှစ်ပါးစလုံးကိုယူ၍ တည်သော၊ ပွားများအပ်၊ အဖန်ဖန်ပြုအပ်သော တစ်ခုသော တရားဟူသည် မမေ့မလျော့မှု အပ္ပမာဒ တရားပင်တည်း။

ပုဏ္ဏား၊ ဤသည်လျှင် မျက်မှောက်အကျိုး၊ တမလွန်အကျိုး အကျိုးနှစ်ပါးစလုံးကို ယူ၍ တည်သော၊ ပွားများအပ်၊ အဖန်ဖန်ပြုအပ်သော တစ်ခုသော တရားပင်တည်းဟု မိန့်တော်မူ၏။

(သတ္တနိပါတ်၊ အင်္ဂုတ္တိုရ်၊ ဓမ္မိကဝဂ်၊ အပ္ပမာဒသုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊ (၄-၅)ပေါင်းချုပ် (ဒဂုန်ဦးစန်းငွေ)၊ စာ-၃၀]

ဘုရားရှင်တိုင်း၏ အဆုံးအမတော်မှာ (၁) မကောင်းမှုဟူသမျှ မပြု

လုပ်ခြင်း၊ (၂) ကောင်းမှုနှင့် ပြည့်စုံစေခြင်း၊ (၃) စိတ်ကို ဖြူစင်အောင် ထားခြင်းပင် ဖြစ်ပါ၏။ ရခဲလှသော လူ့ဘဝကို ရစဉ်အခိုက် ဘုရားရှင်၏ အထက်ပါ အဆုံးအမတော်နှင့်အညီ စွမ်းနိုင်သမျှ ကျင့်ကြံနေထိုင်မှသာ ရခဲလှသော လူ့ဘဝကို ရကျိုးနပ်ပါလိမ့်မည်။ တန်ဖိုးရှိသောဘဝ၊ အဓိပ္ပာယ်ရှိသော ဘဝကောင်း ဘဝမွန်တစ်ခု ဖြစ်တည်လာပါလိမ့်မည်။

ဘုရားရှင်၏ အဆုံးအမတော်အတိုင်း "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" နိုင်ဖို့အတွက် ပထမဦးဆုံး လိုအပ်ချက်မှာ မမေ့မလျော့မှုဟူသော 'သတိ' ပင် ဖြစ်ပါသည်။ မကောင်းမှုဟူသမျှ ရှောင်နိုင်ရန် ပညာဉာဏ်နှင့်ယှဉ်သော 'သတိ' လိုပါသည်။ သတိရှိမှသာ မကောင်းမှုကို မကောင်းမှုမှန်း သိမည်။ မကောင်းမှုတစ်ခု ပြုမိတော့မည် ဆိုလျှင် သတိ ရှိပါက မပြုဖြစ်အောင် ဟန့်တားနိုင်ပေမည်။ သတိလက်လွတ်ပြီဆိုလျှင် မကောင်းမှုကို လွယ်လင့်တကူ ကျူးလွန်ပြုလုပ်သွားတတ်သည်။ ရာဇဝတ် ပြစ်မှု ကျူးလွန်သူများသည် ကျူးလွန်နေချိန်တွင် သတိ မရှိသောကြောင့် ဖြစ်ပါ၏။ မနှစ်မြို့ဖွယ် ဆက်ဆံရေးနှင့်ဖြစ်စေ၊ အဖြစ်အပျက်နှင့်ဖြစ်စေ ကြုံတွေ့ရသောအခါ ရုတ်တရက် ဖြစ်ပေါ်လာသော ခံစားမှုကို ပညာဉာဏ်နှင့်ယှဉ်သော သတိအကူအညီဖြင့် ဇက်သတ်ထိန်းချုပ်မှု မပြုသောကြောင့် ရာဇဝတ်ပြစ်မှုများ ဖြစ်ပွားကာ အကျဉ်းထောင် ရောက်သူက ရောက်၊ ဆေးရုံသို့ ရောက်သူက ရောက်နှင့် မမျှော်လင့်ဘဲ ဘဝလမ်းကြောင်း အဆိုးဘက်သို့ ပြောင်းသွားရရှာသူတွေလည်း ရှိပါသည်။

လူသည် နေ့စဉ်နှင့်အမျှ ကြံတွေးနေသည်။ ပြောဆိုနေသည်။ ပြုမှုလုပ်ကိုင်ဆောင်ရွက်နေသည်။ ဝစီကံ၊ ကာယကံ၊ မနောကံမှုများ ဖြစ်ပွားနေရာ ထိုကံသုံးပါးစလုံးတွင် သတိနှင့်ယှဉ်ဖို့ လိုပါသည်။ မနောကံဟူသော ကြံစည်တွေးတောမှုတွင် သတိနှင့်ယှဉ်မှသာ ကောင်းသောအတွေးအကြံတို့ ဖြစ်မည်။ သတိနှင့်မယှဉ်လျှင် မကောင်းသော အတွေးအကြံတို့ ဖြစ်မည်။ ထို့အတူ ဝစီကံဟူသော ပြောဆိုမှုတွင် သတိနှင့်ယှဉ်မှသာ ကောင်းသော အပြောအဆို ဖြစ်မည်။ သတိနှင့်မယှဉ်သော် မကောင်းသော အပြောအဆို ဖြစ်မည်။ ထိုနည်းတူစွာ ကာယကံမှုဟူသော ပြုမှုလုပ်ကိုင်ဆောင်ရွက်မှုတွင် သတိနှင့်ယှဉ်မှသာ ကောင်းသော ပြုမှုလုပ်ကိုင်ဆောင်ရွက်မှု ဖြစ်မည်။ သတိ

နှင့် မယှဉ်သော် မကောင်းသော ပြုမူလုပ်ကိုင် ဆောင်ရွက်မှု ဖြစ်မည်။ ပြောလေသမျှ၊ ပြုလေသမျှ၊ ကြံစည်တွေးတောလေသမျှတွင် သတိနှင့် ယှဉ်လျက် ဆင်ခြင်ဉာဏ်ရှိဖို့ လိုပါသည်။ ဆင်ခြင်ဉာဏ်ဟူသည်မှာ ကြံစည် တွေးတောရန် သင့် မသင့်၊ ပြောဆိုရန် သင့် မသင့်၊ ပြုမူဆောင်ရွက်ရန် သင့် မသင့် စိစစ်ဆင်ခြင်ခြင်းပင် ဖြစ်ပါ၏။ ထိုဆင်ခြင်ဉာဏ်မှာလည်း သတိရှိမှ ဖြစ်ထွန်းနိုင်သော အရာဖြစ်ပါသည်။

ကံသုံးပါးတွင် စိတ်သည် အကြီးအမှူး အဦးအဆောင် ဖြစ်ပါ၏။ ကောင်းသော ကံသုံးပါးဖြစ်ရန် စိတ်ကို စောင့်ရှောက်ထိန်းသိမ်းတတ်ဖို့ လိုပါသည်။ စိတ်ကို စောင့်ရှောက်ဖို့ဆိုသည်မှာ မကောင်းသော အာရုံတို့၌ မမွေ့လျော်ရန်နှင့် ကောင်းသောအာရုံတို့၌ သက်ဝင်ရန် ဖြစ်ပါ၏။ ကံသုံးပါး၏ အကြီးအမှူးဖြစ်သော စိတ်၏အစောင့်အရှောက်မှာ 'သတိ' ပင် ဖြစ်ပါသည်။ သတိရှိမှသာ ပညာ၏အကူအညီကို ရယူပြီး ကုသိုလ်နှင့် အကုသိုလ်၊ အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်၊ တရားမှုနှင့် မတရားမှုတို့ကို ပိုင်းဖြတ် ခွဲခြားနိုင်ပါလိမ့်မည်။ သတိနှင့်စပ်လျဉ်း၍ ကျေးဇူးရှင် လယ်တီဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"သတိဆိုသည်ကား ကောင်းမြတ်သော အရာတို့၌ မမေ့မလျော့၊ မပျောက်မကွယ်နိုင်ရန် အဖန်ဖန် အာရုံပြုခြင်းတည်း"

ဒီပဲယင်း ဆရာတော်ကြီးကလည်း –

"သတိဆိုသည်မှာ ကောင်းသောအာရုံကို မလွတ်ရအောင် ဆွဲထားသကဲ့သို့၊ ကောင်းသောအာရုံကို စွဲမြဲခြင်းသဘော" ဟူ၍ သတိ၏အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ပါ၏။

သတိအထိန်းအကွပ်မရှိသော် စိတ်သည် ပရမ်းပတာ ဖြစ်သွားပါသည်။ ဖရိုဖရဲ ဖြစ်သွားတတ်ပါသည်။ ဇက်ကြိုးပြတ်သောမြင်းနှယ် ထင်ရာစိုင်းတတ်ပါသည်။ သတိကင်းမဲ့သောစိတ်သည် ပဲ့ထိန်းမပါသော လှေကဲ့သို့ ဦးတည်ရာ မဲ့သွားတတ်ပါ၏။ စိတ်၌ သတိ၏တည်ရာ မရှိသော် မေ့လျော့ခြင်းသို့ နစ်ဝင်သွားတတ်ပါသည်။ မေ့မေ့လျော့လျော့ ဖြစ်နေသော စိတ်သည် အင်အားလည်း မရှိပါ။ တန်ဖိုးလည်း မရှိပါ။ မေ့မေ့လျော့လျော့ ဖြစ်လာသည်နှင့် စိတ်အတွင်းသို့ ဝင်ရောက်လာသော အကုသိုလ်

စေတသိက်များကို တားဆီးနိုင်စွမ်း မရှိတော့ပါ။ မေ့မေ့လျော့လျော့ ဖြစ်နေချိန်၌ စိတ်ထဲတွင် အကုသိုလ် အညစ်အကြေးများ လွှမ်းထင်လာတော့သည်။ စိတ်မစင်ကြယ်တော့ပါ။ စိတ်မစင်ကြယ်လျှင် ကာယကံ၊ ဝစီကံတို့လည်း မစင်ကြယ်တော့ပါ။

'သတိ' သည် သာသနာတော်၌ နံပါတ်တစ် အရေးအကြီးဆုံး တရားဖြစ်ကြောင်း တိပိဋကဓရ ယောဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"သတိဟာ သာသနာတော်ရဲ့ နံပါတ်တစ် အရေးအကြီးဆုံး တရားပါ။ သတိဟာ လိုတယ် လို့သာ ရှိတယ်။ ပို တယ်လို့ ဘယ်တော့မှ မရှိဘူး။ ဘယ်လောက် ပညာတတ်နေပေမယ့် 'ပညာရှိ သတိဖြစ်ခဲ' ဆိုတဲ့အတိုင်း သတိကင်းလွတ်နေတဲ့အခါ စိတ်စွမ်းရည်ဟာ တိုးတက်မလာတော့ဘူး"

ပစ္စုပ္ပန်တိုင်း သတိနဲ့မိအောင်ဖမ်းပြီး မသုံးနိုင်ရင် ဘဝနာသွားမှာပဲ။ အခွင့်တွေ ရှုံးမယ်။ အရှုံးကလေးချင်း ထပ်သွားရင် အရှုံးကြီး ရှုံးသွားမယ်"

အချိန်တိုင်း အချိန်တိုင်း သတိရှိဖို့ တတ်နိုင်သလောက် အလေ့အကျင့် ပြုသင့်ကြောင်း ဆရာတော် ဦးဇောတိကက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"အမြဲတမ်း သတိနဲ့နေဖို့ပဲ ကြုံတိုင်းကြုံတိုင်း ပြောရတာ၊ ဒီအကြောင်းအရာက ရိုးသွားတယ်လို့ မရှိဘူး။ ရိုးသွားရင်လည်း မကောင်းဘူးနော်။ ဘယ်တော့မှ မရိုးနိုင်တဲ့ အကြောင်းအရာ ဖြစ်တယ်။ အင်မတန် အရေးကြီးတဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ အဲဒီတော့ ဟိုအရင်တုန်းက၊ ကြုံကြိုက်တုန်းက၊ တွေ့ခဲ့တုန်းက သီလယူစဉ်မှာလည်း သတိလေးနဲ့ သိပြီးတော့ဆိုဖို့ မှာခဲ့ဖူးတယ်နော်။ အခုသီလယူတဲ့အခါ သတိရှိရဲ့လား။ သတိနဲ့သိပြီး ဆိုရဲ့လား။ အဲဒါအရေးကြီးတယ်နော်။

အချိန်တိုင်း အချိန်တိုင်း သတိရှိဖို့ တတ်နိုင်သလောက် အလေ့အကျင့် လုပ်ရမယ်"

သတိသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာစလုံးတွင် ကောင်းကျိုးအထွေထွေ ဖြစ်စေ၏။ မေ့လျော့ခြင်းသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာစလုံးတွင် မကောင်းကျိုးတွေကို ဖြစ်စေပါ၏။

အထက်ပါသက္ကနိပါတ်၊ အင်္ဂုတ္တိုရ်၊ အပ္ပမာဒသုတ်လာ မြတ်စွာ

ဘုရား၏ မိန့်တော်မူချက်ကို ထာဝစဉ်နှလုံးသွင်းလျက် အချိန်တိုင်း အချိန်တိုင်း၊ တစ်ခဏတိုင်း တစ်ခဏတိုင်း သတိရှိနေလျှင်၊ သတိနှင့်နေလျှင် ဘဝတွင် ကောင်းခြင်းမင်္ဂလာ ဖြစ်ထွန်းဝေစည်လာပါလိမ့်မည်။

❐

# ဘုရားရှင် ဟောကြားသော ငြိမ်းအေးပြီးသူ

ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ မည်သို့သောဉာဏ်အမြင်ရှိ၍ မည်သို့သော အကျင့်သီလနှင့် ပြည့်စုံသူကို ငြိမ်းအေးပြီးသူဟူ၍ ဆိုအပ်ပါသနည်း။ ဟောကြားတော်မူပါလော့။

"အကြင်ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာမပျက်စီးမီ တပ်မက်ခြင်း ကင်း၏။ အတိတ်အဖို့ကို မစွဲမှီဘဲ ပစ္စုပ္ပန်၌လည်း ရေတွက်အပ်သူ မဟုတ်။ အနာဂတ်ကာလသို့လည်း ရှေးရှုခြင်း မပြု။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

အမျက်ဒေါသကင်း၍ ထိတ်လန့်ခြင်း မရှိသူ။ ကြွားဝါခြင်း ပူပန်ခြင်း မရှိသူ၊ ဉာဏ်ဖြင့်ချင့်ချိန်၍ ပြောဆိုတတ်သူ၊ ပျံ့လွင့်ခြင်းမရှိဘဲ နှုတ်စောင့်စည်းသူကိုလည်း ငြိမ်းအေးပြီးသူဟု ငါဆို၏။

အကြင်ပုဂ္ဂိုလ်သည် အနာဂတ်အဖို့၌ တွယ်တာခြင်း မရှိ။ အတိတ်ကိုလည်း ပြန်၍ မစိုးရိမ်၊ တွေ့ထိမှုတို့၌လည်း ချမ်းသာခြင်း ကင်းဆိတ်ပုံကို ရှုမြင်လေ့ရှိ၏။ မှားသော အယူများသို့လည်း လိုက်ပါသွားခြင်း မရှိ။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

ရာဂ၊ ဒေါသ စသည်ကင်း၍ အံ့ဖွယ်ကို မပြုတတ်သူ၊ မျှော်လင့်တောင့်တခြင်း၊ ဝန်တိုခြင်း ကင်းသူ၊ ကြမ်းကြုတ်မှု၊ စက်ဆုပ်ဖွယ်အမှုတို့မှ ကင်းသူ၊ ကုန်းချောစကား ပြောဆိုခြင်းနှင့် မယှဉ်သူကိုလည်း ငြိမ်းအေးပြီးသူဟု ငါဆို၏။

အကြင်ပုဂ္ဂိုလ်သည် သာယာနှစ်သက်ဖွယ် အာရုံတို့၌ သာယာနှစ်သက်ခြင်း မရှိ။ အလွန်ထောင်လွှားခြင်းနှင့်လည်း မယှဉ်။ နူးညံ့သိမ်မွေ့၍ ဉာဏ်ပဋိဘာန်နှင့်လည်း ပြည့်စုံ၏။ သူတစ်ပါးကို ယုံကြည်အားကိုးခြင်း

လည်း ကင်းပြီး ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

အကြင်ပုဂ္ဂိုလ်သည် လာဘ်ကို လိုသဖြင့် ပရိယတ်ကို မသင်ယူ၊ လာဘ်မရခြင်းကြောင့်လည်း အမျက်မထွက်၊ ရသာရုံ၌ အလိုမကျခြင်း၊ တဏှာဖြင့် မက်မောခြင်း မရှိ၊ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

လောက၌ အကြင်ပုဂ္ဂိုလ်သည် လျစ်လျူရှုခြင်း၊ ဆင်ခြင်အောက်မေ့ခြင်းတို့နှင့် ပြည့်စုံ၏။ ရာဂစသော သံသရာပွားစည်းရေး တရားများလည်း မရှိ။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

အကြင်ပုဂ္ဂိုလ်သည် တရားကို သိမြင်ပြီးဖြစ်၍ တဏှာဒိဋ္ဌိဟူသော မှီရာတို့မှ ကင်း၏။ ဘဝသစ် ဖြစ်ရန်အတွက်ဖြစ်စေ၊ ဘဝပြတ်စဲရန်အတွက် ဖြစ်စေ တပ်မက်မှုမရှိ၊ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။

လောက၌ အကြင်ပုဂ္ဂိုလ်သည် မိမိဥစ္စာဟု သိမ်းပိုက်မှု မရှိ။ မရှိသော ပစ္စည်းအတွက်လည်း စိုးရိမ်ပူဆွေးခြင်း မဖြစ်။ တရားသဘောများနှင့်ပတ်သက်၍ ချစ်ခြင်း၊ မုန်းခြင်း စသည်တို့ကြောင့် မလိုက်သင့်သည်သို့ မလိုက်။ ထိုပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသူဟု ငါဆို၏။"

**(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ပုရာဘေဒသုတ်)**

**[မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ**

**(ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ-၂၄၄]**

အထက်ပါ အဆုံးအမတော်တွင် ပါဝင်သော 'ငြိမ်းအေးပြီးသူ' ဆိုသည်မှာ ကိလေသာဟူသမျှ လုံးဝကင်းစင်သွားသူ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသူကို ဆိုလိုပါသည်။ ဒေါသ၊ လောဘ၊ မောဟစသော ကိလေသာတွေ အားလုံးကင်းစင်မှသာ အလုံးစုံငြိမ်းအေးပြီးသူ ဖြစ်နိုင်ပါလိမ့်မည်။ စေ့စေ့တွေးကြည့်သော် အထက်ပါဘုရားရှင်၏ အဆုံးအမတော်သည် 'သူတော်ကောင်း မှတ်ကျောက်'ဟုပင် ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဟူမူ သူတော်ကောင်းဟူသည် မည်သို့သော ဂုဏ်ရည်များနှင့် ပြည့်စုံရမည်ဆိုသည်ကို ထင်ထင်လင်းလင်း မီးမောင်းထိုး ညွှန်ပြထားသောကြောင့် ဖြစ်ပါ၏။

ပုထုဇဉ်တစ်ဦးအနေနှင့် ကိလေသာ အာသဝေါတရားတို့ လုံးဝမကင်းစင်နိုင်သေးသော်လည်း သက်ရှင်နေထိုင်စဉ်ကာလ စွမ်းနိုင်သမျှ ငြိမ်းအေးသူဖြစ်အောင် အားထုတ်ကြိုးပမ်းအပ်ပါ၏။ စိတ်ငြိမ်းအေးပြေလွင်

မှုရှိအောင် အားထုတ်အပ်ပါ၏။ စိတ်အေးချမ်းမှသာ ဘဝဝယ် နေရကျိုး နပ်ပါလိမ့်မည်။ သက်ရှင်နေထိုင်ရစဉ် ခဏတာ ကာလတိုတိုကလေးမှာ စိတ်နှလုံး ချမ်းချမ်းမြေ့မြေ့ ကြည်ကြည်သာသာ နေသွားနိုင်ဖို့ လိုပါသည်။ စိတ်ရှုပ်ထွေးမှုတွေ၊ စိတ်ပင်ပန်းဆင်းရဲမှုတွေ၊ ယောက်ယက်ခတ် ဗျာများ မှုတွေ၊ စိတ်မတည်မငြိမ် မချမ်းမသာဖြစ်မှုတွေ များနေလျှင် ဘဝသည် နေပျော်ဖွယ် မဖြစ်တော့ပါ။

လောက၌ တန်ဖိုးထားအပ်သော အရာတွေ များစွာရှိပါလိမ့်မည်။ ထိုအရာတွေထဲမှာ စိတ်ငြိမ်းအေးချမ်းသာမှုသည် တန်ဖိုးအထားအပ်ဆုံးအရာ ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် စိတ်ငြိမ်းအေးချမ်းသာမှု ကင်းမဲ့သော် အခြားတန်ဖိုးထားအပ်သော အရာများကို ရရှိပိုင်ဆိုင်နေသည့်တိုင် ဘဝ သည် သက်ဝင်ရှင်သန်မှု ဆိတ်သုဉ်းနေသောကြောင့် ဖြစ်ပါ၏။ တိဗက် ဘာသာရေးခေါင်းဆောင် 'ဒလိုင်လားမား' က –

"ကျွန်ုပ်တို့ရဲ့ ဘဝရည်မှန်းချက်ဟာ ပျော်ရွှင်အေးငြိမ်းမှုကို ရှာဖွေဖို့ ပဲလို့ ကျွန်ုပ်ယုံကြည်တယ်။ ကျွန်ုပ်တို့အားလုံးဟာ ဘဝမှာ ပိုပြီး ကောင်းတဲ့ အရာကို ရှာဖွေနေကြပါတယ်။ ကျွန်ုပ်တို့ဘဝမှာ ဦးတည်သွားနေကြတာက စိတ်ငြိမ်းအေးချမ်းသာမှုဆီကို ဖြစ်ပါတယ်" ဟု ပြောခဲ့ပါသည်။

အထက်ပါ အဆုံးအမတော်တွင် မြတ်စွာဘုရားက ငြိမ်းအေးပြီးသူ၏ အကျင့်တရားတို့ကို ဟောကြားထားရာ ထိုအကျင့်တရားများသည် စိတ်ငြိမ်း အေးချမ်းသာရေးအတွက် နည်းလမ်းကောင်းများဟု ဆိုနိုင်ပါသည်။ တစ် နည်းအားဖြင့် မိမိ၏အတွင်းသန္တာန်တွင် ဓမ္မဓာတ် အဘယ်မျှ တည်ကိန်း သည်ကိုလည်းကောင်း၊ စိတ်ကြည်လင်ချမ်းသာအောင် အဘယ်မျှနေတတ် သည်ကိုလည်းကောင်း၊ ထိုအဆုံးအမတော်လာ အကျင့်တရားများ မှတ် ကျောက်ပေါ်တင်လျက် မိမိကိုယ်ကိုယ် ဝေဖန်ဆန်းစစ်နိုင်ပါသည်။

စိတ်သည် အတိတ်ဆီသို့ သမင်လည်ပြန်ကြည့်ကာ အတိတ်က ကံ မကောင်း အကြောင်းမလှမှုများကို ပြန်ပြောင်းတွေးတောနေမည်ဆိုလျှင် ထိုသူ၏စိတ်သည် မငြိမ်းအေးနိုင်တော့။ ထို့အတူ ရောက်မလာသေးသော အနာဂတ်ကာလကို ကြိုတင်စိတ်စော တွေးတောပူပန်နေလျှင်လည်း ထိုသူ ၏စိတ်သည် မငြိမ်းချမ်းတော့။ စိတ်ငြိမ်းအေးလိုလျှင် အတိတ်ကိုလည်း

မစွဲမှီ၊ အနာဂတ်ကိုလည်း ရှေးရှုမှုမပြုဖို့ လိုပါလိမ့်မည်။

အဆင်မပြေမှုနှင့် ကြုံတွေ့သည့်အခါ ထစ်ခနဲ စိတ်ဆိုးစိတ်ပျက် ဒေါသထွက်လွယ်လျှင် ထိုသူ၏စိတ်သည် မငြိမ်းအေးတော့။ သူတစ်ပါး အထင်ကြီးစိမ့်သောငှာ မိမိတွင် တကယ်မရှိသည့်အရာကို ရှိလေဟန် ဟန်ဆောင်ကြွားဝါတတ်သူ၏ စိတ်နှလုံးသည်လည်း ပူပန်ဆင်းရဲရပါ၏။ မိမိ၏ကြွားဝါထားမှု ဘယ်တော့များ ပေါ်သွားလေမလဲဟု တစိုးရိမ်ရိမ် တကြောင့်ကြကြ ဖြစ်တတ်ပါ၏။ ကြောင့်ကြခြင်းသည် စိတ်နှလုံး၏အေးချမ်းမှုကို ဖျက်ဆီးတတ်ပါ၏။ စကားပြောဆိုရာတွင် ဆင်ဆင်ခြင်ခြင် ချင့်ချင့်ချိန်ချိန် မရှိမှုလျက် ပြောဆိုလျှင် ထိုသူ၏စိတ်သည် မချမ်းမြေ့တော့။ စိတ်ကြည်လင်ချမ်းမြေ့လိုသော် ဒေါသကင်းအောင်၊ ဒေါသနည်းအောင် နေနိုင်ဖို့၊ ကြွားဝါမှုမပြုဘဲ နေနိုင်ဖို့၊ စကားကို ထိန်းထိန်းသိမ်းသိမ်း စောင့်စောင့်စည်းစည်း ပြောတတ်ဖို့ လိုပါသည်။

ကောင်းတာလုပ်လျှင် ကောင်းတာ ဖြစ်မည်။ ဆိုးတာလုပ်လျှင် ဆိုးတာ ဖြစ်မည်ဟူသော ကံ–ကံ၏အကျိုးကို မယုံကြည်ခြင်းဟူသော အယူမှားတွင် သက်ဝင်ယုံကြည်လျှင် ထိုသူ၏စိတ်သည် ငြိမ်းအေးပြေလွင်မှု မရှိ။ လိုချင်လောဘ အရင်းခံလျက် မျှော်လင့်တောင့်တခြင်း ကြီးစွာဖြစ်နေသူ၏ စိတ်သည် မလွတ်လပ်၊ မပေါ့ပါး၊ လေးလံလျက်ရှိ၏။ သူတစ်ပါးအပေါ် ဝန်တိုငြူစူနေလျှင်လည်း ထိုသူ၏စိတ်နှလုံးသည် ညစ်ထေးပူလောင် နေပေလိမ့်မည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ဟော့ဟော့ရမ်းရမ်း ကြမ်းတမ်းလျှင်လည်း ထိုသူ၏စိတ်သည် ယောက်ယက်ခတ် လှုပ်ရှားနေပေလိမ့်မည်။ စိတ်နှလုံးသိမ်မွေ့မှသာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ သိမ်မွေ့ယဉ်ကျေးပါလိမ့်မည်။

ချစ်ခင်သူနှစ်ဦးအကြား မေတ္တာပျက်ပြားစိမ့်သောငှာ ရန်တိုက် ကုန်းချောစကားကို ပြောဆိုလျှင်လည်း ထိုသူ၏စိတ်သည် အကုသိုလ်မှုဖြင့် ညစ်နွမ်းပူလောင်နေပေလိမ့်မည်။ စွမ်းနိုင်သမျှ အတွင်းသန္တာန်၌ အအေးဓာတ်တည်ကိန်းအောင် စာအသိနှင့်သတိ ပေါင်းစပ်ယှဉ်လျက် ကျင့်ကြံနေထိုင်သူသည် ကြီးစွာသော လောဘ၏ အလိုသို့မလိုက်၊ သူတစ်ပါးအပေါ် ငြူစူဝန်တိုမှုကို မပြု၊ ခက်ထန်ကြမ်းကြုတ်သော ကိုယ် နှုတ်အမူအရာလည်း

ကင်းရှင်း၊ ခင်မင်တွယ်တာသူ နှစ်ဦးအကြား မေတ္တာစာတ် ခန်းခြောက်စေမည့် ကုန်းချော စကားမျိုးကိုလည်း မဆိုတတ်လေပါ။

ပုထုဇဉ်သဘာဝ သာယာနှစ်သက်ဖွယ် အာရုံတို့၌ သက်ဝင်မွေ့လျော်တတ်ကြပါသည်။ သို့တစေ တစ်ဦးနှင့်တစ်ဦး သက်ဝင်မွေ့လျော်ပုံ နည်းလမ်းချင်း၊ ပမာဏချင်း မတူကွဲပြား ခြားနားကြပါသည်။ အချို့သူတို့သည် ရာဂစရိုက်ထူပိန်းစွာ မိမိ၏ကိုယ်ကျင့်တရားနှင့် ကျန်းမာရေးကိုပင် ထိခိုက်ခံလျက် ကာမဂုဏ်အာရုံတို့၏ ညွှတ်ကွင်း၌ ပျော်ပျော်ကြီး အမိခံတတ်ကြသည်။ ပုထုဇဉ်သဘာဝ နှစ်သက်ဖွယ် အာရုံတို့တွင် သက်ဝင်မွေ့လျော်မှု မကင်းနိုင်သေးသော်လည်း ကိုယ်ကျင့်တရားနှင့် ကျန်းမာရေးကို ထိခိုက်စေသည်အထိ ကာမဂုဏ်အာရုံတို့ကို မစွဲလမ်းသင့်ပါပေ။

လောကဓံတရား၏ သဘာဝအရ လာဘ်လာဘ ရသည့်အခါလည်း ရှိမည်။ လာဘ်လာဘ မရသည့်အခါလည်း ရှိပေမည်။ လာဘ်လာဘ မရသည့် အခါမျိုးတွင် အလိုမကျခြင်း ဖြစ်တတ်သည်မှာ ပုထုဇဉ်သဘာဝ ဖြစ်သော်လည်း အကြီးအကျယ် ဒေါသအမျက်ထွက်ခြင်းမျိုး မဖြစ်သင့်ပါ။ စိတ်ဆိုးစိတ်ပျက်နေလျှင် တစ်ရှုံးမှနှစ်ရှုံးဖြစ်အောင် မိမိကိုယ်တိုင် ဖန်တီးနေခြင်းသာ ဖြစ်ပါ၏။

အစားအသောက် စားသောက်ရာတွင်လည်း အကြောင်းအားလျော်စွာ မိမိမနှစ်သက်သော ဟင်းလျာနှင့်ဆုံသည့်အခါ ပြင်းစွာအလိုမကျခြင်း၊ ချက်ပြုတ်စီမံသူအပေါ် အပြစ်တင်ခြင်းမျိုး မဖြစ်သင့်ပါ။ မည်သည့်အသားငါး ဟင်းလျာကို စားရမှဖြစ်မည်ဟု အလွန်အကြူး တပ်မက်ခြင်းမျိုးလည်း မဖြစ်သင့်ပါ။ အစာအာဟာရမှီဝဲသည့်အခါ ကြုံလာသမျှအပေါ် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းမှသာ စိတ်ကြည်လင် အေးချမ်းပါလိမ့်မည်။

ယနေ့အချိန်တွင် ဝိပဿနာဘာဝနာ ပွားများအားထုတ်သော ယောဂီများ များပြားလာခြင်းသည် ပဋိပတ္တိသာသနာတော်အတွက် အားတက်ဖွယ် ဖြစ်ပါ၏။ ယောဂီများအနေဖြင့် ရိပ်သာဝင်ပြီးချိန်တိုင်း ဝင်ပြီးချိန်တိုင်းတွင် မိမိ၏အတွင်းသန္တာန်၌ မည်မျှ တရားကိန်းလာသည်။ မိမိ၏ စိတ်နှလုံးသည် ယခင်ကထက် ပို၍ နူးညံ့သိမ်မွေ့ အေးချမ်းလာမှုရှိ၏၊ မရှိ၏ဟူသည်ကို အထက်ပါ သုတ္တနိပါတ်၊ အဋ္ဌကထာ၊ ပုရာဘေဒသုတ်လာ မြတ်စွာဘုရား၏

အဆုံးအမတော်ကို 'မှတ်ကျောက်' အဖြစ် ထာဝစဉ် နှလုံးသွင်းလျက် ဝေဖန်ဆန်းစစ်အပ်ပါ၏။

❒

# ဆရာကောင်းထံ နည်းခံကျင့်ကြံပါ

ဗုဒ္ဓမြတ်စွာ၏ လက်ယာရံအဂ္ဂသာဝကကြီးဖြစ်သော ရှင်သာရိပုတ္တရာသည် မိမိအား တရားဦးဟောခဲ့သော ရှင်အဿဇိမထေရ်ကို အလွန်ရိုသေမြတ်နိုး၏။ ရှင်အဿဇိနှင့် တစ်ကျောင်းတည်း နေသည့်အခါ ရှင်အဿဇိထံ နေ့စဉ်မပြတ် ဆည်းကပ်၏။ တစ်ကျောင်းစီ နေသည့်အခါတွင်မူ ရှင်အဿဇိ နေထိုင်ရာအရပ်သို့ လက်အုပ်မိုး၍ ရှိခိုးပူဇော်လေ့ရှိ၏။ ဤသို့ ရှင်သာရိပုတ္တရာက အရပ်မျက်နှာတစ်ခုခုသို့ လှည့်၍ ရှိခိုးသည်ကို တချို့သော ရဟန်းများ မြင်လျှင် –

"ရှင်သာရိပုတ္တရာသည် ယနေ့တိုင်အောင်ပင် ပုဏ္ဏားတို့၏အယူကို မစွန့်နိုင်သေးပါတကား" ဟူ၍ ဝေဖန်ပြောဆိုကြသည်။ ထိုစကားကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင်–

"ရဟန်းတို့၊ သာရိပုတ္တရာသည် ပုဏ္ဏားတို့၏အယူဖြင့် အရပ်မျက်နှာကို ရှိခိုးသည် မဟုတ်။ မိမိဆရာကို ရှိခိုးခြင်းသာ ဖြစ်သည်"ဟု ရှင်းလင်းမိန့်ကြားတော်မူပြီး မိမိအား တရားလမ်းမှန်ကို ဟောကြားညွှန်ပြသည့် ပုဂ္ဂိုလ်အား အမြဲမပြတ် ရှိခိုးပူဇော်သင့်ကြောင်း သိစေရန် ဤနာဝါသုတ်ကို ဟောကြားတော်မူသည်။

"နတ်တို့သည် သိကြားမင်းအား ပူဇော်သကဲ့သို့ မိမိအား တရားထူးကို ဟောကြားညွှန်ပြသည့် ပုဂ္ဂိုလ်အား ပူဇော်သင့်၏။ ယင်းသို့ပူဇော်ခြင်းခံရသော ဆရာသည် မိမိအား ပူဇော်သော တပည့်အပေါ်၌ နှစ်သက်မြတ်နိုးသော စိတ်ရှိသည်ဖြစ်၍ တရားကို ဟောကြားပြသလေသည်။ ထိုကဲ့သို့သော ဆရာကို ဆည်းကပ်၍ ဟောကြားညွှန်ပြအပ်သော တရားနှင့်အညီ ကျင့်ကြံလျှင်

ပညာဗဟုသုတနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်လာနိုင်ပေသည်။ ယုတ်ညံ့သိမ်ဖျင်း၍ အကျိုးအကြောင်းကိုလည်း မသိတတ်၊ တပည့်အပေါ်၌လည်း ငြူစူတတ်သည့် မိုက်မဲသောဆရာကို မှီဝဲဆည်းကပ်သူသည်ကား တရားကို မသိမမြင်ဘဲ တွေးတောယုံမှားမှု တန်းလန်းဖြင့်သာ သေလွန်ရလေသည်။

ဥပမာအားဖြင့် ရေစီးသန်သောမြစ်သို့ သက်ဆင်း၍ ရေစုန်အတိုင်း မျောပါနေသူသည် သူတစ်ပါးကို မကယ်တင်နိုင်သကဲ့သို့ ထို့အတူပင် ပညာဗဟုသုတနှင့် ပြည့်စုံသူတို့ထံမှ နာခံမှတ်သားခြင်း မပြု၊ ကိုယ်တိုင်လည်း တရားကို မသိမြင်၍ ယုံမှားသံသယကို မကျော်လွှားနိုင်သူသည် သူတစ်ပါးတို့အား အမှန်တရားကို သိမြင်စေရန် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

လှော်တက်၊ ထိုးဝါးနှင့်ပြည့်စုံ၍ လှေအကြောင်းကိုလည်း ကျွမ်းကျင်လိမ္မာသောသူသည် မြဲမြံခိုင်ခံ့သော လှေကို တက်စီး၍ ထိုလှေဖြင့် တခြားသူတို့ကိုလည်း ပို့ဆောင်ကယ်တင်ပေးနိုင်သကဲ့သို့ ထို့အတူပင် တရားကို သိမြင်ပြီးဖြစ်၍ ပညာဗဟုသုတနှင့် ပြည့်စုံကာ တုန်လှုပ်ခြင်းကင်းသော ပုဂ္ဂိုလ်သည် ကြားနာမှတ်သားရသည့်အတိုင်း ကျင့်ကြံဆည်းပူးမှုနှင့် ပြည့်စုံသော တခြားပုဂ္ဂိုလ်တို့အား တရားကို သိမြင်စေနိုင်ပေသည်။

ထို့ကြောင့် ထိုးထွင်းဉာဏ်ရှိ၍ ပညာဗဟုသုတနှင့် ပြည့်စုံသော သူတော်ကောင်းကို မှီဝဲဆည်းကပ်သင့်၏။ ယင်းသို့မှီဝဲဆည်းကပ်သူသည် တရားလမ်းမှန်ကို သိမြင်သည့်အတိုင်း ကျင့်ကြံအားထုတ်သဖြင့် ချမ်းသာသုခကို မလွဲမသွေရနိုင်ပေသည်။

(သုတ္တနိပါတ်၊ စူဠဝဂ်၊ နာဝါသုတ်)

[မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ

(ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ–၁၄၇/၁၄၈]

အထက်ပါ အဆုံးအမတော်ကို ဖတ်ရှုရသောအခါ မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂမဟာသာဝကကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ဆရာ့ကျေးဇူး အထူးသိတတ်ပုံကို ကြည်ညိုမဆုံး ဖြစ်မိရပါသည်။ ထို့ပြင် သူတော်ကောင်းနှင့် ထိတွေ့ပေါင်းဖော်မိခြင်း၊ ဆရာကောင်းကို ဆည်းကပ်မိခြင်းတို့၏ ပစ္စုပ္ပန် သံသရာ နှစ်ဖြာ အကျိုးကျေးဇူး

များပြားပုံကိုလည်း သတိထင်ထင် သုံးသပ်ဆင်ခြင်မိပါသည်။

စင်စစ် ရှင်သာရိပုတ္တရာ အလောင်းအလျာနှင့် ရှင်မောဂ္ဂလန် အလောင်းအလျာ နှစ်ဦးတို့မှာ သိဥ္စည်းဆရာကြီး အားထားရသော တပည့် နှစ်ဦး ဖြစ်ပါ၏။ တစ်နေ့သော် ကြည်ညိုဖွယ်အသွင်ကို ဆောင်သော ရှင်အဿဇိရဟန်းကို တွေ့မြင်ရပြီး ရှင်အဿဇိထံ ဆည်းကပ်လျက် ရှင်အဿဇိထံမှ တရားကို နာကြားရပါသည်။ ရှင်အဿဇိကလည်း တရား ကို များများစားစား မဟောကြား။ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဂါထာတစ်ပိုဒ်ကိုသာ ဟောပြတော်မူပါသည်။ ဉာဏ်ပညာကြီးမြင့်ပြီး ပါရမီအခံရင့်သန်သော ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလန် အလောင်း အလျာနှစ်ဦးက ဓမ္မဂါထာ၏ အနက်အဓိပ္ပာယ်ကို ထိုးထွင်းသိမြင်ပြီး နှစ်သက်သဘောကျသွားသည်။ အရှင်အဿဇိရဟန်းကို "အရှင်၏ ဆရာ ကား မည်သူပါနည်း" ဟု မေးမြန်း လျှောက်ထားရာ "ငါ၏ဆရာမှာ ဂေါတမဗုဒ္ဓ ဖြစ်သည်" ဟု ပြန်လည်မိန့်ကြားတော်မူပါသည်။

ထို့နောက် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် အလောင်းအလျာ နှစ်ဦးတို့သည် သူတို့၏ဆရာ သိဥ္စည်းဆရာကြီးထံသွားပြီး သူတို့နှစ်ဦးမှာ ဂေါတမမြတ်စွာဘုရား၏ တပည့်အဖြစ်ခံယူကာ ရဟန်းပြုတော့မည် ဖြစ်ပါကြောင်း၊ ဆရာလည်း သူတို့နှင့်အတူလိုက်ပါ၍ မြတ်စွာဘုရား၏ တပည့်အဖြစ် ခံယူစေချင်ပါကြောင်း ပြောကြားပါသည်။ သိဥ္စည်း ဆရာကြီး က သူ၏အားထားရသော တပည့်နှစ်ဦးကို သူ့ထံမှ ထွက်ခွာမသွားစေလို၊ ထွက်ခွာမသွားပါရန်နှင့် သူ့ထံတွင် နေပါက နောင်တစ်ချိန် သူ၏ အရိုက် အရာကို လွှဲပေးမည့်အကြောင်း ပြောဆိုဟန့်တားပါသည်။ တပည့်နှစ်ဦး ကလည်း သူတို့အနေနှင့် မြတ်စွာဘုရား၏တရားတော်ကို နာကြားမိပြီး ကတည်းက မြတ်စွာဘုရားထံ ရဟန်းပြုရန် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချ ပြီးပါကြောင်း၊ ဆရာကိုလည်း သူတို့နှင့်အတူ လိုက်ပါပြီး မြတ်စွာဘုရားထံ ရဟန်းပြုပါရန် ထပ်မံ၍ တောင်းပန်ပြောကြားပါသည်။ သိဥ္စည်းဆရာ ကြီးက မည်သို့မျှ တားမရတော့မှန်း သိသောကြောင့် တပည့်နှစ်ဦးကို သွားခွင့်ပြုလိုက်ပြီး သူကမူ အိုးစရည်းဖြစ်သောကြောင့် လက်ငင်အိုး မလုပ်လိုကြောင်းပြောကာ တပည့်တို့နှင့်အတူ မလိုက်ပါခဲ့ပေ။

ရှင်သာရိပုတ္တရာ အလောင်းအလျာနှင့် ရှင်မဟာမောဂ္ဂလာန် အလောင်းအလျာ နှစ်ဦးတို့သည် ရှင်အဿဇိမည်သော သူတော်စင် သူတော် မြတ်ထံ ချဉ်းကပ်မိပြီး လေးနက်သော ဓမ္မဂါထာ တစ်ပိုဒ်ကို နာကြားမိရာမှ သတ္တဝါ ဝေနေယျတို့ကို သံသရာဝဋ်ဆင်းရဲကြီးမှ လွတ်မြောက်အောင် လမ်းညွှန်ဆုံးမနိုင်သည့် အနှိုင်းမဲ့ဆရာကောင်းတစ်ဆူ ဖြစ်သော မြတ်ဗုဒ္ဓကို ဆည်းကပ်ကိုးကွယ်မိခြင်း ဖြစ်ပါသည်။ ဤတွင် သူတော်ကောင်းနှင့် ခေတ္တမျှဆုံမိခြင်းသည် မည်မျှ အကျိုးကျေးဇူးကြီးမားကြောင်း ဆင်ခြင်သိရှိနိုင်ပါသည်။ အကယ်၍သာ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် အလောင်းအလျာနှစ်ဦးမှာ အရှင်အဿဇိနှင့် မကြုံဆုံခဲ့လျှင်၊ ရှင်အဿဇိထံမှ တရားကို မနာကြားခဲ့ရလျှင် မြတ်စွာဘုရားရှင်ထံ ရဟန်းပြုဖြစ်တော့မည် မဟုတ်ပါ။

မြတ်စွာဘုရားတည်းဟူသော၊ သတ္တဝါဝေနေယျတို့အား သံသရာ ဝဋ်ဆင်းရဲမှ အပြီးတိုင် လွတ်မြောက်အောင် လမ်းညွှန်ပြသနိုင်သော ဆရာ ကောင်းတစ်ဆူကို ဆည်းကပ်ကိုးကွယ်မိပြီး မြတ်စွာဘုရား သွန်သင်ညွှန်ပြ သည့်အတိုင်း တိတိကျကျလိုက်နာကျင့်ကြံ အားထုတ်သောကြောင့် ရှင်သာ ရိပုတ္တရာ မထေရ်မြတ်ကြီးသည် ရဟန္တာဖြစ်တော်မူခဲ့ခြင်းဖြစ်ပါ၏။ ဤတွင် သံသရာဝဋ်ဆင်းရဲမှ အမှန်ပင် လွတ်မြောက်စေနိုင်သော နည်းလမ်းကို ညွှန် ပြတော်မူသော ဆရာကောင်း၏ ကျေးဇူး အဘယ်မျှကြီးမားသည်ကို လေး လေးနက်နက် နှလုံးသွင်း ဆင်ခြင်မိပါသည်။

မြတ်စွာဘုရားတည်းဟူသော ဆရာကောင်းကို ဆည်းကပ်ကိုးကွယ် မိခြင်းမရှိဘဲ သိဥ္စည်းဆရာကြီးထံတွင်သာ တပည့်ခံလျက် နေခဲ့သော် ရှင် သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် အလောင်းအလျာနှစ်ဦးမှာ သစ္စာလေး ပါးတရားကို သိမြင်ခြင်းမရှိဘဲ၊ သံသရာဝဋ်ဆင်းရဲမှလည်း လွတ်မြောက်နိုင် လိမ့်မည် မဟုတ်ပါချေ။

အမှန်စင်စစ် လောကီအကျိုးစီးပွားကို လိုသည်ဖြစ်စေ၊ လောကုတ္တ ရာ အကျိုးစီးပွားကို လိုသည်ဖြစ်စေ၊ ဆရာကောင်းထံ ချဉ်းကပ်မိရန် လိုပါ သည်။ အကယ်၍ ပညာတတ်တစ်ဦး ဖြစ်လိုသူသည် အဆင့်မြင့်ပညာရှင် တစ်ဦးထံ ချဉ်းကပ်၍ တပည့်ခံဖို့ လိုပါသည်။ ပညာရေးခရီးလမ်းတွင်

အတွေ့အကြုံများခဲ့ပြီး အောင်မြင်မှုသရဖူဆောင်းခဲ့သော ပညာရှင်ထံ ချဉ်းကပ်မိဖို့ လိုပါသည်။

ထို့အတူ စီးပွားရေးလုပ်ငန်းရှင်အဖြစ် အောင်မြင်လိုသူသည် အောင်မြင်ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးထံ တပည့်ခံချဉ်းကပ်သင့်သည်။ မိမိရည်ရွယ်ရာ ပန်းတိုင်ဆီသို့ ရောက်ရှိပြီးသူများ၏ အတွေ့အကြုံများ၊ အကြံဉာဏ်များ၊ နည်းပေးလမ်းပြမှုများသည် မိမိအတွက် တန်ဖိုးမဖြတ်နိုင်သော အကြံကောင်း၊ ဉာဏ်ကောင်း၊ နည်းလမ်းကောင်းများ ဖြစ်ပါ၏။ ထို့ကြောင့် မိမိရွေးချယ်ထားသော နယ်ပယ်တွင် ထင်ရှားအောင်မြင်ပြီးသူထံ တပည့်ခံခြင်းသည် အောင်မြင်ရေးအတွက် ပထမခြေလှမ်းဟု ဆိုနိုင်ပါသည်။ ဆရာရွေးချယ်ရာတွင် ဆရာကောင်းကို ရွေးချယ်မိဖို့ လိုပါသည်။

သံသရာဝဋ်ဆင်းရဲကြီးမှ လွတ်မြောက်ကြောင်း ဝိပဿနာကျင့်စဉ်ကို ကျင့်ကြံအားထုတ်သော ယောဂီတို့သည်လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း၊ အကျင့်မြတ်ကို မှန်မှန်ကန်ကန် လမ်းညွှန်ပြသနိုင်သော ဆရာကောင်း အမှီသဟဲရှိဖို့ လိုအပ်ပါသည်။ ကမ္မဋ္ဌာနာစရိယ ဆရာတော်သည် စာပေပရိယတ္တိ ဝမ်းစာလည်းရှိ၊ ပဋိပတ္တိလုပ်ငန်းခွင်တွင်လည်း နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ထားပြီး တစ်စုံတစ်ခုသော အတိုင်းအတာအထိ အတွင်းသန္တာန်၌ ဓမ္မဓာတ်တည်ကိန်းသူ ဖြစ်သင့်ပါသည်။

လောဘ၊ ဒေါသ၊ မောဟ အလွန်နည်းပါးပြီး မျက်နှာတွင် အကြည်ဓာတ် ထင်ဟပ်သူ ဖြစ်သင့်ပါသည်။ လာဘ်လာဘကိုလည်း မက်မော၊ အကျော်အစောကိုလည်း ခုံမင်၊ ခြွေရံသင်းပင်းလည်း များပြားလိုသော ကမ္မဋ္ဌာနာစရိယထံ တပည့်အဖြစ် နည်းခံအားထုတ်နေလျှင် “ပိုးသာကုန်၍ မောင်ပုံ စောင်းမတတ်” သည့်အဖြစ်မျိုးနှင့် ပက်ပင်းတိုးပေလိမ့်မည်။ ဝိပဿနာတရား အားထုတ်ခြင်းဟူသည် လောဘအစရှိသော ကိလေသာသတ်ရသော ကျင့်စဉ်ဖြစ်သောကြောင့် ကားကောင်း ကားလှလည်း စီးချင်၊ ကျောင်းကြီးကြီးနှင့် ခမ်းခမ်းနားနားနေချင်၊ ကျော်ကြားထင်ရှားချင်သော ကမ္မဋ္ဌာန်းနည်းပြဆရာထံ တရားအားထုတ်မိလျှင် လောဘလည်း ပါးလျားလာမည် မဟုတ်ပါ။

လောဘပါးလျားမလာလျှင် တရားထူးသိမြင်ဖို့ဆိုသည်မှာ လုံးဝ

မဖြစ်နိုင်၊ ထို့ကြောင့် ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုးစီးပွား လိုချင်သူတိုင်းသည် ဆရာကောင်းထံ ဆည်းကပ်ပြီး ဆရာညွှန်ပြသည့်အတိုင်း တိတိကျကျ ဆောင်ရွက်ရမည် ဖြစ်ပါ၏။

❑

## ရန်သူမျိုးငါးပါးနှင့် မဆက်ဆံသော ဥစ္စာများ

"ဥဂ္ဂအမတ်၊ ထိုရွှေ ငွေစသော ဥစ္စာသည် လောက၌ ရှိသည်သာ တည်း။ မရှိဟု ငါမဆို။ ဥဂ္ဂအမတ်၊ ထိုဥစ္စာသည်ကား မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သော အမွေခံတို့နှင့် ဆက်ဆံ၏။ ဥဂ္ဂအမတ်၊ ဤရတနာ ခုနစ်မျိုးသည်ကား မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သော အမွေခံတို့နှင့် မဆက်ဆံကုန်။ အဘယ် ခုနစ်မျိုးတို့နည်းဟူမူ –

(၁) ယုံကြည်မှု သဒ္ဓါဥစ္စာ၊

(၂) စောင့်ထိန်းမှု သီလဥစ္စာ၊

(၃) ရှက်မှု ဟိရီဥစ္စာ၊

(၄) ကြောက်လန့်မှု ဩတ္တပ္ပဥစ္စာ၊

(၅) အကြားအမြင် သုတဥစ္စာ၊

(၆) စွန့်ကြဲမှု စာဂဥစ္စာ၊

(၇) သိမှု ပညာဥစ္စာ တို့ပေတည်း။

ဥဂ္ဂအမတ်၊ ဤဥစ္စာခုနစ်မျိုးတို့သည်ကား မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ် မနှစ်သက်သော အမွေခံတို့နှင့် မဆက်ဆံကုန်" ဟု ဟောတော်မူ၏။

သတ္တက အင်္ဂုတ္တိုရ်ပါဠိတော်လာသော ဤဥဂ္ဂသုတ်၏ အနှစ်ချုပ်တို့ မှာ ယုံကြည်မှု သဒ္ဓါဥစ္စာ၊ စောင့်ထိန်းမှု သီလဥစ္စာ၊ ရှက်မှု ဟိရီဥစ္စာ၊ ကြောက်လန့်မှု ဩတ္တပ္ပဥစ္စာ၊ အကြားအမြင် သုတဥစ္စာ၊ စွန့်ကြဲမှု စာဂဥစ္စာ၊ သိမှု ပညာဥစ္စာတို့သည် ရန်သူမျိုးငါးပါးနှင့် မဆက်ဆံကုန်။

အကြင်မိန်းမသားဖြစ်စေ၊ အကြင်ယောကျ်ားသားဖြစ်စေ၊ ထိုသူ တော်ကောင်းဥစ္စာတို့သည် ရှိကုန်၏။ ထိုသူတော်ကောင်းဥစ္စာရှိသော

ယောကျ်ား၊ မိန်းမကို မဆင်းရဲသောသူဟူ၍ ပညာရှိတို့ ဆိုကုန်၏။ ထိုသူ၏ အသက်ရှင်ခြင်းကို အချည်းအနှီးမဟုတ်ဟု ဆိုကုန်၏။

ထို့ကြောင့် ပညာရှိသည် ဘုရားအဆုံးအမတော်ကို အောက်မေ့လျက် ကြည်လင်စေတတ်သော သဒ္ဓါတရားကိုလည်းကောင်း၊ သစ္စာလေးပါးတရားကို မြင်ကြောင်းဖြစ်သော သီလကိုလည်းကောင်း အဖန်ဖန်အားထုတ်ရာသတည်း ဟူပေ၏။

(သဂ္ဂါထကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ဥဂ္ဂသုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့သော မေးခွန်းနှင့် ပြဿနာများ
(ဒဂုန်ဦးစန်းငွေ)၊ စာ-၁၂၃]

ပသေနဒီ ကောသလမင်းကြီး၏ အမတ်များထဲတွင် ဥဂ္ဂအမတ်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။ ထိုအမတ်သည် မြတ်စွာဘုရားထံ ကြိမ်ဖန်များစွာ အဖူးမြော်ရောက်လေ့ရှိပါသည်။ ဖူးမြော်ပြီးသော် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နာကြားပြီးမှ ပြန်လေ့ရှိပါသည်။

တစ်နေ့တွင်မူ ဥဂ္ဂအမတ်က မိဂါရသူဌေးသည် အဘယ်မျှချမ်းသာကြောင်း၊ အဘယ်မျှ ပစ္စည်းဥစ္စာ ကြွယ်ဝကြောင်းကို မြတ်စွာဘုရားအား အားပါးတရ စိတ်ပါလက်ပါ လျှောက်ထားပါသည်။

"အရှင်ဘုရား၊ ရောဟဏသူဌေးကြီး၏ မြေးဖြစ်သူ မိဂါရသူဌေးသည် အလွန်ကြွယ်ဝလှပါသည်။ သူပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကား များပြားလွန်းလှပါသည်။ အသုံးအဆောင်ပစ္စည်းများလည်း များပြားလှပါသည် ဘုရား"

ထိုအခါ မြတ်စွာဘုရားက သူ့အား –

"ဥဂ္ဂအမတ်၊ မိဂါရသူဌေးသည် အဘယ်မျှလောက် ကြွယ်ဝချမ်းသာပါသနည်း။ အဘယ်မျှလောက် များသော ဥစ္စာရှိပါသနည်း။ အဘယ်မျှလောက် အသုံးအဆောင် ရှိပါသနည်း" ဟု မေးမြန်းတော်မူပါသည်။

ဥဂ္ဂအမတ်က "အရှင်ဘုရား၊ ရောဟဏသူဌေးကြီးမှာ ရွှေတို့သည်ပင် သိန်းပေါင်းတစ်ရာ ရှိပါ၏။ ငွေအရေအတွက်အားဖြင့်ကား မည်သို့ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း" ဟု ပြန်လည်လျှောက်ထားရာ မြတ်စွာဘုရားက ဥဂ္ဂ

အမတ်ကို ရန်သူမျိုးငါးပါးနှင့် မဆက်ဆံသော ဥစ္စာပစ္စည်း ခုနစ်မျိုးရှိကြောင်း ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။

ရွှေငွေရတနာ ဥစ္စာပစ္စည်းတို့မည်သည် ပုထုဇဉ်တို့၏ သည်းခြေကြိုက်အရာများ ဖြစ်ပါသည်။ ပုထုဇဉ်တိုင်း နှစ်သက်မက်မောသော အရာများ ဖြစ်ပါ၏။ လောကီအမြင်အရဆိုလျှင် မက်မောမည်ဆိုပါက မက်မောလောက်သည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရွှေငွေရတနာ ဥစ္စာပစ္စည်းတို့ ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝရှိလေ၊ စားဝတ်နေရေးအဆင်ပြေရုံမျှမက ဘဝအဆင့်အတန်း မြင့်မားလေဖြစ်သောကြောင့်ပင် နိုင်ငံခြားသားတစ်ဦးက ငွေကို ဆင္ဒမအာရုံဟု တင်စားဖူးသည်။ ငွေကြေးပြည့်စုံချမ်းသာလျှင် အာရုံငါးပါးကို အလျှံပယ် ခံစားစံစားနိုင်သည်ဟု ဆိုလိုဟန်တူပါသည်။ အချို့ကလည်း ငွေသည် အရာအားလုံးကို ဖန်တီးနိုင်သည်ဟူ၍ ရုပ်ပိုင်းဆိုင်ရာ ရှုထောင့်တစ်ခုတည်းမှနေ၍ ပြောဆိုတတ်ကြပါသည်။ လက်တွေ့ဘဝတွင်လည်း ငွေကြေးဥစ္စာ၏ အခန်းကဏ္ဍသည် လူတို့၏ဘဝကို များစွာခြယ်လှယ် လွှမ်းမိုးလျက်ရှိပါ၏။

မိသားစုတိုင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ လိုအပ်ချက်များ ရှိလေရာ ထိုလိုအပ်ချက်များသည် စီးပွားရေးဟူသော ပင်စည်ကြီးအပေါ် တည်မှီလျက်ရှိပါသည်။ စီးပွားရေး တောင့်တင်းပြည့်စုံလျှင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးဆိုင်ရာလိုအပ်ချက်များကို ကောင်းစွာဖြည့်ဆည်းနိုင်သည်။ ဥပမာအားဖြင့် ငွေကြေးဥစ္စာပြည့်စုံမှသာ သားသမီးတို့ကို တက္ကသိုလ်တွင် ပညာသင်ပေးနိုင်မည်။ မကျန်းမာလျှင် ဆေးရုံ၊ ဆေးခန်းတို့တွင် ငွေကြေးအကုန်အကျခံ၍ ကုသနိုင်မည်။ မိတ်ဆွေသင်္ဂဟတို့၏ သာရေး၊ နာရေး ကိစ္စများတွင် တာဝန်ကျေကျေထိထိရောက်ရောက် ကူညီထောက်ပံ့နိုင်မည်။ ငွေကြေးဥစ္စာ ပြည့်စုံမှသာ လူနေမှု အဆင့်အတန်း မြင့်မြင့်မားမား ထည်ထည်ဝါဝါ နေနိုင်မည်။ ထို့ပြင် ဘာသာရေးနှင့် ပရဟိတလုပ်ငန်းများတွင်လည်း မိမိ၏ သဒ္ဓါအားရှိသလောက် စိတ်တိုင်းကျ လှူဒါန်းမှု ပြုနိုင်ပေမည်။

ဤသို့ ပစ္စည်းဥစ္စာ ရွှေငွေရတနာတို့၏ အသုံးဝင်မှုက အံ့မခန်း ကြီးမားသောကြောင့်လည်း လူတိုင်းသည် နေ့စဉ်နှင့်အမျှ ငွေကြေးဥစ္စာတို့ကို

ပင်ပန်းတကြီး ရှာဖွေကြရ၏။ ထိုသို့ရှာဖွေရာတွင် အပြစ်ကင်းသော စီးပွားရှာနည်းဖြင့် ရှာဖွေသူတို့ ရှိသလို အပြစ်မကင်းသော စီးပွားရှာဖွေနည်းဖြင့် စီးပွားရှာသူတွေလည်း ရှိပါ၏။ ရိက္ခာကို သိက္ခာမပျက်ယွင်းစေဘဲ ရှာဖွေသူတို့ ရှိသလို ရိက္ခာနှင့် သိက္ခာကို လဲ၍ ရှာဖွေသူတို့လည်း ရှိပါ၏။

ဆိုရသော် ကိုယ်ကျင့်တရားကို မထိပါးစေဘဲ တရားသဖြင့် အပြစ်ကင်းကင်းဖြင့် ငွေကြေးဥစ္စာ ရှာဖွေသူတွေ ရှိသလို မတရားသဖြင့် အပြစ်မကင်းသောနည်းဖြင့် ငွေကြေးဥစ္စာ ရှာဖွေသူတွေလည်း ရှိပါသည်။ တရားသဖြင့် သမ္မာအာဇီဝနည်းဖြင့် စီးပွားရှာခြင်းသည် အကုသိုလ်ကင်းသည်။ မတရားသဖြင့် မိစ္ဆာအာဇီဝနည်းဖြင့် စီးပွားရှာခြင်းသည် အကုသိုလ်မကင်း။ အကုသိုလ်ကင်းသောနည်းဖြင့် ရှာဖွေရရှိသော ပစ္စည်းဥစ္စာသည် သန့်ရှင်းစင်ကြယ်သည်။ အကုသိုလ်မကင်းသော နည်းဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာသည် မသန့်ရှင်း မစင်ကြယ်။

မသန့်ရှင်း မစင်ကြယ်သောနည်းဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာတို့သည် သန့်ရှင်းစင်ကြယ်သောနည်းဖြင့် ရှာဖွေရရှိထားသောပစ္စည်းဥစ္စာတို့ထက်ပို၍ ရန်သူမျိုးငါးပါးနှင့် ကြုံတွေ့ရတတ်ပါသည်။ အထူးသဖြင့် သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျစေပြီးမှ ရယူအပ်သော ဥစ္စာပစ္စည်းတို့သည် မိမိတို့ကိုလည်း မျက်ရည်ပေါက်ကြီးငယ်ကျစေပြီးမှ မိမိတို့ထံမှ စွန့်ခွာထွက်သွားတတ်ပါ၏။

လူတို့တွင် အတိတ်ကံလည်း ရှိ၏။ ပစ္စုပ္ပန်ကံလည်း ရှိ၏။ အတိတ်ကံတို့တွင် ကောင်းသည်တို့လည်း ရှိခဲ့မည်။ ဆိုးသည်တို့လည်း ရှိခဲ့မည်။ ပစ္စုပ္ပန်ကံတို့တွင်လည်း ကံကောင်းတွေ ရှိသလို ကံဆိုးတွေလည်း ရှိမည်။ အတိတ်ကံကောင်းတွေ အကျိုးပေးချိန်ရှိသလို အတိတ်ကံဆိုးတွေ အကျိုးပေးချိန်လည်း ရှိမည်။ ပစ္စုပ္ပန်ကံကောင်းတွေ အကျိုးပေးချိန် ရှိသလို ပစ္စုပ္ပန်ကံဆိုးတွေ အကျိုးပေးချိန်လည်း ရှိမည်။ အတိတ်ကံဆိုးနှင့် ပစ္စုပ္ပန်ကံဆိုးတို့ အကျိုးပေးချိန်တွင် မိမိပိုင်ဆိုင်သော ရွှေ၊ ငွေ ရတနာ ဥစ္စာပစ္စည်းတို့သည် လက်လွှတ်ဆုံးရှုံးရတတ်ပါသည်။ ရေဘေး၊ မီးဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ အမွေခံသားဆိုး သမီးဆိုးဟူသော ဘေးငါးမျိုးနှင့် ကြုံဆုံကာ ပျက်စီးသွားတတ်ပါသည်။ ထိုရန်သူမျိုးငါးပါးနှင့် မကြုံဆုံ၍

မပျက်စီး မဆုံးရှုံးသည့်တိုင် မိမိတိမ်းပါး ကွယ်လွန်သွားသောအခါတွင်မူ ပိုင်ဆိုင်သမျှအရာ အားလုံးကို ထားခဲ့ ချန်ခဲ့ စွန့်ခွာခဲ့ရပေမည်။ သို့ဖြစ်၍ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေရသောကြောင့်လည်းကောင်း၊ ကွယ်လွန်သော် ထားချန်ရစ်ခဲ့ရသောကြောင့် လည်းကောင်း၊ ပစ္စည်းဥစ္စာ ရွှေငွေ ရတနာ၊ တိုက်တာ အိုးအိမ်တို့သည် တစ်ခဏ၊ တစ်ဘဝမျှသာ ပိုင်ဆိုင်သော အရာများ ဖြစ်ပါ၏။ ကိုယ်ပိုင်ဥစ္စာအစစ် မဟုတ်လေပါ။

ပစ္စုပ္ပန်ဘဝတွင်သာမက သံသရာအထိ လိုက်ပါ၍ ကောင်းကျိုးပေးမည့် ကိုယ်ပိုင်ဥစ္စာများမှာ ယုံကြည်မှု သဒ္ဓါတရား၊ ကိုယ်ကျင့်သီလ၊ မကောင်းမှုကို ရှက်ခြင်း၊ မကောင်းမှုကို ကြောက်လန့်ခြင်း၊ အကြားအမြင်များခြင်း၊ လှူဒါန်းပေးကမ်းခြင်းနှင့် ပညာတို့ပင် ဖြစ်ပါ၏။ ယုံကြည်မှုသဒ္ဓါတရားဟူသည်မှာ ရတနာသုံးတန်နှင့် ကံ–ကံ၏အကျိုးကို ယုံကြည်ခြင်းပင် ဖြစ်ပါ၏။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟူသော ရတနာမြတ်သုံးပါးကို ယုံကြည်ပြီး ကိုးကွယ်ဆည်းကပ်ခြင်းသည် သရဏဂုံတည်ခြင်း ဖြစ်ပါ၏။ သရဏဂုံသည် ဗုဒ္ဓဘာသာ၏ 'ဝင်ပေါက်' ဖြစ်ပါ၏။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်ဟူ၍ ယုံကြည်ခြင်းသည် ကံ–ကံ၏အကျိုးကို ယုံကြည်ခြင်း ဖြစ်ပါ၏။ ကံ–ကံ၏အကျိုးကို ယုံကြည်မှုသာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်ပါသည်။ ဤသမ္မာဒိဋ္ဌိသည် ဗုဒ္ဓဘာသာဝင်တို့၏ အတွင်းသန္တာန်တွင် တည်ရှိရမည့် သမ္မာဒိဋ္ဌိငါးမျိုးတွင် အခြေခံအုတ်မြစ် ဖြစ်ပါ၏။ ဤအခြေခံအုတ်မြစ် မတောင့်တင်းလျှင် ကျန်သော သမ္မာဒိဋ္ဌိလေးမျိုး မတည်နိုင်ပါ။

သီလဟူသည် ဗုဒ္ဓဘာသာဝင်တို့၏ ကျင့်စဉ်ကြီးများတွင် အခြေခံ ဖြစ်ပါသည်။ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်သုံးမျိုးတွင် သီလသည် အခြေခံ အုတ်မြစ် ဖြစ်ပါသည်။ သီလနှင့် ပြည့်စုံမှသာ သမာဓိ ဖြစ်သည်။ တည်ကြည်ခြင်းဟူသော သမာဓိတည်မှသာ ပညာဉာဏ် ထွန်းလက်လာနိုင်ပါမည်။ သီလမလုံခြုံလျှင် သမာဓိ၊ ပညာအဆင့်များသို့ မတက်လှမ်းနိုင်။

မကောင်းမှုဒုစရိုက်တို့သည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာတွင် ဆိုးကျိုးများကိုသာ ဖြစ်ထွန်းပေါ်ပေါက်စေပါသည်။ သို့ဖြစ်သောကြောင့် မကောင်းမှုပြုရမည်ကို ရှက်တတ်ရမည်။ ကြောက်ရွံ့ထိတ်လန့်တတ်ရမည်။ သို့မှသာ

မကောင်းမှုမှ ရှောင်ကြဉ်နိုင်ပေမည်။ အကြားအမြင်များခြင်းသည် လောကီရေး၌ဖြစ်စေ၊ လောကုတ္တရာရေး၌ဖြစ်စေ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်၊ ရွေးချယ်နိုင်၊ ဆောင်ရွက်နိုင်စေပါသည်။ လှူဒါန်းပေးကမ်းခြင်းဟူသည် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံသော ဥစ္စာပစ္စည်းများကို ကိုယ်ပိုင်ဥစ္စာအဖြစ် ပြောင်းလဲလိုက်ခြင်း ဖြစ်ပါသည်။ ပညာဟူသည် သိမှု (ဝိဇ္ဇာ) ဖြစ်ရာ ကုသိုလ်နှင့် အကုသိုလ်၊ အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုး၊ သမ္မာနှင့် မိစ္ဆာတို့ကို ကွဲကွဲပြားပြား ခွဲခြားမြင်နိုင်စွမ်း ရှိစေပါ၏။

ရန်သူမျိုးငါးပါးနှင့် မဆက်ဆံသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးနှင့် စွမ်းနိုင်သမျှ ပြည့်စုံအောင် ကြိုးစားအားထုတ်လျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာတွင် 'မဆင်းရဲသော သူများ' ဖြစ်ပေလိမ့်မည်။

□

# မြတ်စွာဘုရားနှင့် ဗောဓိမင်းသား

ရွှေဘုန်းတော်သခင် အရှင်ဘုရား၊ ဒုက္ခနှင့်ရင်းနှီးခဲ့သဖြင့် ရှင်တော်မြတ်ဘုရားသည် သန္တိသုခ နိဗ္ဗာန်ချမ်းသာကြီးကို ရရှိတော်မူပြီး လောကသုံးပါးတွင် အတုလွတ်ဘုရားအဖြစ်သို့ ရောက်တော်မူလာ၏။ အရှင်ကဲ့သို့သော မြတ်ဘုရား၏ထံတော်တွင် တပည့်ခံ၍ ကျင့်သောသူသည် ထိုနိဗ္ဗာန်ချမ်းသာကို ရရှိရန် အဘယ်မျှကြာအောင် ကျင့်ရပါသနည်း။ အဘယ်မျှကြာအောင် အားထုတ်မှ ထိုနိဗ္ဗာန်ချမ်းသာကို ရရှိမည် ဖြစ်ပါသနည်းဟူ၍ မေးလျှောက်လတ္တံ့သော ဗောဓိမင်းသားအား ဗုဒ္ဓသည် ဤသို့ပြန်၍ မေးတော်မူ၏။

"မင်းသား၊ သင်၏အမေး ဟုတ်တန်စေ။ သင့်အား ငါတစ်ခု မေးအံ့။ သင်ကြိုက်သလို ဖြေနိုင်ပေ၏"

"မေးတော်မူပါဘုရား"

"မင်းသား၊ သင်သည် ဆင်စီးခြင်းအတတ်၊ မြင်းစီးခြင်းအတတ်၊ ချွန်းကိုင်ခြင်း အတတ်တို့၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့သည် မဟုတ်ပါလော"

"ဟုတ်ပါသည်ဘုရား၊ ယင်းအတတ်တို့၌ လိမ္မာကျွမ်းကျင်ခဲ့ပါ၏"

"မင်းသားတစ်ဦးဖြစ်ဘိသော် တစ်ဦးသော ယောကျ်ားသည် ထိုအတတ်များကို သင်ယူလို၍ သင့်ထံသို့ ရောက်လာသည် ဆိုပါတော့။ သို့သော် ထိုသူသည် ယုံကြည်မှုမရှိသူ၊ အနာရောဂါများသူ၊ ဟန်ဆောင်တတ် လှည့်စားတတ်သူ၊ ပျင်းရိသူ၊ အသိဉာဏ်ခေါင်းပါးသူ ဖြစ်နေခဲ့သော် ထိုသူသည် သင့်ထံမှ ထိုအတတ်များကို တတ်မြောက်နိုင်ပါမည်လော"

ဖွင့်လှစ်ထားရှိပြီး တရားစခန်းများကိုလည်း အခါအားလျော်စွာ ဖွင့်လှစ်လျက်ရှိပါ၏။ တချို့မြို့နယ်များတွင် ထာဝစဉ်အမြဲတမ်း ဖွင့်လှစ်ထားသော ရိပ်သာများလည်း ရှိပါ၏။ မြို့ပြတွင်သာ မဟုတ်ဘဲ၊ ကျေးရွာများတွင်ပါ ခုနစ်ရက် တရားစခန်း၊ ဆယ်ရက်တရားစခန်းများ ဖွင့်လှစ်လာကြပါသည်။ ဝိပဿနာ ရိပ်သာများ တိုးပွားများပြားလာခြင်း၊ ရိပ်သာဝင်ယောဂီများ တိုးပွားများပြားလာခြင်းမှာ ယနေ့မျက်မှောက်ခေတ် ပဋိပတ္တိသာသနာ၏ အားတက်ဖွယ် မြင်ကွင်းဟု ဆိုနိုင်ပါသည်။

သို့သော် ရိပ်သာဝင် ယောဂီများထဲတွင် တရား၏ အရသာကို တကယ်တမ်း ခံစားထိတွေ့သူတွေ ရှိသလို ခံစားထိတွေ့မှု အားနည်းသူတွေလည်း ရှိပါသည်။ အရည်အချင်းရှိသော ယောဂီတွေ ရှိသလို အရည်အချင်း နည်းပါးသော ယောဂီတွေလည်း ရှိပါသည်။

မည်သည့်နယ်ပယ်၌မဆို အရေအတွက် များပြားလာလျှင် အရည်အချင်းတွင် ဆူကြုံနိမ့်မြင့် ကွဲပြားသည်မှာ ဓမ္မတာသာ ဖြစ်ပါ၏။ အချို့ယောဂီတို့သည် တရားစခန်းသို့ အကြိမ်ကြိမ် ဝင်ရောက်တရားအားထုတ်သော်လည်း စိတ်နေစိတ်ထားမှာမူ မပြောင်းလဲ။ ကိုယ်ကျင့်တရားလည်း ထူးခြားမြင့်မား၍ မလာ။ ယခင်ရှိရင်းစွဲအတိုင်းပင် စိတ်ထဲတွင် အညစ်အကြေးများ ထူထဲဆဲ၊ ထူထဲမြဲ ဖြစ်နေပါသည်။ စိတ်အညစ်အကြေးများကို လျှော်ဖွပ်ဆေးကြောသန့်စင်သော တရားရှုမှတ်ပွားများမှုကို ပြုနေပါလျက် စိတ်ထဲတွင် စိတ်အညစ်အကြေးများ အားနည်းလျော့ပါးမသွားလျှင် ထိုယောဂီသည် တရားအားထုတ်သူတို့တွင် ရှိရမည့် အင်္ဂါရပ်များနှင့် မပြည့်စုံသောကြောင့် ဖြစ်ပါသည်။ ယောဂီအမည်ခံပြီး ရိပ်သာသို့ ဝင်နေပါလျက် ရိပ်သာမှ ထွက်လာသည့်နောက်ဝယ် လောဘတွေ ကြီးမြဲကြီးဆဲ၊ ဒေါသတွေ ကြီးမြဲကြီးဆဲ၊ သေရည်အရက်ကို သောက်သုံးမြဲ သောက်သုံးဆဲ၊ နစ်လုံး သုံးလုံး လောင်းကစားမှုကို ပြုမြဲပြုဆဲဆိုလျှင်မူ ထိုယောဂီသည် ဟန်ဆောင်ယောဂီ အတုအယောင်မျှသာ ဖြစ်နေပေမည်။

အမှန်စင်စစ် အမြင့်ဆုံးကျင့်စဉ်ဖြစ်သော ဝိပဿနာ ဘာဝနာပွားများရှုမှတ်မှုကို ကြိမ်ဖန်များစွာ ပြုနေသော ယောဂီတစ်ဦး၏ စိတ်နေစိတ်ထားနှင့် ကိုယ်ကျင့်တရားသည် အမှန်ပင် မြင့်မားတိုးတက်သွားသင့်သည်။ အတွင်း

သန္တာန်ထဲတွင် လောဘ၊ ဒေါသ၊ မောဟတို့ လျော့ပါး၍ လာသင့်ပါသည်။ မာနတွေ ပါးလျားလာသင့်သည်။ တင်းတိမ်ရောင့်ရဲမှုတွေ ပိုမိုလာသင့်သည်။ မိမိနှင့်ထိတွေ့ဆက်ဆံရသူတွေအပေါ် ယခင်ကထက်ပို၍ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဆက်ဆံသင့်သည်။ တစ်စုံတစ်ဦးက မိမိအပေါ် အမှားတစ်စုံတစ်ရာ ပြုမိသည့်တိုင် ခွင့်လွှတ်သည်းခံနိုင်စွမ်းအား ကြီးမားလာသင့်သည်။

တချို့သော ယောဂီတွေကမူ မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် တရားခမ္မ (ပရိယတ္တိစာပေ) တို့ကို စွဲစွဲမြဲမြဲ ဖတ်ရှုမှတ်သား၏။ ကမ္မဋ္ဌာနာစရိယ ဆရာကောင်းထံတွင်လည်း ချဉ်းကပ်မိသည်။ ရိုးသားဖြောင့်မတ်မှုလည်း ရှိ၏။ ဆရာကောင်း၏ အဆုံးအမအတိုင်း တိတိကျကျ လိုက်နာကျင့်ကြံသည်။ စွဲစွဲမြဲမြဲ ဓွဲကောင်းကောင်းဖြင့် တရားရှုမှတ်ပွားများသည်။ ထိုယောဂီ၏ အတွင်းသန္တာန်၌ တရားကိန်းလာသည်နှင့်အမျှ ထိုယောဂီ၏ ကံသုံးပါးသည် ပို၍ ရိုးသားဖြူစင်လာသည်။ မာယာတွေ၊ ပရိယာယ်တွေ၊ ဟန်ဆောင်တာတွေ၊ ကြွားဝါတာတွေ မရှိတော့။ ထိုယောဂီ၏ မျက်ဝန်းဝယ် မေတ္တာရိပ်၊ မုဒိတာရိပ်တို့ ယှက်တင်လျက်ရှိသည်။ သူ၏ အကြည့်ဝယ် အေးဓာတ် လွှမ်းပတ်လျက်ရှိသည်။ သူတို့နှင့် အကြည့်ချင်းဆုံသောအခါ လရောင်ဟပ်ခြင်းခံရသလို ရင်ထဲတွင် အေးမြသွားသည်။

ပဋိပတ္တိလုပ်ငန်းခွင် ဝင်သူတွေထဲမှာ မြတ်စွာဘုရား၏ တရားဓမ္မ (ပရိယတ္တိစာပေ) ကို ဖတ်ရှုလေ့လာသူတွေ ရှိသလို ပရိယတ္တိစာပေကို မဖတ်ရှု မလေ့လာသူတွေလည်း ရှိပါသည်။ အမှန်တော့ ပဋိပတ္တိလုပ်ငန်းခွင်ဝင်သူတိုင်းသည် မြတ်စွာဘုရား၏ ဓမ္မ (ပရိယတ္တိစာပေ) တို့ကို ဖတ်ရှုလေ့လာသင့်ပါသည်။ အဘယ်ကြောင့်မူ ပရိယတ္တိစာပေတို့တွင် မြတ်စွာဘုရားက ယောဂီတို့ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်သွန်သင်ချက်များကို ဖော်ပြထားသောကြောင့် ဖြစ်ပါ၏။ "စာခံလျှင် တရားရရန် ခက်သည်" ဟူသော ပရိယတ္တိစာပေကို ပစ်ပယ်သူများ၏စကားကို နားမယောင်ကြဖို့ လိုပါသည်။

အထက်ပါ မဇ္ဈိမပဏ္ဏာသ၊ ဗောဓိရာဇကုမာရသုတ်တွင် မြတ်စွာဘုရားသည် ကမ္မဋ္ဌာန်းတရား အားထုတ်သူတွင် ရှိရမည့် အင်္ဂါငါးပါးကို ညွှန်ပြတော်မူခဲ့ပါသည်။ ပထမအင်္ဂါမှာ မြတ်စွာဘုရား၏ ဗောဓိဉာဏ်၌ ယုံ

ကြည်ခြင်းပင် ဖြစ်ပါ၏။ မြတ်စွာဘုရားသည် ဗောဓိဉာဏ်ကို ရရှိတော်မူပြီး သံသရာဝဋ်ဆင်းရဲကြီးမှ အပြီးတိုင် လွတ်မြောက်တော်မူခဲ့ပါသည်။ ဘုရားရှင်သည် သတ္တဝါဝေနေယျအပေါင်းအား သံသရာဝဋ်ဆင်းရဲကြီးမှ လွတ်မြောက်အောင် လမ်းညွှန်ဆုံးမတော်မူနိုင်သော အနှိုင်းမဲ့ ဆရာကောင်းတစ်ဆူ ဖြစ်တော်မူပါ၏။ တရားအားထုတ်သူ ယောဂီသည် မြတ်စွာဘုရား၏ ဗောဓိဉာဏ်အပေါ် အကြွင်းမဲ့ ယုံကြည်ရပါမည်။

ဒုတိယအင်္ဂါရပ်မှာ အနာရောဂါကင်းပြီး ကျန်းမာခြင်းပင် ဖြစ်ပါ၏။ ယောဂီတစ်ဦးအနေဖြင့် ရောဂါဝေဒနာကင်းပြီး ကျန်းမာရွှင်လန်းနေဖို့ လိုပါသည်။ ကျန်းမာမှသာလျှင် တရားရှုမှတ်ပွားများမှုကို မဆုတ်မနစ် ထက်သန်သော ဇွဲရှိရှိဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ တစ်စုံတစ်ရာ ရောဂါဝေဒနာ စွဲကပ်ချိန်တွင်မှ ဝေဒနာပျောက်ကင်းအောင်ဟူသော ရည်ရွယ်ချက်ဖြင့် တရားရှုမှတ်နေမည့်အစား ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းနေချိန်တွင်ပင် တရားရှုမှတ်ပွားများမှုကို စတင်သင့်ပါသည်။

တတိယအင်္ဂါရပ်မှာ ဟန်ဆောင်မှု၊ လှည့်စားမှု မရှိခြင်းပင် ဖြစ်ပါ၏။ တရားရှုမှတ်ပွားများ အားထုတ်သူ ယောဂီသည် သာမန်လူထက်ပင် ပို၍ ရိုးသားဖြောင့်မတ်ရမည်။ ကမ္မဋ္ဌာနာစရိယ ဆရာတော်က တရားစစ်သောအခါ မိမိ၏ အတွင်းသန္တာန်တွင် ဖြစ်သမျှ အရှိပကတိအတိုင်း တိတိကျကျ ဖွင့်ဟလျှောက်ထားရမည်။ တရားထူး မရသေးဘဲလျက် တရားထူးရလေဟန် ဟန်ဆောင်လျှင်မူ မည်သည့်အခါမျှ တရားထူးရတော့မည် မဟုတ်ပါ။

စတုတ္ထအင်္ဂါရပ်မှာ အကုသိုလ်ကို ပယ်၍ ကုသိုလ်ပွားများရန် ထက်သန်သော လုံ့လရှိခြင်း ဖြစ်ပါ၏။ ယောဂီသည် အကုသိုလ်မှုများကို စွမ်းနိုင်သမျှ ရှောင်ကြဉ်ပြီး ကုသိုလ်ကို စွမ်းနိုင်သမျှ ဆောင်ရမည်။ အကုသိုလ်မှုများကို ရှောင်မှသာ ကံစင်ကြယ်မှု ရှိပေလိမ့်မည်။ အကုသိုလ်မကင်းလျှင် တရားအားထုတ်ရာတွင် အနှောင့်အယှက် အဟန့်အတားနှင့် ကြုံရပေလိမ့်မည်။ ကုသိုလ်ကောင်းမှု များစွာပြုထားလျှင် စိတ်ကြည်လင်ချမ်းသာပြီး တရားအားထုတ်ရာတွင် ကောင်းစွာအထောက်အပံ့ ပြုနိုင်ပါသည်။

ပဉ္စမမြောက်အင်္ဂါရပ်မှာ ဆင်းရဲချုပ်စေနိုင်သည့် ထိုးထွင်းဉာဏ်ရှိခြင်းပင် ဖြစ်ပါ၏။ ဝိပဿနာကျင့်စဉ်၏ ရည်ရွယ်ချက်မှာ သံသရာဝဋ်ဆင်း

ရဲမှ အပြီးတိုင် ချုပ်ငြိမ်းလွတ်မြောက်ရန်ပင် ဖြစ်ပါ၏။ သံသရာဝဋ်ဆင်းရဲမှ ချုပ်စေနိုင်သောအရာမှာ ဝိပဿနာ ပညာဉာဏ်သာ ဖြစ်ပါသည်။ ထိုပညာကို ထိုးထွင်းဉာဏ်ရှိသော ယောဂီမှသာ ရရှိနိုင်ပေမည်။ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဒေသနာတော်များတွင် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်သော ယောဂီများအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ညွှန်ပြတော်မူထားရာ ထိုဟောကြားချက်များကို ပိဋကတ်မြန်မာပြန်ကျမ်းများတွင် ရှာဖွေဖတ်ရှုသင့်ပါသည်။

❒

# မြတ်စွာဘုရားနှင့် မဟာလိမင်းသား

မဟာလိ၊ ငါသည် သိကြားမင်း၏အဖြစ်ကိုလည်း သိ၏။ သိကြားအဖြစ်ကို ပြုတတ်သော အရာတို့ကိုလည်း သိ၏။ ယင်းတရားတို့ကို ကောင်းစွာ ဆောက်တည်သောကြောင့် သိကြား၏အဖြစ်ကို ရ၏။ ထိုသိကြားဖြစ်ရန် ကျင့်စဉ်တရားများကိုလည်း ငါသိ၏။

(၁) မဟာလိ၊ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက မဃမည်သော လုလင်ဖြစ်ဖူးပြီ။ ထို့ကြောင့် မဃဝဟု ဆိုအပ်၏။

(၂) မဟာလိ၊ သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရိုသေစွာ ပေးလှူ၏။ ထို့ကြောင့် သက္ကဟူ၍ ဆိုအပ်၏။

(၃) မဟာလိ၊ သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရှေးဦးစွာ ပေးလှူ၏။ ထို့ကြောင့် ပရိန္ဒကဟု ဆိုအပ်၏။

(၄) မဟာလိ၊ သိကြားမင်းသည် တစ်ထောင်သော အကြောင်းအရာတို့ကို တစ်မုဟုတ်ချင်းဖြင့် ကြံနိုင်၏။ ထို့ကြောင့် 'သဟဿက္ခ' ဟူ၍ သိအပ်၏။

(၅) မဟာလိ၊ သိကြားမင်း၌ အသူရာ၏သမီး သုဇာမည်သော မယား ရှိ၏။ ထို့ကြောင့် သုဇမ္ပတိဟူ၍ ဆိုအပ်၏။

(၆) မဟာလိ၊ သိကြားမင်းသည် တာဝတိံသာနတ်တို့ကို အစိုးရသည်၏အဖြစ်၊ အကြီးအမှူး၏အဖြစ်ဟူသော မင်းအဖြစ်ကို ပြုစေ၏။ ထို့ကြောင့် ဒေဝါနမိန္ဒဟူ၍ ဆိုအပ်၏။

ဤသို့ သိကြား၏အမည်များကို ဖျုပ္ပတ်နှင့်တကွရှင်းပြီး သိကြားအဖြစ်ကို ရရှိစေနိုင်သော ကျင့်ဝတ်ခုနစ်မျိုးကိုပါ ဆက်၍ မြွက်ကြားတော်

မှုလေသည်။

မဟာလိ၊ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို အပြည့်အစုံ ကောင်းစွာ ဆောက်တည်အပ်ကုန်၏။ ယင်းခုနစ်ပါးသော ကျင့်ဝတ်တို့ကို ကောင်းစွာ ဆောက်တည်အပ်သည်၏အဖြစ်ကြောင့် သိကြားမင်း၏အဖြစ်ကို ရ၏။ ခုနစ်ပါးသော ကျင့်ဝတ်အစုတို့မှာ အဘယ်နည်းဟူမူကား –

(၁) ငါသည် အသက်ထက်ဆုံး အမိ၊ အဘတို့ကို လုပ်ကျွေးသမှုပြုသူ ဖြစ်အံ့။

(၂) ငါသည် အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေ ပြုလေ့ရှိသူ ဖြစ်အံ့။

(၃) ငါသည် အသက်ထက်ဆုံး သိမ်မွေ့သော စကားကို ဆိုလေ့ရှိသူ ဖြစ်အံ့။

(၄) ငါသည် အသက်ထက်ဆုံး ကုန်းစကားကို ဆိုလေ့မရှိသူ ဖြစ်အံ့။

(၅) ငါသည် အသက်ထက်ဆုံး လွတ်လွတ်စွန့်ကြဲခြင်း ရှိသူ၊ ပေးလှူရန် အခါခပ်သိမ်း စင်ကြယ်သော လက်ရှိသူ၊ စွန့်လွှတ်ခြင်း၌ မွေ့လျော်သူ၊ သူတစ်ပါးတို့ တောင်းခံခြင်းငှာ ထိုက်သူ၊ ပေးကမ်းလှူဒါန်း ဝေဖန်ခြင်း၌ မွေ့လျော်သူဖြစ်၍ ဝန်တိုခြင်းကင်းသောစိတ်ဖြင့် အိမ်ကို အုပ်စိုးနေသူဖြစ်အံ့။

(၆) ငါသည် အသက်ထက်ဆုံး မှန်သောစကားကို ဆိုလေ့ရှိသူ ဖြစ်အံ့။

(၇) ငါသည် အသက်ထက်ဆုံး အမျက်ထွက်ခြင်း မရှိသူ၊ အကယ်၍ ငါ့အား အမျက်ထွက်ခြင်း ဖြစ်စေကာမူ ထိုအမျက်ကို လျင်စွာသာလျှင် ပယ်ဖျောက်နိုင်သူ ဖြစ်အံ့။ ဤခုနစ်ပါးတို့တည်း။

(သက္ကသံယုတ်၊ မဟာလိသုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ (ဒဂုန်ဦးစန်းငွေ)၊ စာ–၂၀၆/၂၀၇]

အလင်းသစ်စာပေ

မြတ်စွာဘုရား ဝေသာလီပြည်သို့ ရောက်ရှိပြီး ကုဋ္ဌာဂါရကျောင်းတိုက်၌ ခေတ္တသီတင်းသုံးလျက်ရှိစဉ် မဟာလိဟုအမည်တွင်သော မင်းသားတစ်ယောက် အဖူးအမြော် ရောက်ရှိလာပါသည်။ စင်စစ် ဖူးမြော်ရုံမျှသာမဟုတ်၊ သူ၏စိတ်ထဲတွင် ဘဝင်မကျဖြစ်နေသော သိကြားမင်းပြဿနာကို မေးလျှောက်လိုသောကြောင့်လည်း မြတ်စွာဘုရားထံ ချဉ်းကပ်လာခြင်းဖြစ်ပါ၏။

လူအများ ပြောပြောနေသော 'သိကြားမင်း' ရှိသည် ဆိုသောအချက်ကို မဟာလိမင်းသားက လက်ခံချင်ပုံမရ။ အယုံအကြည်ရှိဟန်လည်း မတူ။ အကယ်တန္တု သိကြားမင်းရှိသည်မှန်သော် သိကြားမင်းကို လူတို့မြင်ဖူးရပေမည်။ မရှိသောကြောင့်သာ သိကြားမင်းကို မမြင်ရခြင်း ဖြစ်ပေလိမ့်မည်ဟူ၍ တွေးတောဝေဖန်နေမိသည်။ ထို့ကြောင့် မြတ်စွာဘုရားကို မဟာလိမင်းသားက ဤသို့လျှောက်ထားခဲ့ပါသည်။

"အရှင်ဘုရား၊ နတ်တို့အရှင် သိကြားမင်းကို မြတ်စွာဘုရား မြင်ဖူးပါသလား ဘုရား"

"မဟာလိ၊ သိကြားမင်းကို ငါမြင်ဖူး၏"

မဟာလိမင်းသားက "မြတ်စွာဘုရား၊ အရှင်ဘုရား မြင်ဖူးသောသိကြားမှာ သိကြားအတုအယောင်သာ ဖြစ်ပါလိမ့်မည်။ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းကို အလွန်မြင်နိုင်ခဲ၏"ဟု ပြန်လည်လျှောက်ထားပါသည်။

ဤသို့ မဟာလိမင်းသားက သိကြားမင်း ရှိသည်ကို မယုံကြည်လေဟန် လျှောက်ထားသောကြောင့် မြတ်စွာဘုရားသည် မဟာလိမင်းသားအားအထက်ပါအတိုင်း သိကြားမင်း၏ အမည်နာမများနှင့်တကွ သိကြားဖြစ်ရန်ကျင့်စဉ်၊ သိကြားဖြစ်နိုင်သော နည်းလမ်းများကို ရှင်းပြတော်မူခဲ့ခြင်း ဖြစ်ပါ၏။

အထက်ပါ ဘုရားရှင်၏ ဟောတော်မူချက်တွင် ပါဝင်သော သိကြားမင်း ဖြစ်စေသည့် ကျင့်စဉ်နည်းလမ်းများကို သိကြားမင်း ဖြစ်လိုသည်ဖြစ်စေ၊ သိကြားမင်း မဖြစ်လိုသည်ဖြစ်စေ၊ မိမိ၏ဘဝကို တန်ဖိုးရှိသောဘဝ ဖြစ်စေလိုသူတိုင်း လိုက်နာကျင့်ကြံအပ်ပါသည်။

အထက်ပါကျင့်စဉ်များထဲမှ ပထမဦးဆုံးကျင့်စဉ်မှာ "အမိ၊ အဘတို့ကို ပြုစုလုပ်ကျွေးခြင်း" ဖြစ်ပါ၏။ အမိ၊ အဘတို့မည်သည် မိမိတို့၏ အသက်သခင် ကျေးဇူးရှင်များ ဖြစ်ပါသည်။ မိခင်၏ ဝမ်းကြာတိုက်တွင် သန္ဓေတည် ချိန်မှ စတင်လျက် မိဘတို့၏မေတ္တာမိုးသည် သန္ဓေသားအပေါ် ရွာသွန်းဖြိုးခဲ့ပါ၏။ သန္ဓေသား အောင်အောင်မြင်မြင် မွေးဖွားသန့်စင်နိုင်စိမ့်သောငှာ၊ မိခင်ရော ဖခင်ပါ အဘက်ဘက်က ဂရုစိုက်ခဲ့ကြရသည်။ ထို့နောက် မီးဖွားပြီးချိန် မှစ၍ လူလားမြောက်သည်အထိ သားသမီးတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် စွမ်းနိုင်သမျှ အားထုတ်ကြိုးပမ်းခဲ့ကြရသည်။ မိဘတို့မည်သည် သားသမီးတို့နှင့် စပ်လျဉ်းလျှင် 'အမျှော်' ဟူ၍ စဉ်းငယ်မျှ မပါရှိဘဲ လွတ်လွတ် စွန့်လွှတ်ခဲ့သော 'အပေးသမား' သက်သက်သာ ဖြစ်ပါသည်။ သားသမီးတို့၏ သွေးကြောတိုင်းတွင် အမိ၊ အဘတို့၏ များပြားလှသော ကျေးဇူးတရားများသည် စိမ့်ဝင်စီးမျောလျက် ရှိပါသည်။

ဇရာ၏သဘောအရ အမိ၊ အဘတို့ အိုမင်းမစွမ်းဖြစ်ချိန်၊ ကိုယ့်ဝမ်းစာကိုယ်ရှာမစားနိုင်ချိန်တွင် သားသမီးတို့က အမိ၊ အဘတို့ကို တုံ့ပြန်၍ ပြုစုစောင့်ရှောက်ရမည်။ ပေးကမ်းထောက်ပံ့ရမည်။ ကျေးဇူးတုံ့ပြန် ပေးဆပ်ရမည်။ မိဘတို့အပေါ်တွင်ပင် ကျေးဇူးဆပ်ရကောင်းမှန်းမသိသော သားသမီးတို့၏ နှလုံးသားသည် လူ့နှလုံးသား မဟုတ်လေပါ။

ဒုတိယနည်းလမ်းမှာ မိမိထက် အသက်ကြီးသော ဆွေမျိုး အကြီးအကဲတို့အပေါ် ရိုသေခြင်း ဖြစ်ပါ၏။ ဆွေမျိုးအကြီးအကဲတို့နှင့် တွေ့ဆုံဆက်ဆံစဉ်အခိုက် 'ရှိခိုးခြင်း'၊ 'နေရာပေးခြင်း'၊ 'ကိုယ်ကို ကိုင်းညွှတ်၍ အရိုအသေ ပေးခြင်း'၊ 'ခေါင်းငုံ့၍ လျှောက်ခြင်း' စသော ရိုသေခြင်း အခြင်းအရာများဖြင့် ဂါရဝတရား ရှေ့ထားလျက် ဆက်ဆံရပေမည်။ ဂါရဝမှုနှင့်ယှဉ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာများက ဆွေမျိုးအကြီးအကဲတို့၏ နှလုံးစိတ်ဝမ်းကို အေးချမ်းစေပါ၏။ လူငယ်လူရွယ်တို့၏ နှလုံးသားမှ ပွင့်ဖူးသော ဂါရဝမှုသည် ဆွေမျိုးအကြီးအကဲတို့၏ နှလုံးသားထဲသို့ ငြိမ့်ငြိမ့်ညင်ညင် စိမ့်ဝင်သွားပေလိမ့်မည်။ လူကြီးသူမတို့၏ တုံ့ပြန်မေတ္တာထားမှုကို ပိုမို ရရှိလာပြီး မိမိနှင့်ဆွေမျိုးအကြီးအကဲတို့အကြား ဆက်ဆံရေး

သည် ပိုမို အဆင်ပြေ ချောမွေ့လာပေလိမ့်မည်။

တတိယနည်းလမ်းမှာ အသက်ထက်ဆုံး ချိုသာသိမ်မွေ့သော စကားကို ဆိုခြင်းဖြစ်ပါသည်။ စကားပြောရာတွင် ကြီးသူနှင့် ပြောရသည်ဖြစ်စေ၊ ငယ်သူနှင့် ပြောရသည်ဖြစ်စေ အေးအေးသာသာ သိမ်သိမ်မွေ့မွေ့ ပြောဆိုခြင်းသည် ကြားရသူတိုင်းကို နှလုံးစိတ်ဝမ်း ချမ်းမြေ့စေပါ၏။ အဆင်မပြေမှုတစ်ခု၊ ပြဿနာတစ်ရပ်နှင့် ကြုံတွေ့၍ တစ်ဖက်သူနှင့် ဆွေးနွေးရာတွင် တစ်ဖက်သူ နားဝင်အောင် အကျိုးသင့်အကြောင်းသင့် ဖျောင်းဖျောင်းဖျဖျ ညင်ညင်သာသာ ပြောသင့်ပါသည်။ စင်စစ် နူးညံ့သိမ်မွေ့ခြင်းသည် ယဉ်ကျေးမှု၏ သွင်ပြင်လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ ကိုယ်ရည်ကိုယ်သွေး မြင့်မားခြင်း၏ သင်္ကေတလည်း ဖြစ်ပါ၏။

စတုတ္ထအကျင့်မှာ အသက်ထက်ဆုံး ကုန်းချောစကားကို ပြောဆိုလေ့မရှိခြင်းပင် ဖြစ်ပါ၏။ ချစ်ခင်ရင်းနှီးနေသူ နှစ်ဦးတို့အကြား၊ မေတ္တာသက်ဝင်နေသူတို့အကြားဝယ် တစ်ဦးနှင့်တစ်ဦး သံသယဝင်စေမည့်၊ ခင်မင်ရင်းနှီးမှုကို ပျက်ယွင်းစေမည့် ကုန်းချောစကားကို မည်သည့်အခါမျှ မပြောဆိုခြင်းသည် ဝစီဒုစရိုက်မှုတစ်ခု ကင်းရှင်းခြင်းပင် ဖြစ်ပါ၏။ ကုန်းချောစကားဆိုခြင်းသည် မိတ်ဆွေအချင်းချင်း၊ ချစ်သူအချင်းချင်း တည်ဆောက်ထားသော ယုံကြည်မှုကို ယိမ်းယိုင်စေပါသည်။ ကုန်းချောစကားသည် အပြောခံရသူအပေါ်၌လည်း ကောင်းကျိုးမပေး၊ ပြောသူအပေါ်တွင်လည်း ကောင်းကျိုးမပေးပေ။

ပဉ္စမမြောက်အကျင့်မှာ အသက်ထက်ဆုံး လွတ်လွတ်စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းပင် ဖြစ်ပါ၏။ အခါခပ်သိမ်း စင်ကြယ်သော လက်ရှိခြင်းပင် ဖြစ်ပါ၏။ စွန့်လွှတ်ခြင်း၌ မွေ့လျော်ခြင်းပင် ဖြစ်ပါ၏။ လူတိုင်းသည် မိမိရှာဖွေရရှိထားသော ငွေကြေးဥစ္စာတို့ကို မိမိအကျိုးအတွက် သုံးခြင်း၌သာ နိဂုံးကမ္ပတ် အဆုံးမသတ်သင့်။ အမျိုးဘာသာ သာသနာအတွက်၊ အများအတွက် စွမ်းနိုင်သမျှ လှူဒါန်းပေးကမ်း ထောက်ပံ့ရမည်။ သို့မှသာ ဥစ္စာထဲက အနှစ်ထုတ်ယူရာ ရောက်ပေလိမ့်မည်။ အလှူဒါနနှင့်စပ်လျဉ်း၍ 'မရှိလို့ မလှူ၊ မလှူလို့ မရှိ' ဟူ၍ ဆိုလေ့ရှိပါသည်။ စင်စစ် ချမ်းသာကြွယ်ဝခြင်း မရှိသည့်တိုင် မိမိ တရားသဖြင့် ရှာဖွေရရှိထားသော ချွေးနဲ့စာထဲမှ တစ်နိုင်

တစ်ပိုင် လှူဒါန်းပေးကမ်းသွားရမည်သာ ဖြစ်ပါ၏။ ပစ္စည်းဥစ္စာဟူသည် တစ်ဘ၀၊ တစ်ခဏသာ ပိုင်ဆိုင်သောအရာ ဖြစ်ပါသည်။ ထိုပစ္စည်းဥစ္စာကို ဒါနအဖြစ် အသွင်ကူးပြောင်းလိုက်သော် တမလွန်အထိ လိုက်ပါ၍ ကောင်းကျိုးပေးမည့် ကိုယ်ပိုင်ဥစ္စာအစစ် ဖြစ်သွားပါသည်။

ဆဋ္ဌမမြောက်အကျင့်မှာ အသက်ထက်ဆုံး မှန်သောသစ္စာစကားကို ဆိုလေ့ရှိခြင်းပင် ဖြစ်ပါ၏။ နေ့စဉ်နှင့်အမျှ လူတစ်ဦးနှင့်တစ်ဦး ပြောဆိုမှုဖြင့် ဆက်ဆံနေကြရာ ပြောသောစကား၌ အမှန်တရား ကိန်းဝပ်ဖို့ လိုပါသည်။ ဝစီသစ္စာထိုက်အောင် ပြောဆိုရပါမည်။ မှန်တာကိုပြောမှ တစ်ဖက်သူက မှန်တာကိုသိကာ မှန်မှန်ကန်ကန် ပြုမူဆောင်ရွက်နိုင်ပါလိမ့်မည်။ လူတစ်ဦး၏ နှုတ်ထွက်စကားသည် သူ၏ကိုယ်ကျင့်တရားကို ကိုယ်စားပြုရာ ဖြစ်ပါ၏။ ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားသူတို့က မှန်သောစကားကိုသာ အမြဲ ဆိုလေ့ရှိပြီး လူရိုသေ ရှင်လေးစားခံရသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

သတ္တမမြောက်အကျင့်မှာ အသက်ထက်ဆုံး အမျက်မထွက်ခြင်းပင် ဖြစ်ပါ၏။ ပုထုဇဉ်မျှသာဖြစ်သော လူသည် အဆင်မပြေမှုနှင့် ကြုံသောအခါ ဖြစ်စေ၊ တစ်ဖက်သူ၏ အစော်ကားခံရသောအခါဖြစ်စေ၊ အနည်းနှင့်အများ ဒေါသထွက်တတ်ကြသည်ချည်း ဖြစ်ပါ၏။ သို့ပင်ဖြစ်လင့်ကစား ရုတ်ခြည်း ထွက်လာသော ဒေါသကို သတိဖြင့် ဇက်သတ်ထိန်းချုပ်မှုပြုဖို့ လိုပါသည်။ ဒေါသဟူသမျှ ထိစပ်ရာကို လောင်မြိုက်သောမီးနှင့် ပမာတူလေရာ ဒေါသ မီးတောက်ကို ကြီးထွားခွင့် မပေးမိဖို့ လိုပါသည်။

❒

# သံသရာအတွက် အထောက်အပံ့

အိမ်ကို မီးလောင်သည်ရှိသော် အိမ်ရှင်သည် အိုးခွက်စသည်ကို ထုတ်ယူသယ်ဆောင်ရာ၏။ မီးစွဲလောင်ခြင်းမှ လွတ်ကင်းကျန်နေသော အချို့ ပစ္စည်းလည်း ရှိတတ်ပေ၏။ ထိုထုတ်ယူသယ်ဆောင်ထားသော ပစ္စည်းသည်လည်းကောင်း၊ မီးမလောင်ကျွမ်းဘဲ ကျန်ရစ်ခဲ့သည့် ပစ္စည်းသည်လည်းကောင်း အိမ်ရှင်အတွက် ဖြစ်၏။ အိမ်ရှင်အဖို့ အထောက်အပံ့ ဖြစ်၏။

ဤလောက၌ လူသားတို့အား အိုခြင်းမီး၊ နာခြင်းမီး၊ သေခြင်းမီးသည် အစဉ်သဖြင့် တောက်လောင်ပူကျွမ်းလျက် ရှိနေပေသည်။ မသေမီက အပြစ်မရှိ ကောင်းမြတ်စင်ကြယ်သော ပြုမူလုပ်ဆောင်ချက်သည်သာလျှင်၊ ကုသိုလ်ကောင်းမှု အစုစုသည်သာလျှင် ထိုလူသားအတွက် အထောက်အပံ့ ဖြစ်လေသည်။ အိမ်မီးလောင်ရာ၌ ထုတ်ယူသယ်ဆောင်ထားအပ်သော ပစ္စည်းကဲ့သို့တည်း။

**(တိကနိပါတ်၊ လောကာယကပလ္လဝဂ်၊ အစ္စာယိကာသုတ်)**

**[ဗုဒ္ဓ၏ ဥပမာတစ်ထောင် (လေးမြိုင်)၊ စာ-၁၉၀]**

သံသရာဟူသည် အစလည်း မထင်ပေ။ အဆုံးလည်း မထင်ပေ။ လူအပါအဝင် သက်ရှိသတ္တဝါမှန်သမျှ ဆုံးစမထင်သော သံသရာတစ်ခွင်တွင် ကျွတ်ကင်းလျှောက်သည့်ပမာ အဖန်ဖန်ကျင်လည်ခဲ့ရသည်။ မျက်မှောက် ပစ္စုပ္ပန်ဘဝမတိုင်မီ ဘဝပေါင်းအသချေ်အနန္တကို ဖြတ်သန်းကျင်လည်ခဲ့ရပေသည်။ ဘဝသံသရာရဟတ် အလည်ရပ်စေမည့် ဝိပဿနာဘာဝနာ အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး ကိလေသာအာသဝေါတရားတို့ အကြွင်းမဲ့ဆိတ်သုဉ်းရာ နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်

သေးသမျှ ဤပစ္စုပ္ပန်ဘဝမှလွန်ပြီး တမလွန်ဘဝပေါင်းများစွာကို ပုထုဇဉ်တို့ သဘာဝအရ ထပ်မံဖြတ်သန်း ကျင်လည်ရပေဦးမည်။

ဘေဘုယျအားဖြင့် လူတို့ပြောနေကျ စကားတစ်ခွန်း ရှိပါ၏။ လူ့ဘဝကို လာစဉ်တုန်းကလည်း ဘာတစ်ခုမျှ ပါမလာ။ လူ့ဘဝမှ ပြန်ထွက်သွားရသောအခါတွင်လည်း ဘာတစ်ခုမျှ ယူဆောင်သွား၍ မရ။ လက်ချည်းဗလာလာ၍ လက်ချည်းဗလာ ပြန်သွားရသည်ဟူသော စကားပင် ဖြစ်ပါ၏။ ဤသည်မှာ မျက်စိအမြင်ဖြင့် ရုပ်ပိုင်းဆိုင်ရာကိုသာ ကြည့်မြင်ပြောဆိုသော စကားဖြစ်ပါသည်။ ဓမ္မအမြင်ဖြင့်မူ ထိုစကားကို မှားသည်ဟု မဆိုချင်စေကာမူ၊ ပြည့်စုံသော အမှန်တရားမူ မဟုတ်ပါလေ။ အဘယ်ကြောင့်ဆိုသော် လူနှင့် သတ္တဝါတို့သည် မွေးဖွားလာစဉ်ကတည်းက အတိတ်ဘဝပေါင်းများစွာက ပြုခဲ့သော ကံ၊ ကံ၏အကျိုးပေး အရှိန်အဝါတို့က သူတို့၏ ကိုယ်ပိုင်ဥစ္စာများအဖြစ် တစ်ပါတည်း ပါရှိခဲ့သောကြောင့် ဖြစ်ပါ၏။

လူတို့သည် အတိတ်ဘဝပေါင်းများစွာတွင် ကုသိုလ်ကောင်းမှုပြုခဲ့သည်တို့ ရှိမည်။ အကုသိုလ် မကောင်းမှု ပြုခဲ့သည်တို့လည်း ရှိမည်။ တချို့က ကုသိုလ်ကောင်းမှု အပြုများပြီး အကုသိုလ်မကောင်းမှု အပြုနည်းသည်။ တချို့က အကုသိုလ်မကောင်းမှု အပြုများ၏။ ကုသိုလ်ကောင်းမှု အပြုနည်း ၏။ အတိတ်ဘဝများစွာက ရုပ်ခန္ဓာကြီး ပျက်သုဉ်းခဲ့သော်လည်း ထိုသူတို့ ပြုခဲ့သော ကောင်းကံ၊ မကောင်းကံ အကျိုးပေးတို့ကမူ ပစ္စုပ္ပန်ဘဝသို့တိုင် လိုက်ပါလာခဲ့ပေသည်။ ဤသို့ဖြင့် အတိတ်ကံအကျိုးပေးမှုအပေါ်တည်မှီလျက် မွေးဖွားစဉ်ကပင် ချမ်းသာကြွယ်ဝသော မိဘရင်ခွင်သို့ ရောက်ရှိခဲ့သလို လူလတ်တန်းစား မိဘရင်ခွင်သို့ ရောက်ရှိသူတွေလည်း ရှိ၏။ ဆင်းရဲ နွမ်းပါးသော မိဘရင်ခွင်သို့ ရောက်ရှိသူတွေလည်း ရှိ၏။ အတိတ်ကံ၏ အကျိုးပေး မတူခြားနားမှုအပေါ် မူတည်လျက် မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်း၊ ဓနဥစ္စာ၊ မွေးဖွားရာ အရပ်ဒေသ၊ ရုပ်ရည်ရူပကာ စသည်တို့ အစစ ဆူကြဲ့နိမ့်မြင့် ကွဲပြားခြားနားသွားခဲ့ပေသည်။

သံသရာခရီးသည်ဖြစ်သော လူသည် ဤဘဝမှလွန်သော် ဘဝပေါင်းများစွာကို ကျင်လည်ရပေဦးမည်။ ထိုသို့ တမလွန်သို့ ခရီးနှင်ရာတွင် ကိုယ်ပိုင်ဥစ္စာမည်သော ကံ၊ ကံ၏အကျိုးပေးတို့ကမူ မိမိနှင့်တစ်ပါတည်း

ယှဉ်တွဲ လိုက်ပါသွားပေမည်။ ပစ္စုပ္ပန်ဘဝတွင် ရရှိပိုင်ဆိုင်ထားသော တိုက်တာအိုးအိမ်၊ စည်းစိမ်ချမ်းသာ၊ မိသားစု၊ ရာထူးဂုဏ်ရှိန်တို့ကို ကွယ်လွန် သောအခါ စွန့်လွှတ်ထားချန်ခဲ့ရပေသည်။ စင်စစ် ထိုအရာများမှာ တစ်ဘဝ တစ်ခဏမျှသာ ပိုင်ဆိုင်သောအရာ ဖြစ်သောကြောင့် ကိုယ်ပိုင် ဥစ္စာစင်စစ် မဟုတ်လေ။ ကိုယ်ပိုင်ဥစ္စာအစစ်ကား သံသရာခရီးဆက်ရာတွင် မိမိနှင့် တစ်ပါတည်း မခွဲမခွာ လိုက်ပါမည့် ကောင်းကံ၊ မကောင်းကံတို့၏ အကျိုးပေးပင် ဖြစ်ပါ၏။

အထက်ပါ တိကနိပါတ်၊ လောကကပလ္လဝဂ်၊ အစ္စာယိက သုတ်တော်တွင် ဘုရားရှင်က "မသေမီ အပြစ်မရှိ ကောင်းမြတ်စင်ကြယ်သော ပြုမူလုပ်ဆောင်ချက်သည်သာလျှင်၊ ကုသိုလ်ကောင်းမှု အစုစုသည် သာလျှင် ထိုလူသားအတွက် အထောက်အပံ့ ဖြစ်လေသည်" ဟု မိန့်တော်မူခဲ့ ပါ၏။ သံသရာခရီးသည်ဖြစ်သော လူသည် အထက်ပါ ဘုရားရှင်၏ အဆုံးအမတော်ကို ထာဝစဉ် နှလုံးသွင်းလျက် တစ်ဘဝတာ သက်သက်နေ သောသူသာ မဖြစ်စေမူလျက် သံသရာအတွက်ပါ နေသောသူ ဖြစ်သင့်ပါ သည်။ အချို့သောသူတို့သည် မောဟထူထဲစွာ "ဒီဘဝကောင်းစားရင် ပြီးရော၊ နောင်ဘဝ နောင်ကိုယ်နဲ့ နောင်ခန္ဓာ ဖြစ်ချင်ရာ ဖြစ်ပစေ" ဟု သဘောထားကာ မကောင်းမှုဒုစရိုက် အဖုံဖုံကို ကျူးလွန်တတ်ကြလေသည်။ ဤသည်မှာ သံသရာတွင် မိမိအား မကောင်းကျိုးများကို ပေးစေမည့် မစု ဆောင်းသင့်သော ကိုယ်ပိုင်ဥစ္စာကို စုဆောင်းနေခြင်း ဖြစ်ပါ၏။ ပစ္စုပ္ပန် ဘဝတွင် ရုပ်ပိုင်းဆိုင်ရာ ချမ်းသာဖို့ အတွက် မကောင်းမှုဒုစရိုက်မှု ပြုနေသူ များသည် မိမိကိုယ်ကိုယ် မှန်ကန်စွာ ချစ်တတ်သူများ မဟုတ်လေပါ။ မိမိကိုယ်ကိုယ် တကယ်တမ်း ပညာနှင့် ယှဉ်၍ စစ်စစ်မှန်မှန် ချစ်တတ်လျှင် သံသရာအတွက်ပါ မျှော်ခေါ်တွက်ဆပြီး ချစ်တတ်ဖို့ လိုပါသည်။

ကျေးဇူးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက "ကိုယ့်ဘဝ ကိုယ် သတိတရားနဲ့ မမေ့အောင် စောင့်ရှောက်ကြပါ။ ကိုယ့်ကိုယ်ကိုယ် ချစ်တယ်ဆိုရင် တစ်ဘဝတည်း မချစ်ကြပါနဲ့။ နောင်ဘဝသံသရာအတွက် ရော ချစ်ကြပါ" ဟု ဆုံးမတော်မူခဲ့ပါသည်။

ပြုပြုသမျှသော ကံသုံးပါးမှန်သမျှ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်

ဖြစ်စေ 'ကိုယ်ပိုင်ဉစ္စာအစစ်'ဖြစ်ပါသည်။ ထိုကိုယ်ပိုင်ဉစ္စာများသည် သံသရာခရီးတွင် အဖော်အဖြစ် လိုက်ပါလျက် ကံအားလျော်စွာ အကျိုးပေးပါလိမ့်မည်။ ကောင်းသော ကုသိုလ်ကံတို့က ကောင်းကျိုးပေးပြီး မကောင်းသော အကုသိုလ်ကံတို့က မကောင်းကျိုး ပေးပါလိမ့်မည်။ သို့ဖြစ်၍ မကောင်းသော အကုသိုလ်ကံတို့ကို မသိမ်းဆည်းသင့်ဘဲ ကောင်းသော ကုသိုလ်ကံတို့ကိုသာ ကိုယ်ပိုင်ဉစ္စာအဖြစ် သိမ်းဆည်းသင့်ကြောင်း သီတဂူ အရှင်ဉာဏိဿရ ဆရာတော်ကြီးက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"ကံသာလျှင် ကိုယ်ပိုင်ဉစ္စာဆိုတော့ တွေ့သမျှကံတွေကို အကုန်လုံးသိမ်းကျုံးပြီးတော့ သိမ်းဆည်းစုဆောင်းနေမှာစိုးလို့ ပြောရတာ။ ကုသိုလ်ကံတစ်ခုတည်းကိုသာ သိမ်းဆည်းစုဆောင်းဖို့ပါနော်။ အကုသိုလ်ကံတွေကို သိမ်းဆည်းစုဆောင်းဖို့ မဟုတ်ပါဘူး။ ကိုယ်ပိုင်ဉစ္စာဆိုတာ ကံကောင်းကိုပဲ ပြောပါတယ်။ အဝတ်ကောင်းတွေ သိမ်းဆည်းထားသလို သိမ်းဆည်းထားနော်"

"ကမ္မဒါယဒါ၊ အဲဒီကံက ပေးသမျှ အမွေတိုင်းပဲ ကိုယ်ရလိမ့်မယ်။ စေတနာဆိုးတွေကို များများကြီး စုဆောင်းထားရင် ဒုက္ခဝေဒနာတွေ ခံစားရမယ်ဆိုတာ သေချာတယ်။ စေတနာကောင်းတွေကို များများကြီး စုဆောင်းမိတဲ့ ပုဂ္ဂိုလ်တွေကျတော့ သုခဝေဒနာတွေ ခံစားရဖို့ သေချာတယ်။ ကမ္မယောနိ၊ ချမ်းသာသုခ ဆင်းရဲဒုက္ခ ဒီနှစ်မျိုးမှာ စေတနာသည်သာလျှင် အကြောင်းရင်းပဲ။ ကံသာလျှင် ကိုယ့်မိတ်ဆွေ၊ မိတ်ဆွေကလည်း မိတ်ဆွေကောင်း မိတ်ဆွေယုတ် နှစ်မျိုးရှိမှာပေါ့။ စေတနာကောင်းသည် မိတ်ဆွေကောင်း၊ စေတနာဆိုးသည် မိတ်ဆွေယုတ်ပဲနော်"

ပစ္စုပ္ပန်ဘဝအတွက်သာ မဟုတ်မူလျက် သံသရာအတွက်ပါ အကျိုးပေးကောင်းစေရန် အထောက်အပံ့ပေးနိုင်မည့် ကုသိုလ်ကောင်းမှုများကို နေ့စဉ် ပြုနိုင်သမျှပြု၍ စုနိုင်သမျှ စုသွားသင့်ပါသည်။ နေ့စဉ် နံနက်ခင်း အလင်းရောင်ကို ကုသိုလ်ကောင်းမှုဖြင့် ကြိုဆိုသင့်ပါသည်။ အိပ်ရာမှနိုး၍ ကိုယ်လက်သန့်စင်ပြီးသည်နှင့် ဘုရားရှင်အား ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ လှူဒါန်းခြင်း၊ ဝတ်ပြုရှိခိုးခြင်း၊ ပရိတ်ပဋ္ဌာန်း စသည်ရွတ်ဖတ်ခြင်း၊ မေတ္တာပို့ခြင်းတို့ကို နံနက်ပိုင်း အချိန်ရသမျှ ပြုသင့်ပါသည်။ နေ့သစ်တစ်နေ့ကို

ဤသို့ ကုသိုလ်ကောင်းမှုဖြင့် ကြိုဆိုဖွင့်လှစ်ပြီးသော် ယနေ့တွင် မိမိသည် မကောင်းမှုမှန်သမျှ မပြုဖြစ်အောင် ရှောင်ရှားမည်။ ကုသိုလ်ကောင်းမှုတွေကို ပြုဖြစ်အောင် ပြုမည်ဟု သန္နိဋ္ဌာန်ချသင့်ပါသည်။

အချို့သူများက အလှူဒါန ကြီးကြီးကျယ်ကျယ်ပြုမှသာ ကုသိုလ်ကောင်းမှုပြုသည်ဟု မှတ်ထင်ကြပါသည်။ အမှန်တော့ နေ့စဉ်နှင့်အမျှ တစ်နိုင်တစ်ပိုင် ဒါနကောင်းမှုများ ပြုနိုင်ပါသည်။ ဘုရားရှင်အား ဆွမ်းဆက်ကပ်ခြင်း၊ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းလောင်းလှူခြင်း၊ ရေချမ်းစင်တည်၍ ရေဒါနပြုခြင်း၊ ငှက်ကလေးများကို အစာကျွေးခြင်း စသည်ဖြင့် ငွေကြေးအကုန်အကျ မများဘဲ ပြုနိုင်သော တစ်နိုင်တစ်ပိုင် ဒါနကောင်းမှုများ ပြုနိုင်ပါသည်။

ကုသိုလ်ကောင်းမှု ပြုလိုသော ဆန္ဒသာ ရှိမည်ဆိုလျှင် မိမိ၏ ဝန်းကျင်တွင်ပင် ပြုနိုင်သော ကောင်းမှုများ အများအပြား ရှိနေပါသည်။ မိမိကို အကြောင်းပြုပြီး သူတစ်ပါးတို့ နှလုံးစိတ်ဝမ်း ချမ်းမြေ့စေရမည်ဟူသော စေတနာကောင်းသာ ထားရှိမည်ဆိုလျှင် ကုသိုလ်ကောင်းမှုကို နေရာတိုင်းမှာပင် ပြုနိုင်ပါသည်။ အဓိက အရေးကြီးသည်မှာ ပြုလေသမျှသော မိမိ၏ကံသုံးပါးတွင် စေတနာကောင်း အရင်းခံဖို့ပင် ဖြစ်ပါ၏။ သူတစ်ပါးအပေါ် မေတ္တာထားခြင်း၊ ကြင်နာသနားခြင်း၊ သူတစ်ပါး ကြီးပွားအောင်မြင်မှုအပေါ် ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်ခြင်းတို့သည် မနောကံကောင်းမှုများ ဖြစ်၏။ သူတစ်ပါးအကျိုး လိုလားသောစကားကို ဆိုခြင်းသည် ဝစီကံကောင်းမှုဖြစ်၏။ သူတစ်ပါး စိတ်ချမ်းသာအောင် ကူညီဆောင်ရွက်ပေးခြင်းသည် ကာယကံကောင်းမှု ဖြစ်၏။

ဝိပဿနာတရား အားထုတ်သော ယောဂီအများစုက "တရားအားထုတ်မှ ကိုယ့်အတွက် ပါမယ်၊ ကိုယ့်အထုပ် ကိုယ်ထုပ်တာ" ဟုပြောဆိုလေ့ရှိပါ၏။ စင်စစ် ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဝိပဿနာကောင်းမှုဟူ၍ရှိရာ ဝိပဿနာကောင်းမှု ပြုမှသာလျှင် သံသရာအတွက် အထောက်အပံ့ဖြစ်သည် မဟုတ်ပါလေ။ သီလကောင်းမှု၊ ဒါနကောင်းမှုများသည်လည်း သံသရာခရီးအတွက် အထောက်အပံ့ကောင်းများ ဖြစ်ပါ၏။

သို့ဖြစ်သောကြောင့် သံသရာခရီးတွင် အထောက်အပံ့ကောင်းများ

ပေးစွမ်းနိုင်သော ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုများကို မမေ့မလျော့သော အပ္ပမာဒတရား လက်ကိုင်ထားလျက် နေ့စဉ်နှင့်အမျှ စွမ်းနိုင်သမျှ ပြုသွားသင့်ပါသည်။ ကုသိုလ်ကောင်းမှု ထုံမွမ်းမှသာ ဘဝသည် လှပ၍ မွေးပုံ့ကာ တန်ဖိုးလည်း ရှိပေလိမ့်မည်။

□

# စိတ်ဥယျာဉ်မှူး၏ တာဝန်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးအား ဤသို့ မိန့်တော်မူ၏။ "သူကြွယ်၊ စိတ်ပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု (ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု) တို့လည်း ပျက်စီး၏။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပျက်စီးသောသူ၏ သေခြင်းသည် ကောင်းသောသေခြင်း မဖြစ်နိုင်"

ဥပမာအားဖြင့် အထွတ်တပ်သော အိမ်ကို ကောင်းစွာ မိုးမထားလျှင် အထွတ်လည်း ပျက်စီး၏။ အခြင်များလည်း ပျက်စီး၏။ နံရံများလည်း ပျက်စီး၏။ ဤအတူပင် စိတ်ပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့လည်း ပျက်စီး၏။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပျက်စီးသော သူ၏ သေခြင်းသည် ကောင်းသောသေခြင်း မဖြစ်နိုင်။

သူကြွယ်၊ စိတ်မပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု ၊ မနောကံမှု တို့လည်း မပျက်စီးနိုင်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ မပျက်စီးသော သူ၏ သေခြင်းသည် ကောင်းသောသေခြင်း ဖြစ်၏။

ဥပမာအားဖြင့် အထွတ်တပ်သော အိမ်ကို ကောင်းစွာ မိုးထားလျှင် အထွတ်လည်း မပျက်စီး၊ အခြင်လည်း မပျက်စီး၊ နံရံများလည်း မပျက်စီး ချေ။ ဤအတူပင် စိတ်မပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ လည်း မပျက်စီးနိုင်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ မပျက်စီးသောသူ ၏ သေခြင်းသည် ကောင်းသောသေခြင်း ဖြစ်၏။

(တိကအင်္ဂုတ္တိုရ်၊ တတိယပဏ္ဏာသက၊ စ-ဖျာပန္နသုတ်)

[ဗုဒ္ဓ၏ ဩဝါဒအမြုတေ (၂) (ဒဂုန်ဦးထွန်းမြင့်)၊ စာ-၁၈၃]

အတိတ်ဘဝပေါင်းများစွာက သယ်ဆောင်လာခဲ့သော ကံအကျိုး

ပေးမှုအရ လူတစ်ဦးနှင့်တစ်ဦး ဘဝပေးအခြေအနေ ဆူကြုံနိမ့်မြင့် ကွဲပြားခြားနားကြသည်။ သို့တစေ သဘာဝတရားကြီးကမူ လူသားတိုင်းကို အညီအမျှ ပေးအပ်ထားသော အခွင့်အရေးတစ်ခု ရှိပါ၏။ ယင်းမှာ လူသားတိုင်းတွင် သူတို့၏ဘဝကို ဖန်တီးနိုင်စွမ်းရှိသော 'စိတ်' တစ်ခုစီ ကိုယ်စီပါရှိသောကြောင့် ဖြစ်ပါ၏။ စင်စစ် စိတ်ဟူသည် လူသားတိုင်း၏ မွေးရာပါပစ္စည်းဟု ဆိုနိုင်ပါသည်။ သည်မွေးရာပါ ပစ္စည်းအပေါ်တွင် လူတစ်ဦးနှင့်တစ်ဦး တန်ဖိုးထားပုံခြင်း၊ အသိအမှတ်ပြုပုံခြင်း မတူညီကြပေ။ တချို့က 'စိတ်'၏တန်ဖိုးကို သိသည်။ စိတ်၏စွမ်းအင်ကို သိသည်။ သိသည့်အလျောက် သည်စိတ်အပေါ် မြတ်နိုးသည်၊ တွယ်တာသည်။ အခြားအခြားသော ရုပ်ဝတ္ထုတွေထက် သည်စိတ်ကို ပို၍ တန်ဖိုးထား၏။ စိတ်တည်ငြိမ်အေးချမ်းမှု၊ စိတ်ချမ်းသာမှုကို အခြားအရာတို့နှင့် အလဲအလှယ်မလုပ်၊ မိမိ၏စိတ်အေးချမ်းမှုကို အထိအခိုက်မခံ။ မိမိ၏စိတ်ကို တယုတယ မွေးမြူစောင့်ရှောက်သည်။ အချို့သူတွေကမူ စိတ်၏တန်ဖိုးကို မသိ။ စိတ်၏စွမ်းအင်ကို နားမလည်။ မသိနားမလည်သည့်အလျောက် စိတ်ကို တန်ဖိုးထားရကောင်းမှန်း မသိ။ မြတ်နိုးရကောင်းမှန်း မသိ။ စိတ်ကို ဖြစ်ချင်ရာဖြစ်ဟူ၍ သတိလက်လွတ် ထားတတ်ကြသည်။ ပေယျာလကန် ဥပေက္ခာပြု လျစ်လျူရှုကြသည်။

အမှန်တော့ စိတ်ဟူသည် ဘဝကို ပုံဖော်ထုဆစ်သော ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ပန်းပုဆရာသုံးဦးတွင် ဦးဆောင်သူ ဖြစ်၏။ ပြောဆိုမှုဟူသော ဝစီကံမှု၊ ပြုမူဆောင်ရွက်မှုဟူသော ကာယကံမှုတို့သည် စိတ်၏လက်အောက်ခံသာ ဖြစ်ပါ၏။ စိတ်၏အစေအပါးသာ ဖြစ်ပါ၏။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်တွင် မြတ်စွာဘုရားက "လောကကို စိတ်သည် ဖြစ်အောင် ဆောင်တတ်၏။ ဖျက်လည်း ဖျက်ဆီးတတ်၏။ လောကကို စိတ်သည် ပြုပြင်၏။ စိတ်ဟုဆိုအပ်သော တစ်ခုတည်းသော အရာ၏ အလိုသို့ အလုံးစုံသော တရားတို့သည်ပင်လျှင် အစဉ်လိုက်ကြကုန်၏" ဟု ဟောတော်မူခဲ့ပါ၏။

လူတို့၏ ဘဝကံကြမ္မာကို ထိုသူ၏စိတ်က ဖန်တီးနေခြင်းမှာ ငြင်း၍ မရနိုင်သော အမှန်တရား ဖြစ်၏။ မိမိတို့ တွေ့ကြုံရသော လောကဓံတရားဟူသမျှ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ၊ မိမိတို့၏စိတ်ဓာတ်နှင့် အကျင့်စရိုက်

အားလျော်စွာ ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းသာ ဖြစ်ပါသည်။

စင်စစ် စိတ်သည် ပကတိအားဖြင့် ဖြူစင်ပါ၏။ အကုသိုလ် စေတသိက်တို့ ဝင်ရောက်စိုးမိုးခြင်းကို ခံရသောကြောင့် မကောင်းမှုတို့၌ မွေ့လျော်တတ်ပါ၏။ ဤသည်မှာ စိတ်၏ဓာတ်သဘော ဖြစ်ပါသည်။ ဓမ္မပဒ၌ ဘုရားရှင်က "စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်၏" ဟု ဟောတော်မူသည်မှာ စိတ်၏ဓာတ်သဘောကို ဖော်ညွှန်းခြင်း ဖြစ်ပါသည်။ ကောင်းမှုသုစရိုက် ဟူသမျှသည် စိတ်၏ အာဂန္တုသဘော ဖြစ်ပါ၏။ အာဂန္တုသဘောမည်သည် ရေတို့အထက်ဆန်တက်ခြင်းနှင့် ပမာတူပါသည်။ ပြုပြင်မှုရှိမှသာလျှင် ပြုပြင်မှု၏အစွမ်းအားလျော်စွာ ဖြစ်ထွန်းပါသည်။ ပြုပြင်မှုစွမ်းအားကုန်ဆုံးသည်နှင့် ဓာတ်သဘောသို့ သက်လျှောမြဲ ဖြစ်ပါ၏။

သို့ဖြစ်သောကြောင့် ဘုရားရှင်က ဓမ္မပဒ၊ ပါပဝဂ်၌ "မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား၊ မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျင်မြန်စွာ ပြုလုပ်ရာ၏" ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။

ပင်ကိုအားဖြင့် ဖြူစင်သော စိတ်ထဲသို့ အကုသိုလ် စေတသိက်များ ဝင်ရောက်လာသောအခါ အကုသိုလ်စိတ် ဖြစ်လာပါသည်။ ကုသိုလ်စေတသိက်များ ဝင်ရောက်လာသောအခါ ကုသိုလ်စိတ် ဖြစ်လာပါသည်။ စိတ်နှလုံး အေးချမ်းဖို့ဆိုလျှင် စိတ်ထဲ၌ အကုသိုလ်စေတသိက်များ မဖြစ်ပွားဖို့လိုပါသည်။ အကုသိုလ်စေတသိက် (၁၄) ပါးမှာ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာတို့ ဖြစ်ပါသည်။

စိတ်ထဲသို့ ထိုအကုသိုလ်စေတသိက်များ ဝင်ရောက်ခြယ်လှယ်မှုများလျှင် များသလောက် စိတ်သည် များများညစ်နွမ်း ပူလောင်ပါသည်။ နည်းလျှင် နည်းသလောက် နည်းနည်းပူလောင် ညစ်ထေးပါသည်။

စိတ်ပူလောင်လျှင် ကာယကံလည်း ပူလောင်သည်။ ဝစီကံလည်း ပူလောင်သည်။ စိတ်ညစ်နွမ်းလျှင် ကာယကံလည်း ညစ်နွမ်းသည်။ ဝစီကံလည်း ညစ်နွမ်းသည်။ စိတ်ခက်ထန်ကြမ်းတမ်းလျှင် ကာယကံလည်း ခက်ထန်ကြမ်းတမ်းသည်။ ဝစီကံလည်း ခက်ထန်ကြမ်းတမ်းသည်။ ထို့ကြောင့်

မိမိ၏ စိတ်အတွင်းသို့ အကုသိုလ်စေတသိက်များ ဝင်ခွင့်မသာအောင် သတိဖြင့် တားဆီးရမည်။ အကယ်၍ စိတ်အတွင်းသို့ အကုသိုလ်စေတသိက်များ ဝင်ရောက်လာပါက ချက်ချင်းပင် သတိနှင့်ယှဉ်၍ လှည်းကျင်းရှင်းလင်းရပါသည်။ အရှင်သီလာနန္ဒာဘိဝံသ ဆရာတော်ကြီးက စိတ်အညစ်အကြေးများကို ဟန့်တားသင့်ကြောင်း ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"စိတ်အညစ်အကြေးများကို အနည်းငယ် ဟန့်တားနိုင်ကြလျှင် အနည်းငယ် စိတ်ချမ်းသာ၏။ များများဟန့်တားနိုင်လျှင် များများစိတ်ချမ်းသာ၏။ လုံးဝမပေါ်အောင် ဟန့်တားနိုင်လျှင် လုံးဝချမ်းသာ၏"

မသိခြင်း၊ မကောင်းမှု ပြုရမည်ကို မရှက်ခြင်း၊ မကောင်းမှု ပြုရမည်ကို မကြောက်ခြင်း၊ ပျံ့လွင့်ခြင်း၊ တပ်မက်ခြင်း၊ အမြင်မှားခြင်း၊ ထောင်လွှားခြင်း၊ မုန်းတီးခြင်း၊ မနာလိုခြင်း၊ ဝန်တိုခြင်း၊ နောင်တရခြင်း၊ စိတ်မအီမသာဖြစ်ခြင်း၊ ဆုံးဖြတ်နိုင်မှု မရှိခြင်းဟူသော အကုသိုလ်စေတသိက် အညစ်အကြေးများသည် စိတ်ကို ညစ်ကြေးစေသည်။ စိတ်ညစ်ကြေးသောကြောင့် ကာယကံမှု၊ ဝစီကံမှုတို့လည်း ညစ်ကြေးသည်။ ဥပမာအားဖြင့် မကောင်းမှု ပြုရမည်ကို မရှက်ခြင်း၊ မကောင်းမှု ပြုရမည်ကို မကြောက်ခြင်း ဟူသော အကုသိုလ်စေတသိက်တို့ စိုးမိုးနေချိန်တွင် မကောင်းသော ကာယကံမှုကို ပြုဖြစ်တော့သည်။ မကောင်းသော ဝစီကံမှုကို ပြုဖြစ်တော့သည်။ စိတ်ထဲတွင် သူတစ်ပါးအပေါ် မုန်းတီးသောအခါ သူတစ်ပါးအကျိုးစီးပွား ထိခိုက်နစ်နာစေသော ကာယကံပြစ်မှု ကျူးလွန်တတ်သည်။ သူတစ်ပါး ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေသော ဝစီကံပြစ်မှု ကျူးလွန်တတ်သည်။

အချိန်တိုင်း အချိန်တိုင်း၊ တစ်ခဏတိုင်း တစ်ခဏတိုင်းတွင် စိတ်ကြည်လင်သန့်ရှင်းစွာ နေထိုင်ဖို့ လိုပါသည်။ စိတ်ကြည်လင်သန့်ရှင်းလျှင် ပြောဆိုမှုဟူသော ဝစီကံမှုလည်း ကြည်လင်သန့်ရှင်းမည်။ ပြုမူဆောင်ရွက်မှုဟူသော ကာယကံမှုလည်း ကြည်လင်သန့်ရှင်းမည်။ စိတ်သန့်ရှင်းဖို့က လူသန့်ရှင်းဖို့ထက် အရေးကြီးကြောင်း ကျေးဇူးရှင် မြောက်ဥက္ကလာပ ရွှေဥမင်တောရ ဆရာတော်ကြီးက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"နှစ်သစ်ပြောင်းတယ်ဆိုပြီး 'လူသစ်' ဖြစ်အောင် ခေါင်းလျှော်ကြ၊ အဝတ်လျှော်ကြ လုပ်ကြတယ် မဟုတ်လား။ စိတ်ကိုတော့ ဖြူစင်အောင်

လျှော်ကြ၊ ဖွပ်ကြရဲ့လား၊ စိတ်သန့်ရှင်းဖို့က လူသန့်ရှင်းဖို့ထက် အရေးကြီးတယ်နော်။ ကိလေသာ အညစ်အကြေးတွေကို အမြဲလျှော်ဖွပ်နေမှ သန့်ရှင်းဖြူစင်မယ်"

ကျေးဇူးရှင် ကိုလုံဆရာတော်ကြီးကလည်း "မိုက်တာလည်း စိတ်ပဲ။ ရှုပ်တာလည်း စိတ်ပဲ။ နောက်တာလည်း စိတ်ပဲ။ ပူတာလည်း စိတ်ပဲ။ အဲဒီမကောင်းတဲ့ စိတ်ဆိုးစိတ်ညစ်မှန်သမျှ မိမိခန္ဓာကိုယ်ထဲ အဝင်မခံနဲ့၊ အငြိမခံနဲ့၊ အကပ်မခံနဲ့။ အဲဒီလို စိတ်ဆိုးစိတ်ညစ်တွေ အကပ်အငြိ မခံရတော့ဘူးဆိုရင် အစစအရာရာ အားလုံး ပြီးပြည့်စုံလာတော့တာပဲ။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနဲ့ ပြည့်စုံသွားပြီကိုး" ဟု မိန့်တော်မူခဲ့ပါ၏။

ယုံကြည်မှု၊ သတိရှိမှု၊ မကောင်းမှု ပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှုပြုရမည်ကို ကြောက်ခြင်း၊ တပ်မက်မှုကင်းခြင်း၊ မေတ္တာစိတ်ရှိခြင်း၊ တည်ကြည်ခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ စိတ်ဓာတ်ပေါ့ပါးခြင်း၊ စိတ်ဓာတ်နူးညံ့ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ စိတ်ဓာတ်စွမ်းအင်ရှိခြင်း၊ စိတ်၏ ဖြောင့်မတ်ခြင်းတို့သည် ကုသိုလ်စေတသိက်များ ဖြစ်ပါသည်။ ထိုကုသိုလ်စေတသိက်များသည် စိတ်ဓာတ်စင်ကြယ်စေသည်၊ ဖြူစင်စေသည်။ ထိုကုသိုလ်စေတသိက်တို့ စိတ်ထဲ၌ တည်ကိန်းနေချိန်တွင် ပြုသော ကာယကံမှုလည်း ဖြူစင်သန့်ရှင်းသည်။ ပြောသော ဝစီကံမှုလည်း ဖြူစင်သန့်ရှင်းသည်။ မနောကံမှုလည်း ဖြူစင်သန့်ရှင်းသည်။ မေတ္တာစိတ် ဖြစ်နေချိန်တွင် သူတစ်ပါး၏ကောင်းကျိုးဆောင်သော ကာယကံမှု ပြုသည်။ ဝစီကံမှု ပြုသည်။ အထက်ပါ အဆုံးအမတော်တွင် မြတ်စွာဘုရားက "စိတ်ပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပျက်စီး၍ ထိုကံသုံးပါး ပျက်စီးသောသူ၏ သေခြင်းသည် ကောင်းသော သေခြင်း မဖြစ်နိုင်၊ စိတ်မပျက်စီးလျှင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ မပျက်စီး။ ကံသုံးပါး မပျက်စီးသောသူ၏ သေခြင်းသည် ကောင်းသောသေခြင်း ဖြစ်၏" ဟု မိန့်တော်မူချက်ကို ထာဝစဉ်နှလုံးသွင်းလျက် မိမိ၏ စိတ်ကို သန့်စင်အောင်၊ အေးချမ်းအောင်၊ မြင့်မြတ်အောင်၊ သိမ်မွေ့နူးညံ့အောင် ဖန်တီးတည်ဆောက်သွားသင့်ပါသည်။

□

# ပြည့်စုံခြင်း သမ္ပတ္တိစက် လေးပါး

ရဟန်းတို့၊ ပြည့်စုံခြင်း သမ္ပတ္တိစက် လေးမျိုးရှိ၏။ ထိုစက်လေးမျိုးနှင့် ပြည့်စုံသော သူတို့အား ပြည့်စုံခြင်းတို့သည် စက်ကဲ့သို့ လည်၏။ ထိုစက်လေးမျိုးနှင့် ပြည့်စုံသော သူတို့သည် မကြာမီပင် စည်းစိမ်ဥစ္စာ များပြားသည့် အဖြစ်၊ ပြန့်ပြောသည့် အဖြစ်သို့ ရောက်ကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူကား –

၁။ လျော်ကပ်ပတ်သော အရပ်၌ နေခြင်း၊

၂။ သူတော်ကောင်း မှီရခြင်း၊

၃။ မိမိကိုယ်၊ စိတ်ကို ကောင်းစွာထားခြင်း၊

၄။ ရှေးက ပြုထားသော ကောင်းမှုရှိခြင်း ဤလေးမျိုးတို့ပင် ဖြစ်၏။

'လျော်ကပ်ပတ်သော အရပ်၌ နေရာ၏။ သူကောင်းကို မိတ်ဆွေဖွဲ့ရာ၏။ မိမိကိုယ်နှင့် စိတ်ကို ကောင်းစွာထားခြင်းနှင့် ပြည့်စုံရာ၏။ ရှေးက ပြုထားသော ကောင်းမှုရှိသူ ဖြစ်ရာ၏။ ထိုပုဂ္ဂိုလ်အား စည်းစိမ်ဥစ္စာ အခြံအရံ ဂုဏ်သတင်း ကျော်စောခြင်းနှင့် ချမ်းသာခြင်းသည် (ဒီရေအလား) လွှမ်းမိုးတိုးတက်၏။

(စတုကအင်္ဂုတ္တိုရ်၊ ၄–စက္ကဝဂ်၊ ၁–စက္ကသုတ်)

[ဗုဒ္ဓ၏ ဩဝါဒအမြုတေ(၂) (ဒဂုန်ဦးထွန်းမြင့်)၊ စာ–၁၂၈]

အချို့သူများက 'ဘာသာရေး' နှင့် 'လောကီရေး' ကို တခြားစီဟု ခွဲခြားရှုမြင်တတ်ကြသည်။ ဘာသာရေးဟူသည် လောကုတ္တရာရေးသာ ဖြစ်သည်။ သံသရာမှ လွတ်မြောက်ကြောင်းသာ ဖြစ်သည်ဟု ယူဆထားတတ်ကြပါသည်။ လောကီကြီးပွား တိုးတက်အောင်မြင်ရေးနှင့် ဘာသာရေး

မပတ်သက်ဟု လွဲလွဲမှားမှား ယုံကြည်ထားသူတွေလည်း ရှိပါ၏။ စင်စစ် ထိုသူတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော 'သုတ္တန်'တရားတော်များကို ကျယ်ကျယ်ပြန့်ပြန့် မလေ့လာဖူးသောကြောင့် ဖြစ်ပါ၏။

မြတ်စွာဘုရားသည် အိမ်ရာတည်ထောင် လူ့ဘောင်နေ လူဝတ်ကြောင်တို့အနေဖြင့် ဘဝရပ်တည်ရေး၊ စားဝတ်နေရေး အဆင်ပြေရန် လိုအပ်ပုံကို အသိအမှတ် ပြုတော်မူပါသည်။ သုတ္တန်ဒေသနာတော်များတွင် တရားမျှတသောနည်းဖြင့် ဘဝတွင် အဆင်ပြေပြေ ရပ်တည်နိုင်မည့် နည်းလမ်းများကို မဟာကရုဏာ အရင်းခံလျက် ဖော်ညွှန်းပြတော်မူခဲ့ပါ၏။ မြတ်စွာဘုရား ညွှန်ပြသော လောကီအကျိုးစီးပွား တိုးတက်ရေး နည်းလမ်းခုနစ်သွယ်မှာ (၁) ထကြွလုံ့လရှိခြင်း၊ (၂) သတိရှိခြင်း၊ (၃) စင်ကြယ်သော ကံသုံးပါးရှိခြင်း၊ (၄) စူးစမ်း၍ ပြုလေ့ရှိခြင်း၊ (၅) ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ (၆) တရားသဖြင့် အသက်မွေးခြင်း၊ (၇) မမေ့မလျော့ခြင်းတို့ ဖြစ်ပါ၏။ သိင်္ဂါလောဝါဒသုတ်တွင်မူ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးစေသော အကြောင်းတရားခြောက်ပါးကို ရှောင်ကြဉ်ရန် သတိပေး ဆုံးမတော်မူခဲ့ပါ၏။ ထိုခြောက်ပါးမှာ - (၁) သေရည်အရက် သောက်ခြင်း၊ (၂) အချိန်မခါ မဟုတ် သွားလာခြင်း၊ (၃) ပွဲလမ်းသဘင်သို့ ကြိမ်ဖန်များစွာ သွားလာခြင်း၊ (၄) လောင်းကစားမှု ပြုခြင်း၊ (၅) မကောင်းသော မိတ်ဆွေနှင့် ပေါင်းသင်းခြင်း၊ (၆) ပျင်းရိခြင်းတို့ ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ အထက်ပါ အောင်မြင်ကြီးပွားကြောင်း နည်းလမ်းခုနစ်သွယ်မှာ သဘာဝလည်းကျသည်။ အသွင်ယုတ္တိလည်း ညီညွတ်သည်။ ထိုနည်းလမ်းခုနစ်သွယ်အတိုင်း လိုက်နာကျင့်သုံးသော် လူတို့သည် မိမိတို့၏ သမ္မာဆန္ဒကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ပေမည်။ စီးပွားဥစ္စာပျက်စီးကြောင်း ခြောက်ပါးကို မပြုလုပ်ဘဲ ရှောင်ကြဉ်သော် လက်ရှိ ပိုင်ပိုင်ရရှိထားသော စီးပွားဥစ္စာများကို မပျက်စီး မဆုံးရှုံးစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ပေလိမ့်မည်။

အထက်ပါ စတုက္က အင်္ဂုတ္တိုရ်၊ ၄-စက္ကဝဂ်၊ ၁-စက္ကသုတ်တွင် ဘုရားရှင်သည် ဘဝအောင်မြင်ကြီးပွားရေးအတွက် ပြည့်စုံဖို့လိုသော အကြောင်းတရားလေးပါးကို ဟောဖော်မွန်မြွက်တော်မူခဲ့ခြင်း ဖြစ်ပါ၏။ ထိုစက်လေး

ပါးအနက် ပထမစက်မှာ "သင့်တင့်လျောက်ပတ်သော အရပ်၌ နေထိုင်ခြင်း" ဖြစ်ပါ၏။

လောက၌ နေအပ်သော အရပ်ဒေသလည်း ရှိ၏။ မနေအပ်သော အရပ်ဒေသလည်း ရှိပါ၏။ မိမိ၏အကျိုးစီးပွား ဖြစ်ထွန်းစေသော အရပ်၊ မိမိ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်သော အရပ်တို့သည် နေအပ်သောအရပ် ဖြစ်ပါ၏။ မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်စေသော အရပ်၊ မိမိ၏ ရည်ရွယ်ချက်ကို အကောင်အထည် ဖော်နိုင်စွမ်း မရှိသောအရပ် တို့သည် မနေအပ်သောအရပ် ဖြစ်ပါ၏။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့နှင့် စပ်လျဉ်း၍ သင့်တင့်လျောက်ပတ်သော အရပ်ရှိသကဲ့သို့ မသင့်တင့် မလျောက်ပတ်သော အရပ်လည်း ရှိပါ၏။ ဥပမာအားဖြင့် မိမိ ကျွမ်းကျင်တတ်ပွန်ရာ ပညာကို အသုံးချ၍ မရသောဒေသသည် အသက်မွေး ဝမ်းကျောင်းမှုပြုရန် မလွယ်သဖြင့် မနေအပ်သောအရပ် ဖြစ်ပါ၏။

အောင်မြင်ကြီးပွားသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်လို သူအတွက် ကျေးရွာငယ် ဇနပုဒ်သည် နေထိုင်ရန် သင့်တင့်လျောက်ပတ် သော အရပ်ဒေသ မဟုတ်ပါလေ။ နိုင်ငံကျော် ရုပ်ရှင်အနုပညာရှင်တစ်ဦး ဖြစ်လိုသူအတွက်ဆိုလျှင် ရန်ကုန်မြို့သည်သာ နေထိုင်ရန် သင့်လျော် လျောက်ပတ်သော အရပ်ဒေသ ဖြစ်ပါ၏။ စာရေးဆရာ ဖြစ်လိုသူအတွက် ဆိုလျှင် စာအုပ်ဆိုင်ကြီးများ၊ စာကြည့်တိုက်များ ရှိသောအရပ်သည် သူ နေထိုင်ရာ သင့်လျော်သော နေရာဒေသ ဖြစ်ပါ၏။ စာကြည့်တိုက်မရှိ၊ စာအုပ်ဆိုင်မရှိ၊ စာအုပ်အငှားဆိုင် မရှိသောကြောင့် ဖတ်စရာစာအုပ် ရှားပါးသော အရပ်ဒေသသည် စာရေးဆရာ ဖြစ်လိုသူများ၊ စာပေသမားများ အတွက် နေအပ်သောအရပ်ဒေသ မဟုတ်ပါချေ။

ကျန်းမာရေးရှုထောင့်မှ ရှုမြင်သုံးသပ်သော် ရာသီဥတုဆိုးရွားသော အရပ်ဒေသ၊ ဆေးရုံးဆေးပေးခန်း မရှိသောအရပ်၊ ဆရာဝန် မရှိသောအရပ်၊ ဆေးဆရာ မရှိသောအရပ်ဒေသသည် နေထိုင်ရန် သင့်လျော်လျောက်ပတ်မှု မရှိသော အရပ်ဒေသ ဖြစ်ပါ၏။ ဘာသာရေးရှုထောင့်မှ ရှုမြင်သော ပရိသတ် လေးပါးရှိရာအရပ်၊ ပုညကိရိယာဝတ္ထုကောင်းမှု ဖြစ်နိုင်သောအရပ်၊ သာ သနာထွန်းကားရာ အရပ်တို့သည်သာ နေထိုင်ရန် သင့်လျော်လျောက်ပတ်

သော အရပ်ဒေသ ဖြစ်ပါ၏။ မိမိ၏သမ္မာဆန္ဒ ကောင်းမွန်သော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်၍မရသော အလုပ်သည် နေထိုင်ရန်သင့်တော်လျောက်ပတ်သော အရပ်ဒေသ မဟုတ်ပါလေ။

ဒုတိယမြောက် သမ္ပတ္တိစက်မှာ "သူတော်ကောင်းနှင့် ပေါင်းဖော်မှီဝဲခြင်း"ဖြစ်ပါ၏။ သူတော်ကောင်းဟူသည် ကောင်းသောအကြံအစည်ကိုသာ ကြံစည်၏။ ကောင်းသောစကားကိုသာ ပြောဆို၏။ ကောင်းသောအလုပ်ကိုသာ လုပ်ဆောင်၏။ ကိုယ် နှုတ် စိတ် ကံသုံးပါးစလုံး အပြစ်ကင်းစင်အောင် ကြိုးစားနေထိုင်၏။ ဒုစရိုက်မှုများကို ရှောင်ကြဉ်၍ သုစရိုက်မှုများကို စွမ်းနိုင်သမျှ ကြိုးပမ်းလုပ်ဆောင်၏။ တရားဓမ္မတို့ကို ကောင်းစွာ လေ့လာသိရှိနားလည်ပြီး သိရှိနားလည်သည့်အတိုင်း လက်တွေ့ဘဝတွင် ကောင်းစွာကျင့်ကြံအားထုတ်သူများ ဖြစ်ပါ၏။ ဆိုရလျှင် အသိနှင့်အကျင့် တစ်ထပ်တည်းကျစွာ၊ ရိုးဖြောင့်စင်ကြယ်စွာ နေထိုင်သူများဖြစ်၏။ သူတို့သည် ပစ္စုပ္ပန်ဘဝအကျိုးစီးပွားအတွက်သာလျှင် မဟုတ်ဘဲ တမလွန်ဘဝအကျိုးအတွက်ပါ ဉာဏ်ပညာနှင့် ယှဉ်၍ နေတတ်သူတွေလည်း ဖြစ်ပါ၏။ ဇာတကပါဠိ၊ အကိတ္တိဇာတ် - ၂၆၆၉ ဘုရားအလောင်းတော် အကိတ္တိရသေ့က ဤသို့ဆုတောင်းခဲ့ပါ၏။

"ပညာရှိကား နည်းမှန်လမ်းမှန်ကို ကျင့်တတ်၏။ မပြုသင့်သောတာဝန်များကို မတိုက်တွန်းတတ်၊ မှန်ကန်သော နည်းလမ်းသာ ပညာရှိအဖို့အကောင်းအမြတ်ဖြစ်၏။ အကျိုးသင့် အကြောင်းသင့်ပြောသော် စိတ်မဆိုးတတ်။ စည်းကမ်း၊ ဝိနည်းကို နားလည်ကျင့်ကြံတတ်၏။ ထိုပညာရှိမျိုးနှင့်ပေါင်းရခြင်းကား ကောင်းလှပေသည်"

အင်္ဂုတ္တရ၊ ပ၊ သေတိသဗ္ဗသုတ်၌ မြတ်စွာဘုရားက မည်သို့သောသူနှင့် ပေါင်းသင်းရမည်ဖြစ်ကြောင်း ဤသို့မိန့်တော်မူခဲ့ပါ၏။

"ယုတ်ညံ့သူကို ပေါင်းလျှင် မိမိမှယုတ်ညံ့သူ ဖြစ်သည်။ တန်းတူသူကို ပေါင်းလျှင် မဆုတ်ယုတ်၊ အဆင့်အတန်းမြင့်သူကို ပေါင်းလျှင် လျင်မြန်စွာ တိုးတက်မြင့်မားသည်"

ထို့ကြောင့် မိမိ၏ဘဝ တိုးတက်အောင်မြင်သူတိုင်း မိမိထက် အသိပညာ၊ ကိုယ်ကျင့်သိက္ခာ မြင့်မားသူတို့နှင့် ထိတွေ့ဆက်ဆံအပ်ပါ၏။

တောင်ဗလပ်ပန်းတို့ကို ပေါက်ဖက်ဖြင့်ထုပ်လျှင် ပေါက်ဖက်သည်ပင် မွှေးရနံ့ ကြိုင်သင်းသွားပေသည်။

တတိယမြောက် သမ္မတ္တိစက်မှာ "ကိုယ်နှင့် စိတ်ကို ကောင်းစွာဆောက်တည်ခြင်း" ပင် ဖြစ်ပါ၏။ လူတို့သည် နေ့စဉ်နှင့်အမျှ ကြံတွေးနေသည်၊ ပြောဆိုနေသည်၊ ပြုမူလုပ်ကိုင် ဆောင်ရွက်နေသည်။ ထိုသို့ နေ့စဉ်နှင့်အမျှ ကံသုံးပါးတို့ကို ကြံစည်ပြောဆို ပြုမူလျက်ရှိရာတွင် ပြုလေသမျှသည် ကုသိုလ်ကောင်းမှုဖြစ်ဖို့ လိုပါသည်။ ကုသိုလ်ကောင်းမှုဖြစ်မှသာ ဘဝဝယ် အောင်မြင်တိုးတက် ကြီးပွားခြင်းဟူသော ကောင်းကျိုးတွေကို ဖြစ်ထွန်းပေါ်ပေါက်စေပါလိမ့်မည်။ ပြုလေသမျှ ကံသုံးပါးသည် မကောင်းမှု အကုသိုလ်ဖြစ်လျှင် ဘဝဝယ် မကောင်းကျိုးတွေ ဖြစ်ထွန်းပေါ်ပေါက်လာပါလိမ့်မည်။ မည်သူမပြု မိမိမှုသာ ဖြစ်ပါ၏။ မိမိ၏ဘဝကို ကောင်းအောင် ဖန်တီးသူမှာလည်း မိမိသာဖြစ်ပြီး ဆိုးအောင် ဖန်တီးသူမှာလည်း မိမိသာ ဖြစ်ပါ၏။ သည်တော့ အကုသိုလ်ကင်းပြီး ကုသိုလ်ထုံမွမ်းသော ကံသုံးပါး ဖြစ်အောင် မိမိ၏ကိုယ်နှင့် စိတ်ကို ကောင်းစွာဆောက်တည်ထားဖို့ လိုပါသည်။

ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးတွင် မနောကံဟူသော စိတ်သည် အကြီးအမှူး အဦးအဆောင် ဖြစ်လေရာ စိတ်ကို ကောင်းစွာထားနိုင်သော် ကောင်းသောကိုယ်မှု၊ နှုတ်မှုတို့ ဖြစ်ပေါ်ပေလိမ့်မည်။ ဓမ္မပဒ-၁၉ ၌ မြတ်စွာဘုရားက -

"မကောင်းသော စိတ်ထားသည် ထိုစိတ်ထားရှိသူကို ယုတ်ညံ့ဆိုးရွားသူဖြစ်အောင် ပြုတတ်သည်။ ကောင်းသောစိတ်ထားသည် ထိုသူကို အထက်တန်းကျသူဖြစ်အောင် ပြုသည်" ဟူ၍ ဟောတော်မူခဲ့ပါ၏။

မိမိသည် ရတနာသုံးပါးအပေါ် ကြည်ညိုသော သဒ္ဓါတရား နည်းပါးနေသေးလျှင် သဒ္ဓါတရား ကြီးမားလာအောင်၊ သီလမရှိသေးလျှင် သီလရှိအောင်၊ မစ္ဆရိယကိန်းအောင်း၍ လှူဒါန်းမှု နည်းပါးနေလျှင် လှူဒါန်းမှုတွင် မွေ့ပျော်လာအောင်၊ ဘာဝနာကောင်းမှု မပြုဖြစ်သေးလျှင် ပြုဖြစ်လာအောင် အားထုတ်ခြင်းတို့သည် ကိုယ်နှင့် စိတ်ကို ကောင်းစွာ ဆောက်တည်ခြင်း ဖြစ်ပါ၏။

စတုတ္ထမြောက် သမ္ပတ္တိစက်မှာ "ရှေးက ပြုထားသော ကောင်းမှုကုသိုလ်ရှိခြင်း" ဖြစ်ပါ၏။

လူတို့သည် ကောင်းသောအမှုကို ပြုသည်ဖြစ်စေ၊ ဆိုးသောအမှုကို ပြုသည်ဖြစ်စေ၊ ထိုအပြုအမှုအမွေကို မုချမသွေ ခံယူကြရသည်သာ ဖြစ်ပါ၏။ မိမိပြုသောကံ၏အကျိုးကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိသည်သာ တာဝန်ယူရပေမည်။ သံသရာတစ်လျှောက် ဖြတ်သန်းလာခဲ့သော ဘဝပေါင်းများစွာက ပြုခဲ့သောကံ၏ သတ္တိ၊ ကမ္မဖလသည် မျက်မှောက် ပစ္စုပ္ပန် ဘဝအပေါ် ဩဇာသက်ရောက်မှု ရှိပါသည်။ အတိတ်ဘဝက ဒေါသအမျက် အလွန်ကြီးမားခဲ့သူသည် ပစ္စုပ္ပန်ဘဝတွင် အရုပ်ဆိုး အကျည်းတန်၏။ လူနှင့် တိရစ္ဆာန်တို့ကို ညှဉ်းဆဲသတ်ဖြတ်ခဲ့သူသည် ပစ္စုပ္ပန်ဘဝတွင် အနာရောဂါ ထူပြောသည်၊ အသက်တိုသည်။ အတိတ်ဘဝက သူတစ်ပါးအပေါ် မနာလိုဝန်တိုခဲ့သူသည် မျက်မှောက်ဘဝတွင် အဆင့်အတန်း နိမ့်ကျတတ်ပါသည်။

အပြန်အလှန်အားဖြင့် အတိတ်ဘဝများစွာက ကောင်းမှုကုသိုလ် ပြုခဲ့သူများသည် ပစ္စုပ္ပန်မျက်မှောက်ဘဝတွင် ကျန်းမာခြင်း၊ ရုပ်ရည်လှပတင့်တယ်ခြင်း၊ စည်းစိမ်ဥစ္စာ ချမ်းသာခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဂုဏ်ရှိန်မြင့်မားသော မိဘမျိုးရိုးတွင် မွေးဖွားကြီးပြင်းရခြင်း စသောအကျိုးတို့ကို ခံစားရပါသည်။ အကုသိုလ်ကောင်းမှု၏ အမွေကို ခံယူရသည်ထက် ပိုမိုသာလွန်ကောင်းမွန်သော အမွေအနှစ်ဟူ၍ မရှိပါ။ အတိတ်ဘဝက ပြုခဲ့သော ကောင်းမှု၏အမွေကို ခံယူရရှိသူသည် ပစ္စုပ္ပန်ဘဝကို ထူထောင်ရာ၌ ရေခံမြေခံ ကောင်းများ၊ အခြေအနေကောင်းများ ရရှိနိုင်ပါသည်။ လက်ရှိပစ္စုပ္ပန်ဘဝတွင် ကောင်းမှုကုသိုလ်များ ပြုပါကလည်း ပစ္စုပ္ပန်ဘဝတွင်သာ ကောင်းကျိုးပေးသည် မဟုတ်မူလျက် တမလွန်ဘဝသို့တိုင် ကောင်းကျိုးပေးပါလိမ့်မည်။ သမ္ပတ္တိတရား လေးပါးနှင့် ပြည့်စုံအောင် အားထုတ်နိုင်သည်နှင့်အမျှ အဓိပ္ပာယ်ရှိသော၊ တန်ဖိုးမြင့်မားသော ဘဝတစ်ခု ဖြစ်တည်လာပေလိမ့်မည်။

□

# ကွယ်လွန်သူကို ရည်ညွှန်း၍ လှူသောဒါန

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့ ပုဏ္ဏားတို့မည်သည်ကား ဤအလှူဒါနသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့ထံသို့ ရောက်ပါစေ။ ဤအလှူကို ကွယ်လွန်သော ဆွေးမျိုးသားချင်းတို့သည် သုံးဆောင်ကြပါစေဟု အလှူတို့ကို လှူကြပါကုန်၏။ သေသူကို ရည်ညွှန်း၍ ပြုအပ်သော ကုဗ္ဗိုးထမင်းတို့ကို ပြုကြပါကုန်၏။ အရှင်ဂေါတမ၊ အသို့ပါနည်း။ ကွယ်လွန်သူ ဆွေမျိုးဉာတိတို့သည် ထိုအလှူကို သုံးဆောင်ကြရပါသလော"

"ပုဏ္ဏား၊ ရောက်သင့်သောအရပ်၌ ရောက်၏။ မရောက်သင့်သောအရပ်၌ မရောက်" ဟု ဗုဒ္ဓက မြွက်ကြားတော်မူလေသော် –

"အရှင်ဂေါတမ၊ ရောက်သင့်သော အရပ်ဟူသည် အဘယ်ပါနည်း။ မရောက်သင့်သော အရပ်ဟူသည် အဘယ်ပါနည်း" ဟု သိလိုဇောဖြင့် ထပ်ကျော့၍ မေးလျှောက်ချက်အရ၊ အတုလပရမေ မြတ်စွာသည် ဤသို့မိန့်တော်မူလေသည်။

"ပုဏ္ဏား၊ ဤလောက၌ အချို့သော လူတို့သည် အသက်ကို သတ်လေ့ရှိ၏။ မပေးသည်ကို ယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏။ မဟုတ်မမှန် ပြောလေ့ရှိ၏။ ကုန်းစကား ရှိ၏။ ရန့်ရင်းကြမ်းတမ်းသော စကားရှိ၏။ ပြိန်ဖျင်းသော စကားရှိ၏။ အဘိဇ္ဈာ များ၏။ ဖျက်ဆီးလိုသော စိတ်ရှိ၏။ မှားယွင်းသော အယူရှိ၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ငရဲသို့ ရောက်ရ၏။ ယင်းငရဲ၌ တည်သူအား ထိုဒါနသည် မရောက်။

ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ တိရစ္ဆာန်မျိုးသို့ ရောက်ရ၏။ တိရစ္ဆာန်မျိုး၌ တည်သူအား ထိုဒါနသည် မရောက်။

"ပုဏ္ဏားး၊ ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ အဘိဇ္ဈာ မများ၊ ဖျက်ဆီးလိုသော စိတ်မရှိ။ မှန်ကုန်သော အယူရှိ၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ လူတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ ယင်းလူ့ဘုံ၌ တည်သူအား ထိုဒါနသည် မရောက်။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ ယင်းနတ်ဘုံ၌ တည်သူအား ထိုဒါနသည် မရောက်။

"ပုဏ္ဏားး၊ ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏။ ပ။ မှားယွင်းသော အကျင့်ရှိ၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ပြိတ္တာဘုံသို့ ရောက်ရ၏။ ထိုသူသည် ပြိတ္တာဘုံသားဖြစ်သော သတ္တဝါတို့၏ ပြိတ္တာဘုံ၌ မျှတရ၏။ ထိုအစာဖြင့် ထိုသူသည် ထိုဘုံ၌ တည်ရ၏။ သို့မဟုတ် ထိုသူ့အတွက် အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူတို့ကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတို့ကသော်လည်းကောင်း ပေးလှူအပ်သော ဒါနဖြင့် ထိုပြိတ္တာဘုံ၌ မျှတရ၏။ ထိုဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ တည်ရ၏။ ပုဏ္ဏားး၊ ယင်းပြိတ္တာဘုံ၌ တည်သော ထိုဒါနသည် ရောက်၏"

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒသကနိပါတ်၊ ဇာဏုသောဏိသုတ်)
[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ
(ဒဂုန်ဦးစန်းငွေ)၊ စာ-၃၃၁၊ ၃၃၂]

ဘုရားရှင်လက်ထက်တော်က ပုဏ္ဏားလောကတွင် အကျော်အစောရှိသော ဇာဏုသောဏိအမည်ရှိ ပုဏ္ဏားတစ်ဦး ရှိပါသည်။ သူသည် ပုဏ္ဏားတို့၏ ရိုးရာယဉ်ကျေးမှုများကို အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းနေသော်လည်း "သေသူကို ရည်စူး၍ လှူဒါန်းခြင်း အစဉ်အလာနှင့် စပ်လျဉ်း၍ သံသယရှိနေသည်။ မည်သည့်ဘဝသို့ ရောက်သွားမှန်းမသိသောသူအား

ရည်စူး၍ ကျန်ရစ်သူမိသားစုများက ပေးလှူသောဒါနအဖို့ကို တမလွန် ရောက်သူများ ရကြပါမည်လော" ဟု အမြဲသံသယအတွေး တွေးလျက်ရှိ သည်။

သို့တစေ သူ၏သံသယကို အခြားမျိုးနွယ်တူ ပုဏ္ဏားများအား ထုတ် ဖော်ပြောကြားရန် မဝံ့ဖြစ်နေသည်။ အကယ်၍ ထုတ်ဖော်ပြောကြားခဲ့သော် မျိုးနွယ်တူ ပုဏ္ဏားအများစု၏ ဝိုင်းပယ်ဒဏ်ခတ်ခြင်းကို ခံရကောင်းခံရနိုင် သည်ဟု တွေးတောမိသောကြောင့် ဆိတ်ဆိတ်သာ နေလာခဲ့လေသည်။ တစ်နေ့သော် ဇာဏုသောဏိ ပုဏ္ဏားသည် မြတ်စွာဘုရားနှင့် ဆုံမိသည်။ အနီးအနားတွင်လည်း အခြားပုဏ္ဏားများ တစ်ဦးတစ်ယောက်မှ မရှိသော ကြောင့် သူ့ရင်တွင်း၌ လိပ်ခဲတည်းလည်း ဖြစ်နေသော သံသယနှင့် စပ်လျဉ်း ၍ အထက်ပါအတိုင်း မြတ်စွာဘုရားထံ မေးမြန်းလျှောက်ထားခဲ့ခြင်း ဖြစ်ပါ ၏။

လူတို့သည် ကွယ်လွန်တိမ်းပါးသွားသော် မိမိတို့ပြုခဲ့သော ကံအား လျော်စွာ ဘုံဘဝအထွေထွေသို့ ကျရောက်ကြသည်ချည်း ဖြစ်ပါ၏။ သီလမြဲ မြံပြီး ကုသိုလ်ကောင်းမှုများစွာ ပြုထားသောသူတို့သည် နတ်ဘုံ၊ ဗြဟ္မာဘုံ၊ လူ့ဘုံသို့ ရောက်ရှိသည်။ သီလပျက်ယွင်းပြီး အကုသိုလ်ဒုစရိုက်မှု ပြုထား သော သူတို့သည် သူတို့ပြုသည့် ကံအားလျော်စွာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများသို့ သက်လျှောကျရောက်ပါသည်။ ထိုထိုဘုံဘဝ အထွေထွေသို့ ရောက်ရှိရာတွင် နတ်ဘုံ၊ လူ့ဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံတို့သို့ ရောက်ရှိသွားသူအတွက်မူ ကွယ်လွန်သူကို ရည်ညွှန်း၍ ပြုသောဒါန အတွက် ပေးဝေသော အမျှကို မရပါချေ။ ပြိတ္တာဘုံသို့ ရောက်ရှိသူအတွက် သာ ကွယ်လွန်သူကို ရည်ညွှန်းပြုသော ဒါနအတွက် ပေးဝေသောအမျှကို ရ၍ သာဓုခေါ်နိုင်ပါ၏။

ထိုအမျှရသည် ဆိုရာတွင်ပင် ထိုပြိတ္တာသည် ကျန်ရစ်သူမိသားစုက အမျှပေးဝေချိန်တွင် အမျှဝေသံကို ကြားနိုင်လောက်သော အနီးအနားတွင် ရှိနေမှသာ သာဓုခေါ်နိုင်ပေမည်။ ထိုသို့ ကျန်ရစ်သူမိသားစုက ဒါနပြုပြီး အမျှပေးဝေချိန်တွင် အနီးအနားတွင် ရှိမနေလျှင် အမျှဝေသံကို မကြား ရသောကြောင့် သာဓုမခေါ်နိုင်။ သို့ဖြစ်သောကြောင့် ရက်လည်ဆွမ်းသွတ်၊

လလည် ဆွမ်းသွတ်ပြီးသည့်တိုင် အဝေးရောက်နေပြီး သာခုမခေါ်နိုင်ခဲ့သော ကြောင့် မကျွတ်မလွတ်သေးသူများက ထပ်မံ၍ သူတို့အား ရည်စူး၍ အလှူ ပေးကာ အမျှပေးဝေပါရန် အိပ်မက်ပေး ပြောကြားခဲ့သည်များ ရှိသည်ဟု ကြားဖူးပါသည်။

ဇာဏုသောဏိပုဏ္ဏားက မြတ်စွာဘုရားအား လျှောက်ထားခဲ့သော စကားတွင် "သေသူကို ရည်ညွှန်း၍ ပြုအပ်သော ကုမ္ဘီးထမင်းကို ပြုကြပါ ကုန်၏" ဟူသော အချက်ပါဝင်ပါသည်။ လူတစ်ဦး ကွယ်လွန်သောအခါ သူ့ကို ရည်ရွယ်၍ ထမင်း၊ ဟင်း၊ သောက်ရေ စသည်တို့ကို ရုပ်ကလာပ် ဘေးတွင်ထားပြီး သေသူကို ကျွေးမွေးသော အလေ့ကို ယနေ့တိုင် လူအများစု က ဆောင်ရွက်နေကြဆဲ ဖြစ်ပါ၏။ စင်စစ် ကွယ်လွန်သူသည် စုတေစိတ် ကျသည်နှင့် တစ်ပြိုင်နက် သူ၏ ကံအားလျော်စွာ ဘဝသစ်တစ်ခုသို့ ကူးပြောင်းခဲ့ပြီ။ ရုပ်ရောနာမ်ပါ ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်ရာ သက်မဲ့ ရုပ်ကလာပ် ကြီးသာ ကြွင်းကျန်ရစ်ခြင်း ဖြစ်ပါသည်။ အချို့က သေသူ၏ ဝိညာဉ်သည် ခုနစ်ရက်အတွင်း နေအိမ်တွင်ပင် ရှိနေသည်ဟု အထင်မှားတတ်ကြပါသည်။ သေသူကို ရည်စူး၍ ကုမ္ဘီးထမင်းကျွေးခြင်းနှင့် စပ်လျဉ်း၍ ဘဒ္ဒန္တတိလောက သာရ ဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"ရှေးက ဤသို့သေသူအတွက် ထည့်ပေးသာထမင်းကို ကုမ္ဘီးထမင်း ဟုခေါ်သည်။ ချီးမြှောက်ပူဇော်ခြင်း တစ်မျိုးပင်။ သို့သော် ယင်းတို့မှာ အယူ သီးမှုများသာ ဖြစ်သည်။ သေသူလည်း စားသောက်သုံးဆောင်နိုင်သည် မဟုတ်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာမရှိမီက ရှေးရှေးအယူအဆများဖြစ်ရာ ဗုဒ္ဓဘာသာ သာသနာတော် အလိုအရမူ သေသူအတွက် ရတနာသုံးပါးအား လှူဒါန်း၍ ပတ္တိဒါနခေါ် အမျှပေးဝေခြင်းသာ သဘောမှန် ဖြစ်ပါသည်"

ပြိတ္တာဘဝရောက်၍ အမျှပေးဝေသည်ကို သာခုခေါ်နိုင်သည်ဟု ဆို သည့်တိုင် ပြိတ္တာအမျိုးအစားများထဲမှ "ပရဒတ္တူပဇီဝိတ" ခေါ် ပြိတ္တာမျိုးဖြစ် မှသာ သာခုခေါ်နိုင်ပါသည်။ ဤသည်နှင့်စပ်လျဉ်း၍ ဘဒ္ဒန္တတိလောက သာရ ဆရာတော်ကြီး၏ ရေးသားချက်မှာ များစွာမှတ်သားဖွယ် ကောင်းလှ ပါ၏။

"ကွယ်လွန်သူအတွက် ကျန်ရစ်သောသူတို့က ကုသိုလ်ပြု၍ အမျှဝေ

ရာ၌ ရသည်လည်း ရှိသည်။ မရသည်လည်း ရှိသည်။ ကွယ်လွန်သူတို့သည် ဒေဝဂတိ–နတ်ဘဝ၊ မနုဿဂတိ–လူ့ဘဝ၊ ပေတဂတိ–ပြိတ္တာဘဝ၊ တိရစ္ဆာနဂတိ–တိရစ္ဆာန်ဘဝ၊ နိရယဂတိ–ငရဲဘဝ ဤဘဝဂတိငါးမျိုး၌ ကံအားလျော်စွာ ဖြစ်ကြရာ ဒေဝ၊ မနုဿ၊ တိရစ္ဆာန၊ နိရယဂတိတို့၌ ဖြစ်ကြလျှင် ကုသိုလ်အဖို့ကို မရနိုင်ကြ။ ပေတဂတိ၌ ဖြစ်၍ ပေတတို့တွင်လည်း ပရဒတ္တူပဇီဝိတခေါ် လူနှင့်နီးစပ်၍ သာဓုခေါ်နိုင်သောဘဝ (ယခုခေတ်အခေါ် တစ္ဆေ) မျိုး၌ ဖြစ်လျှင် စားဝတ်နေမှု တစ်ခုမျှ မရရှိသဖြင့် ကျန်ရစ်သူတို့ ကုသိုလ်ပြု၍ အမျှဝေမည်ကို စောင့်စားငံ့လင့်လျက် နေကြမြဲဖြစ်သည်။ ထိုအခါမျိုးတွင် အမျှဝေလျှင် ၎င်းအတွက် ကုသိုလ်အကျိုးရ၍ ချမ်းသာသွားနိုင်ပါသည်"

ကွယ်လွန်သူအတွက် ရည်ရွယ်၍ လှူဒါန်းသော အလှူဒါနအကျိုး ကွယ်လွန်သူဆီသို့ ထိထိရောက်ရောက် ရောက်စေရန် မည်သို့လှူဒါန်းသင့်ကြောင်း ဘိုကလေး အရှင်ပဏ္ဍိတဆရာတော်၏ မိန့်တော်မူချက်မှာ လိုက်နာဖွယ်ကောင်းသောကြောင့် အောက်တွင် ဖော်ပြလိုက်ပါသည်။

"ဆွမ်းသွတ်ကိစ္စအတွက် သံဃာတစ်ပါး ကြွပါ၊ သုံးပါး ကြွပါ စသည်ဖြင့် ပုဂ္ဂိုလ်မရွေးချယ်ဘဲ သံဃာကို အာရုံပြုပင့်ရမည်။ အကြောင်းကား ဤဆွမ်းသွတ်ကိစ္စ၌ သံဃာကို ရည်မှန်း၍ သံဃိကလှူဒါန်းခြင်းသည်သာ အကောင်းဆုံး ဖြစ်ပေ၏။ (တစ်ပါးတည်း ဖြစ်သော်လည်း 'သံဃဿ ဒေမ' ဟု အပေါင်းသံဃာကို အာရုံပြုလှူဒါန်းနိုင်လျှင် သံဃိက ဒါနပင်ဖြစ်၏) ဤသို့ လှူဒါန်းမှလည်း စိတ်ချရပေသည်။ သီဟိုဠ် (သီရိလင်္ကာကျွန်း) ၌ ဝပမာနရှာသား မုဆိုးတစ်ယောက်သည် ကွယ်လွန်သူအတွက် ရည်မှန်း၍ သီလသိက္ခာမရှိသော ဒုဿီလ (ရဟန်းတု) တစ်ဦးတည်းကိုပင် သုံးကြိမ်တိုင်တိုင် လှူဒါန်းအမျှဝေရာ ကွယ်လွန်သူမှာ အကျိုးမခံစားရသဖြင့် "ငါ့အတွက် အလှူကို ဒုဿီလချည်းပဲ လုစားနေတယ်" ဟု အော်မှ သိရ၏။ ထို့နောက် သီလရှိသော ရဟန်းတစ်ပါးအား ပင့်ဖိတ်လှူဒါန်းမှ ကွယ်လွန်သူဆီသို့ ရောက်သည်ဟု "ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ" ၌ လာရှိ၏။ ထို့ကြောင့် ဆွမ်းသွတ်ကိစ္စ၌ သံဃိက လှူဒါန်းခြင်းသည်သာ အကောင်းဆုံးဖြစ်၏။ "

ကွယ်လွန်သွားပြီဖြစ်သော ပုဂ္ဂိုလ်တို့အတွက် ရည်ညွှန်းလှူဒါန်း ဆွမ်းသွတ်သော "ပေတစုဒ္ဒိဿဒါန" ကို ပြုရာတွင် ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်ပြီး သာသနာ့တာဝန်နှစ်ဖြာကို ထမ်းဆောင်တော်မူသော သံဃာတော် အရှင်မြတ်များကို ပေးလှူလျှင် ပို၍ အကျိုးများနိုင်မည် ဖြစ်ပါ၏။

❐

# ကိုယ်တိုင် သိမြင်ထိုက်သော တရား

ပုဏ္ဏားတစ်ဦးသည် မြတ်စွာဘုရားထံ လာရောက်ချဉ်းကပ်ကာ ဤသို့မေးလျှောက်လေ၏။ "အရှင်ဂေါတမ၊ ကိုယ်တိုင် သိမြင်ထိုက်သော တရား၊ ကိုယ်တိုင် သိမြင်ထိုက်သော တရား ဟုဆိုပါသည်။ တရားသည် အဘယ်မျှဖြင့် ကိုယ်တိုင် သိမြင်ထိုက်ပါသနည်း။ အဘယ်သို့ အခါမလင့် အကျိုးပေးပါသနည်း။ အဘယ်သို့လျှင် လာလှည့်၊ ရှုလှည့်ဟူသော အစီအရင်ကို ခံထိုက်ပါသနည်း။ အဘယ်သို့လျှင် မိမိ၏ကိုယ်ထဲ၊ စိတ်ထဲ၌ ဆောင်ယူထားထိုက်ပါသနည်း။ အဘယ်သို့လျှင် အရိယာပညာရှိတို့သာလျှင် ကိုယ်စီကိုယ်င သိနိုင်၊ ခံစားနိုင်ပါသနည်း"

"အို... ပုဏ္ဏား၊ သင့်အား 'ကိုယ်တိုင် သိမြင်ထိုက်သည့် တရား' ကို ရှင်းလင်းဟောကြားပေအံ့။ ရှေးဦးစွာ 'ရာဂ၊ ဒေါသ၊ မောဟ' တို့၏ သဘောသတ္တိကို နှလုံးသွင်းသင့်ပေ၏။

ပုဏ္ဏား၊ ရာဂဖြင့် တပ်စွန်းသောသူသည် ရာဂနှိပ်စက်ဖိစီးသည်ဖြစ်၍ ရာဂဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သော စိတ်ရှိ၏။ ဒေါသဖြင့် ဖျက်ဆီးအပ်သူသည် ဒေါသနှိပ်စက်ဖိစီးသည်ဖြစ်၍ ဒေါသဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သည့်စိတ် ရှိ၏။ မောဟဖြင့် တွေဝေသူသည် မောဟနှိပ်စက်ဖိစီးသည်ဖြစ်၍ မောဟဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သည့်စိတ် ရှိ၏။

ထို့ကြောင့် ရာဂဖြင့် ငြိစွန်းသူ၊ ဒေါသဖြင့် ဖျက်ဆီးသူ၊ မောဟဖြင့် တွေဝေသူတို့သည် (ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ရှိသူတို့သည်) မိမိဆင်းရဲရန်လည်း ကြံစည်၏။ သူတစ်ပါး ဆင်းရဲရန်လည်း ကြံစည်၏။ မိမိရော၊ သူတစ်ပါးပါ ဆင်းရဲရန်လည်း ကြံစည်၏။ စိတ်ကိုစွဲမှီ၍ ဖြစ်သော

ဆင်းရဲခြင်း၊ နှလုံးမသာမယာခြင်းကိုလည်း ခံစားရ၏။

ပုဏ္ဏားအကြင်သူသည် ရာဂကို ပယ်ခွာလိုက်သော်၊ ဒေါသကို ပယ်ခွာလိုက်သော်၊ မောဟကို ပယ်ခွာလိုက်သော် ထိုသူသည် မိမိဆင်းရဲရန်လည်း မကြံစည်၊ သူတစ်ပါး ဆင်းရဲရန်လည်း မကြံစည်၊ မိမိရော၊ သူတစ်ပါးပါ ဆင်းရဲရန်လည်း မကြံစည်။ စိတ်ကိုစွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကိုလည်း မခံစားရပေ။

ပုဏ္ဏား၊ ရာဂဖြင့် ငြိစွန်းသူ၊ ဒေါသဖြင့် ဖျက်ဆီးသူ၊ မောဟဖြင့် တွေဝေသူတို့သည် (ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ရှိသူတို့သည်) ထိုရာဂ၊ ဒေါသ၊ မောဟတို့ နှိပ်စက်ဖိစီးသည်ဖြစ်၍ ရာဂ၊ ဒေါသ၊ မောဟတို့ဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သော စိတ်ရှိ၏။ ထို့ကြောင့် ထိုသူတို့သည် ကိုယ်ဖြင့် မကောင်းသော အမှုကို ပြုလုပ်ကျင့်သုံး၏။ နှုတ်ဖြင့် မမှန်သည်ကို ပြောဆိုကျင့်သုံး၏။ စိတ်ဖြင့် မကောင်းသော အကြံအစည်ကို ကြံစည်ကျင့်သုံး၏။

ပုဏ္ဏား၊ အကြင်သူသည် ရာဂကို ပယ်ခွာလိုက်သော်၊ ဒေါသကို ပယ်ခွာလိုက်သော်၊ မောဟကို ပယ်ခွာလိုက်သော် ထိုသူသည် ကိုယ်ဖြင့် မကောင်းသော အပြုအမူကို မပြုလုပ်၊ မကျင့်သုံး၊ နှုတ်ဖြင့် မမှန်သည်ကို မပြောဆို၊ မကျင့်သုံး၊ စိတ်ဖြင့် မကောင်းသော အကြံအစည်ကို မကြံစည်၊ မကျင့်သုံး။

ပုဏ္ဏား၊ ရာဂဖြင့် ငြိစွန်းသူ၊ ဒေါသဖြင့် ဖျက်ဆီးသူ၊ မောဟဖြင့် တွေဝေသူတို့သည် (ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ရှိသူတို့သည်) ထိုရာဂ၊ ဒေါသ၊ မောဟတို့ နှိပ်စက်ဖိစီးသည်ဖြစ်၍ ရာဂ၊ ဒေါသ၊ မောဟစိတ်တို့ဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သော စိတ်ရှိ၏။ ထို့ကြောင့် ထိုသူတို့သည် မိမိ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ သူတစ်ပါး၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ မိမိ၊ သူတစ်ပါး နှစ်ပါးစုံအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။

ပုဏ္ဏား၊ အကြင်သူသည် ရာဂကို ပယ်ခွာလိုက်သော်၊ ဒေါသကို ပယ်ခွာလိုက်သော်၊ မောဟကို ပယ်ခွာလိုက်သော် ထိုသူသည် မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ သူတစ်ပါး၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ မိမိ၊ သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။

"အို... ပုဏ္ဏားၤ ဤသို့လျှင် တရားသည် ကိုယ်တိုင် သိမြင်ထိုက်၏။ အခါမလင့် အကျိုးပေး၏။ လာလှည့်၊ ရှုလှည့်ဟူသော အစီအရင်ကို ခံထိုက်၏။ မိမိ၏ ကိုယ်ထဲ၊ စိတ်ထဲ၌ ဆောင်ယူထားထိုက်၏။ အရိယာ ပညာရှိတို့သာလျှင် ကိုယ်စီကိုယ်င သိနိုင်၊ ခံစားနိုင်၏။"

ယင်းကဲ့သို့ မြတ်စွာဘုရား ရှင်းလင်းဟောကြားလိုက်သောအခါ ထိုပုဏ္ဏားသည် တရားတော်၏ သဘောကို ရှင်းလင်းစွာ သိမြင်သဖြင့် နှစ်သက်ဝမ်းမြောက်လေ၏။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ ဗြဟ္မဏဝဂ်၊ အသုတရဗြဟ္မဏသုတ်)

[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ(လေးမြိုင်)၊ စာ-၂၂၉/၂၃၀]

မြတ်စွာဘုရားက 'စိတ်'ဟူသည် ပကတိအားဖြင့် ပြိုးပြိုးပြက်ပြက် အရောင်တလက်လက်နှင့် ဝင်းလက်ဖြူစင်နေသည်ဟု ဟောတော်မူပါ၏။ ထိုစိတ်ထဲသို့ ညှော်သည်ဖြစ်ကုန်သော အကုသိုလ်စေတသိက်တို့ ဝင်ရောက်လာသောကြောင့်သာ ညစ်နွမ်းသွားရခြင်း ဖြစ်ပါသည်။ စိတ်ကို ညစ်ညူးစေ၊ ပူလောင်စေ၊ ဆင်းရဲပင်ပန်းစေတတ်သော အကုသိုလ်စေတသိက်(၁၄)ပါး ရှိပါသည်။ ထို ၁၄ ပါးမှာ (၁) လောဘ (လိုချင်တပ်မက်ခြင်း)၊ (၂)ဒေါသ (စိတ်ဆိုး၊ အမျက်ထွက်ခြင်း)၊ (၃) မောဟ (တွေဝေခြင်း)၊ (၄) ဒိဋ္ဌိ (အယူမှားခြင်း၊ အမြင်မှားခြင်း)၊ (၅) မာန (ထောင်လွှား မြင့်မောက်ခြင်း)၊ (၆) ဣဿာ (ငြူစူခြင်း)၊ (၇) မစ္ဆရိယ (ဝန်တိုနှမြောခြင်း)၊ (၈)ကုက္ကုစ္စ (နောင်တဖြင့်တစ်ဖန် စိုးရိမ်ပူပန်ခြင်း)၊ (၉) အဟိရိက (အရှက်မဲ့ခြင်း)၊ (၁၀) အနတ္တပ္ပ (အကြောက်မရှိခြင်း)၊ (၁၁) ဥဒ္ဓစ္စ (စိတ်မတည်ငြိမ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း)၊ (၁၂) ထိန (စိတ်၏ထိုင်းမှိုင်းခြင်း)၊ (၁၃) မိဒ္ဓ (အာရုံကို ထိတွေ့ခံစားမှု စသည်တို့တွင် မပွင့်မလင်း မှေးမှိန်ခြင်း)၊ (၁၄) ဝိစိကိစ္ဆာ (နှစ်လုံးနှစ်ခွ ဒွိဟသဘော ရှိခြင်း) တို့ ဖြစ်ပါသည်။ ထိုအကုသိုလ်စေတသိက် ၁၄ မျိုးတွင် လောဘ၊ ဒေါသ၊ မောဟတို့သည် အကုသိုလ်စေတသိက် အားလုံး၏ အရင်းအမြစ် ဖြစ်ပါသည်။ ပဋ္ဌာန်းဒေသနာတော်တွင်လည်း လောဘ၊ ဒေါသ၊ မောဟတို့သည် အကုသိုလ်၏ ရေသောက်မြစ်ဖြစ်ပြီး အလောဘ၊ အဒေါသ၊ အမောဟ တို့သည် ကုသိုလ်၏ ရေသောက်မြစ်ဟု ဟောတော်မူခဲ့ပါ၏။

အထက်ပါ အဆုံးအမတော်တွင် မြတ်စွာဘုရားက ရာဂ၊ ဒေါသ၊ မောဟတို့၏ အပြစ်တို့ကို ထုတ်ဖော်ဟောကြားတော်မူခဲ့ပါသည်။ ဤတွင် ရာဂဟူသည်မှာလည်း 'လောဘ' ပင် ဖြစ်ပါ၏။ လောဘကို ရှုထောင့်အမျိုးမျိုးမှ 'တဏှာ' ဟုလည်းကောင်း၊ 'ရာဂ' ဟုလည်းကောင်း အမည်ပေးထားခြင်း ဖြစ်ပါသည်။ စင်စစ် လောဘဟူသည် လိုချင်တပ်မက်ခြင်းပင် ဖြစ်ပါသည်။ လောဘက မျက်စိနှင့်မြင်ရသော အဆင်း၊ နားနှင့်ကြားရသော အသံ၊ နှာခေါင်းက ရှူရှိုက်နေသော ရနံ့၊ လျှာက ခံယူသော အရသာ၊ ခန္ဓာကိုယ်က ထိတွေ့သော အထိအတွေ့၊ စိတ်က ကြံစည်၍ရသော အကြံအစည်ဟူသော အာရုံခြောက်ပါးထဲမှ သူကြိုက်နှစ်သက်သော အာရုံတွေကို ရယူလိုသည်၊ ရရှိပြီးလျှင်လည်း အမြဲတမ်း ဆုပ်ကိုင်ထားချင်သည်။

ဒေါသဟူသည် အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းပင် ဖြစ်ပါသည်။ ဒေါသဖြစ်ပြီဆိုလျှင် တည်ငြိမ်အေးချမ်းနေသော စိတ်အနေအထား ပျက်စီးသွားသည်။ ကြည်လင်ရွှင်ပျနေသော စိတ်အနေအထား အဖျက်ဆီးခံလိုက်ရသည်။ ဒေါသဖြစ်သွားသည်နှင့် ရုပ်ရော၊ စိတ်ပါ နှစ်ခုစလုံး ဟန်ချက်ပျက်သွားသည်။ အနေအထား ပျက်သွားသည်။ ဒေါသထွက်လိုက်သည်နှင့် မျက်နှာ နီမြန်းသွားသည်။ အသံက မာကျောလာသည်။ အမူအရာ ခက်ထန်ကြမ်းတမ်းလာသည်။ ဒေါသကို ပေါက်ကွဲပွင့်အန်ခွင့် ပေးလိုက်သော် ရာဇဝတ်မှု ကျူးလွန်မိသည်အထိ ဖြစ်ပွားနိုင်သည်။

မပြောပလောက်သော ပဋိပက္ခ၊ ပြဿနာကို ပြေပြေလည်လည် ဖြေရှင်းခြင်း မရှိမှုလျက် ဒေါသကို အဆင်ခြင်မဲ့ ပေါက်ကွဲပွင့်အန်စေသော ကြောင့် ရာဇဝတ်ပြစ်မှုဖြစ်ကာ ထောင်ကျသူက ကျ၊ ဆေးရုံနှင့် သုသာန်သို့ ရောက်သူက ရောက်သော ဖြစ်ရပ်မှန်မှုခင်း သတင်းများကို စာနယ်ဇင်းများတွင် စိတ်မကောင်းစွာ ဖတ်ရှုနေရပါသည်။ တကယ်တော့ ဒေါသသည် တောမီးနှင့် ပမာတူပါ၏။ သစ်ပင်တွေကို စွဲမှီပြီး လောင်သောမီးသည် သစ်ပင်တွေကို ဖျက်ဆီးသကဲ့သို့ စိတ်ကိုမှီပြီးဖြစ်သော ဒေါသသည် စိတ်ကို ပူလောင်စေ၊ ညစ်နွမ်းစေ၊ ပင်ပန်းစေပါသည်။

မောဟဟူသော မသိမှုသည် ပညာနှင့် ဆန့်ကျင်ဘက် ဖြစ်ပါ၏။ အဝိဇ္ဇာဟုလည်းကောင်း၊ အညာဏဟုလည်းကောင်း၊ အဒဿနဟုလည်း

ကောင်း ခေါ်ပါသည်။ မောဟ၏ သဘောလက္ခဏာများမှာ အမှန်တရားကို မမြင်ခြင်း၊ ထိုးထွင်း၍ မသိခြင်း၊ အမှန်တရားအားလျော်စွာ မသိတတ်ခြင်း၊ မမြဲသော တရားတို့နှင့် ယှဉ်၍ မသိတတ်ခြင်း၊ မဆင်ခြင်တတ်ခြင်း၊ အကောင်း အဆိုးတို့ကို မဝေခွဲတတ်ခြင်း၊ စိတ်ဖြူစင် သန့်ရှင်းမှုကို တားဆီးတတ်ခြင်း၊ အရာအားလုံး၌ တွေဝေခြင်း၊ သိသင့်သည်ကို မသိခြင်း၊ မည်သည့်အရာကိုမျှ ကောင်းစွာ ခွဲခွဲခြားခြား မသိခြင်း၊ အမှန်တရားကို သက်ဝင်၍ မယူတတ်ခြင်း တို့ဖြစ်ပါသည်။ အကုသိုလ်ဖြစ်တိုင်း မောဟပါသည်။ မောဟ အကုသိုလ် စေတသိက် စိတ်ထဲသို့ ဝင်ရောက်သည်နှင့် အမှားမှား အယွင်းယွင်းတွေကို ဆောင်ရွက်တတ်သည်။ မလုပ်သင့်တာတွေကို လုပ်မိတတ်သည်။ထို့ကြောင့် မောဟနှင့်ယှဉ်၍ ဆောင်ရွက်သမျှ အကျိုးစီးပွားတွေ ပျက်ပြားဆုတ်ယုတ်ခြင်း ဖြစ်ပါ၏။

ရာဂ၊ ဒေါသ၊ မောဟတို့၏ လွှမ်းမိုးကြီးစိုးမှုကို ခံရစဉ်တွင် မကောင်းသော ကာယကံမှုကို ပြုတတ်၏။ မကောင်းသော ဝစီကံမှုကို ပြုတတ်၏။ မကောင်းသော အကြံအစည်တို့ကို ကြံစည်တတ်၏။ စိတ်တွင် ရာဂ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်စေတသိက်တို့ အင်အားကြီးမားစွာ စွဲထင်နေသောအခိုက်တွင် လူသည် မိမိ၏ အကျိုးစီးပွားဖြစ်ထွန်းရာဖြစ်ထွန်းကြောင်းကိုလည်း မသိတော့။ သူတစ်ပါး၏ အကျိုးစီးပွားဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းကိုလည်း မသိတော့။ မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး၏ အကျိုးစီးပွားဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းကိုလည်း မသိတော့။ ရာဂ၊ ဒေါသ၊ မောဟတို့ အတွင်းသန္တာန်၌ ထကြွသောင်းကျန်းစဉ်တွင် မိမိ ဆင်းရဲရာ ဆင်းရဲကြောင်းကိုလည်း ကြံဆောင်အားထုတ်၏။ သူတစ်ပါး ဆင်းရဲရာ ဆင်းရဲကြောင်းကိုလည်း ကြံဆောင်အားထုတ်တတ်၏။ မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး၏ ဆင်းရဲရာ ဆင်းရဲကြောင်းကိုလည်း ကြံဆောင် အားထုတ်၏။

ရာဂ၊ ဒေါသ၊ မောဟ စသော အကုသိုလ်စေတသိက်တို့ကို ပယ်ခွာလိုက်သော် မကောင်းသော ကံသုံးပါးကိုလည်း မပြုတော့။ မိမိ၊သူတစ်ပါး အကျိုးစီးပွား ဖျက်ဆီးကြောင်းလည်း အားမထုတ်တော့။ ဤသည်လျှင် ကိုယ်တိုင် သိမြင်ထိုက်သောတရား ဖြစ်ပါ၏။

□

# မြတ်ဗုဒ္ဓနှင့် ဒီဃတပဿီ

ဒီဃတပဿီသည် ဗုဒ္ဓ၏အနီးသို့ ရောက်လာကာ ဗုဒ္ဓနှင့် ဆွေးနွေးလိုဟန် အမူအရာပြလျက်ရှိ၏။ ထိုအခါ ဗုဒ္ဓက –

"တပဿီ ၊ ထိုင်ရန်နေရာ ရှိပေသည်။ သင့်လျော်ရာမှာ ထိုင်နိုင်ပေ၏ "ဟု ခွင့်ပြုလိုက်လေသည်။

ထို့နောက် ဗုဒ္ဓသည် "တပဿီ၊ သင်တို့ဆရာ နာဋပုတ္တသည် မကောင်းမှုပြုလုပ်ခြင်း၌၊ မကောင်းမှုဖြစ်ပေါ်ခြင်း၌ အဘယ်မျှလောက်သော ကံတို့ကို ပညတ်သနည်း "ဟူ၍ ဆက်လက်မေးမြန်းတော်မူ၏။

"ငါ့ရှင်ဂေါတမ၊ ကျွန်ုပ်တို့၏ဆရာ နာဋပုတ္တသည် 'ကံ' ဟူ၍ ဆိုလေ့မရှိ၊ ပညတ်လေ့မရှိ၊ ဒဏ်ဟူ၍သာ ဆိုလေ့ရှိပေ၏။ ပညတ်လေ့ရှိပေ၏ "

"တပဿီ၊ ထိုသို့ဖြစ်လျှင် ထားလိုက်ပါတော့။ ဒဏ်ကိုကော ဘယ်နှပါးဟူ၍ ပညတ်သနည်း "

"ကျွန်ုပ်တို့၏ ဆရာသည် ဒဏ်သုံးပါးဟူ၍ ပညတ်ပါ၏။ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူ၍ သုံးပါး ရှိပါ၏။"

"ကောင်းပြီ တပဿီ၊ သင် ပြောကြားလိုက်သော ဒဏ်သုံးပါးတို့တွင် မကောင်းမှုပြုရာ၌ အဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ ပညတ်သနည်း"

"ငါ့ရှင်ဂေါတမ၊ ဒဏ်သုံးပါးတို့တွင် ဝစီဒဏ်နှင့် မနောဒဏ်ကို အဘယ်မှာ ဆိုဖွယ်ရာရှိသနည်း။ အရေးမကြီးပါ။ အရေးပါသည်ကား ကာယဒဏ်ပါပေတည်း။ ကာယဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ ကျွန်ုပ်တို့၏ ဆရာက ပညတ်ထားပါသည် "

"တပဿီ၊ သင်တို့၏ဆရာက ဤအတိုင်းပဲ ပညတ်သလား၊ မကောင်းမှုပြုရာ၌၊ မကောင်းမှုဖြစ်ပေါ်ရာ၌ ကာယဒဏ်သာလျှင် အပြစ်ကြီးဆုံးဟု ပညတ်သလား"

"ဟုတ်ပါသည် ငါ့ရှင်၊ ကျွန်ုပ်တို့၏ဆရာက ဤအတိုင်းပင် အမှန်ပညတ်ပါသည်။ အမှန်တရားပေပဲကလား၊ နေစမ်းပါဦး ငါ့ရှင်ဂေါတမ မေးပါရစေဦး။ သင်ကကော မကောင်းမှုပြုရာ၌၊ မကောင်းမှုဖြစ်ပေါ်ရာ၌ ဒဏ် ဘယ်နှမျိုး ပညတ်ပါသနည်း။ အဘယ်ဒဏ်က အပြစ်အကြီးဆုံးဟူ၍ ပညတ်ပါသနည်း"

"တပဿီ၊ ငါဘုရားသည် ဒဏ်ဟူ၍ မပညတ်။ ကံဟူ၍သာလျှင် ပညတ်ပေ၏။ ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံသုံးပါးကို ပညတ်ပေ၏။ မကောင်းမှုပြုရာ၌၊ မကောင်းမှုဖြစ်ပေါ်ရာ၌ မနောကံသည်သာ အကြီးဆုံး၊ မနောကံသည်သာ ပဓာနအကျဆုံး၊ မနောကံသည်သာလျှင် အခြေခံဖြစ်၍ အရေးအကြီးဆုံးဟု ငါဘုရား ပညတ်ပေ၏"

"ငါ့ရှင်ဂေါတမ၊ သည်လိုပဲ ပညတ်ပါသလား၊ ကံသုံးပါးဟူ၍လည်းကောင်း၊ မနောကံသည်သာ အပြစ်အကြီးဆုံး ဖြစ်သည်ဟု ပညတ်ပေသလား"

"မှန်ပေသည် တပဿီ၊ ငါဘုရားသည် ဤအတိုင်းပင် ပညတ်ပေ၏။ ဗုဒ္ဓ၏ လမ်းစဉ်ကိုပင် ငါ ပညတ်ပေသည်"

**(မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ဂဟပတိဝဂ်၊ ဥပါလိသုတ်)**

**[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (လေးမြိုင်)၊ စာ-၃၀၉/၃၁၈]**

လူတို့သည် နေ့စဉ်ပင် ကြံတွေးနေသည်၊ ပြောဆိုနေသည်၊ ပြုမှုလုပ်ကိုင် ဆောင်ရွက်နေသည်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ ဖြစ်ပွားနေရာ၌ ထိုကံသုံးပါးသည် ကုသိုလ်ဖြစ်လျှင်ဖြစ်၊ ကုသိုလ်မဖြစ်လျှင် အကုသိုလ် ဖြစ်ပေလိမ့်မည်။ ကုသိုလ်လည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်သော အဗျာကတ တရားကား ပုထုဇဉ်တို့၏ အရာမဟုတ်ပါချေ။

လူတို့ပြောသမျှ ဝစီကံမှုသည် သုစရိုက်မှု ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ဒုစရိုက်မှု ဖြစ်မည်။ မှန်မှန်ကန်ကန် ပြောဆိုမည်၊ လူတစ်ဦးနှင့်တစ်ဦးအကြား တွင် ခင်မင်ချစ်ကြည်စေမည့် စကားမျိုးကို ပြောဆိုမည်၊ နူးညံ့သိမ်မွေ့ပြီး

မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့်ယှဉ်သော စကားကို ပြောဆိုမည်၊ အနှစ်သာရရှိသော စကားကို ပြောဆိုမည်ဆိုသော် ထိုဝစီကံတို့သည် ကောင်းမှုသုစရိုက်ဖြစ်သည်။ ကုသိုလ်ကို ဖြစ်ပွားစေပြီး ကောင်းကျိုးကို ဖြစ်ထွန်းစေမည်။ အကယ်၍ စေတနာဆိုးဖြင့် မဟုတ်မမှန် ပြောဆိုမည်၊ ချစ်ခင်ကျွမ်းဝင်သူတို့အကြားတွင် မေတ္တာပျက်ယွင်းစေမည့် ကုန်းချောစကားကို ပြောဆိုမည်၊ ရန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုမည်၊ အနှစ်သာရမဲ့ သေးသိမ်ပြိန်ဖျင်းသော စကားကို ပြောဆိုမည်ဆိုသော် ထိုဝစီကံမှုတို့သည် မကောင်းမှု ဒုစရိုက် ဖြစ်ပါသည်။ အကုသိုလ်ကို ဖြစ်ပွားစေပြီး မကောင်းကျိုးကိုသာ ပေးမည် ဖြစ်ပါသည်။

ထိုနည်းအတူပင် လူတို့ ပြုလေသမျှ ကာယကံမှုသည်လည်း သုစရိုက် ဖြစ်လျှင်ဖြစ်မည်။ သုစရိုက်မဖြစ်လျှင် ဒုစရိုက်ဖြစ်ပေမည်။ သက်ရှိသတ္တဝါတို့၏ အသက်နှင့် ခန္ဓာကိုယ်ကို ကိုယ်ချင်းစာစိတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်မည်။ သူတစ်ပါး ပစ္စည်းဥစ္စာကို မတရားသဖြင့် ရယူမှုမပြုဘဲ နေမည်။ သူတစ်ပါး၏ ဇနီးမယားအပေါ်တွင် ပြစ်မှားမှုမပြုဘဲ နေမည်ဆိုလျှင် ထိုကာယကံမှုများသည် ကောင်းမှုသုစရိုက်တွေချည်း ဖြစ်ပါ၏။ ထိုသို့မဟုတ်ပါလျက် သက်ရှိသတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်မည်၊ သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းတို့ကို ခိုးယူမည်၊ သူတစ်ပါး၏ ဇနီးမယားကို ပြစ်မှားကျူးလွန်မည်ဆိုသော် ထိုကာယကံမှုတို့သည် မကောင်းမှုဒုစရိုက်တွေချည်း ဖြစ်ပါ၏။

ယေဘုယျအားဖြင့် တချို့သူများက ဝစီကံမကောင်းမှု၊ ကာယကံမကောင်းမှုတို့သည် မျက်စိဖြင့် မြင်ရသောအရာများ ဖြစ်သောကြောင့် မကောင်းမှုပြုရာတွင် ကာယကံမှုသည်သာ အဓိကအကျဆုံး၊ အပြစ်အကြီးဆုံးဟု ထင်မှတ်ယူဆတတ်ကြပါသည်။ စင်စစ် ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးတွင် မနောကံသည် အကြီးအမှူး အဦးအဆောင် ဖြစ်ပါသည်။ မနောကံဟူသော စိတ်၏ဦးဆောင် စေ့ဆော်စေခိုင်းသည့်အတိုင်း ဝစီကံ၊ ကာယကံတို့က လိုက်ပါဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။ ပြုလေသမျှ ကာယကံမှု၊ ဝစီကံမှုတို့သည် သူတို့သဘောနှင့်သူတို့ ပြုမူပြောဆိုနေခြင်း မဟုတ်လေပါ။ စိတ်က ညွှန်ကြားစေခိုင်းသည့်အတိုင်း လိုက်နာဆောင်

ရှက်နေရခြင်းသာ ဖြစ်ပါ၏။

စိတ်သိမ်မွေ့ယဉ်ကျေးလျှင် ကာယကံလည်း ယဉ်ကျေးသိမ်မွေ့သည်။ ဝစီကံလည်း ယဉ်ကျေးသိမ်မွေ့သည်။ စိတ်ကြမ်းတမ်းခက်ထန်လျှင် ကာယကံလည်း ကြမ်းတမ်းခက်ထန်သည်။ ဝစီကံလည်း ကြမ်းတမ်းခက်ထန်သည်။ စိတ်တည်ငြိမ်အေးချမ်းလျှင် ကာယကံလည်း တည်ငြိမ်အေးချမ်းသည်။ ဝစီကံလည်း တည်ငြိမ်အေးချမ်းသည်။ စိတ်၏စွမ်းအင်နှင့် ပတ်သက်၍ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်တွင် မြတ်စွာဘုရားက ဤသို့ဟောကြားတော်မူခဲ့ပါသည်။

"လောကကို စိတ်သည် ဖြစ်အောင် ဆောင်တတ်၏။ ဖျက်လည်း ဖျက်ဆီးတတ်၏။ လောကကို စိတ်သည် ပြုပြင်၏။ စိတ်ဟုဆိုအပ်သော တစ်ခုတည်းသောအရာ၏အလိုသို့ အလုံးစုံသောတရားတို့သည်ပင် အစဉ်လိုက်ကြရကုန်၏"

ကာယကံ မကောင်းမှုဖြစ်စေ၊ ဝစီကံ မကောင်းမှုဖြစ်စေ၊ မနောကံ မကောင်းမှုဖြစ်စေ ယင်းတို့ကို ဖြစ်ပေါ်စေသည့် အရင်းခံတရားခံမှာ အကုသိုလ် စေတသိက်များ ဖြစ်ပါသည်။ မူလက ပကတိဖြူစင်နေသော စိတ်ထဲသို့ လောဘစေတသိက် ဝင်လာသော် 'လောဘစိတ်' ဖြစ်လာသည်။ သူတစ်ပါး ဥစ္စာပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါး ဥစ္စာပစ္စည်းကို လိမ်လည်ရယူခြင်း၊ အကြမ်းဖက် လုယက်ခြင်း စသည့် ကာယကံ မကောင်းမှုတို့ကို မွေးဖွားပေးသောအရာမှာ ဝိသမလောဘ စေတသိက်၏ ခြယ်လှယ်ခြင်းခံရသော 'လောဘစိတ်' ကြောင့် ဖြစ်ပါ၏။

ထို့အတူပင် စိတ်ထဲသို့ ဒေါသစေတသိက် ဝင်လာသောအခါ ဒေါသစိတ် ဖြစ်လာပါသည်။ ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးပုတ်ခတ်ခြင်း၊ ထိုးကြိတ်သတ်ပုတ်ခြင်း၊ လူသတ်ခြင်း၊ သူတစ်ပါး၏ ဥစ္စာပစ္စည်း၊ အိုးအိမ်တို့ကို မီးရှို့ဖျက်ဆီးခြင်း စသော ကာယဒုစရိုက်၊ ဝစီဒုစရိုက်မှုများ၏ အရင်းခံ လက်သည်မှာ 'ဒေါသစိတ်' ပင် ဖြစ်ပါ၏။ စိတ်ထဲသို့ ဒေါသစေတသိက် ဝင်ရောက်ခြင်းမရှိလျှင် ကြမ်းတမ်းစွာ ဆဲရေးပုတ်ခတ်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်း စသော ကာယကံမြောက် ဒုစရိုက်မှုများ ဖြစ်ပွားစရာ အကြောင်းမရှိပါချေ။

စိတ်ထဲသို့ မောဟစေတသိက် ဝင်ရောက်လာသောအခါ မောဟစိတ် ဖြစ်လာသည်။ မောဟကြောင့် မလုပ်သင့်တာတွေကို လုပ်မိသည်။ အကျိုးစီးပွားတွေ ဆုံးရှုံးနစ်နာစေသော အမှားမှားအယွင်းယွင်းတွေကို လုပ်ကိုင်ဆောင်ရွက်မိတတ်သည်။ မပြောသင့်၊ မပြောထိုက်တာတွေကို ပြောဆိုမိတတ်သည်။ မလုပ်သင့်၊ မလုပ်ထိုက်တာတွေကို လုပ်သော ကာယကံမှု၏ နောက်ကွယ်တွင်လည်းကောင်း၊ မပြောသင့် မပြောထိုက်တာတွေကို ပြောသော ဝစီကံမှု၏ နောက်ကွယ်တွင်လည်းကောင်း မောဟစိတ်က ဦးဆောင်စေခိုင်း ညွှန်ကြားလျက်ရှိပါ၏။

မည်သည့် မကောင်းမှုဒုစရိုက်ဖြစ်စေ၊ မကောင်းသော စိတ်စေတသိက်တို့မှ ဖြစ်တည်အရင်းခံလာသောကြောင့် အထက်ပါအဆုံးအမတော်တွင် မြတ်စွာဘုရားက မကောင်းမှု ဖြစ်ပေါ်ရာ၌ "မနောကံသည်သာ အပြစ်အကြီးဆုံး" ဟူ၍ မိန့်တော်မူခဲ့ခြင်း ဖြစ်ပါ၏။ သို့ဖြစ်သောကြောင့် မကောင်းသော ကံသုံးပါး မဖြစ်စိမ့်သောငှာ မိမိ၏ စိတ်ကို စွမ်းနိုင်သမျှ ဓမ္မအသိများနှင့် ထိတွေ့ထုံမွမ်းပေးရန် လိုပါသည်။ မှန်ကန်မြင့်မြတ်သော ဉာဏ်ပညာ၊ အတွေးအခေါ်တို့ ပေးစွမ်းသော ဓမ္မစာပေ၊ သုတ ရသစာပေများကို ဖတ်ရှုလေ့လာရန် လိုပါသည်။ မိမိ၏ စိတ်ကို စွမ်းနိုင်သမျှ တည်ငြိမ်အောင်၊ အေးချမ်းအောင်၊ ကောင်းမွန်အောင်၊ ရှင်လန်းချမ်းမြေ့အောင် စောင့်ရှောက်ထိန်းသိမ်းကြရမည် ဖြစ်ပါသည်။

❑

## ရဟန်းပြုခြင်းသည် အများအတွက်

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့ပုဏ္ဏား ဟူသည်မှာ မိမိကိုယ်တိုင်လည်း ယစ်ပူဇော်ပါ၏။ သူတစ်ပါးတို့အားလည်း ယစ်ပူဇော်စေပါ၏။ ဤသို့လျှင် ပုဏ္ဏားတို့သည် အများအတွက် အကျင့်ကို ကျင့်ပါကုန်၏။ အရှင်ဂေါတမ၊ ရဟန်းတို့သည်ကား မိမိတစ်ကိုယ်တည်းကို ဆုံးမ၏။ မိမိတစ်ကိုယ်တည်းကို ငြိမ်သက်အေးချမ်းစေ၏။ မိမိတစ်ကိုယ်တည်းကို ကိလေသာ ငြိမ်းစေ၏။ ဤသို့လျှင် ရဟန်းတို့သည် တစ်ကိုယ်ကောင်း အကျင့်ကို ကျင့်ကုန်၏"

ဤစကားစုသည် သင်္ဂါရဝပုဏ္ဏားက မြတ်စွာဘုရားကို လျှောက်ထားသော စကားစုဖြစ်၏။ 'လျှောက်ထားသည်' ဟုဆိုခြင်းထက် ဗုဒ္ဓဝါဒကို စွပ်စွဲပြောဆိုလာခြင်းဟုဆိုလျှင် ပို၍ မှန်ကန်ပေမည်။ မြတ်စွာဘုရားသည် ပုဏ္ဏား၏ စွပ်စွဲပြောဆိုချက်ကို ဖြေရှင်းတော်မူ၏။ ထိုပုဏ္ဏား ပြောကြားသည့် စကားစုနှင့် လျော်ညီသော မေးခွန်းကိုမေး၍ ဖြေရှင်းတော်မူ၏။

"ပုဏ္ဏား၊ သင့်ကို ငါမေးမည်။ သင် နှစ်သက်သလိုသာ ဖြေပါလေ။ သင် သိမြင်သဘောရသလို ဖြေပါလေ"

"ဤလောက၌ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်သော မြတ်စွာဘုရားသည် သစ္စာလေးပါး တရားမြတ်ကို ကိုယ်တိုင်သိမြင်လျက် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် အို–အချင်းတို့ လာကြကုန်လော့။ ဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်သည့် အကျင့်လမ်းစဉ်ကို ဟောကြားမည်" ဟု ဖိတ်ခေါ် မြွက်ကြား၏။ အကျင့်လမ်းစဉ်တရားကိုလည်း ဟောကြား၏။ ဟောကြား

သည့်အတိုင်း အကျင့်လမ်းစဉ်ကို လိုက်နာကျင့်သုံးသူတို့သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ကာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုလျက် ရှိကြကုန်၏။ အသိန်းအသန်းမက များစွာသော သူတို့သည် ဆင်းရဲခြင်းမှ လွတ်ကင်းလျက် ချမ်းသာခြင်းကို ရရှိနေကြ၏။ အို... ပုဏ္ဏား၊ ရဟန်းပြုခြင်းသည် မိမိတစ်ကိုယ်ကောင်းအကျင့် မည်သလော၊ အများအတွက်အကျင့် မည်သလော"

"အရှင်ဂေါတမ၊ ဤသို့ဖြစ်လျှင် ရဟန်းပြုခြင်းသည် တစ်ကိုယ်ကောင်းအကျင့် မမည်ပါ။ အများအတွက် အကျင့် မည်ပါ၏"

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ ဗြာဟ္မဏဝဂ်၊ သင်္ဂါရဝသုတ်)

[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (လေးမြိုင်)၊ စာ–၁၉၄/၁၉၅]

* ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်
လူတော်အများ၊ စိတ်ကောင်းထားလည်း
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။

* ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

* ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို
ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့
အမြတ်ရတနာ၊ သာသနာ၏
နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ။

ကျေးဇူးတော်ရှင် အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ အထက်ပါကဗျာမှာ မြတ်စွာဘုရား၏ အနှိုင်းမဲ့ကျေးဇူးတော်ကို ဖော်ညွှန်းရေးသားထားပါသည်။ မြတ်စွာဘုရားသည် မဟာကရုဏာရှင် ဖြစ်တော်မူပါသည်။ သတ္တဝါဝေနေယျတို့အပေါ် အနှိုင်းမဲ့ကရုဏာထားတော်မူပါသည်။ ဘုရားအဖြစ် ရောက်ရှိပြီး သတ္တဝါဝေနေယျတို့၏ အကျိုး

စီးပွားကို ဆောင်တော်မူနိုင်ရန်အလို့ငှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရပါ၏။

အကယ်၍ ဘုရားအလောင်းတော်သည် သံသရာမှ တစ်ကိုယ်ရေ လွတ်မြောက်ရေး အတွက်သာဆိုလျှင် ဤမျှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူရမည် မဟုတ်ပါချေ။

ဘုရားအလောင်းတော်ဘဝတွင် များပြားလှသော ပါရမီတော်များကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီးနောက် သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်အဖြစ် ရောက်တော်မူသောအခါတွင်လည်း သတ္တဝါဝေနေယျတို့၏ အကျိုးစီးပွားအတွက် အပင်ပန်းခံ၍ မနားမနေ ဆောင်ရွက်တော်မူခဲ့ပါသည်။ အမှန်စင်စစ် ဗုဒ္ဓအဖြစ် ရောက်ရှိပြီးသောအခါ ဘုရားရှင်အနေဖြင့် သူ၏တစ်ကိုယ်ရေ အကျိုးစီးပွားအတွက် ပြုဖွယ်ကိစ္စ မရှိတော့ပြီ။ အချိန်တိုင်းတွင် ဖလသမာပတ်ဝင်စားလျက် ငြိမ်းအေးချမ်းသာစွာ နေလိုက နေနိုင်ပေပြီ။ သို့တစေ ဘုရားရှင်သည် သူ၏မဟာကရုဏာတော်ဖြင့် လောက၏ အကျိုးစီးပွား၊ သတ္တဝါဝေနေယျတို့၏ အကျိုးစီးပွားအတွက် မနားမနေ ဆောင်ရွက်တော်မူခဲ့ပါ၏။ မြတ်ဗုဒ္ဓ၏ တစ်နေ့တာ ဆောင်ရွက်မှုများကို လေ့လာကြည့်သော် မြတ်စွာဘုရားသည် ကမ္ဘာပေါ်တွင် အလုပ်လုပ်ဆုံး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ချိန်တိုင်ပြီဆိုလျှင် ထိုသူ့ထံသို့ တကူးတက ကြွရောက်လျက် တရားရေအေး တိုက်ကျွေးဆုံးမတော်မူပါ၏။

မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွား၊ တမလွန် အကျိုးစီးပွားအတွက် ဓမ္မဒေသနာတော်များကို အရပ်ဒေသများစွာသို့ ဒေသစာရီကြွချီလျက် ဟောကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဒေသနာတော်များကို နာကြားရသောကြောင့် လူတို့အနေဖြင့် မည်သည့်အမှုများကို ကြံစည်ပြောဆို ဆောင်ရွက်လျှင် ကုသိုလ်ကောင်းမှု ဖြစ်သည်၊ မည်သို့သော ကောင်းကျိုးတွေကို ရရှိခံစားရမည်ဟူ၍လည်းကောင်း၊ မည်သည့်အမှုများကို ကြံစည်ပြောဆို ဆောင်ရွက်လျှင် အကုသိုလ် မကောင်းမှု ဖြစ်သည်။ မည်သို့သော မကောင်းကျိုးတွေကို

ရရှိခံစားရမည်ဟူ၍လည်းကောင်း၊ လောဘ၊ ဒေါသ၊ မောဟ စသည်တို့သည် အကုသိုလ်စေတသိက်များ ဖြစ်သည်ဟူ၍လည်းကောင်း၊ မည်သည့်စေတသိက်များသည် ကုသိုလ်စေတသိက်များ ဖြစ်သည်ဟူ၍လည်းကောင်း၊ မည်သည့် အကျင့်စရိုက်များသည် နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း အကျင့်ဟူ၍လည်းကောင်း၊ မည်သည့်အကျင့်စရိုက်များသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဒုဂ္ဂတိဘုံသို့ ရောက်ကြောင်း အကျင့်ဟူ၍လည်းကောင်း၊ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ လင်နှင့် မယား၊ ဆရာနှင့် ဒကာတို့ အပြန်အလှန် ကျင့်ဆောင်ရမည့် ဝတ္တရားများကား ဤအရာများ ဟူ၍လည်းကောင်း၊ ဒါနပြုလျှင် ဤသို့နှလုံးသွင်း၊ ဤသို့ဆောင်ရွက်ဟူ၍လည်းကောင်း၊ သီလ ဆောက်တည်လျှင် ဤသို့နှလုံးသွင်း၊ ဤသို့ဆောင်ရွက်ဟူ၍ လည်းကောင်း၊ ဝိပဿနာ၊ ဘာဝနာ တရားအားထုတ်လျှင် ဤသို့နှလုံးသွင်း၊ ဤသို့ကျင့်ကြံအားထုတ်ဟူ၍ လည်းကောင်း ရှင်းရှင်းလင်းလင်း ပီပီပြင်ပြင် သိမြင်နားလည် သဘောပေါက်ကြရသည်။

ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့သည်မှာ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်လွန်ခဲ့ပေပြီ။ မြတ်စွာဘုရား သက်ရှင်ထင်ရှားမရှိစေကာမူ ဘုရားရှင်က ကိုယ်တော်စား ထားချန်ရစ်ခဲ့သော ပိဋကတ်သုံးပုံဟူသော ဓမ္မနှင့်ဝိနယမှာ မူရင်းမပျက်၊ ပကတိအရှိအတိုင်း သန့်သန့်ရှင်းရှင်း၊ ဝင်းဝင်းလက်လက် တည်ရှိနေပါ၏။ ဤသို့တည်ရှိနေခြင်းမှာ မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်တော်မူသော သံဃာတော်အရှင်မြတ်ကြီးများ၏ ကျေးဇူးတော်ကြောင့် ဖြစ်ပါ၏။ ထေရဝါဒီ ထေရ်အရှင်မြတ်ကြီးများသည် သင်္ဂါယနာခြောက်တန်တင်လျက် မြတ်စွာဘုရား၏ တရားဓမ္မများကို ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြပါသည်။

သံဃာတော် အရှင်သူမြတ်များသည် မြတ်စွာဘုရား၏ တရားဓမ္မများကို သင်အံခြင်း၊ ရွတ်ဖတ်ခြင်း၊ သင်ကြားပို့ချခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း စသော ဂန္ထဓုရတာဝန်များကို ရှုပ်ရှုပ်ချွံချွံ ကြိုးကြိုးစားစား ထမ်းဆောင်တော်မူခဲ့ပါသည်။ မိမိကိုယ်တိုင် စွမ်းစွမ်းတမံ ဆည်းပူးသင်ကြားခဲ့ရသော မြတ်စွာဘုရား၏ တရားဓမ္မများကို မိမိတစ်ကိုယ်တည်း သိတတ်ရုံမျှ

မဟုတ်မူလျက် ဗုဒ္ဓဘာသာဝင်များကို တရားဓမ္မများ ဟောပြောခြင်း၊ ဓမ္မစာပေကျမ်းဂန်များ ပြုစုရေးသားခြင်းတို့ဖြင့် ဘုရားရှင်၏ သစ္စာဓမ္မများကို ပြန့်ပွားအောင် အားထုတ်ဆောင်ရွက်ကြပါသည်။

စာသင်တိုက်၏ နေ့စဉ်နှင့်အမျှ ထမ်းဆောင်နေသော 'အချိန်ဇယားများ' ကို လေ့လာကြည့်သော် စာသင် စာချ ဆရာတော်များ၊ စာသင်သားသံဃာတော်များသည် အချိန်ကို အလဟဿ၊ အချည်းနှီး မကုန်ဆုံးစေမူ ဂန္ထဓူရ တာဝန်ကို ထမ်းဆောင်နေကြောင်း သိသာထင်ရှားလှပါ၏။ လူဝတ်ကြောင် အများစု အိပ်ကောင်းနေချိန် နံနက် ၄ နာရီက စတင်ခဲ့သော အချိန်ဇယားသည် ည ၁၀ နာရီ၊ ၁၁ နာရီမှသာ အဆုံးသတ်ပေသည်။ ပါဠိဘာသာဖြင့် ရေးသားထားသော ပရိယတ္တိစာပေများကို တော်တန်ရုံ ဖွဲ၊ လုံ့လဖြင့် မတတ်မြောက်နိုင်ပါ။ ဤသို့ အပင်ပန်းခံ၍ နှစ်ရှည်ကြာစွာ သင်အံဆည်းပူး တတ်သိလာသော ဗုဒ္ဓ၏တရားဓမ္မများကို ဒကာ၊ ဒကာမတို့ သိရှိသဘောပေါက်စိမ့်သောငှာ တရားဟောခြင်း၊ စာပေကျမ်းဂန်များ ပြုစုခြင်းတို့ဆောင်ရွက်ကြပါသည်။

သံဃာတော် အရှင်သူမြတ်များသည် မိမိတစ်ကိုယ်ရေ တတ်သိနေရုံဖြင့် ကျေနပ်နေတော် မမူပါ။ ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမတို့၏ အကျိုးစီးပွားအတွက် ကြောင့်ကြမဲ့နေတော် မမူပါ။ ဂန္ထဓူရဝန်ဆောင် ဆရာတော်များသာလျှင် ဒကာ၊ ဒကာမတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်တော်မူကြသည် မဟုတ်ပါ။ ဝိပဿနာဓူရဝန်ဆောင် ဆရာတော်များသည်လည်း မိမိတို့ ကျင့်ကြံအားထုတ်သော ဝိပဿနာကျင့်စဉ်များကို ယောဂီတို့အား သင်ကြားပြသခြင်းအားဖြင့် ဒကာ၊ ဒကာမတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူကြပါသည်။ ထို့ကြောင့်လည်း ဘုရားရှင်က သိင်္ဂါလဝပုဏ္ဏားအားရဟန်းပြုခြင်းသည် တစ်ကိုယ်တော် အကျင့်မဟုတ်၊ အများအတွက် အကျင့်ဖြစ်ကြောင်း ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။

❑

# မြတ်ဗုဒ္ဓ၏ စကားတော်နှင့် သာသနာငါးထောင်

"အရှင်ဂေါတမ၊ မေးလျှောက်ပါရစေ။ ခွင့်ပြုတော်မူပါ။ ဤလောကၠ ကျော်စောထင်ရှားသော ဂိုဏ်းဆရာကြီးများ ရှိပါကုန်၏။ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ ဗေလဋ္ဌသဉ္စယ၊ နိဂဏ္ဌနာဋပုတ္တတို့ ဖြစ်ပါကုန်၏။ ထိုပုဂ္ဂိုလ်ကြီးတို့သည် မိမိတို့ ဝန်ခံသည့်အတိုင်း တရားကို သိကြပါကုန်သလား၊ သို့မဟုတ် မသိကြဘူးလား၊ သို့တည်းမဟုတ် တချို့က သိ၍ တချို့က မသိ ဖြစ်ကြပါကုန်သလား။ တပည့်တော်အား ခွဲခြားပေးတော်မူပါ ဘုရား" ဟူ၍ သုဘဒ္ဒက လျှောက်ကြားလေသည်။

"အချင်းသုဘဒ္ဒ၊ ဤစကားများကို ထားလိုက်စမ်းပါ။ မေးမနေပါနှင့်။ သင့်အတွက် အရေးကြီးသည်ကိုသာလျှင် ငါ ပြောကြားပါမည်။ ကောင်းစွာ နားထောင်လိုက်စမ်းပါ" ဟူ၍ မြတ်စွာဘုရားက ပြန်လည်မိန့်ကြားလေသည်။

အလွန်အရေးကြီးလှသော အချိန်ပိုင်းကလေး၌ သုဘဒ္ဒအတွက် အမှန်တကယ် အကျိုးရှိမည့် စကားကိုသာလျှင် မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

"သုဘဒ္ဒ၊ အကြင်သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်တရား မရှိငြားအံ့။ ထိုသာသနာ၌ သောတာပန်ပုဂ္ဂိုလ်လည်း မရှိ၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း မရှိသည်သာတည်း။

သုဘဒ္ဒ၊ အကြင်သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်တရား ရှိငြားအံ့။ ထိုသာသနာ၌ သောတာပန်ပုဂ္ဂိုလ်လည်း ရှိပေ၏။ သကဒါဂါမ်

ပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း ရှိသည်သာတည်း။

သုဘဒ္ဒ၊ ငါဘုရား၏ သာသနာတော်၌ အရိယာမဂ်တရားသည် ရှိ၏။ ဤသာသနာတော်၌သာလျှင် သောတာပန်ပုဂ္ဂိုလ် ရှိပေ၏။ သကဒါဂါမိပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့ ရှိပေ၏။

**သုဘဒ္ဒ၊ တရားကို သိမြင်သော ထိုပုဂ္ဂိုလ်တို့သည် အဆင့်ဆင့် ဟောပြောလျက် နေကုန်ငြားအံ့။ ဤလောက၌ ရဟန္တာတို့ မဆိတ်သုဉ်းကုန်။**

**သုဘဒ္ဒ၊ ငါဘုရား ဟောကြားသည့် တရားကို သိမြင်သော ပုဂ္ဂိုလ်မြတ်တို့ ရှိငြားအံ့။ ထိုပုဂ္ဂိုလ်မြတ်တို့သည် အဆင့်ဆင့်အားဖြင့် ဟောကြားလျက်ရှိနေငြားအံ့။ ဤလောက၌ ရဟန္တာတို့ မဆိတ်သုဉ်းပေရာ၊ မကွယ်ပျောက်ပေရာ"**

သုဘဒ္ဒပရိဗိုဇ်သည် ဤမျှသော တရားစကားကို ကြားနာရလျှင် သဘောသက်ဝင်လျက် လွန်စွာနှစ်သက်ကျေနပ်ခြင်း ဖြစ်သွားလေ၏။ ထို့ကြောင့် မြတ်စွာဘုရားထံ ရဟန်းအဖြစ် တောင်းခံ၍ ဗုဒ္ဓ၏ လမ်းစဉ်ကို ဆက်လက်ကျင့်သုံးလေသည်။ မကြာမီပင် တရားထူး ဉာဏ်အမြင်ကို ရ၍ ရဟန္တာ အရှင်သုဘဒ္ဒအဖြစ်သို့ ရောက်ရှိလေသည်။

အရှင်သုဘဒ္ဒသည် ဗုဒ္ဓမြတ်စွာ၏ နောက်ဆုံးဝေနေယျပေတည်း။ ဗုဒ္ဓ ထင်ရှားရှိစဉ်၌ နောက်ဆုံး ကယ်တင်လိုက်သော ပုဂ္ဂိုလ်ပေတည်း။

**(ဒီဃနိကာယ်၊ မဟာဝဂ်ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်)**

**[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ(လေးမြိုင်)၊ စာ-၃၄/၃၅]**

အထက်ပါ သုဘဒ္ဒပရိဗိုဇ်က မေး၍ မြတ်စွာဘုရား၏ ဖြေကြားတော်မူချက်ကို ဖတ်ရှုရသောအခါ ယေဘုယျအားဖြင့် အများစုက ယုံကြည်လက်ခံနေသော ဗုဒ္ဓသာသနာတော်သည် နှစ်ငါးထောင်သာ တည်တံ့မည်ဟူသော သာသနာငါးထောင်ဝါဒနှင့် အထက်ပါ မြတ်စွာဘုရား၏ မိန့်တော်မူချက်မှာ ခြားနားလျက်ရှိကြောင်း အလေးအနက် သက်ဝင်ဆင်ခြင်မိပါသည်။

သုဘဒ္ဒပရိဗိုဇ်အား မြတ်စွာဘုရား မိန့်ကြားသော စကားသည် ပရိနိဗ္ဗာန်စံဝင်ခါနီး ပြောကြားသောစကား ဖြစ်ပါ၏။ ထိုစကားကို မိန့်တော်မူပြီးနောက် ညီတော်အာနန္ဒာအား မိန့်ကြားတော်မူသော စကားသည် ဘုရားရှင်၏ နောက်ဆုံးစကား ဖြစ်ပါ၏။ ဒီဃနိကာယ်၊ မဟာဝဂ်ပါဠိတော်၊ မဟာ

ပရိနိဗ္ဗာနသုတ်တွင် ပါရှိသောစကား ဖြစ်သောကြောင့် ဗုဒ္ဓ၏ဝစနအစစ် အမှန်ဖြစ်ကြောင်း စဉ်းငယ်မျှ ယုံမှားစရာ မလိုပါချေ။ သို့ဆိုသော် ဗုဒ္ဓသာသနာတော်သည် နှစ်ငါးထောင်သာ တည်တံ့မည်ဆိုသော 'သာသနာငါးထောင်ဝါဒ' သည် အဘယ်က မြစ်ဖျားခံလာပါသနည်း။ လက်လှမ်းမီသမျှ လေ့လာသောအခါ ဤသို့တွေ့ရှိရပါသည်။

စင်စစ် သီဟိုဠ် (သီရိလင်္ကာ) ဖြစ် မဟာဝံသပါဠိနှင့် ဒီပဝံသပါဠိ ကျမ်းနှစ်ကျမ်းမှ စတင်၍ သာသနာငါးထောင်ဝါဒ မြစ်ဖျားခံလာခဲ့ခြင်း ဖြစ်ပါသည်။ မဟာဝင်စာကိုယ်၊ တတိယအပိုင်း သတ္တမဂါထာ၌ –

"အရှင်မဟာကဿပ မထေရ်သည် ဘုရားရှင်၏ သာသနာတော်ကြီးကို အနှစ်ငါးထောင်ကြာသမျှ ကာလပတ်လုံး (ဝါ) နှစ်ပေါင်းငါးထောင်ကြာသည့်တိုင်အောင် ဖြစ်ပွားစေခြင်း၌ စွမ်းနိုင်အောင် ပြုတော်မူခဲ့ပေ၏" ဟူ၍ ပါရှိပါသည်။ မဟာဝံသကျမ်းပါ ရေးသားချက်အပေါ် အမှီပြုပြီး အဋ္ဌကထာဆရာကြီး 'အရှင်မဟာဗုဒ္ဓဃောသ' က ပါရာဇိကဝတ်သုတ် သီလက္ခန်အဋ္ဌသာလိနီ၊ အဋ္ဌကထာနိဒါန်းတို့၌ –

"အရှင်မဟာကဿပ မထေရ်မြတ်သည် အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးသခင် ဘုရားရှင်၏ သာသနာတော်ကို အနှစ်ငါးထောင် အတိုင်း အရှည် ကာလပတ်လုံး တည်အောင် ပြုလုပ်တော်မူ၏" ဟု ရေးသားခဲ့ပါသည်။

ဤသို့ မဟာဝံသကျမ်းနှင့် ဒီပဝံသကျမ်းတို့တွင် အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ စကားတွင် သာသနာနှစ်ငါးထောင် တည်အောင်ဟူသော အဓိပ္ပာယ်ကို ဖော်ပြထားသော်လည်း ပိဋကတ်တော်လာ အရှင်မဟာကဿပမထေရ် အရှင်သူမြတ်ကြီး၏ စကားတော်တွင် 'အနှစ်ငါးထောင်' ဟူ၍ မပါခဲ့ပါ။

"သူယုတ်မာတို့၏ တရား မထွန်းကားမီ၊ သူတော်ကောင်းတို့၏ တရားဓမ္မ တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ အကျင့်ပျက်မှု၊ စည်းကမ်းမဲ့မှုများ မထွန်းကားမီ၊ အကျင့်မြတ် ဝိနည်းတရားများ တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ အဓမ္မဝါဒီ ရဟန်းဆိုးများ အင်အားမကောင်းမီ၊ ဓမ္မဝါဒီ ရဟန်းကောင်းများ အင်အားမနည်းမီ ဓမ္မနှင့်ဝိနယကို သင်္ဂါယနာတင်အံ့၊ ထိုသို့ သင်္ဂါယနာ

တင်ပြီးသောအခါ၌ ရဟန်းဆိုးများ ခေါင်းထောင်နိုင်တော့မည် မဟုတ်သဖြင့် သာသနာတော် စည်ပင်ပြန့်ပွားလတ္တံ့."ဟူ၍သာ မိန့်တော်မူခဲ့ပါ၏။ သာသနာငါးထောင် တည်ရမည်ဟု လုံးဝပါရှိခြင်း မရှိပါ။

စင်စစ် 'သာသနာ နှစ်ငါးထောင်' ကို ဖန်တီးခဲ့သူများမှာ အဋ္ဌကထာဆရာများသာ ဖြစ်ပါ၏။ အဋ္ဌကထာ အသီးသီးမှာ သာသနာနှစ် ငါးထောင်ကို ပိုင်းခြားခဲ့ကြရာတွင် ကျမ်းအဆို ကွဲလွဲခြင်းများရှိကြောင်း လေ့လာသိရှိရပါသည်။

သမ္မောဟ ဝိနောဒနီ အဋ္ဌကထာတို့တွင် သာသနာအနှစ်ငါးထောင်ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

၁။ ပဋိသမ္ဘိဒါ လေးပါးရသော ရဟန္တာခေတ် တစ်ထောင်။

၂။ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာခေတ် တစ်ထောင်။

၃။ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ရဟန္တာခေတ် တစ်ထောင်။

၄။ ဈာန်မရသော ရဟန္တာခေတ် တစ်ထောင်။

၅။ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် အရိယာခေတ် တစ်ထောင်။

ပါထိကဝဂ္ဂကထာနှင့် သုတ်ပါထေယျ အဋ္ဌကထာတို့၌ သာသနာတော် အနှစ်ငါးထောင်ကို ဤသို့ ဖွင့်ဆိုခဲ့ပါသည်။

၁။ ပဋိသမ္ဘိဒါ လေးပါးရသော ရဟန္တာခေတ် တစ်ထောင်။

၂။ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာခေတ် တစ်ထောင်။

၃။ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ရဟန္တာခေတ် တစ်ထောင်။

၄။ ဈာန်မရသော ရဟန္တာခေတ် တစ်ထောင်။

၅။ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို ထိန်းသိမ်းစောင့်ရှောက်သော ရဟန္တာခေတ် တစ်ထောင်။

ဝိနယစူဠဝဂ္ဂ အဋ္ဌကထာ ဘိက္ခုနီခန္ဓက အဖွင့်တွင်မူ သာသနာတော် အနှစ်ငါးထောင်ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

၁။ ပဋိသမ္ဘိဒါလေးပါးရသော ရဟန္တာခေတ် တစ်ထောင်။

၂။ ဈာန်မရသော ရဟန္တာခေတ် တစ်ထောင်။

၃။ အနာဂါမ်ခေတ် တစ်ထောင်။

၄။ သကဒါဂါမ်ခေတ် တစ်ထောင်။

၅။ သောတာပန်ခေတ် တစ်ထောင်။

အထက်ပါ အဋ္ဌကထာလာ ပိုင်းခြားကန့်သတ်ချက် သုံးဝါဒကို သဘောတူရာ ပေါင်းစပ်၍ ထုတ်နုတ်ယူသော် 'သာသနာနှစ် ရှစ်ထောင်' ဖြစ်သွားသည်ကို တွေ့ရှိရပါသည်။

သာသနာတော် အနှစ်ငါးထောင်သာ တည်တံ့မည်ဆိုသော စကားကို အလေးအနက် ဆင်ခြင်သုံးသပ်လျှင် ဤသို့ တွေ့ရှိနိုင်ပါသည်။

၁။ သာသနာတော်သည် အနှစ်ငါးထောင် မပြည့်မချင်း တည်နေမည်ဖြစ်ရာ ယခုအခါ သာသနာနှစ် နှစ်ထောင့်ငါးရာကျော်သာ ရှိသေးသောကြောင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန် အားထုတ်စရာမလို ဟူသောသဘော သက်ရောက်လျက်ရှိသည်။

၂။ သာသနာတော် အနှစ်ငါးထောင်ကျော်လွန်သော် ကေန်ပျောက်ကွယ်မည်ဖြစ်ရာ ထိုအနှစ်ငါးထောင်ထက်ပို၍ ကျော်လွန်အောင် မည်သူကမျှ၊ မည်သို့မျှ ဖန်တီး၍ မရနိုင်ပါ။

အမှန်တော့ သာသနာဟူသည် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်သူ ရဟန်းရှင်လူတို့၏ အစွမ်းဖြင့် အရှည်တည်တံ့ ပြန့်ပွားနိုင်ပေသည်။

ကျေးဇူးတော်ရှင် ထီးချိုင့်မြို့တည်တော ဆရာတော်ကြီးက "သာသနာငါးထောင်ဟူသော စကားသည် ဘုရားဟောပါဠိတော်၌ မရှိပါ" ဟု မိန့်တော်မူပါသည်။

ဘဒ္ဒန္တတိလောကသာရ ဆရာတော်ကလည်း "သာသနာငါးထောင်ဟူသော စကားသည် ဘုရားဟောစကား အတိအကျ မဟုတ်။ အဋ္ဌကထာအရှင်များ၊ သင်္ဂါယနာတင် ရဟန္တာအရှင်များ၏ စကားလည်း မဟုတ်ပါ" ဟု ရေးသားတော်မူခဲ့ပါ၏။

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီးကလည်း "သာသနာဆိုတာ 'နှစ်' ကို မခေါ်၊ 'အဆုံးအမ' ကို ခေါ်တာပဲ ဆိုတဲ့အချက်ကို သိကြရမယ်။

ဟောတဲ့အတိုင်း လိုက်နာကြ၊ ကျင့်ကြံအားထုတ်ကြလို့ ဆိုတာက သာသနာပဲ။ **သာသနာငါးထောင်ဆိုတဲ့ စကားတွေဟာ သာသနာမဟုတ်၊ ရှင်းကြရဲ့လား။** ဘုရားရှင် ဟောထားတဲ့ စကားတော်အတိုင်း၊ အဆုံးအမအတိုင်း လိုက်နာမှု၊ မလိုက်နာမှုအပေါ်မှာသာ သာသနာတည်တယ်ဆိုတာ အဲဒါပဲ။ ရှင်းကြပြီလား" ဟု မိန့်တော်မူခဲ့ပါ၏။

ဤမျှဆိုလျှင် ဘုရားရှင် ဟောတော်မမူခဲ့သော "သာသနာနှစ်ငါးထောင်သာ တည်တံ့မည်"(တစ်နည်း) သာသနာငါးထောင် ဝါဒအပေါ် မည်သို့သဘောထားရမည်ဟူသော အချက်သည် ရှင်းလင်းပြတ်သားသွားလိမ့်မည် ထင်ပါသည်။

□

## နတ်၊ ပြိတ္တာတို့၏ အစည်းအဝေး၌ ဟောကြားသော သုတ်

ဤကာလဟာဝိဝါဒသုတ်သည် ကပိလဝတ်ပြည်၊ မဟာဝုန်တော အတွင်း နတ်၊ ပြဟ္မာတို့၏အစည်းအဝေး၌ ဟောကြားသော သုတ်တစ်သုတ် ဖြစ်၏။ ဒေါသစရိုက် လွန်ကဲသော နတ်၊ ပြဟ္မာတို့အား အထူးရည်ရွယ် ဟောကြားခြင်းဖြစ်၍ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း စသည်တို့၏ အကြောင်း ကို နိမိတ္တဗုဒ္ဓက မေး၍ ဗုဒ္ဓမြတ်စွာ ဟောကြားသည့်ပုံစံဖြင့် ဟောကြား တော်မူခဲ့ပေသည်။

**အမေး-၁ ။** ။ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊ ဝန်တိုခြင်း၊ မာနထောင်လွှားခြင်း၊ သူတစ်ပါးကို မထီမဲ့မြင် ပြုခြင်း၊ ကုန်းတိုက်ခြင်းတို့သည် ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်သနည်း။

**အဖြေ-၁ ။** ။ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း စသော တရားရှစ်ပါးတို့သည် ချစ်ခင်နှစ်သက်ဖွယ်ဖြစ်သော ပုဂ္ဂိုလ်၊ ဝတ္ထုတို့ကြောင့် ဖြစ်ပေါ်လာကုန်၏။ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းတို့သည် ဝန်တိုခြင်းနှင့်လည်း သက်ဆိုင်ကုန်၏။ ငြင်းခုံမှု ဖြစ်ပွား လျှင် ကုန်းချောစကား ပြောကြားခြင်း ဖြစ်လာတတ်၏။

**အမေး-၂ ။** ။ လောက၌ ချင်ခင်နှစ်သက်ဖွယ်တို့သည် ဘယ်အကြောင်း ကြောင့် ဖြစ်ပေါ်လာကုန်သနည်း။လောက၌ အကြင်သူတို့ သည် အလိုလောဘ ရှိသည်ဖြစ်၍ လှည့်လည်နေကြကုန် ၏။ ထိုသူတို့၏ အလိုလောဘသည် အဘယ်အကြောင်း ကြောင့် ဖြစ်ပေါ်လာသနည်း။ နတ်၊ လူတို့၏ မိခို အားထား

ရာဖြစ်သော အကျိုးစီးပွားတို့၌ တောင့်တခြင်း၊ ပြီးပြည့်စုံခြင်းတို့သည် ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်သနည်း။

အဖြေ-၂ ။ ။ လောက၌ ချစ်ခင်နှစ်သက်ဖွယ်တို့သည် လိုချင်မှု ဆန္ဒကြောင့် ဖြစ်ကုန်၏။ လောက၌ အကြင်သူတို့သည် အလိုလောဘရှိသည်ဖြစ်၍ လှည့်လည်နေကြကုန်၏။ ထိုသူတို့၏ အလိုလောဘသည် လို ချင်ဆန္ဒကြောင့်သာ ဖြစ်၏။ နတ်၊ လူတို့၏ မှီခိုအားထားရာဖြစ်သော အကျိုး စီးပွားတို့၌ တောင့်တခြင်း၊ ပြီးပြည့်စုံခြင်းတို့သည် ဤလိုချင်ဆန္ဒကြောင့်ပင် ဖြစ်ကုန်၏။

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ကလဟဝိဝါဒသုတ်)

[မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ (ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ-၂၄၇]

ပုထုဇဉ်မှန်သမျှ လောကဓံတရား ရှစ်ပါးမှ မလွတ်ကင်းနိုင်ကြပါ။ အကောင်းလောကဓံတရားတို့နှင့် ကြုံသည့်အခါရှိသလို အဆိုးလောကဓံတရားတို့နှင့်လည်း ဆုံသည့်အခါလည်း ရှိမည်။ ဘဝတစ်လျှောက်လုံး အကောင်းလောကဓံတရားတို့နှင့်သာ ကြုံဆုံသူဟူ၍ ရှိနိုင်မည် မဟုတ်ပါ။ ပုထုဇဉ်သဘာဝ အကောင်းလောကဓံတရားတို့နှင့် ကြုံဆုံသောအခါ ကျေနပ်ကြည်နူးခြင်း၊ ဝမ်းမြောက်ဝမ်းသာရှိခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့ကို ခံစားကြရပါသည်။ အဆိုးလောကဓံတရားတို့နှင့် ကြုံဆုံသောအခါ စိတ်ဆင်းရဲခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို ခံစားကြရပါသည်။

လူ့အဖွဲ့အစည်းဝင်ဖြစ်သော လူသည် တခြားသူတို့နှင့် အစဉ်ထိတွေ့ဆက်ဆံနေရပါသည်။ ထိုသို့ ထိတွေ့ဆက်ဆံရာတွင် နှစ်ဦးနှစ်ဖက်ဆက်ဆံရေး အဆင်ပြေ ချောမွေ့သည်တို့ ရှိသလို အဆင်မပြေ မချောမွေ့သည်တို့လည်း ရှိပါ၏။ ထိုသို့ အဆင်မပြေသည့်အခါ တစ်ဦးနှင့်တစ်ဦး စကားအချေအတင် ဖြစ်တတ်ကြပါ၏။ အပြန်အလှန် ငြင်းခုံတတ်ကြပါ၏။ စိတ်မထိန်းနိုင်သူ၊ အသိဉာဏ်ရည် နိမ့်သူတို့ဆိုလျှင် စိတ်လိုက်မာန်ပါ၊ ကိုယ်ထိလက်ရောက် ထိုးကြိတ်သတ်ပုတ်သည်အထိပင် ဖြစ်တတ်ကြပါသည်။ ဤသို့ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ ထိုးကြိတ်သတ်ပုတ်ခြင်းတို့သည် ထိုသူ

တို့ ချစ်ခင်နှစ်သက်ဖွယ်ဖြစ်သော ပုဂ္ဂိုလ်၊ ဝတ္ထုတို့အပေါ် တည်မှီ၍ ဖြစ်ထွန်းလာခြင်း ဖြစ်ပါ၏။

မိမိချစ်ခင်စုံမက်နှစ်သက်သော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟတို့ကို အကြောင်းပြုလျက် ခိုက်ရန်ဖြစ်ပွားခြင်း၊ ငြင်းခုံခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ဖြစ်တတ်ပါသည်။ မိမိချစ်ခင်နှစ်သက်သူအား တခြားသူက ထိခိုက်နစ်နာအောင်လုပ်လျှင် ထိုသူနှင့် ခိုက်ရန်ဖြစ်ပွားတတ်ပေသည်။ အထူးသဖြင့် မိဘတို့သည် သားသမီးတို့အပေါ် အချစ်ကြီးမားလေရာ သားသမီးတို့၏ အကျိုးစီးပွား ဆုတ်ယုတ် ထိခိုက်အောင် ဆောင်ရွက်သူတို့နှင့် ဖက်ပြိုင်လျက် ငြင်းခုံရန်ဖြစ်ရမည်ကို ဝန်မလေးတတ်ပေ။ ထို့အတူ ခင်ပွန်းဖြစ်သူကလည်း မိမိ၏ ဇနီးနှင့် ပတ်သက်လာလျှင်၊ ဇနီးဖြစ်သူကလည်း မိမိ၏ခင်ပွန်းနှင့် ပတ်သက်လာလျှင် တခြားသူတို့နှင့် ဖက်ပြိုင်၍ ရန်ဖြစ်ရမည်ကို ဝန်လေးတုံ့ဆိုင်းနေခြင်း မရှိတတ်ပေ။ ဆွေမျိုးသားချင်း၊ မိတ်ဆွေ အပေါင်းအသင်းတို့နှင့် ပတ်သက်လာလျှင်လည်း ထိုနည်းအတူပင် လက်သည်းဆိတ်၊ လက်ထိပ်နာ ဆိုဘိသကဲ့သို့ ပါဝင်စွက်ဖက်တတ်ကြပေသည်။

ပုထုဇဉ်ဖြစ်သော လူတို့သည် ရုပ်ဝတ္ထုအပေါ် စုံမက်နှစ်သက်တတ်ကြသည်။ လှပဆန်းသစ်သော အသုံးအဆောင်ပစ္စည်းတို့ကို ကြိုက်မက်တတ်ကြသည်။ အဆင်အသွေးလှပပြီး အထိအတွေ့ နူးညံ့သော အဝတ်အထည်တို့ကို မက်မောတတ်ကြသည်။ ခေတ်မီအလှအပ ပစ္စည်းတို့ကို ခုံမင်တတ်ကြသည်။ တစ်အူထုံ့ဆင်း ညီအစ်မအရင်းတို့ပင် တစ်ဦး၏ပစ္စည်းကို တခြားသူက ယူငင်သုံးစွဲသောကြောင့် စကားများတတ်ကြသည်၊ ငြင်းခုံတတ်ကြသည်။ နှုတ်ခမ်းနီလေးတစ်တောင့်ကို အကြောင်းပြု၍ပင် ညီအစ်မအရင်းချင်း ရန်ဖြစ်တတ်ကြသည်။ မိမိပိုင်ပစ္စည်းကို တခြားသူတို့ သုံးစွဲဖို့ မဆိုထားဘိ၊ ယူငင်ကိုင်တွယ်ခြင်းကိုပင် မနှစ်မြို့တတ်ကြပေ။

ရုပ်ဝတ္ထုပစ္စည်းအပေါ် ခုံမင်စွဲလမ်းမှု အားကြီးလျှင် ကြီးသလောက် ဝန်တိုမှုအား ကြီးမားလာသည်။ စင်စစ် ဝန်တိုမှုသည် စိတ်အညစ်အကြေးပင် ဖြစ်ပါ၏။ ရုပ်ဝတ္ထုပစ္စည်းအပေါ် အကြောင်းပြုလျက် မိမိ၏ စိတ်ထဲ အညစ်အကြေး အဝင်ခံလိုက်ခြင်း ဖြစ်ပါသည်။ ဆိုရသော် ပြင်ပဗဟိဒ္ဓပစ္စည်း

ကြောင့် မိမိ၏ အတွင်းအစွမ်းတွေ အလုအပ ပျက်စီးသွားခြင်းပင် ဖြစ်ပါသည်။

တချို့သူတို့သည် မာန်မာန ထောင်လွှားတက်ကြွလွန်းသည်။ ငါနှင့် ငါသာ နိုင်းစရာဟု အထင်ရောက်လျက်ရှိ၏။ သူတစ်ပါးတို့အပေါ် မတူမတန်သလို ဆက်ဆံတတ်ကြသည်။ မထီမဲ့မြင်၊ မလေးမစား ပြုတတ်ကြသည်။ မိမိကိုယ်ကိုယ် အရှိပကတိထက် ပုံကြီးချဲ့လျက် ပို၍ တော်လှပြီ၊ တတ်လှပြီဟု အထင်ရောက်နေခြင်းသည် မာနပင် ဖြစ်ပါ၏။ "ငါ့လောက်တော်သူ မရှိ၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး" ဟူသော မာနသည် မိမိ၏ အကျိုးစီးပွားကို ဆုတ်ယုတ်ပျက်ပြားစေတတ်ပါ၏။ အဘယ့်ကြောင့်ဆိုသော် တခြားသူတို့၏ အမှန်းတရားကို ဖိတ်ခေါ်ကြိုဆိုသော မာနဖြစ်သောကြောင့်ပင်။ မာန်မာန ကြီးမားလာလေ၊ စိတ်နှလုံးခက်ထန်လာလေ၊ အမူအရာကြမ်းတမ်းလာလေဖြစ်ကာ လူမှုဆက်ဆံရေးတွင် ကျဆုံးလာလေပင် ဖြစ်ပါသည်။ စင်စစ် မာနသည်လည်း စိတ်ကို ညစ်ထေးစေသော အကုသိုလ်စေတသိက် ဖြစ်ပါ၏။

လူတစ်ဦးနှင့်တစ်ဦး ငြင်းခုံရန်ဖြစ်လျှင်၊ မသင့်မြတ်တော့လျှင် တစ်ဖက်သူ၏အကျိုးစီးပွားမဲ့မှုကို ဆောင်ရွက်လာတတ်သည်။ ထိုသူနှင့် ချစ်ခင်ကျွမ်းဝင်သူတို့အကြား ရှိရင်းစွဲ မေတ္တာထားမှု၊ ယုံကြည်မှုတို့ ပျက်ပြားစိမ့်သောငှာ ကုန်းချောစကားကို ဆိုတတ်ကြပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ယုံကြည်မှုသည် အဓိကကျလှပါသည်။ ယုံကြည်မှုရှိမှသာ တစ်ဦးနှင့်တစ်ဦး သံသယကင်းစွာ ပေါင်းသင်းဆက်ဆံနိုင်ပေလိမ့်မည်။ အပြန်အလှန် ယုံကြည်မှု တည်ဆောက်နိုင်မှသာ တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုနိုင်မည်၊ ကူညီရိုင်းပင်းနိုင်မည်။

ရင်းနှီးကျွမ်းဝင်နေသော မိတ်ဆွေနှစ်ဦး၏ ယုံကြည်မှုကို ဖရိုဖရဲပြိုကွဲစေသော အရာမှာ 'ကုန်းချောစကား' ပင် ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်က ပြောကြားလာသော ကုန်းချောစကားကို အလွယ်တကူယုံကြည်လိုက်လျှင် မိတ်ဆွေနှစ်ဦး၏ သဟဇာတဖြစ်မှုသည် ဝါးအစည်းပြေသည့်ပမာ ဖရိုဖရဲ ဖြစ်ကုန်တော့သည်။

အမှန်တော့ ကုန်းချောစကားဟူသည် အပြောခံရသူတို့အပေါ်တွင်သာ ဆိုးကျိုးကို ပေးဝေသည် မဟုတ်ပါလေ။ ကုန်းချောစကားဆိုသူ အပေါ်

တွင်လည်း ဆိုးကျိုးကို ပေးဝေပါသည်။ ထိုသူ၏ ကုန်းချောစကား မမှန်ကန်ကြောင်း သိသောအခါ ရင်းနှီးကျွမ်းဝင်သူနှစ်ဦး၏ အမျက်ဒေါသသည် ထိုသူအပေါ် ပြင်းထန်စွာ ကျရောက်လာချေတော့သည်။ ပတ်ဝန်းကျင်မှလည်း ကုန်းချောစကားဆိုသူအပေါ် စက်ဆုပ်ရွံရှာသွားလေတော့သည်။ စင်စစ် ကုန်းချောစကားဆိုခြင်းသည် ဝစီဒုစရိုက်မှု ဖြစ်ပါ၏။ အကုသိုလ်ဖြစ်သောကြောင့် သူ့သဘော သူဆောင်ကာ မကောင်းကျိုးကိုသာ ကျိန်းသေမုချပေးပါလိမ့်မည်။

လောက၌ ပြည့်စုံခြင်းဟူသော ဣဒ္ဓိပါဒ်လေးပါး ရှိပါသည်။ ၎င်းတို့မှာ ဆန္ဒိဒ္ဓိပါဒ် = လိုချင် တောင့်တခြင်း အမှူးပြု၍ ပြည့်စုံခြင်း၊ (၂) စိတ္တိဒ္ဓိပါဒ် = စိတ်ကို အမှူးပြု၍ ပြည့်စုံခြင်း၊ (၃) ဝီရိယိဒ္ဓိပါဒ် = လုံ့လကို အမှူးပြု၍ ပြည့်စုံခြင်း၊ (၄) ဝီမံသိဒ္ဓိပါဒ် = ပညာကို အမှူးပြု၍ ပြည့်စုံခြင်းတို့ ဖြစ်ပါ၏။ ထိုဣဒ္ဓိပါဒ်လေးပါးတွင် ဆန္ဒိဒ္ဓိပါဒ်သည် အခြေခံအကြောင်းအရာ ဖြစ်ပါ၏။

ပုထုဇဉ်မှန်သမျှ အလိုလောဘ ရှိကြသည်ချည်းသာ ဖြစ်ပါ၏။ ထိုလောဘသည် လိုအင်ဆန္ဒကြောင့်သာ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါ၏။ ရာထူးဂုဏ်ရှိန်၊ စည်းစိမ်ချမ်းသာ၊ ထင်ပေါ်ကျော်ကြားမှုတို့သည် သည်းခြေကြိုက်အရာများ ဖြစ်ပါ၏။ ရာထူးဂုဏ်ရှိန် မြင့်မားလိုလျှင်လည်း လိုအင်ဆန္ဒကို အရင်းခံရသည်။ စည်းစိမ်ဥစ္စာ ချမ်းသာချင်လျှင်လည်း လိုအင်ဆန္ဒကို အရင်းခံရသည်။ ထင်ပေါ်ကျော်ကြားမှုကို လိုချင်လျှင်လည်း လိုအင်ဆန္ဒကို အရင်းခံရသည်။ မိမိ၏ လိုအင်ဆန္ဒ ပြည့်စုံစေရန်မှာမူ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယ၊ မြင့်မားသော ဉာဏ်ပညာတို့ကို ကောင်းမွန်စွာ အသုံးချရပေလိမ့်မည်။

❐

## နတ်၊ ပြဟ္မာတို့၏ အစည်းအဝေး၌ ဟောကြားသော သုတ် (၂)

အမေး-၃ ။ ။ လောက၌ လိုချင်သော ဆန္ဒသည် ဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။ ဆုံးဖြတ်ခြင်း၊ အမျက်ထွက်ခြင်း၊ မုသားပြော ခြင်း၊ သို့လော သို့လော တွေးတော ယုံမှားခြင်းတို့သည်လည်း ဘယ်အကြောင်းကြောင့် ဖြစ်လာကုန်သနည်း။

အဖြေ-၃ ။ ။ လောက၌ လိုချင်မှုဆန္ဒသည် သာယာဖွယ်၊ မသာယာဖွယ်ကို မှီ၍ ဖြစ်ပေ၏။ လောက၌ သတ္တဝါတို့သည် ရုပ်ဝတ္ထုတို့၌ တိုးပွားခြင်း၊ ပျက်စီးခြင်းကိုမြင်၍ ဆုံးဖြတ်ခြင်းကို ပြုကြကုန်၏။ အမျက်ထွက်ခြင်း၊ မုသား ပြောခြင်း၊ သို့လော သို့လော တွေးတောယုံမှားခြင်းတို့သည်လည်း သာယာဖွယ်၊ မသာယာဖွယ်ဟူသော ဤတရားနှစ်ပါးရှိမှသာ ဖြစ်ပေါ်ကုန်၏။

အမေး-၄ ။ ။ သာယာဖွယ်၊ မသာယာဖွယ်တို့သည် ဘယ်အကြောင်းကြောင့် ဖြစ်လာကုန်သနည်း၊ တည်မြဲခြင်း အယူနှင့် ပြတ်စဲခြင်း အယူတို့၏ အကြောင်းကား အဘယ်ပါနည်း။

အဖြေ-၄ ။ ။ သာယာဖွယ်၊ မသာယာဖွယ်တို့သည် အာရုံနှင့် ထိတွေ့မှုဖဿကြောင့် ဖြစ်ကုန်၏။ ထိတွေ့မှုဖဿ မရှိသော် ဤသာယာဖွယ်၊ မသာယာဖွယ်တို့ မဖြစ်ကုန်။ တည်မြဲခြင်းအယူနှင့် မတည်မြဲခြင်း အယူတို့၏ အကြောင်းတရားမှာလည်း ဤထိတွေ့မှုဖဿပင် ဖြစ်ပေ၏။

အမေး-၅ ။ ။ အာရုံနှင့် ထိတွေ့မှုဖဿသည် ဘယ်အကြောင်းကြောင့်

ဖြစ်ပါသနည်း။ ငါ့ဟာ၊ ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်းတို့၏ အကြောင်းတရားကား အဘယ်ပါနည်း၊ ဘယ်တရား မရှိသော် ငါ့ဟာ၊ ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်း မရှိတော့ပါသနည်း။ ဘယ်အရာ ကင်းကွာသော် အာရုံနှင့်ထိတွေ့မှု ဖဿ မရှိတော့ပါသနည်း။

အဖြေ-၅ ။ ။ မြင်သိစိတ်၊ ကြားသိစိတ် နာမ်တရားကိုလည်းကောင်း၊ မျက်စိ အဆင်းစသော ရုပ်တရားကိုလည်းကောင်း အစွဲပြု၍ ထိတွေ့မှုဖဿသည် ဖြစ်ပေါ်၏။ ငါ့ဟာ၊ ငါ့ဥစ္စာဟု သိမ်းပိုက်ခြင်းတို့သည် လိုချင် နှစ်သက်မှုကြောင့် ဖြစ်ပေါ်ကုန်၏။ လိုချင်နှစ်သက်မှု မရှိသော် သိမ်းပိုက်ခြင်း မရှိတော့ချေ။ ရုပ်တရား ကင်းကွာသော် ထိတွေ့မှုဖဿသည်လည်း မရှိနိုင်တော့ပေ။

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ကလဟဝိဝါဒသုတ်)

[မြတ်ဗုဒ္ဓ၏ ဓမ္မအမြုတေများ

(ဓမ္မာစရိယ ဦးမောင်မောင်လေး)၊ စာ-၂၄၇/၂၄၈]

စိတ်ဟူသည် သိတတ်သော သဘောမျှသာ ဖြစ်ပါသည်။ သူ့ချည်းသက်သက်ဆိုလျှင် မြင်စိတ် မဖြစ်။ ကြားစိတ် မဖြစ်၊ အနံ့သိစိတ် မဖြစ်၊ အရသာသိစိတ် မဖြစ်၊ အထိအတွေ့သိစိတ် မဖြစ်၊ ကြံတွေးစိတ် မဖြစ်။ လူတို့၏ အတွင်းသန္တာန်၌ စိတ်ဖြစ်စေသော အကြောင်းအရင်း ခြောက်ခု ရှိပါသည်။ ထို့အတူ အပြင်အပ၌လည်း စိတ်ဖြစ်ပေါ်စေသော အကြောင်းအရင်း ခြောက်ခု ရှိပါသည်။

အတွင်းစိတ် ဖြစ်ပေါ်စေသော အကြောင်း ခြောက်ခုမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နှင့် စိတ်တို့ဖြစ်ပါ၏။ အပြင်အပက စိတ်ဖြစ်ပေါ်စေတတ်သော အကြောင်းခြောက်ခုမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ကြံတွေးဖွယ်တို့ ဖြစ်ပါ၏။

မျက်စိသည် မြင်စိတ်ဖြစ်ပေါ်ဖို့အတွက် 'အခြေခံ'ဖြစ်ပါသည်။ သို့တစေ သူ့ချည်းသက်သက်ဆိုသော် မြင်စိတ် မဖြစ်ပါ။ အဆင်းအာရုံနှင့်ဆုံမှသာ မြင်စိတ် ဖြစ်လာသည်။ မျက်စိဟူသော ဝတ္ထုရုပ်နှင့် အဆင်းဟူသော

ရူပါရုံတို့ ဆုံစည်းလိုက်ချိန်တွင် အလင်းရောင် လက်ခနဲ ပေါ်လာသကဲ့သို့ မြင်စိတ် ဖြစ်ပေါ်လာခြင်း ဖြစ်ပါ၏။ မျက်စိမမြင်လျှင်၊ မျက်စိမှိတ်ထားလျှင် မြင်စိတ် လုံးဝမဖြစ်နိုင်။ ထိုမြင်စိတ်သည် ဖြစ်ပြီးနောက် ထာဝရတည်မနေ၊ ရှိမနေပါ။ ချုပ်ပျောက်သွားသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် 'အရှိတရား' မဟုတ်လေပါ။ ယာယီအဖြစ်တရားသာ ဖြစ်ပါ၏။ သို့တစေ ထိုယာယီ အဖြစ်တရားဖြစ်သော မြင်စိတ်ကလေး အပေါ်မှာပင် သာယာဖွယ်၊ မသာ ယာဖွယ်ဟူသော ဝေဒနာနှစ်မျိုးကို ခံစားရခြင်း ဖြစ်ပါ၏။

ဥပမာအားဖြင့် ရုပ်ဆင်းသဏ္ဌာန် လှပချောမော တင့်တယ်သော မိန်းမလှတစ်ဦးကို မြင်လိုက်သည် ဆိုပါစို့။ ထိုအမြင်အာရုံအပေါ်တွင် သာ ယာသွားသည်။ နှစ်သက် တပ်မက်သွားသည်။ ဖြစ်နိုင်လျှင် ထိုအမျိုးသမီးကို ထာဝစဉ် မြင်နေချင်သည်။ မိန်းမလှတစ်ဦး၏ အဆင်းအာရုံကို နှစ်သက်စုံ မက်လွန်းသောအခါ ထိုအမျိုးသမီးကို ရယူပိုင်ဆိုင်လိုသော လောဘဖြစ်လာ သည်။ ထိုလိုချင်လောဘသည် သာယာဖွယ် ခံစားမှုအပေါ် တည်မှီ၍ ဖြစ် ထွန်းပေါ်ပေါက်လာခြင်း ဖြစ်၏။

အကယ်၍ ကိုယ်လက်အင်္ဂါလည်း မစုံလင်၊ ရုပ်ရည်ကလည်း အကျည်းတန်လွန်းသော အမျိုးသမီးကို တွေ့မြင်လိုက်ရသည် ဆိုပါစို့။ တစ် ချက်ကြည့်လိုက်မိသည်နှင့် ချက်ချင်းပင် မျက်နှာလွှဲပေလိမ့်မည်။ အဘယ် ကြောင့်ဆိုသော် ထိုအမြင်အာရုံအပေါ်တွင် မသာယာသောကြောင့် ဖြစ်ပါ၏။ မြင်လိုက်ရခြင်းကိုပင် ဒေါသထွက်လာတတ်သည်။ နှစ်သက် သာယာခြင်း ဟူသော ခံစားမှုနှင့်ယှဉ်၍ 'လောဘ' ပေါက်ဖွားလာသည်။ မနှစ်သက်၊ မသာယာခြင်းဟူသော ခံစားမှုနှင့်ယှဉ်၍ 'ဒေါသ' ဖြစ်ပွားလာ၏။

နားသည် ကြားစိတ် ဖြစ်ပေါ်ဖို့အတွက် အခြေခံ ဖြစ်ပါသည်။ သို့တစေ သူ့ချည်းသက်သက်ဆိုသော် ကြားစိတ် မဖြစ်ပါ။ အသံအာရုံနှင့် ဆုံမှသာ ကြားစိတ် ဖြစ်လာသည်။ နားဟူသော ဝတ္ထုရုပ်နှင့် အသံအာရုံတို့ ဆုံစည်းလိုက်ချိန်တွင် ဖျတ်ခနဲ ကြားစိတ် ဖြစ်ပေါ်လာခြင်း ဖြစ်ပါ၏။ အကြား အာရုံချို့တဲ့သော နားဖြစ်လျှင်၊ (သို့မဟုတ်) နားကို ပိတ်ထားလျှင် ကြားစိတ် လုံးဝမဖြစ်နိုင်။ ထိုကြားစိတ်သည် ဖြစ်ပြီးနောက် ထာဝရ တည်မနေပါ၊ ရှိမနေပါ။ ချုပ်ပျောက်သွားသည်သာ ဖြစ်ပါသည်။

ထို့ကြောင့် အရိုတရား မဟုတ်လေပါ။ ယာယီအဖြစ်တရားသာ ဖြစ်ပါ၏။ သို့သော် ထိုယာယီ အဖြစ်တရားဖြစ်သော ကြားစိတ်ကလေးအပေါ်မှာပင် သာယာဖွယ်၊ မသာယာဖွယ်ဟူသော ဝေဒနာနှစ်မျိုးကို ခံစားရခြင်း ဖြစ်ပါ၏။

ဥပမာအားဖြင့် အင်မတန်နားဝင်ချိုမြသော သံစဉ်တေးသွားလေး တစ်ခုကို ကြားလိုက်ရသည် ဆိုပါစို့။ ထိုအကြားအာရုံအပေါ်တွင် သာယာနှစ်သက်သွားသည်။ ထိုသံစဉ်တေးသွားကလေးကိုပင် အကြိမ်ကြိမ်နားဆင်ခံစားချင်သော လောဘ ဖြစ်လာသည်။ သာယာဖွယ် ခံစားမှုအပေါ် တည်မှီလျက် အလိုလောဘ ဖြစ်ပွားလာခြင်း ဖြစ်ပါ၏။

အကယ်တန္တု နားကွဲမတတ် ပြင်းထန်ဆူညံသော အသံတစ်ခုကို ကြားလိုက်ရသည် ဆိုပါစို့။ ထိုအကြားအာရုံအပေါ် မသာမယာ၊ မနှစ်သက်၊ ကြားလိုက်ရသည်ကိုပင် မကျေမနပ်ဖြစ်ကာ ဒေါသထွက်လာ၏။

လျှာသည် အရသာသိစိတ်၏ အခြေခံ ဖြစ်ပါသည်။ လျှာ၌ အရသာထိသော် ဇိဝှာဝိညာဉ်စိတ် ဖြစ်လာသည်။ လျှာချည်းသက်သက်မှု ဇိဝှာဝိညာဉ်စိတ် မဖြစ်ပါ။ အစားအစာတစ်ခုကို စားလိုက်၍ မိမိနှစ်သက်သော အရသာကို ခံစားရလျှင် ထိုအစားအစာကို နှစ်သက်မက်မောသည်။ ထိုအစားအစာကို စားရခြင်းအပေါ် သာယာသည်။ ထိုအစားအစာမျိုးကိုပင် နောက်အကြိမ်ကြိမ် ထပ်မံစားချင်သော လောဘ ဖြစ်လာသည်။ အစားအစာတစ်ခုခုကို စားလိုက်ရ၍ မိမိ မနှစ်သက်သော အစားအစာဖြစ်နေလျှင် ထိုအစားအစာအပေါ် မနှစ်သက်တော့၊ မသာယာတော့။ မိမိတို့ မကြိုက်နှစ်သက်သော ဟင်းလျာကို ချက်ပြုတ်သောကြောင့် အိမ်ရှင်မအပေါ် ဒေါသထွက်တတ်ကြသည်။

နှာခေါင်းသည် အနံ့သိစိတ်၏ အခြေခံ ဖြစ်ပါသည်။ နှာခေါင်းနှင့် အနံ့ထိတွေ့သော် ဃာနဝိညာဉ်စိတ် ဖြစ်လာသည်။ နှာခေါင်းချည်းသက်သက်မှု ဃာနဝိညာဉ်စိတ် မဖြစ်ပါ။ မွှေးထုံသင်းပျံ့သော ရနံ့တစ်ခုကို ရှူရှိုက်လိုက်ရသည်ဆိုလျှင် စိတ်ကြည်လင် လန်းဆန်းသွားသည်။ ထိုရနံ့မျိုးကို သာယာတပ်မက်သွားသည်၊ နှစ်သက်စွဲလမ်းသွားသည်။ ထိုရနံ့မွှေးမွှေးမျိုးကို အမြဲရှူရှိုက်ခံစားလိုသော လောဘ ဖြစ်လာ၏။ ပုထုဇဉ်တို့၏ ဂန္ဓာရုံ၌

အမဲလိုက်လိုသော လောဘကြောင့် ကမ္ဘာတွင် ရေမွှေးထုတ်လုပ်မှုသည် ကြီးမားသော စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်အဖြစ် အောင်မြင်စွာ ရပ်တည်လျက်ရှိနေခြင်းပင် ဖြစ်ပါ၏။ အကယ်၍ ပုပ်သိုးညှီဟောင်နေသော အနံ့ဆိုးကို ရှူရှိုက်လိုက်ရသည် ဆိုပါစို့၊ ထိုအနံ့အပေါ် ပြင်းစွာ မသာယာသည့်အပြင် ဒေါသထွက်လာပေလိမ့်မည်။

ခန္ဓာကိုယ်ကြီးသည် ကာယဝိညာဉ်စိတ်၏ အခြေခံဖြစ်ပါ၏။ ခန္ဓာကိုယ်ကြီးတစ်ခုလုံး မည်သည့်နေရာကိုပင် ထိတွေ့လိုက်သည်ဖြစ်စေ အသိစိတ် ဖြစ်ပေါ်လာသည်။ အိစက်နူးညံ့သော အတွေ့အထိကို ခံစားရလျှင် သာယာနှစ်သက်သွားသည်။ ဥပမာအားဖြင့် အိစက်ညက်ညောသော ဖဲမွေ့ရာပေါ်တွင်အိပ်စက်ရသော အတွေ့အထိကိုသာယာသည်။ ကြမ်းရှသောအတွေ့အထိကို ခံစားရလျှင် မသာယာတော့။ ဥပမာအားဖြင့် မညီညာသော ဝါးကြမ်းခင်းပေါ်တွင် အိပ်စက်ရသော အတွေ့အထိကို မသာယာ၊ မနှစ်သက်။

အချိန်နှင့်အမျှ စိတ်ကို ဖြစ်ပေါ်စေသော အာရုံခံအင်္ဂါများနှင့် အာရုံများသည် အချင်းချင်း ထိတွေ့လျက် ရှိပါသည်။ ထိုသို့ထိတွေ့စဉ် ဖြစ်ပွားလာသော စိတ်သည် ဓမ္မတာဖြစ်မြဲစိတ်သာ ဖြစ်ပါ၏။ ထိုဓမ္မတာဖြစ်မြဲစိတ်ကို လောဘ၊ ဒေါသဖြစ်အောင် ဆွဲဆောင်သော အရာမှာ မသင့်တင့် မလျော်ပတ်သော နှလုံးသွင်းမှု (အယောနိသော မနသိကာရ) သာ ဖြစ်ပါ၏။ အယောနိသော မနသိကာရသည် အကုသိုလ်ဖြစ်ခြင်း၏ နီးကပ်သော အကြောင်း ဖြစ်ပါ၏။ အမှန်တော့ သာယာဖွယ် အာရုံနှင့်ဆုံသည်ဖြစ်စေ၊ မသာယာဖွယ်အာရုံနှင့် ဆုံသည်ဖြစ်စေ သင့်တင့်လျော်ပတ်သော နှလုံးသွင်းမှု (ယောနိသော မနသိကာရ) ရှိဖို့ လိုပါသည်။ ယောနိသော မနသိကာရ ဟူသော နှလုံးသွင်းကောင်းပြီး စိတ်ကောင်း မွေးနိုင်ခဲ့လျှင် ကောင်းသောအာရုံနှင့် ဆုံလျှင်လည်း ဆုံသည့်အလျောက် ကုသိုလ်ဖြစ်ပွားအောင်နေသည်။ မကောင်းသော အာရုံနှင့် ဆုံသည့်တိုင် အကုသိုလ် မဖြစ်ပွားအောင်နေသည်။ ဘဝတစ်လျှောက် ကြုံဆုံရမည့် လောကဓံတရား ဟူသမျှကို သင့်တင့်လျော်ပတ်သော နှလုံးသွင်းမှုဖြင့် ရင်ဆိုင်သွား အပ်ပါ၏။

□

# အကုသိုလ် လေးဆယ်၊ ကုသိုလ် လေးဆယ်

သူ့အသက်ကို သတ်ခြင်း စသော အကုသိုလ်တရား ဆယ်ပါးနှင့် ပြည့်စုံသူသည် ပစ်ချသကဲ့သို့ ငရဲရောက်၏။ သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော ကုသိုလ်တရား ဆယ်ပါးနှင့် ပြည့်စုံသူသည် ပစ်ချသကဲ့သို့ နတ်ပြည်သို့ ရောက်၏။

**အကုသိုလ် နှစ်ဆယ်၊ ကုသိုလ် နှစ်ဆယ်**

ကိုယ်တိုင် သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက် သတ်မှု၌ တိုက်တွန်းခြင်း စသည့် နှစ်ဆယ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် ငရဲသို့ ရောက်၏။ ကိုယ်တိုင် သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ရန် တိုက်တွန်းခြင်း စသည့် နှစ်ဆယ်သော ကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် နတ်ပြည်သို့ ရောက်၏။

**အကုသိုလ် သုံးဆယ်၊ ကုသိုလ် သုံးဆယ်**

ကိုယ်တိုင် သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက် သတ်မှု၌ တိုက်တွန်းခြင်း၊ သူ့အသက်သတ်မှု၌ ကျေနပ်နှစ်သက်ခြင်း စသည့် သုံးဆယ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် ငရဲသို့ ရောက်၏။

ကိုယ်တိုင် သူ့အသတ် သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ရေး၌ တိုက်တွန်းခြင်း၊ သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ရေး၌ ကျေနပ်နှစ်သက်ခြင်း စသည့် သုံးဆယ်သော ကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် နတ်ပြည်သို့ ရောက်၏။

အကုသိုလ် လေးဆယ်၊ ကုသိုလ် လေးဆယ်

ကိုယ်တိုင် သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက် သတ်မှု၌ တိုက်တွန်းခြင်း၊ သူ့အသက် သတ်မှု၌ ကျေနပ်နှစ်သက်ခြင်း၊ သူ့အသက် သတ်မှု၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း စသည့် လေးဆယ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် ငရဲသို့ ရောက်၏။

ကိုယ်တိုင် သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ရေး၌ တိုက်တွန်းခြင်း၊ သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ရေး၌ ကျေနပ်နှစ်သက်ခြင်း၊ သူ့အသက် သတ်မှုမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း စသည့် လေးဆယ်သော ကုသိုလ်တရားတို့နှင့် ပြည့်စုံသူသည် နတ်ပြည်သို့ ရောက်၏။

ကမ္ဘာ့သက်တမ်းနှင့် နှိုင်းယှဉ်သော် လူသားတို့၏ သက်တမ်းသည် အစက်အပြောက်ကလေးမျှသာ ဖြစ်ပါ၏။ အင်မတန် တိုတောင်းလှပါ၏။ လူတို့သည် လောကထဲသို့ ခေတ္တခဏမျှ အလည်ရောက်လာသော "လောက၏ ဧည့်သည်များ" သာ ဖြစ်ပါသည်။ ထိုသို့ လောက၏ ဧည့်သည်အဖြစ် နေရစဉ် အခိုက်အတန့် ကာလတွင် ဧည့်သည်ကောင်းအဖြစ် ကျင်လည်နေထိုင်သွားမှသာ လူ့ဘဝရကျိုး နပ်ပေလိမ့်မည်၊ လူဖြစ်ရကျိုး နပ်ပေလိမ့်မည်။ ဧည့်သည်ဆိုးအဖြစ် နေထိုင်သွားလျှင် လူ့ဘဝရကျိုး မနပ်ပေ၊ လူဖြစ်ရကျိုး မနပ်ပေ။

လောက၏ ဧည့်သည်ကောင်းအဖြစ် အဓိပ္ပာယ်ရှိရှိ၊ တန်ဖိုးရှိရှိ နေထိုင်လိုသော် တခြားသူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသော အမှုမျိုးကို မပြုမိဖို့ လိုပါသည်။ တခြားသူတို့ မျက်ရည်ပေါက်ကြီးငယ် ကျစေမည့် အပြုအမူ၊ အပြောအဆို၊ အကြံအစည်တို့ မပြုမိဖို့ လိုပါလိမ့်မည်။ မိမိကြောင့် ပတ်ဝန်းကျင်မှ သူများ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ မဖြစ်စေအောင် ရှောင်ကြဉ်ဖို့ လိုပါသည်။ ဖြစ်နိုင်လျှင် တခြားသူတို့ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် အပြုအမူမျိုးပြုဖို့ လိုပါသည်။ တခြားသူတို့ နှလုံးစိတ်ဝမ်း ရွှင်လန်းချမ်းမြေ့စေမည့် အပြောအဆို၊ အပြုအမူ၊ အကြံအစည်တို့ကို ပြုမိဖို့ လိုပါသည်။ မိမိ၏ ကံသုံးပါးကြောင့် မိမိကျင်လည်ရာ လူမှုဝန်းကျင် ငြိမ်းအေးသာယာမှု ဖြစ်စေသင့်ပါသည်။

အရာအားလုံးကို အနှိုင်းမဲ့သိတော်မူ၊ မြင်တော်မူသော မြတ်ဗုဒ္ဓသည် အကုသိုလ် မကောင်းမှုဆယ်မျိုး (ဒုစရိုက်တရား ဆယ်ပါး) နှင့် ကုသိုလ် ကောင်းမှု ဆယ်မျိုး (သုစရိုက်တရား ဆယ်ပါး) တို့ကို ဟောကြားမိန့်မြွက် တော်မူခဲ့ပါ၏။ မြတ်စွာဘုရား ညွှန်ပြတော်မူသော မကောင်းမှုဆယ်မျိုးမှာ (၁) သက်ရှိသတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း၊ (၂) သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ခိုးယူခြင်း၊ (၃) သူတစ်ပါး သားမယားနှင့် ဖောက်ပြန် မှားယွင်းခြင်း၊ (၄) မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်း၊ (၅) သူတစ်ပါးတို့ ချစ်ခင်ရင်းနှီးမှု ပျက်ပြားအောင် ကုန်းချောစကား ပြောဆိုခြင်း၊ (၆) ရန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ (၇) သေးသိမ် ပြိန်ဖျင်းသော စကား ကို ပြောဆိုခြင်း၊ (၈) သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများကို ရယူလိုမှုဖြင့် ရှေးရှု ကြံစည်ခြင်း၊ (၉) သူတစ်ပါးတို့၏ အကျိုးစီးပွားကို ပျက်စီးစေလိုခြင်း၊ (၁၀) မှားယွင်းသော အယူအမြင်ရှိခြင်းတို့ ဖြစ်ပါ၏။

ထိုသို့ ဒုစရိုက်ဆယ်ပါး ရှိရာတွင် ထိုဒုစရိုက်မှုများကို ကိုယ်တိုင် ကာယကံမြောက် ဆောင်ရွက်ရုံမျှမက မိမိပြုသော ဒုစရိုက်မှုမျိုးကို တခြား သူတို့အားလည်း ပြုမူဆောင်ရွက်ရန် တိုက်တွန်းသည်ရှိသော် မူလ ဒုစရိုက် တရားအပေါ်တွင် ဒုစရိုက်မှုတစ်ခု ထပ်မံတိုးပွားလာခြင်း ဖြစ်ပါ၏။ တချို့ သူတို့သည် မိမိကိုယ်တိုင်လည်း သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်း ဟူသော မိစ္ဆာအာဇီဝနည်းဖြင့် စီးပွားဥစ္စာ ရှာဖွေသည်။ သူတစ်ပါးတို့အား လည်း မိမိကဲ့သို့ပင် သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်စီးပွားရှာဖွေခြင်း၊ (မိစ္ဆာအာဇီဝမှု) ပြုရန် တိုက်တွန်းတတ်သည်။

ဤသည်မှာ အကုသိုလ်မှု တစ်ခုအပေါ် နောက်ထပ် အကုသိုလ်မှု တစ်ခု ထပ်ဆင့်လိုက်ခြင်း ဖြစ်ပါ၏။ ဤသို့ ဒုစရိုက်ဆယ်ပါးစလုံး မိမိကိုယ် တိုင် ပြုရုံမျှမက တခြားသူတို့အားလည်း ပြုမူစေရန် စေ့ဆော်တိုက်တွန်းမှု ပြုသော် အကုသိုလ် အပါးနှစ်ဆယ် ဖြစ်သွားပေလိမ့်မည်။ စင်စစ် အကုသိုလ် မှုကို ကိုယ်တိုင်ကျူးလွန်ခြင်းသည် အပြစ်ဖြစ်သကဲ့သို့ သူတစ်ပါးတို့အား မိမိကျူးလွန်သော အကုသိုလ်မှုမျိုးပြုရန် စေ့ဆော်တိုက်တွန်းခြင်းသည် လည်း ထပ်မံ၍ အပြစ်တစ်ခု ကျူးလွန်လိုက်ခြင်းပင် ဖြစ်ပါ၏။

တချို့သူတို့သည် သတ္တဝါတို့၏ အသက်သတ်ပြီး မိစ္ဆာအာဇီဝမှုဖြင့်

စီးပွားရှာသည်။ သူတစ်ပါးတို့အားလည်း သူကဲ့သို့ သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ပြီး မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာစေရန် တိုက်တွန်းနှိုးဆော်မှု ပြုသည်။ သူကိုယ်တိုင်လည်း သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ရသည်ကို ကျေနပ်နှစ်သက်ခြင်းပင် ဖြစ်၏။ ဤသည်မှာ သူ့အသက်သတ်ခြင်းဟူသော အကုသိုလ်မှု တစ်ခုတည်းအပေါ်တွင် ထပ်မံ၍ အကုသိုလ်မှု နှစ်ခုတိုးပွားလာခြင်း ဖြစ်ပါ၏။

အကုသိုလ်မှုကို ကိုယ်တိုင်ပြုခြင်းသည် မိမိ၏ အကျိုးစီးပွားကို မိမိကိုယ်တိုင် တူးဖြိုဖျက်ဆီးခြင်း ဖြစ်ပါ၏။ သူတစ်ပါးတို့ကို မိမိကဲ့သို့ အကုသိုလ်မှု ပြုရန် တိုက်တွန်းစေ့ဆော်ခြင်းသည် သူတစ်ပါး၏ အကျိုးစီးပွားကို တူးဖြိုဖျက်ဆီးခြင်း ဖြစ်ပါ၏။ မိမိ ပြုသော အကုသိုလ်မှုအတွက် (နောင်တ မရမှုလျက်) နှစ်သက် သာယာနေခြင်းသည် ထပ်မံ၍ အကုသိုလ်မှု ဖြစ်စေရန် လှုံ့ဆော်သော ခံစားမှုမျိုး ဖြစ်သောကြောင့် ထိုသူ၏ အကျိုးစီးပွားကို နှစ်ထပ်ကွမ်း တူးဖြိုဖျက်ဆီးခြင်း ဖြစ်ပါ၏။ ဤသို့ ဒုစရိုက်ဆယ်ပါးစလုံးကို မိမိကိုယ်တိုင် ပြုရုံမျှမက တခြားသူတို့အား ပြုမူစေရန် စေ့ဆော်တိုက်တွန်းခြင်း၊ အကုသိုလ်မှု ပြုရသည်ကို ကျေနပ်အားရခြင်းတို့ ဖြစ်သော် အကုသိုလ် အပါးသုံးဆယ် ဖြစ်သွားပေလိမ့်မည်။

တချို့သူတို့သည် သူ့အသက်သတ်ခြင်းဟူသော အကုသိုလ်မှုကို ပြု၏။ တခြားသူတို့ကိုလည်း ထိုအကုသိုလ်မျိုးကို ပြုရန် တိုက်တွန်း၏။ သူကိုယ်တိုင်လည်း အကုသိုလ်မှု ပြုရသည်ကို နှစ်သက်သာယာ၏။ ထို့အပြင် အကုသိုလ်မှု ပြုခြင်း၏ အကျိုးကျေးဇူးများကိုလည်း အမွှမ်းတင် ပြောဆိုသည်။

စင်စစ် အကုသိုလ်မှု၏ အကျိုးကျေးဇူးကို လုပ်ကြံဖန်တီး ပြောဆိုခြင်းသည် မိစ္ဆာဝါဒကို ဖြန့်ဖြူးခြင်း ဖြစ်ပါ၏။ တခြားသူတို့အား မှားယွင်းသော အယူဥ္ဓ သက်ဝင်စေခြင်း ဖြစ်သောကြောင့် ကြီးမားသော အကုသိုလ်မှု ဖြစ်ပါ၏။ ထိုသူ၏ စကားကို ယုံကြည်သူများ တိုးပွားလျှင် လူ့ဘောင်လောကကို အကျည်းတန်စေမည့် လူယုတ်မာ၊ လူမိုက်များ တိုးပွားလာပေလိမ့်မည်။ ဒုစရိုက်တစ်ပါးလျှင် အကုသိုလ်လေးမျိုး ဆပွားသည်ဖြစ်ရာ ဒုစရိုက်လေးဆယ် ဖြစ်သွားပေမည်။

မြတ်စွာဘုရား ညွှန်ပြတော်မူသော ကုသိုလ်ကောင်းမှု ဆယ်မျိုး (သုစရိုက်တရား ဆယ်ပါး) မှာ (၁) သက်ရှိသတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂) သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာများကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃) သူတစ်ပါး၏ ဇနီးမယားနှင့် ဖောက်ပြန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၄) မဟုတ်မမှန် လိမ်လည် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၅) ကုန်းချောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၆) ရန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၇) သေးသိမ်ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၈) သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများကို ရယူလိုမှုဖြင့် ရေးရှုကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၉) သူတစ်ပါးတို့၏ အကျိုးစီးပွားကို ပျက်စီးစေလိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၁၀) မှန်သောအယူအမြင်ရှိခြင်းတို့ ဖြစ်ပါ၏။

မကောင်းမှုကို မပြုဘဲ မိမိကိုယ်တိုင်လည်း ရှောင်ကြဉ်မည်၊ သူတစ်ပါးတို့အားလည်း မကောင်းမှု မပြုရန် နှိုးဆော်တိုက်တွန်းမည်၊ မကောင်းမှု ရှောင်ကြဉ်ရေး၌ ကျေနပ်နှစ်သက်မည်၊ ကုသိုလ်၏ ဂုဏ်ကျေးဇူးကို ပြောမည်ဆိုလျှင် သုစရိုက်တရား တစ်ပါးစီတွင် ကုသိုလ်လေးမျိုး ဆပွားသည် ဖြစ်ရာ သုစရိုက်လေးဆယ် ဖြစ်သွားပေမည်။

မိမိကိုယ်တိုင် မကောင်းမှု ရှောင်ကြဉ်ခြင်းသည် မိမိ၏ အကျိုးစီးပွား ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း ဖြစ်ပါ၏။ သူတစ်ပါးတို့အား မကောင်းမှု မပြုရန် နှိုးဆော်တိုက်တွန်းခြင်းသည် သူတစ်ပါးတို့အား အကျိုးစီးပွားမဲ့မှုမှ ကာကွယ်ပေးခြင်း ဖြစ်ပါ၏။ ကုသိုလ်ကောင်းမှု၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းသည် မှန်ကန်သော အယူအမြင်ကို ဖြန့်ဖြူးခြင်းပင် ဖြစ်ပါ၏။ တစ်နည်းအားဖြင့် လောကကို အလှဆင်သော ကုသိုလ်ကောင်းမှုဟု ဆိုနိုင်ပါ၏။

❐

## ရန်ငြိုးဖွဲ့ခြင်း အကြောင်း ကိုးပါး

(၁) ငါ၏ အကျိုးမဲ့ကို ကျင့်ခဲ့သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၂) ငါ၏ အကျိုးမဲ့ကို ကျင့်နေသူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၃) ငါ၏ အကျိုးမဲ့ကို ကျင့်မည့်သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၄) ငါ့ချစ်သူ၏ အကျိုးမဲ့ကို ကျင့်ခဲ့သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၅) ငါ့ချစ်သူ၏ အကျိုးမဲ့ကို ကျင့်နေသူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၆) ငါ့ချစ်သူ၏ အကျိုးမဲ့ကို ကျင့်မည့်သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၇) ငါမုန်းသူ၏ အကျိုးကို ကျင့်ခဲ့သူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၈) ငါမုန်းသူ၏ အကျိုးကို ကျင့်နေသူဟု ရန်ငြိုးဖွဲ့ခြင်း၊
(၉) ငါမုန်းသူ၏ အကျိုးကို ကျင့်မည့်သူဟု ရန်ငြိုးဖွဲ့ခြင်း။

**(အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ အာဃာတ ဝတ္ထုသုတ်)**

လူ့အဖွဲ့အစည်းဝင်ဖြစ်သော လူသည် တခြားသူများနှင့် အရေးအရာ အဖြာဖြာတွင် ပေါင်းသင်းဆက်ဆံနေကြရသည်။ ထိုသို့ ဆက်ဆံရာတွင် လူမှုဆက်ဆံရေး နယ်ပယ်၌ တစ်ဦးနှင့်တစ်ဦး ခင်ခင်မင်မင် အဆင်ပြေပြေ ဆက်ဆံရသည်တို့ ရှိသကဲ့သို့ ဆက်ဆံရေး အဆင်မပြေသည့် အခါများ လည်း ရှိပါသည်။ ယင်းသို့ ဆက်ဆံရေး အဆင်မပြေသည့်အခါ အပြန် အလှန် နှုတ်လွန် နှုတ်ကျံကာ ဒေါသအပြင်းအထန် ပေါက်ကွဲတတ်ပါသည်။ နှုတ်ကျံရာမှ ကိုယ်ထိလက်ရောက် ထိုးကြိတ်သတ်ပုတ်သည်အထိ ရန်ပွဲ ဆင်နွှဲရသည်တို့လည်း ရှိတတ်ပါ၏။ ထိုသို့ဖြစ်သည့်အခါ ပင်ကို စိတ်ထား ကြမ်းတမ်းသူ၊ ဆင်ခြင်တုံတရား နည်းပါးသူ၊ အသိဉာဏ်ရည် နိမ့်ပါးသူတို့ သည် အဆင်မပြေဖြစ်မှုအပေါ် ဖြေဖျောက်နိုင်ခြင်းမရှိဘဲ ပုံကြီးချဲ့ကာ ရန်ငြိုး

ဖွဲ့လေတော့သည်။

သူတို့၏ စိတ်နေစိတ်ထားက အရိုင်းထည်ဖြစ်သည့် အားလျော်စွာ အသိဉာဏ်နှင့်လည်း မယှဉ်၊ သတိနှင့်လည်း မယှဉ်။ ဒေါသဖြစ်စရာရှိလျှင် လွှန်လွှန်ကဲကဲ ပြင်းပြင်းထန်ထန် ဖြစ်လေ့ရှိပြီး ယင်းအမျက်ဒေါသကိုလည်း တအုံ့နွေးနွေး ခံစားနေတတ်သည်။ ဒေါသကို ရှည်ကြာစွာ မွေးမြူလေ့ရှိသည်။ ထိုအခါ အတွင်းသန္တာန်၌ 'ရန်ငြိုးဖွဲ့မှု'သည် အထုအထည် ကြီးမားလာသည်။ အာဃာတထားမှုသည် အားကောင်းမောင်းသန် ဖြစ်လာသည်။

မိမိက ရန်ငြိုးဖွဲ့နေသူအပေါ် အတိတ်က ဖြစ်ခဲ့သည်တို့ကို အတိတ်မှာပင် မထားရစ်ခဲ့ဘဲ ပစ္စုပ္ပန်တွင်လည်း ထိုသူသည် မိမိ၏ အကျိုးစီးပွားမဲ့မှုကို ဆောင်ရွက်နေမည်၊ နောင်တွင်လည်း ထိုသူသည် မိမိ၏ အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်း ဆောင်ရွက်လိမ့်မည်ဟု အထင်ရောက်လျက် ရန်ငြိုး အာဃာတ စွဲမြဲတတ်သည်။

ထို့အပြင် မိမိ ချစ်ခင်တွယ်တာရသူ၏ အကျိုးမဲ့ကို ပြုခဲ့သူအပေါ်၌လည်း ထိုသူသည် တစ်ချိန်က ငါ ချစ်ခင်တွယ်တာရသူ၏ အကျိုးမဲ့ကို ပြုခဲ့ဖူးပြီ၊ ယခုလည်း ပြုနေဆဲဖြစ်သည်၊ နောင်တွင်လည်း ပြုနေလိမ့်ဦးမည်ဟု တွေးထင်ခံစားလျက် ရန်ငြိုးအာဃာတ ပိုမို၍ ခိုင်မြဲတတ်သည်။

ထို့အပြင် သဘောထား သေးသိမ်သူပိုပို သူနှင့် မသင့်မြတ်သူနှင့် ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံနေသူအပေါ်၌လည်း ဤသူသည် ငါမုန်းတီးနေသူ၊ ငါ့ရန်သူ၏ အကျိုးစီးပွားကို ဆောင်ရွက်နေခဲ့သူ၊ ယခုလည်း ဆောင်ရွက်နေဆဲဖြစ်ပြီး နောင်တွင်လည်း ဆောင်ရွက်နေလိမ့်ဦးမည်ဟု မှတ်ထင်လျက် ရန်ငြိုးအာဃာတ ပိုမို၍ ကြီးမားလာတတ်သည်။

မိမိနှင့် မသင့်မြတ်သူအပေါ်၌သာ ရန်ငြိုးဖွဲ့ခြင်း မဟုတ်ဘဲ မိမိချစ်ခင်သူ၏ အကျိုးစီးပွားမဲ့မှုကို ပြုကျင့်သူအပေါ်၌လည်း ရန်ငြိုးဖွဲ့မည်၊ မိမိမုန်းတီးသူ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးသူ အပေါ်၌လည်း ရန်ငြိုးဖွဲ့မည်ဆိုလျှင် ထိုသူ၏ ရန်ငြိုးဖွဲ့မှု နယ်ပယ်သည် ပိုမို၍ ကျယ်ပြန့်လာလေတော့သည်။

ဓမ္မပဒ ဒေသနာတော်၌ မြတ်စွာဘုရားသည် ရန်ငြိုးဖွဲ့ခြင်းနှင့် စပ်လျဉ်း၍ ဤသို့မိန့်တော်မူခဲ့ပါ၏။

အလင်းသစ်စာပေ

"ဤသူသည် ငါ့ကို ဆဲရေး၏၊ ငါ့ကို ညှဉ်းဆဲ၏၊ ငါ့ကို နိုင်၏၊ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့ကြသော သူတို့မှာ ရန်သည် မငြိမ်းလေ"

(ဓမ္မပဒ-၃)

"ဤသူသည် ငါ့ကို ဆဲရေး၏၊ ငါ့ကို ညှဉ်းဆဲ၏၊ ငါ့ကို နိုင်၏၊ ငါ၏ဥစ္စာကို ခိုး၏ ဟူ၍ စိတ်၌ အမျက်မထား၊ ရန်ငြိုးမဖွဲ့ကြသော သူတို့မှာ ရန်သည် ငြိမ်းလေ၏"

(ဓမ္မပဒ-၄)

"ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း"

(ဓမ္မပဒ-၅)

"လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ၊ သေရဦးမည်ကို မအောက်မေ့ မဆင်ခြင်ဘဲ ခိုက်ရန်ပွားကုန်၏။ ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ သေရဦးမည်ကို သိမြင် ဆင်ခြင်ကြ၍ သူမိုက်တို့ကို မတုဘဲ ခိုက်ရန်ငြိမ်းအောင် ပြုကုန်၏။

(ဓမ္မပဒ-၆)

သုတ္တနိပါတ်၊ ဥရဂဝဂ်၊ ဝသလသုတ်တွင်လည်း မြတ်စွာဘုရားက ရန်ငြိုးဖွဲ့ တတ်သူတို့သည် သူယုတ်မာဖြစ်ကြောင်း ဤသို့မိန့်တော်မူခဲ့ပါ၏။

'အကြင်သူသည် အမျက်ထွက်လေ့ရှိ၏၊ ရန်ငြိုးဖွဲ့တတ်၏၊ သူ့ကျေးဇူးကို ချေဖျက်တတ်၏၊ အယူပျက်စီးသူ ဖြစ်၏၊ လှည့်ပတ်တတ်၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏"

မြတ်စွာဘုရားက သူယုတ်မာတို့၏ သွင်ပြင်လက္ခဏာဟု မိန့်တော်မူသော "ရန်ငြိုးဖွဲ့သည့် အကျင့်စရိုက်၊ စိတ်နေစိတ်ထားများ" မိမိ၏ အတွင်းသန္တာန်တွင် ကိန်းအောင်းမလာစေသင့်ပါ။ မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့တွင် ရန်ငြိုးဖွဲ့သော အကြံအစည်၊ အပြောအဆို၊ အပြုအမူတို့ ဖြစ်ထွန်းမလာစေရန် သတိရှိရှိဖြင့် ရှောင်ကြဉ်နေထိုင် ကျင့်ကြံသင့်ပါသည်။

လူတစ်ဦးတစ်ယောက်ကို ရန်ငြိုးဖွဲ့မိပြီ၊ မုန်းတီးမိပြီ၊ အာဃာတ

ထားမိပြီဆိုလျှင် ထိုသူ၏ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း၊ ဂုဏ်သတင်း ညှိုးမှိန်ရာ ညှိုးမှိန်ကြောင်း ဦးတည် ရှေးရှုလျက် မနောကံဖြင့်လည်း ကြံစည်တတ်သည်။ ဝစီကံဖြင့်လည်း ပြောဆိုတတ်သည်။ ကာယကံဖြင့်လည်း ပြုမူဆောင်ရွက်တတ်သည်။ ထိုအခါ မနောကံမှုသည်လည်း အကုသိုလ် ဖြစ်လာသည်။ ဝစီကံမှုသည်လည်း အကုသိုလ် ဖြစ်လာသည်။ ကာယကံမှုသည်လည်း အကုသိုလ် ဖြစ်လာသည်။

မူလပဏ္ဏာသ ပါဠိတော်၊ မူလပရိယာယဝဂ်၊ ဝတ္ထသုတ်တွင် မြတ်စွာဘုရားက–

"စိတ်မဖြူစင် ညစ်ညူးခြင်းသည် မကောင်းသော လားရာဒုဂ္ဂတိ အကြောင်းပေတည်း။ စိတ်ဖြူစင်သန့်ရှင်းခြင်းသည် ကောင်းသော လားရာ သုဂတိ အကြောင်းပေတည်း။ စိတ်မဖြူစင် ညစ်ညူးစေတတ်သည့် တရားတို့မှာ ၁၇ ပါးရှိကြောင်း" ဟောပြောတော်မူခဲ့ပါ၏။ ထိုစိတ်ညစ်ညူးစေတတ်သော အကြောင်းတရား ၁၇ ပါးတွင် ရန်ငြိုးဖွဲ့ခြင်း (ဥပနာဟ) လည်း ပါဝင်ပါ၏။

လူတစ်ဦးတစ်ယောက်အပေါ် အငြိုးတကြီးနှင့် ရန်ငြိုးဖွဲ့မိပြီဆိုလျှင် စိတ်သည် မဖြူစင်တော့၊ မကြည်လင်တော့၊ မချမ်းမြေ့တော့။ ရန်ငြိုးဖွဲ့ခြင်းကို မစွန့်လွှတ်သေးသမျှ စိတ်ထဲတွင် မီးပုံကြီး တစ်ပုံ လောင်မြိုက်သကဲ့သို့ ခံစားရပေလိမ့်မည်။

သူတစ်ပါးအပေါ် ရန်ငြိုးဖွဲ့ကာ မုန်းစိတ် မထားသင့်ကြောင်း ကျေးရွာရှင် တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရက ဤသို့ ဆုံးမတော်မူခဲ့ပါသည်။

"အို... မနုဿတအပေါင်း သူတော်ကောင်းတို့၊ အသင်တို့သည် လူ့လောကတွင် ချမ်းမြေ့ကြည်လင်စွာ နေလိုကြလျှင် မုန်းစိတ်ကင်းသူ ဖြစ်အောင် နေကြကုန်လော့။ သူတစ်ပါးက သင့်ကို မုန်းစိတ်ထားမှု ရှိချင်ရှိပါစေ။ သင်တို့သည် ငါတို့က သူတစ်ပါးအပေါ် မုန်းစိတ်ကင်းခြင်းသည်သာ မှုမှန်ဖြစ်၍ မြတ်ပါသည်။ ထိုသို့နေသောအခါ သင်တို့၊ ငါတို့အဖို့ ပထမဆုံး ရောက်လာမည့် ကောင်းကျိုးတရားကား စိတ်ချမ်းသာမှု၊ ကြည်လင်ပျော်ရွှင်မှုကို လက်ငင်းခံစားရခြင်းပင်တည်း"

ဤတွင် တောင်အာဖရိက သမ္မတ မင်ဒဲလား၏ စကားတစ်ခွန်းကို နှစ်သက်၍ တင်ပြချင်ပါသည်။ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် သမ္မတ အိမ်တော် နေ့လယ်စာစားပွဲ ကျင်းပရာ၌ သမ္မတ မင်ဒဲလားက ရော်ဘင်ကျွန်း ထောင်တွင် သူ့ကို အကျဉ်းချထားသည့် တာဝန်ကို ထမ်းဆောင်ခဲ့ကြသူ ထောင်မှူးသုံးဦးတို့ကိုလည်း ဖိတ်ကြားကာ ဧည့်သည်တော်များနှင့် ထိုထောင်မှူးများကို မိတ်ဆက်ပေးသည်။ ထိုပွဲသို့ တက်ရောက်ခဲ့သော ဟီလာရီကလင်တန်က ကိုယ့်ကို ထောင်ချထားခဲ့သူ ထောင်မှူးများကို တလေးတစား ဂုဏ်ပြုနိုင်သော သမ္မတမင်ဒဲလား၏ စိတ်ဓာတ်ကို အံ့ဩချီး မွမ်းသည်။

ထိုအခါ သမ္မတ မင်ဒဲလားက –

"ကျွန်တော်ဟာ သူ့ကို လွန်သွားပြီဆိုရင် လွတ်လပ်သူ ဖြစ်လာစေ တော့မယ့် ထောင်ဘူးတံခါးဆီကို ရှေးရှုလျှောက်လာရင်း အင်း... ငါသည် ငါ့ရဲ့ နာကြည်းမုန်းတီးမှုတွေကို ဒီမှာ မထားရစ်နိုင်ခဲ့ဘူးဆိုရင်တော့ ငါဟာ ဆက်လက်ပြီး အကျဉ်းကျနေဦးတော့မှာပဲလို့ စဉ်းစားမိတယ်ဗျ" ဟု ပြန်ပြော ပါသည်။

စင်စစ် ရန်ငြိုးမထားခြင်းသည် မုန်းတီးခြင်းဟူသော အကျဉ်းထောင် ထဲတွင် ထောင်ကျနေသော မိမိ၏စိတ်ကို အနှောင်အဖွဲ့မှ လွှတ်လိုက်ခြင်းပင် ဖြစ်ပါသည်။ မိမိ၏ စိတ်ကို ငြိမ်းချမ်းခွင့် ပေးလိုက်ခြင်း ဖြစ်ပါသည်။ ရန်ငြိုး ကင်းစင်သည့်အခါ စိတ်သည် အနားရသွားသည်၊ သက်သာသွားသည်၊ ကြည်လင် ပေါ့ပါးသွားသည်။

□



## မင်းနန် (မော်ကျွန်း)

❖ ၁၉၅၁ ခုနှစ် – မတ်လ ၁၈ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာလုပ်ကလေးကျေးရွာတွင် အဘ ဦးဘရင်၊ အမိ ဒေါ်တင်အေးတို့မှ မွေးဖွားခဲ့သည်။

– ဖခင်မှာ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာသား ဖြစ်ပြီး မိခင်မှာ ဝါးခယ်မမြို့နယ်၊ သရက်တောရွာသူ ဖြစ်သည်။ မွေးချင်းအရင်းအချာ ဟူ၍မရှိ။ တစ်ဦးတည်းသော သားဖြစ်ပြီး အမည်ရင်းမှာ အောင်ကြွယ် ဖြစ်သည်။

– ဖခင်ကြီးမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်သူ ဖြစ်သော်လည်း ဇနီးနှင့်သားကို မော်လမြိုင်ကျွန်းမြို့တွင် နေစေသောကြောင့် ငယ်စဉ်ကပင် မြို့တွင် ကြီးပြင်းခဲ့သည်။

❖ ၁၉၅၇ ခုနှစ် – မှ ၁၉၆၁ ခုနှစ်ထိ မော်လမြိုင်ကျွန်း၊ နေရှင်နယ် အစိုးရ မူလတန်းကျောင်းတွင် ပညာဆည်းပူးခဲ့သည်။

❖ ၁၉၆၇ ခုနှစ် – တွင် မော်လမြိုင်ကျွန်းမြို့၊ အစိုးရအထက်တန်းကျောင်း (ယခု အထက ၁) မှ တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ (H.S.F) အောင်မြင်ခဲ့သည်။

ယယ်စဉ် ကိုးနှစ်သားအရွယ်တွင် မိခင်ကွယ်လွန်ခဲ့ပြီး အသက် ၁၇ နှစ် အရွယ် တက္ကသိုလ်ဝင်တန်း တက်နေစဉ် ဖခင် ကွယ်လွန်ခဲ့သည်။

❖ ၁၉၇၂ ခုနှစ် – တွင် မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမဦးစီးဌာနတွင် ဒုတိယ အသင်းစုမှူးအဖြစ် စတင် တာဝန်ထမ်းဆောင်သည်။ ပထမဦးဆုံး ပုံနှိပ် ဖော်ပြခံရသောစာမူမှာ အမည်ရင်း မောင်အောင်ကြွယ် (မော်ကျွန်း) ဖြင့် သွေးသောက်မဂ္ဂဇင်းကြီး၌ ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွင် ဖော်ပြပါရှိခဲ့သော **ဓမ္မပဒ** အမည်ရှိ ဆောင်းပါး ဖြစ်ပါသည်။

❖ ၁၉၇၆ ခုနှစ် – တွင် မော်လမြိုင်ကျွန်းမြို့၊ ၁၁ လမ်းနေ တိုင်းရင်းဆေးဆရာကြီး ဦးစံထွန်း၊ ဒေါ်လှတင်တို့၏ တစ်ဦးတည်းသောသမီး မမြင့်မြင့်ကြည်နှင့် အိမ်ထောင်ပြုသည်။ နီလာစိုး၊ သီတာစိုး၊ ဇော်မျိုးထက်၊ အောင်မျိုးထက် ဟူ၍ သားသမီး လေးယောက် ရရှိခဲ့ရာ သီတာစိုးနှင့် ဇော်မျိုးထက်တို့မှာ ငယ်စဉ် ငါးနှစ်သားအရွယ်ကပင် ကွယ်လွန်ခဲ့သည်။

– ဆရာပါရဂူ၏ ညီတော်မင်းနန် စာအုပ်ကို နှစ်သက်မိရာမှ **မင်းနန် (မော်ကျွန်း)** ဟူသော ကလောင်အမည်ကို ယူခဲ့သည်။

– ရုပ်ရှင်ဆောင်းပါးများကို ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်အမြုတေ၊ ရုပ်ရှင်ပဒေသာ၊ ရုပ်ရှင်သတင်းစဉ်၊ ရုပ်ရှင်ကြေးမုံ စသော မဂ္ဂဇင်းများတွင် လည်းကောင်း၊ စာပေဆောင်းပါးနှင့် စာပေဝေဖန်ရေး ဆောင်းပါးများကို ရွှေတူဂျာနယ်၊ စာပေဂျာနယ်၊ မိုးဝေ၊ ချယ်ရီ၊ အတွေးအမြင်၊ ပန်၊ ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်တေးကဗျာ၊ စတိုင်သစ်၊ တော်ဝင်ဂျာနယ်၊ သဘင်၊ ပန်းအလင်္ကာ စသော မဂ္ဂဇင်းများတွင်လည်းကောင်း

ရေးသားခဲ့သည်။

– ရွှေတိဂုံဘုရားရင်ပြင်ပေါ်တွင် ဆရာပါရဂူ၏ နိဗ္ဗာန် စာအုပ်ကို ဖတ်ရှုရင်း ထိုစာအုပ်မှ 'သန္တ' ဟူသော စကားလုံးကို နှစ်သက်သောကြောင့် **မောင်သန္တ** အမည် ဖြင့် ဘာသာရေး ဆောင်းပါးများကို အပ္ပမာဒ၊ မဏိဇောတ၊ ဘာသာသွေး၊ ဓမ္မရံသီ၊ ဓမ္မရတနာ၊ ရွှေအောင်လံ၊ ရတနာသစ်၊ စံပယ်ဖြူ၊ ရတနာမွန်၊ ဓမ္မရုပ်စုံ၊ မြတ်ပန်းဝေ၊ မြတ်မင်္ဂလာ၊ မြစ်မခ ဓမ္မ စာသဝဏ်၊ သစ္စာရောင်ခြည်၊ မြတ်ပန်းရဂုံ၊ သုခ ချမ်းသာ စသော မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။ ရေးသားခဲ့သော ဆောင်းပါးများ၌ ၁၂ နှစ်တိုင်တိုင် လစဉ်မပြတ် ရုပ်ရှင်အောင်လံ (ရွှေအောင်လံ) မဂ္ဂဇင်း ကြီးတွင် ပင်တိုင်ရေးသားခဲ့သော **ဘာသာရေး ဆောင်းပါး** အညွှန်း သည် လှူသိများ ထင်ရှားခဲ့သည်။

❖ ၁၉၈၁ ခုနှစ် – မှ ၁၉၈၄ ခုနှစ်အထိ မြို့နယ်အဆင့် စာပေအဖွဲ့ အစည်း တာဝန်အဖြစ် မော်လမြိုင်ကျွန်းမြို့နယ် စာပေ လုပ်သားအဖွဲ့ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ မြို့နယ် စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေ ဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

❖ ၁၉၈၆ ခုနှစ် – တွင် ယောက္ခမ ဖခင်ကြီးသည် အသက်အရွယ်အရ ပရဆေးဆိုင်မှ အနားယူသောအခါ မြို့နယ်သမဝါယမ ဦးစီးဌာန ပထမအသင်းစုမှူးအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ပရဆေးဆိုင် ဈေးသည်အဖြစ် ကူးပြောင်းခဲ့သည်။ မအောင်မြင်သော ဈေးသည်ဘဝတွင် ပရဆေးဆိုင် ထိုင်ရင်း စာရေး၊ စာဖတ်လုပ်ခဲ့ရာ ယနေ့အထိ ဘာသာ ရေး လုံးချင်း စာအုပ် ၂၁ အုပ် ရေးသားခဲ့ပြီး ဖြစ်ပါ သည်။

အလင်းသစ်စာပေ

❖ ၁၉၉၆ ခုနှစ် – တွင် ထိုဆောင်းပါးစဉ်ကြီးကို အကြောင်းပြု၍ ဆရာမကြီး လူထု ဒေါ်အမာ မွေးနေ့အခမ်းအနား၌ **မန္တလေး စာဖတ်ပရိသတ်အကြိုက် ဆောင်းပါးဆု** ရရှိခဲ့သည်။

❖ ၁၉၉၇ ခုနှစ် – ဧပြီလတွင် ထိုဆောင်းပါးကို နှစ်သက်သော ယနေ့ မန္တလေး စာအုပ်တိုက် ထုတ်ဝေသူ ဦးထွန်းဦး၊ ဦးချစ်စိန်တို့က စာဖြင့် ဆက်သွယ် ကမ်းလှမ်းသောကြောင့် မောင်သန္တ အမည်ဖြင့် မဂ္ဂဇင်းများတွင် ရေးသားခဲ့သော **ဆရာတော်ကြီးများ၏ ဩဝါဒတော်များ** ဆောင်းပါးများကို စုစည်းလျက် **မင်းနန် (မော်ကျွန်း)** အမည်ဖြင့် ပထမဦးဆုံး ဘာသာရေး လုံးချင်းစာအုပ် ထုတ်ဝေခဲ့သည်။

– နိုဝင်ဘာလတွင် ဒုတိယမြောက် ဘာသာရေးလုံးချင်း စာအုပ်အဖြစ် **အထက်တန်းစား ဗုဒ္ဓဘာသာဝင်** စာအုပ်ကို ထုတ်ဝေခဲ့ရာ စာဖတ်ပရိသတ်၏ နှစ်သက်လက်ခံမှုကို သိသိသာသာ ရရှိသောကြောင့် ထုတ်ဝေပြီး ၁၃ နှစ် ကြာသည့်တိုင် အကြိမ်ကြိမ် ရိုက်နှိပ် ထုတ်ဝေနေရဆဲ ဖြစ်သည်။

– ယခုအခါ မော်လမြိုင်ကျွန်းမြို့၊ ၄ ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၈ တွင် ဘဝအဖော်ဖြစ်သူ ဒေါ်မြင့်မြင့်ကြည်နှင့်အတူ စာလည်း ရေး၊ ဈေးလည်း ရောင်းရင်း ရောင့်ရဲ အေးချမ်းစွာ ဘဝရပ်တည်မှုပြုလျက် ရှိပါသည်။

❑

အလင်းသစ်
စာပေ

# ဗုဒ္ဓ၏
# အောင်မြင်ရေးလမ်းညွှန်ချက်များ

**မင်းနန် [မော်ကျွန်း]**




မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားတော်များထဲမှ
လူသားတို့၏ ပစ္စုပ္ပန်ဘဝ တိုးတက်ကြီးပွားအောင်မြင်ရေးအတွက်
လိုက်နာကျင့်ကြံဖွယ်ရာ အကြောင်းတရားများကို
ရှင်းလင်း ရေးသားထားသော ...

**ထွက်ပြီ**

# ပရိတ်တော်များကို

## ကိုယ်ကျင့်တရားရှုထောင့်မှ လေ့လာခြင်း

## မင်းနန် (မော်ကျွန်း)




စင်စစ် ပရိတ်တော်များသည် "လိမ်းဆေး" သက်သက် မဟုတ်ပါ။ "သောက်ဆေး" လည်း ဖြစ်ပါသည်။ လိမ်းလည်း လိမ်း၊ သောက်လည်းသောက်ရမည့် မြတ်ဗုဒ္ဓ၏ ဆေးတော်ကြီး ဖြစ်ပါ၏။

ကြည်ညိုသဒ္ဓါစိတ်ဖြင့် နာကြားရုံ ရွတ်ဖတ်ရုံတွင်သာ လမ်းမဆုံးစေမူလျက် ပရိတ်တော်များတွင် ပါရှိသော ကိုယ်ကျင့်တရားများကိုပါ လိုက်နာကျင့်သုံးဖို့ လိုပါသည်။ "အရွတ်" မှသည် "အသိ"၊ "အသိ" မှသည် "အကျင့်" ဆီသို့ရောက်ရှိလျှင် ပရိတ်တော်များ၏ တန်ခိုးအာနိသင်ကို ပြည့်ပြည့်ဝဝ ရရှိမည်ပာ...

**ထွက်ပြီ**

အလင်းသစ်
စာပေ

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားတော်များထဲမှ
လူသားတို့၏ ပစ္စုပ္ပန်ဘဝ တိုးတက်ကြီးပွားအောင်မြင်ရေးအတွက်
လိုက်နာကျင့်ကြံဖွယ်ရာ အကြောင်းတရားများကို
ရှင်းလင်း ရေးသားထားသော...

# ဗုဒ္ဓ ၏
# အောင်မြင်ရေး လမ်းညွှန်ချက်များ

[ဒုတိယတွဲ]

## မင်းနန်
[မော်ကျွန်း]